ပြည်တွင်းသာသနာပြုရဟန်းတော်များ
နှင့်
လူပုဂ္ဂိုလ်သာသနာပြုသင်တန်းအတွက်

# ဘုရားလောင်း၏ ပါဒလမ်းစဉ်များ




မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ-ဘီအေ)



သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

[illegible] - ၁၃၇၄ [illegible] ၅၅၆ ခရစ် - ၂၀၁၂

ပြည်တွင်းသာသနာပြုရဟန်းတော်များ

နှင့်

လူပုဂ္ဂိုလ်သာသနာပြုသင်တန်းအတွက်

# ဘုရားဟောင်း၏ ဝါဒလမ်းစဉ်များ


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ.အေ)



သာသနာရေးဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ကောဇာ-၁၃၇၄ သာသနာ-၂၅၅၆ ခရစ်-၂၀၁၂

## သာသနာ့အဓိဋ္ဌာန်

ဗုဒ္ဓမြတ်စွာလောင်းလျာတုန်းက

နောက်ဆုံးအထိ ပါရမီ

လူနတ်များစွာ ချမ်းသာရေးမို့

အသက်ပေး၍ဖြည့်ခဲ့သည်၊

ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့

ငါပါ အသက်ဆုံးစေမည်

နောက်မဆုတ်ပေါင် စုလိုတွေးလို့

ကုသိုလ်ရေးမို့ ကြိုးစားမည်၊

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | က |
| ၂။ | **အခန်း(၁)** | |
| | -ရခဲသောလူ့ဘဝနှင့်လူ့ဆန္ဒ | ၁ |
| | -အာဇာနည်နှင့်ပါရမီ | ၄ |
| | -မိမိကိုယ်ကိုအောင်နိုင်သူ | ၇ |
| | -ဘဝကြာနှင့်ကာမဂုဏ်ရွှံ့ညွှန်ဘဝ | ၈ |
| ၃။ | **အခန်း(၂)** | |
| | -ပါရမီ | ၁၀ |
| | -ပါရမီဖြစ်စေရန် အခြေခံအကြောင်းတရားများ | ၁၂ |
| | (၁)သဗ္ဗညုတဉာဏ်သို့ရှေးရှုသောစိတ်(အဘိနိဟာရ) | ၁၃ |
| | (က) အထောက်အပံ့အကြောင်း(၄)ပါး | ၁၅ |
| | (ခ) တိုက်ရိုက်ဖြစ်စေသောအကြောင်း(ဟေတု) | ၁၆ |
| | (ဂ) အားကြီးလေးပါး | ၁၉ |
| | (၂)မဟာကရုဏာနှင့်ဥပါယကောသလ္လဉာဏ် | ၂၁ |
| | (၃)ဘုရားဖြစ်စေရန် အကြောင်းတရား(၄)ပါး(ဗုဒ္ဓဘူမိ) | ၂၃ |
| | (ဃ) အဇ္ဈာသယဓာတ်ကြီး(၁၆)ပါး | ၂၄ |
| | (င) မလှူခြင်းစသည်၌အပြစ်၊ လှူခြင်းစသည်၌ အကျိုးကိုဆင်ခြင်သောပစ္စဝေက္ခဏာဉာဏ်များ | ၂၆ |

(၁) ဒါနပါရမီဆင်ခြင်ရပုံ ၂၆
လှူဒါန်းရာ၌စိတ်ထားပုံ ၃၀
လှူလိုဆန္ဒစေးကပ်သော် ၃၀
(၂) သီလပါရမီဆင်ခြင်ရပုံ ၃၂
(၃) နေက္ခမ္မပါရမီဆင်ခြင်ပုံ ၃၆
(၄) ပညာပါရမီဆင်ခြင်ရပုံ ၃၇
(၅) ဝိရိယပါရမီဆင်ခြင်ရပုံ ၄၁
(၆) ခန္တီပါရမီဆင်ခြင်ရပုံ ၄၃
(၇) သစ္စာပါရမီဆင်ခြင်ရပုံ ၄၈
(၈) အဓိဋ္ဌာနပါရမီဆင်ခြင်ရပုံ ၄၉
(၉) မေတ္တာပါရမီဆင်ခြင်ရပုံ ၅၀
(၁၀)ဥပေက္ခာပါရမီဆင်ခြင်ရပုံ ၅၁
-အကြောင်းနှင့်တကွသော စရဏ(၁၅)ပါးအဘိညာဉ်(၅)ပါး ၅၃
-သဒ္ဓါ၏အကြောင်းတရားတို့သည်ကား ၅၄
-သတိ၏အကြောင်းတရားတို့သည်ကား ၅၄
-ဟိရီ၊ ဩတ္တပ္ပတို့၏အကြောင်းကား ၅၄
-ဗာဟုသစ္စ၏အကြောင်းတရားတို့သည်ကား ၅၅
-ဝီရိယ၏အကြောင်းတရားတို့သည်ကား ၅၅
-ပညာ၏အကြောင်းတရားတို့သည်ကား ၅၆
-ပါရမီတို့၏ညစ်နွမ်းကြောင်းများ ၅၇
-ပါရမီတို့၏ဖြူစင်ကြောင်းတရားများ ၅၈
-ပါရမီတို့၏ဆန့်ကျင်ဘက်တရားများ ၅၉
-ပါရမီတို့ကို ဖြည့်ကျင့်ပုံ ၆၂
-ပြင်ပ(ဗာဟိရ)အလှူပြုတော်မူပုံ ၆၃
-ကိုယ်တွင်း(အဇ္ဈတ္တ)အလှူလှူပုံ ၆၆

-အဘယဒါန ၆၇
-ဓမ္မဒါန ၆၈
-သုတ္တန်နည်းအလှူဆယ်ပါး ၆၉
-အဘိဓမ္မာနည်းအလှူခြောက်ပါး ၇၀
-သီလပါရမီဖြည့်ကျင့်ပုံ ၇၆
-အလောင်းတော်များ ဝါရိတ္တသီလဖြည့်ကျင့်ပုံ ၇၈
-ဒုစရိုက်မှရှောင်ကြဉ်၍အကျိုးရပုံ ၈၀
-စာရိတ္တသီလဖြည့်ကျင့်တော်မူပုံ ၈၄
-နေက္ခမ္မပါရမီကိုဖြည့်ကျင့်ပုံ ၉၀
-ပညာပါရမီဖြည့်ကျင့်ပုံ ၉၂
-ဝီရိယပါရမီစသည် ဖြည့်ကျင့်မှုများ ၉၄
-ပါရမီ(၁၀)ပါး၊ အပြား(၃၀) ၉၈
-ပါရမီတို့၏အကျဉ်းချုပ်တရား(၆)ပါး ၁၀၂
-ပါရမီခြောက်ပါးတွဲစပ်၍ရသောအကျိုးများ ၁၀၃
-သုံးပါးအစုံကြောင့် အကျိုးရပုံ ၁၀၅
-အဓိဋ္ဌာနတရားကြီးလေးပါး ၁၀၆
-အဓိဋ္ဌာနတရားတို့၏အကျိုးကျေးဇူးများ ၁၁၂
-အဓိဋ္ဌာနတရားတို့၏အကျိုးများ ၁၁၃
-ဘုရားဖြစ်ပြီးနောက်ဆုံးဘဝ၌ အဓိဋ္ဌာနလေးပါးပြည့်စုံပုံ ၁၁၅
-ပါရမီတို့ပြည့်စုံစေကြောင်းတရားများ ၁၁၆
-ဘုရားရှင်တို့အား မိမိကိုယ်ကိုအပ်နှံခြင်း ၁၁၈
-ပယ်ရှားခြင်း ၁၁၉
-မိမိကိုယ်၌ချစ်ခြင်းတဏှာကုန်ခမ်းခြင်း ၁၂၀
-ဝေနေယျတို့၌ချစ်ခြင်းမေတ္တာတရားတိုးပွားခြင်း ၁၂၀
-ရခဲသော(ဗောဓိသတ္တ)ဘုရားလောင်း ၁၂၃

-ဘုရားလောင်းများ ၁၂၄
-ဘုရားလောင်းသုံးမျိုး ၁၂၆
(၁) ပညာဓိကဘုရားလောင်း ၁၂၆
(၂) သဒ္ဓါဓိကဘုရားလောင်း ၁၂၆
(၃) ဝိရိယာဓိကဘုရားလောင်း ၁၂၇
-ကာလစော၍ ဘုရားမဖြစ်နိုင် ၁၂၈
-ပါရမီတို့၏အကျိုးများ ၁၂၉
-ပါရမီတို့၏အကျိုးရင်းများ ၁၃၁
-နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့
မဖြစ်ရာဌာနများ ၁၃၂
-အလောင်းတော်တို့၏နှလုံးရည် ၁၃၃
-ပါရမီဖြည့်စဉ် နတ်ပြဟ္မာပြည်၌ကြာရှည်မနေ ၁၃၅
-သမုဒ္ဒရာနှင့်တူသောပါရမီများ ၁၃၅
-ကြီးစွာသောဆင်းရဲကို ဆင်းရဲဟုမထင် ၁၃၆
-ကာလရှည်ကြာစွာ ပါရမီတော်တို့ကိုဖြည့်ကျင့်ရခြင်း ၁၃၆

## ၄။ အခန်း(၃)

-ကမ္ဘာအလိုက် ဘုရားပွင့်တော်မူခြင်း ၁၃၇
-ဂေါတမဘုရားလောင်း၏ပါရမီများ ၁၃၉
-ဂေါတမဘုရားလောင်း၏ နိယတဗျာဒိတ်ခံဘဝများအချုပ် ၁၄၃
-ဘုရားရှင်တို့၏ထူးထွေသောအတိုင်းအရှည်ပမာဏ
(ဝေမတ္တတရား ၈-ပါး) ၁၄၆

## ၅။ အခန်း(၄)


-ဂေါတမဘုရားလောင်း၏ဗျာဒိတ်ခံဘဝများ ၁၄၈

-ဒီပင်္ကရာဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၄၈

-ကောဏ္ဍညဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၅၉

-မင်္ဂလာဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၆၀

-သုမနဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၆၅

-ရေဝတဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၆၆

-သောဘိတဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၆၇

-အနောမဒဿီဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၆၈

-ပဒုမဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၆၉

-နာရဒဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၇၀

-ပဒုမုတ္တရဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၇၁

-သုမေဓါဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၇၂

-သုဇာတဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၇၃

-ပိယဒဿီဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၇၅

-အတ္တဒဿီဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၇၆

-ဓမ္မဒဿီဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၇၇

-သိဒ္ဓတ္ထဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၇၈

-တိဿဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၇၉

-ဖုဿဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၈၁

-ဝိပဿီဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၈၂

-သိခီဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၈၃

-ဝေဿဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၈၄

-ကကုသန္ဓဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၈၆

-ကောဏာဂမနဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၈၇

-ကဿ[illegible]ဘုရားရှင်ထံဗျာဒိတ်ခံရခြင်း ၁၈၈

# အမှာစာ

ဗုဒ္ဓဂေါတမအလောင်းအလျာသည်-

-ဗုဒ္ဓေါဗောဓေယျံ =သစ္စာတရားကို ငါ့သိသလို ဝေနေယျတို့ သိစေရမည်။

-မုတ္တောမောစေယျံ =ဘဝအနှောင်အဖွဲ့မှ ငါ့လွတ်သလို ဝေနေယျ တို့လွတ်စေရမည်။

-တိဏ္ဏောတာရေယျံ =သံသရာဝဲဂယက်မှ ငါ့ကူးမြောက်သလို ဝေနေယျတို့ ကူးမြောက်စေနိုင်ရမည်။

ဟူသော ရည်ရွယ်ချက်(၃)ချက်ကို အခိုင်အမာယုံကြည်ချက်ထားပြီး သံသရာခရီးတစ်လျှောက် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီ(၁၀)ပါး စရိယ(၃)ပါး စွန့်ခြင်းကြီးငါးပါးတို့ကို အပင်ပန်းခံ အဆင်းရဲခံပြီး ပါရမီဖြည့်ကျင့်ခဲ့သည်။

နောက်ဆုံးပါရမီပြည့်သောအချိန်တွင် ဒုက္ကရစရိယ(၆)နှစ်ကျင့်ခဲ့ပြီး ဘုရားအဖြစ်သို့ရောက်ခဲ့သည်၊ ဗုဒ္ဓသည် ဘုရားအဖြစ်သို့ရောက်ရှိ၍ တပည့်သံဃာ(၆၀)စည်းရုံးရရှိပြီးသောအခါ ထိုပုဂ္ဂိုလ်များကို နေရာအနှံ့ သာသနာပြုစေလွှတ်ခဲ့ပါသည်။

ထိုသို့ သာသနာပြုစေလွှတ်ရာ၌-

"ချစ်သားတို့. . . များစွာသောလူတို့၏ အကျိုးစီးပွားအလို့ငှာ ချမ်းသာမှုအလို့ငှာ၊ သာသနာပြုခရီးကျင့်စဉ်ကိုကျင့်၍ သွားကြကုန်လော၊

ချစ်သားတို့. . . အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းနှင့်ပြည့်စုံသောတရားတော်မြတ်ကို ဟောကြားကြကုန်လော့၊ ကိလေသာမြူနည်းပါးကုန်သော ပါရမီရှိကြသောသတ္တဝါတို့သည် ဤလောက၌ ရှိနေကြပါသည်၊ ဘုရားရှင်၏တရားကို မကြား၊ မနာ၊ မသိကြ၍ လောကသံသရာနှစ်ဖြာသောအကျိုးကျေးဇူးတို့မှ ဆုတ်ယုတ်နေကြရသည်၊ ငါဘုရားရှင်၏တရားတော်မြတ်ကို သိစွမ်းနားလည်နိုင်သော(ဝါ)မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်နိုင်သောပါရမီရှင်အရိယာသူတော်စဉ်တို့သည် မုချမသွေ အမှန်ပင် ရှိနေပါသေးသည်”

ဟု ဟောကြားလမ်းညွှန်ပြီး သာသနာပြုစေလွှတ်ခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် မဖွံ့ဖြိုးမတိုးတက်သေးသော နယ်စပ်နှင့်တောင်တန်းဒေသရှိ တိုင်းရင်းသားပြည်သူများ အသိအလိမ္မာဉာဏ်ပညာ ဖွံ့ဖြိုးရေးအတွက်-

(က) ပြည်တွင်း-ပြည်ပ သာသနာပြုလုပ်ငန်းများကို ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်သွားရန်။

(ခ) ပြည်တွင်း၌ တောင်တန်းဒေသကို အခြေခံထား၍ အခြားလိုအပ်သောဒေသတို့တွင် တိုးမြှင့်သာသနာပြုရန်။

(ဂ) ပြည်ပနိုင်ငံတကာတို့တွင်လည်း ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးကို အင်တိုက်အားတိုက် ဆောင်ရွက်သွားရန်။

(ဃ) ထိုသို့သာသနာပြုရာ၌ အထောက်အကူပြုစေရန်အတွက် ပိဋကတ်ဘာသာပြန်လုပ်ငန်း၊ နိုင်ငံတကာနှင့်ဆက်ဆံရေးလုပ်ငန်း၊ သာသနာပြုကျောင်းများ ထောက်ပံ့ရေးလုပ်ငန်း၊ ဗုဒ္ဓကျမ်းစာပြုစုရေးလုပ်ငန်း၊ ဟောပြောပို့ချရေးလုပ်ငန်း စသည်တို့ကို စနစ်တကျဆောင်ရွက်ရန်။

ဟူသော ရည်ရွယ်ချက်(၄)ရပ်ဖြင့် (၉-၅-၉၁)နေ့တွင် သာသနာရေးဝန်ကြီးဌာနလက်အောက်၌ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနကို-

(က) ပြည်ပသာသနာပြုဌာနခွဲ

(ခ) ပြည်တွင်းသာသနာပြုဌာနခွဲ

(ဂ) ဦးစီးရေးရာဌာနခွဲ

(ဃ) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ

(င) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဌာနခွဲ

ဟူသော ဌာနခွဲ(၅)ခုဖြင့် ဖွဲ့စည်းကာ ဖွင့်လှစ်ခဲ့ပါသည်။

ပြည်တွင်းသာသနာပြုဌာနခွဲသည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော ဦးတည်ချက်(၃)ရပ်ကို အဓိကထားဆောင်ရွက်ရာ၌ ပြည်တွင်းနှင့်နယ်စပ်တောင်တန်းဒေသများ၌ သာသနာတော်ထွန်းကားပြန့်ပွားရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်လျက် တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ရဟန်းသာသနာပြုပုဂ္ဂိုလ်များ လူပုဂ္ဂိုလ်သာသနာပြုပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

သာသနာပြုရဟန်းတော်များ၊ သာသနာပြုလူပုဂ္ဂိုလ်များ၊ သာသနာပြုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်စွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် သာသနာပြုသင်တန်းများကိုဖွင့်လှစ်ကာ-

(၁) ဘုရားလောင်း၏ဝါဒလမ်းစဉ်

(၂) ထေရဝါဒ မဟာယာန ဗုဒ္ဓသာသနာဟူသည်

(၃) သာသနာပြုအခြေခံကိုယ်ကျင့်တရား

(၄) သာသနာပြုနည်းသော့ချက်များ

(၅) သမိုင်းဝင်သာသနာပြုသူရဲကောင်းများ

(၆) မြတ်ဗုဒ္ဓ၏သာသနာပြုစည်းရုံးအောင်မြင်နည်း

(၇) ကမ္ဘာ့လူသားများကိုးကွယ်ရာဘာသာကြီးများ၏ဝါဒ အယူအဆများ

(၈) ပြည်ထောင်စုတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးစံများ

(၉) တောင်တန်းသာသနာပြုသမိုင်း

(၁၀) အခြေခံကျန်းမာရေး(တိုင်းရင်းဆေး+အနောက်တိုင်း)

(၁၁) သ. ထ. ပ၏ ဆောင်ရွက်ချက်

ဟူသော ဘာသာရပ်(၁၀)ရပ်ကို လေ့ကျင့်သင်ကြားပို့ချပေးစေခဲ့ပါသည်။

ဤသာသနာပြုလုပ်ငန်းတွင် ဘုရားဟောင်း၏စိတ်ဓာတ်နှင့်ဝါဒလမ်းစဉ်သည် သာသနာပြုပုဂ္ဂိုလ်တို့အတွက် အဓိကအခြေခံကျသော စိတ်ဓာတ်ခံယူချက်ဖြစ်ပါသည်၊ ဤစိတ်ဓာတ်နှင့်ခံယူချက်မရှိပါက သာသနာပြုလုပ်ငန်းကို အနစ်နာခံ၍ မဆောင်ရွက်နိုင်ကြပါ၊ သာသနာပြုပုဂ္ဂိုလ်များ ဘုရားဟောင်း၏စိတ်ဓာတ်နှင့်ဝါဒလမ်းစဉ်ခံယူချက်ကိုသိရှိပြီး လိုက်နာဆောင်ရွက်ကာ သာသနာပြုနိုင်စေရေးအတွက် ဤ"ဘုရားဟောင်း၏ဝါဒလမ်းစဉ်" စာအုပ်ကို ထုတ်ဝေပြီး သင်တန်း၌ ပို့ချပေးခဲ့ရခြင်း ဖြစ်ပါသည်။

ဤတောင်တန်းသာသနာပြု ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များအား ဘုရားဟောင်းဝါဒလမ်းစဉ်ကို မူလ သင်တန်းစဖွင့်ကာစအချိန်က ဆရာကြီး ဦးကျော်ထွန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)က စတင်ပို့ချခဲ့ပြီး မူဝါဒ အချက်အလက်များကို လမ်းညွှန်ပေးခဲ့ပါသည်။

ဤမူဝါဒလမ်းစဉ်ကို သင်တန်းပို့ချချက် ပြဋ္ဌာန်းကျမ်းစာအုပ်ဖြစ်ရေးအတွက် ညွှန်ကြားရေးမှူးချုပ် ဦးကျော်လွင်လက်ထက်တွင် စတင်ကြိုးစားဆောင်ရွက်ခဲ့ပါသည်၊ မအောင်မြင် မပေါ်ထွက်ခဲ့ပါ၊ ဒုတိယမျိုးဆက် ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်လက်ထက်တွင် ဆက်လက်အကောင်အထည်ဖော်ခဲ့ပါသည်၊ တောင်တန်းသာသနာပြုသမိုင်း(၁)အုပ်သာ အဖွဲ့နှင့်ရေးသားပြုစုပြီးစီးပြီး စာအုပ်အဖြစ် ပေါ်ထွက်ခဲ့ပါသည်။

ဤစာအုပ်များမပြီးစီး၍ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်မှ မိမိအားတစ်ဦးတည်း အချက်အလက်ပြည့်စုံစွာလေ့လာပြီး ရေးသားပြုစုပေးရန် မေတ္တာရပ်ခံလာ၍ စာရေးသူမှ-

(၁) ထေရဝါဒ မဟာယာန ဗုဒ္ဓသာသနာဟူသည်

(၂) သာသနာပြုနည်းသော့ချက်များ

(၃) သမိုင်းဝင်သာသနာပြုသူရဲကောင်းများ

(၄) မြတ်ဗုဒ္ဓ၏သာသနာပြုစည်းရုံးအောင်မြင်နည်း

(၅) ကမ္ဘာ့လူသားများကိုးကွယ်ရာဘာသာကြီးများ၏ဝါဒ အယူအဆများ

စသည့် ပြဋ္ဌာန်းစာမူများကို ရေးသားပြုစုထုတ်ဝေခဲ့ရပါသည်။

တတိယမျိုးဆက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်လက်ထက်၌ "ပြည်ထောင်စုတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ(ပထမတွဲ) နှင့် ဒုတိယတွဲ "(၂)အုပ်ကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၊ သင်ရိုးအမှတ်(၂၀၃)ဒုတိယနှစ် ပြဋ္ဌာန်းကျမ်းစာအဖြစ်လည်းကောင်း၊ ပြည်တွင်းသာသနာပြုသင်တန်းသင်ခန်းစာအဖြစ်လည်းကောင်း ရေးသားပြုစုထုတ်ဝေခဲ့ပါသည်။

စတုတ္ထမျိုးဆက် ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်လက်ထက်တွင် ညွှန်ကြားရေးမှူးချုပ်မှ မေတ္တာရပ်ခံလမ်းညွှန်ချက်အရ စာရေးသူမှ ဆက်လက်၍ "သာသနာပြုအခြေခံကိုယ်ကျင့်တရား" ပြဋ္ဌာန်းကျမ်းစာကို ဆက်လက်ရေးသားပြုစုထုတ်ဝေခဲ့ပါသည်၊ ယခု "ဘုရားလောင်း၏ဝါဒလမ်းစဉ်များ" ပြဋ္ဌာန်းကျမ်းစာကို ဆက်လက်ရေးသားပြုစုထုတ်ဝေခဲ့ပါသည်။

ဤကျမ်းစာသည် အားလုံးပြီးပြည့်စုံသောကျမ်းစာဟူ၍ မယူဆပါ၊ နောက်နောင် ပညာရှင်များအနေဖြင့် ပိုသည်ကိုဖြုတ်၊ လိုအပ်သည်ထပ်မံဖြည့်စွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ**

**တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ.အေ)**

# အခန်း ( ၁ )

## ရခဲသောလူ့ဘဝနှင့် လူ့ဆန္ဒ

လူ့ဘဝသည် ရခဲသည်။ မည်မျှရခဲသနည်းဆိုသော် ဘုရားရှင်က သမုဒ္ဒရာတွင် အနှစ်တစ်ရာမှ တစ်ခါပေါ်သော လိပ်ကန်းနှင့်သမုဒ္ဒရာတွင် မျော နေသော တံပိုးတုံး၏အပေါက်သည် စွပ်မိဖို့ရန် လွယ်ကူသေးသည်၊ လူအဖြစ်ရ ဖို့က ထိုတက်ပင် ခက်ခဲလှသည်၊ ရခဲလှသည်ဟု ဟောကြားထားခဲ့ပါသည်။

ထိုရခဲလှသောလူ့ဘဝကို လူသားသည်လောဘဖြင့် စတင်တည်ဆောက် ခဲ့ပါသည်။ ထိုလောဘဟူသည် ဘဝနိကန္တိက (ဘဝကို မြတ်နိုးသော တဏှာ) တရားပင်ဖြစ်ပါသည်။

လူသားသည် မည်သည့်အဆင့်တွင် ရောက်နေရောက်နေ မိမိဘဝပျက် သုန်းမသွားစေရန် လောဘဖြင့် မိမိလိုချင်သော အရာတို့ကိုရအောင် အားထုတ် ယူတတ်သော သဘောရှိပါသည်။

ဘုရားရှင်က လူ့ဘဝကို တည်ဆောက်ရာ၌ ဘဝကိုထီးအဖြစ်မတည် ဆောက်ဘဲ ငြမ်းအဖြစ်သာ တည်ဆောက်ရမည်ဟု မိန့်ကြားခဲ့ပါသည်။

ငြမ်းဟူသည် မည်မျှပင် ခိုင်မာအောင်တည်ဆောက်ထားပါသော်လည်း ထိုငြမ်းအသုံးပြုသောအရာ ပြီးမြောက်အောင်မြင်သောနေ့ မလွှဲမသွေဖျက်သိမ်း

ရမည်သာဖြစ်ပါသည်။

ဘဝကိုထီးအဖြစ် တည်ဆောက်ထားပါက ထိုပုဂ္ဂိုလ်အတွက် သံသရာ က မလွတ်တော့မူ၍ သံသရာဝဲ မျောနေတော့မည်သာဖြစ်ပါသည်။

လူသည် သံသရာတစ်ကြော မျောနေသမျှကာလပတ်လုံး ဒုက္ခ၊ သောက၊ ပရိဒေဝ တရားများကို ရင်ဝယ်ပိုက်ထားနေရပါမည်။

ထို့အတွက် ဘဝကိုရပ်တည်ရေးအတွက် လူတို့သည် တောင့်တခြင်း(၄) မျိုးဖြင့် တောင့်တ လုပ်ကိုင်နေရလေ့ရှိပါသည်။

**ပထမတောင့်တချက်** = အိမ်ရာတည်ဆောက်နေလိုသည် (ကာမ)

လူသည်ကာမအရာ အထီးကျန်မနေလို။ ချစ်သောဇနီး၊ ချစ်သောခင်ပွန်း၊ ချစ်သောသားသမီး၊ ဆွေမျိုးမိတ်ဆွေ၊ အသိုင်းအဝိုင်းနှင့်နေလိုသည်။ ထိုသို့နေရအောင် အားထုတ်လုပ်ကိုင်တတ်သည်။

ထိုသို့ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပြည့်စုံသူလည်းရှိသည်။ မပြည့်စုံသူလည်းရှိသည်။ မပြည့်စုံသေးသောသူသည် ဖြစ်လိမ့်နိုးနိုးဖြင့် မျှော်ကိုးကာ အသက်ထက်ဆုံး ဆက်လက်ကြိုးပမ်းနေကြလေ့ရှိပါသည်။

**ဒုတိယတောင့်တချက်** = စီးပွားဥစ္စာပြည့်စုံလိုသည် (အတ္ထ)

လူသည် လူ့ဘဝရလာကတည်းက စားဝတ်နေရေးအတွက် မိမိ၏ဘဝကို ချို့ချို့ငဲ့ငဲ့ မနေလို။ မိမိဘဝအတွက် ဥစ္စာစီးပွား ပြည့်စုံလိုကြသည်။ ဥစ္စာပစ္စည်း ပြည့်စုံအောင် အားထုတ်လုပ်ကိုင်ကြသည်။ မပြည့်စုံလျှင် ပြည့်စုံအောင် အားထုတ်သည်။ တရားသောနည်း၊ မတရားသောနည်းတို့ဖြင့် အားထုတ်လုပ်ကိုင်တတ်သည်။ ပစ္စည်းဥစ္စာ ပြည့်စုံမှုကို အားရတင်းတိမ်သည်မရှိ။ သက်ဆုံးတိုင်ပင် လုပ်ကိုင်ဆောင်ရွက်တတ်သည်။ လူသား၏တောင်တချက်သည် ပြည့်စုံသည်ဟူ၍မရှိခဲ့ပါ။ အမြဲလိုနေခဲ့ပါသည်။ ထို့ကြောင့်ဘုရားရှင်က တတြာတတြာဘိနန္ဒိနီ= တစ်ခုပြီးတစ်ခု လိုချင်နေတတ်သည်ဟု ဓမ္မစကြာ၌ ဟောတော်မူခဲ့ပါသည်။

**တတိယတောင့်တချက်** = တရားဥပဒေနှင့်အညီ လုံခြုံစွာနေလိုသည် (ဓမ္မ)

လူသည် ကာမနှင့်အတ္တပြည့်စုံပြီးနောက် တရားဥပဒေနှင့် အညီလုံခြုံစွာ နေလိုက်သည်။ မိမိသည် ကာမနှင့်အတ္တရှာစဉ်က မတရားနည်းနှင့် ရှာစေခဲ့ကာမူ မိမိဘဝကာမအတ္တပြည့်စုံသောအခါ တရားဓမ္မနှင့်အညီ နေထိုင်လိုလာသည်။ မိမိဘဝကို နှောင့်ယှက်ဖျက်ဆီးမည့်သူကို အမြဲစိုးရိမ်ထိတ်လန့်ကြောက်ရွံ့နေရသည်။ အုပ်ချုပ်သူကို အားကိုးလာသည်။

**စတုတ္ထတောင့်တချက်** =လွတ်လပ်မှုလွတ်မြောက်မှုကိုလိုလားသည် (မောက္ခ)

လူသည် ကာမ၊ အတ္တ၊ ဓမ္မနှင့် ပြည့်စုံသော်လည်း မပြီးသေးချေ။ မိမိဘဝ လွတ်လပ်စွာနေထိုင်မှု၊ ဤဘဝမှ လွတ်မြောက်လိုမှုများကို အလိုရှိလာ ပြန်သည်။

သို့အတွက် လွတ်လပ်မှုအတွက် ကြိုးစားအားထုတ်ပြန်သည်။ လွတ်မြောက်မှုအတွက် ကြိုးစားအားထုတ်ပြန်သည်။ လွတ်မြောက်မှုတွင် လောကီလွတ်မြောက်မှု၊ လောကုတ္တရာလွတ်မြောက်မှုဟူ၍ နှစ်မျိုးရှိပါသည်။

လောကီလွတ်မြောက်မှုဟူသည် လူသားအချင်းချင်းမတရားအုပ်စိုးမှု ချုပ်ချယ်မှုမှ လွတ်မြောက်လိုခြင်းဖြစ်သည်။

လောကုတ္တရားလွတ်မြောက်မှုဟူသည် မိမိဘဝကိုဤသံသရာဝဲဩဃမှ အပြီးပိုင်လွတ်မြောက်လိုမှုဖြစ်ပါသည်။

ဤတောင့်တချက်လေးခုတို့တွင် တစ်ပိုင်း၌ -

- သာယာဖွယ်အပိုင်း
- ငြီးငွေ့ဖွယ်အပိုင်း

ဟူ၍ (၂)ပိုင်းရှိပါသည်။

လောကတွင် မြတ်နိုးဖွယ်ရာသည် အရာရာတိုင်း၌ ရှိပါသည်။ သာယာဖွယ်အပိုင်း၌ရှိသော မြတ်နိုးဖွယ်ရာထက် ငြီးငွေ့ဖွယ်အပိုင်းရှိသော မြတ်နိုးဖွယ်ရာက ပို၍သိမ်မွေ့နူးညံ့လှပါသည်။ ပို၍လည်းနက်ရှိုင်းလှပါသည်။ ပို၍လည်း တန်ဖိုးမြင့်လှပါသည်။

အသိဉာဏ်ရင့်ကျက်သူများသာ သာယာဖွယ်ကိုမြင်ကြပြီးနောက် ယင်းနောက်တွင်ရှိသော ငြီးငွေ့ဖွယ်အပိုင်းကို မြင်ကြသည်။

ငြီးငွေ့ဖွယ်အပိုင်းကို မြင်ခြင်းဟူသည်မှာလည်း ယင်း၌ပါဝင်သော မြတ်နိုးဖွယ်အရသာကို မြင်သောကြောင့်ဖြစ်ပါသည်။

ဥပမာ ဘုရားလောင်းသည် နန်းစည်းစိမ်အရသာကို ခံစားခြင်းရသ၏ အပြစ်ကို တွေ့မြင်ပြီးလျှင် ထိုနန်းစည်းစိမ် ခံစားမှုကို ငြီးငွေ့လာခဲ့သည်။ သို့အတွက် တောထွက်ပြီး တရားအကျင့်ကိုကျင့်ပြီး သဗ္ဗညုတဉာဏ်အရသာကို သိရှိတော်မူသည်။

## အာဇာနည်နှင့် ပါရမီ

အာဇာနည်ဟူသည် သူတစ်ပါး၏အကျိုးကိုလည်း မထိမဲ့မြင်မပြု။ မိမိ၏ အမျိုးကို မထိမဲ့မြင်ပြုသည်ကို ခေါင်းငုံ့မခံ။ လောက၌ အဓမ္မဝါဒမလွှမ်းမိုးအောင် ကြိုးပမ်းခြင်းသည် အမျိုးချစ်သော အာဇာနည်တို့၏ လုပ်ငန်းနှင့်သူတို့၏ တာဝန်ဖြစ်သည်။

ဥပမာ ဘုရားလောင်းသည် စကြာဝတေးမင်းဖြစ်လာမည်ဟူသော မိမိဘဝ၏ သာယာဖွယ်ကို မသာယာဖွယ်အဖြစ်မြင်ပြီး တောထွက်ကာ လူနတ်ပြဟ္မာသတ္တဝါတို့အတွက် မိမိ၏ ချမ်းသာသည်ဟု ထင်ရသော စကြာဝတေးမင်းဘဝကို စွန့်လွှတ်မှုရသကို မြတ်နိုးဖွယ်ရသ အဖြစ်ဖြင့်မြင်လာခဲ့သည်။

မိမိအတွက် အားထုတ်လုပ်ကိုင် သိမ်းပိုက်ခြင်းထက် လောကအတွက် စွန့်လွှတ်ခြင်းက ပိုမိုမြတ်နိုးဖွယ်ရာဖြစ်ကြောင်းကို သာမန်လူလိုင်ါလို ပုဂ္ဂိုလ်များ သဘောမပေါက်ကြပါ။

သူလိုင်ါလို အဆင့်ကျော်သော ပုဂ္ဂိုလ်များသာ သိနိုင်ပါသည်။ သဘောပေါက်ကြသည်။

ဇာတ်တော်များ၊ သမိုင်းရာဇဝင်များ၌ သူလိုင်ါလို အဆင့်ကျော်သော ပုဂ္ဂိုလ်များအကြောင်းကို ဖတ်ရှုတွေ့ကြရပါမည်။

ထိုကဲ့သို့ သူလိုငါလို အဆင့်ကျော်လွန်သော ပုဂ္ဂိုလ်များကို ပါရမီရှင်များ ဟု ခေါ်ဆိုပါသည်။ ယင်းတို့၏ အလုပ်ကိုလည်း ပါရမီဟုခေါ်ပါသည်။

ပါရမီဟူသည် ပရမ-မြင့်မြတ်သူတို့၏ လုပ်ငန်းစဉ်ဟူ၍ အဓိပ္ပါယ်ရပါသည်။ အများကောင်းစားရေးအတွက် မိမိကောင်းစားရေးကို စွန့်လွှတ်ခြင်းဖြစ်၏။ အရာရာတိုင်း၌ အများအတွက် မိမိ၏ဘဝကို စတေးခြင်း ဖြစ်ပါသည်။

နိုင်ငံဖြစ်စေ၊ လူမျိုးဖြစ်စေ၊ နိုင်ငံအတွက်၊ လူမျိုးအတွက် အနစ်နာခံ သူများ၊ ဘဝကို စတေးထားနိုင်သူများ ပေါများလျှင် ထိုနိုင်ငံနှင့်လူမျိုးသည် ကမ္ဘာ၌ ထိပ်တန်းနိုင်ငံနှင့် လူမျိုးများ ဖြစ်ကြရသည်။

ထိပ်တန်းဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှု၊ အတတ်ပညာဆိုင်ရာ ပြည့်စုံမှုတို့ကို မဆိုလိုပါ။ ကိုယ်ကျင့်သိက္ခာပြည့်စုံမှုကိုသာ ထိပ်တန်းဟု ဆိုလိုပါသည်။

အများကောင်းစားရေးအတွက် မိမိဘဝကိုစတေးမှုကို စွန့်လွှတ်မှုဟု ခေါ်ပါသည်။

စွန့်လွှတ်မှုတွင် . . .

ငါမှ မလွတ်မြောက်သော စွန့်လွှတ်မှု

(ယင်းကို စွန့်လွှတ်မှုစစ်စစ်ဟု မခေါ်နိုင်ပါ။)

ငါမှလွတ်မြောက်သောစွန့်လွှတ်မှု

(ယင်းကို လွတ်မြောက်ဟုခေါ်ပါသည်။)

ဓမ္မပဒ၌ ဘုရားရှင်က-

"စစ်မြေပြင်၌ ရန်သူပေါင်းများစွာကို အောင်မြင်နိုင်သော သူရဲကောင်းများသည် ရှိ၏။ ထိုသူရဲကောင်းသည် အမြတ်ဆုံးသူရဲကောင်းမဟုတ်ပေ။ တစ်ယောက်တည်းသော မိမိကိုယ်ကို မိမိအောင်နိုင်သူသည်သာ အမြတ်ဆုံးသူရဲကောင်းဖြစ်သည်"

ဟူ၍ အောင်နိုင်သူစစ်စစ်ကို ဟောကြားထားခဲ့ပါသည်။

လောကလူသားတို့၏ ဘဝစစ်မြေပြင်တွင် ဓမ္မနှင့် အဓမ္မ(တရားမျှတမှုနှင့် မတရားမှု)တို့သည် ထာဝစဉ် တိုက်ခိုက်နေကြပါသည်။

အဓမ္မကို ဓမ္မဖြင့်နိုင်အောင် တိုက်နိုင်ပါက ထိုသူသည် သူရဲကောင်းဖြစ်ပါသည်။

ထိုသူရဲကောင်းတွင် . . .

- ငါပါသော သူရဲကောင်းသည် သာမန်သူရဲကောင်းဖြစ်ပါသည်။
- ငါမပါသော သူရဲကောင်းဖြစ်မှ အမြင့်မြတ်ဆုံး သူရဲကောင်းဖြစ်ပါသည်။ မိမိကိုယ်ကို မအောင်နိုင်သူများအတွက် အရာရာသည် ကြောက်စရာချည်းသာ ဖြစ်ပါသည်။
- မိမိကိုယ်ကို အောင်နိုင်သူများအတွက် လောကတွင် ကြောက်စရာဟူ၍ ဘာမျှမရှိတော့ပါချေ။

မအောင်နိုင်သူများအနက် မိမိ၏စွန့်စားဆောင်ရွက်မှု၊ အနစ်နာခံ ဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများ၌ ပစ္စည်းဥစ္စာ ရာထူးဂုဏ်ထူး အာဏာမက်သောသူများရှိတတ်သည်။

ထိုမက်သောသူသည် မိမိကိုယ်ကို မအောင်နိုင်သူဖြစ်ပါသည်။ မိမိကိုယ်ကိုမအောင်နိုင်သောအခါ နေရာတကာမှာ 'ငါ'ပါချင်နေသည်။ 'ငါ'ပါမှ စိတ်ချမ်းသာသည်။ 'ငါ'မပါက စိတ်မချမ်းသာတော့ချေ။

သို့အတွက် သူ၏အနစ်နာခံမှုသည်၊ စွန့်လွှတ်စွန့်စားမှုသည် 'ငါ'ချမ်းသာရေးအတွက် ဖြစ်သည်။ လောကချမ်းသာရေးအတွက် မဟုတ်။ လောကချမ်းသာရေးကို မျက်နှာဖုံးစွပ်ပြီး ငါချမ်းသာရေးကိုဆောင်ရွက်နေသူဖြစ်သည်။

"မိမိကိုကို အောင်နိုင်သူသည်ကား မိမိ၏ အနစ်နာခံဆောင်ရွက်မှု၊ စွန့်လွှတ်စွန့်စားမှုကြောင့်ရလာသော ပစ္စည်းဥစ္စာ၊ ရာထူး၊ အာဏာ၊ ဂုဏ်စသည်တို့ကို ဘာတစ်ခုမျှ မမက်မောသူဖြစ်ပါသည်။

ထိုသူ၏ အနစ်နာခံမှု၊ စွန့်လွှတ်စွန့်စားမှုသည် အများအတွက်သက်သက် စွန့်လွှတ်မှုဖြစ်၍ ပါရမီသဘောပါရှိသည်။

# မိမိကိုယ်ကို အောင်နိုင်သူ

လောကတွင် လိုချင်၍ရသော အကျိုးတရားထက် မလိုချင်ဘဲရသော အကျိုးကားပို၍မြင့်မားလှပါသည်။ ပို၍လည်းစင်ကြယ်၏။ သန့်ရှင်းပါသည်။

ဥပမာ- သိဒ္ဓတ္ထမင်းသားသည် သုမေဓာဘဝမှစ၍ ဖြစ်လေရာဘဝတိုင်း ဘဝတိုင်း၌ လောကအတွက် အနစ်နာခံသည်။ လောကအတွက် စွန့်လွှတ်ခဲ့သည်။

သူ၏ အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်းသည် လွတ်လွတ်လပ်လပ် အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်းဖြစ်သည်။

ထို့ကြောင့်အလောင်းတော်သည် ဘဝတိုင်း၊ ဘဝတိုင်း၌ပစ္စည်းဥစ္စာအား ဖြင့်ဖြစ်စေ၊ ရာထူးအားဖြင့်ဖြစ်စေ၊ နှစ်မျိုးလုံး၌ဖြစ်စေ မြင့်မားသည်သာဖြစ်ပါသည်။ ဖြစ်လေရာဘဝတိုင်း၌ မြင့်သည်သာဖြစ်သည်။

နောက်ဆုံးဘုရားအဖြစ်သို့ ရောက်သောအခါ လူ၊နတ်၊ပြဟ္မာတို့၏ အပူဇော်ခံမင်းဖြစ်ရသည်။

ဤသို့ဖြစ်ရခြင်းမှာ မိမိအတွက် တောင့်တခြင်း၊ မျှော်မှန်းခြင်းမရှိဘဲ စေတနာသန့်သန့်ဖြင့် လောကအတွက် အနစ်နာခံဆောင်ရွက်ခဲ့သောကြောင့် ဖြစ်ပါသည်။

စိတ်စေတနာကောင်းထားဖို့သည်သာ အရေးကြီးလှပါသည်။

လောကတွင် တကယ်တမ်းလွတ်လွတ် စွန့်လွှတ်သောစိတ်ထားဖြင့် အလုပ်ကိုဆောင်ရွက်ရုံမှန်ပါက အကျိုးမပေးပါနှင့်ဟု အကျိုးကိုတား၍မရပါ။ ထိုက်တန်သောအကျိုးကို ထိုလုပ်ငန်းက မလွဲမသွေပေးမည်သာ ဖြစ်ပါသည်။

ယနေ့လောကတွင် သီလ၊ သမာဓိ၊ ပညာကြီးကြသော ပုဂ္ဂိုလ်များ တရားဓမ္မကျင့်ကြသော ပုဂ္ဂိုလ်များ၊ သီလဆောက်တည် ပုတီးစိပ်၊ သမထဘာဝနာပွားများသူများ၏ အောင်မြင်ခြင်း၊ ကျော်ကြားခြင်း၊ ပစ္စည်းဥစ္စာများ မလိုချင် အဆုံး အလျှံပယ်ရခြင်း စသည်တို့သည် လက်တွေ့သာဓကများပင်ဖြစ်ပါသည်။

သို့ရာတွင် ပေးသောအကျိုးကို တဏှာလောဘဖြင့် မမက်မောမိရန် အရေးကြီးလှပါသည်။

ပေးလာသောအကျိုး၌ မမက်မောခြင်းသည်သာ မိမိကိုယ်ကိုအောင်နိုင်သူဟု ဆိုရပါမည်။

## ဘဝကြာနှင့် ကာမဂုဏ်ရွံ့ ညွှန်ဘဝ

ဘဝလွတ်မြောက်မှုကို ကြိုးစားသော(ဝါ) ပါရမီတို့ကို ပြုစုပျိုးထောင်သောသူသည် ကာမဂုဏ်ကို ပစ်ပယ်၍မရပါ။ ကာမဂုဏ်တော၌ပင် ဘဝမြင့်မားမှုတို့ကိုလည်းကောင်း၊ ပါရမီတို့ကိုလည်းကောင်း တည်ဆောက်ရပါသည်။

ပညာရှိပုဂ္ဂိုလ်တို့ ဘဝကိုကြာပင်နှင့်နှိုင်းယှဉ်၍ ပြတတ်ကြလေသည်။

ကာမဂုဏ်ကို ရွှံ့ညွှန်နှင့် နှိုင်းယှဉ်၍ ကြာကိုဘဝနှင့်နှိုင်းယှဉ်ပြပါသည်။

ရွှံ့ညွှန်သည် စက်ဆုပ်ဖွယ်ကောင်းသည်။

ကာမဂုဏ်သည် စက်ဆုပ်ဖွယ်ကောင်းသည်။

ကြာပန်းသည် မြတ်နိုးဖွယ်ကောင်းသည်။

ဘဝသည်လည်း မြတ်နိုးဖွယ်ကောင်းပါသည်။

ကြာပင်သည် ရွှံ့ညွှန်နှင့် မကင်းသလို ဘဝသည်လည်း ကာမဂုဏ်နှင့် မကင်းပါ။

ကြာပင်သည်ရွှံ့ညွှန်တော၌ ပေါက်သော်လည်း ရွှံ့ညွှန်မလိမ်းမကပ်ပါမှ ကြာပန်းသည် မွှေးသည်၊ လှပသည်၊ ရွှံ့ညွှန်ကပ်ပါက မမွှေး၊ မလှတော့ အလားတူ ဘဝသည်လည်း ကာမဂုဏ်တော၌ဖြစ်ရသည်။ ကာမဂုဏ်လိမ်းကျံနေပါက ဘဝသည် မွှေးမည်၊ လှမည်မဟုတ်ပါ။

ထို့ကြောင့်ဘဝကို ကာမဂုဏ်မလိမ်းကျံရအောင် ကြိုးစားရသည်။

ကာမဂုဏ်ကို ပစ်ပယ်၍မရ။ ကာမဂုဏ်၌တွယ်တာမက်မောသော တဏှာကိုသာ ပစ်ပယ်ရသည်။

ရွှံ့ညွှန်အားကောင်းလေလေ ကြာပင်လှလေဖြစ်သလို၊ ကာမဂုဏ်အားကောင်းလေလေ ဘဝလှလေလေဖြစ်ပါသည်။

ဆိုလိုသည်မှာ ဆင်းရဲသားဘဝထက်သူဌေးဘဝက ပိုလှသည်။ သူဌေး ဘဝထက် မင်းဘဝကပိုလှသည်။

ထို့ကြောင့် ဘဝကိုလှသထက်လှအောင် ကြိုးစားရသည်။

ကြာပန်းအလှသည် ရေကန်ကို အလှဆင်ရန်ဖြစ်သလို ဘဝအလှသည် လည်း လောကကို အလှဆင်ရန်ဖြစ်ပါသည်။

ဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံးပါရမီ တော်များကို ဖြည့်ကျင့်တော်မူခဲ့သည်မှာ မိမိ၏ဘဝကို လှသည်ထက်လှအောင် အားထုတ်ခြင်းဖြစ်သည်။

မိမိ၏ဘဝသည် ပို၍ပို၍လှလေ လောကကိုပို၍ ပို၍လှလာအောင် တန်ဆာဆင်နိုင်သည်။

ဥပမာ-ဘုရားအဖြစ်တည်းဟူသော မိမိဘဝလှခဲ့၍ လူ၊နတ်၊ဗြဟ္မာ သတ္တဝါတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ပေးနိုင်ခြင်းဟူသော လောကအလှ ကို တန်ဆာဆင်နိုင်ခဲ့ပါသည်။

ဘဝကိုလှသည်ထက်လှအောင် အားထုတ်ခြင်းသည် မိမိအတွက်မဟုတ်။ လောကအတွက်(အားလုံးသော သတ္တဝါများအတွက်)သာဖြစ်ပါသည်။

ဘုရားရှင်သည် ဘုရားဖြစ်လို၍ ဘုရားဖြစ်လာသည်မဟုတ်။ လောက အတွက် ဝေနေယျအတွက်ကို ကယ်တင်နိုင်ရန် အလို့ငှာ ဘုရားဖြစ်လာရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ဟူသည် ပန်းတိုင် မဟုတ်ပါ။ ဖောင်သာဖြစ်ပါသည်။ ဝေနေယျသတ္တဝါတို့ကို သံသရာတစ်ဖက် ကမ်းသို့ ပို့ပေးရန်သည်သာ ပန်းတိုင်ဖြစ်သည်။

တစ်နည်းအားဖြင့် ငြိမ်းခိုင်မှုထီးတော်ကြီးကို တင်နိုင်သလို သဗ္ဗညုတ ဉာဏ်တော်ရမှ ဝေနေယျတို့ကို ကယ်တင်နိုင်မည်။

ထို့ကြောင့် ဘုရားလောင်းသည် သဗ္ဗညုတဉာဏ်တော်ကို မရမနေ ရှာဖွေခဲ့ခြင်း ဖြစ်ပါသည်။

# အခန်း ( ၂ )

## ပါရမီ

ပါရမီဟူသည် ပရမ-ဟူသော ပါဠိစကားပုဒ်ကို တိုက်ရိုက်မြန်မာမှု ပြုထားသောစကား ဖြစ်ပါသည်။

အဓိပ္ပာယ်မှာ မြင့်မြတ်သောသူတို့၏ လုပ်ငန်းစဉ်(ဝါ) ဘုရားလောင်း ကျင့်စဉ်ဟု အဓိပ္ပာယ်ရပါသည်။

ထိုပါရမီသည် -

- ဒါန၊ သီလ အစရှိသော ဂုဏ်ကျေးဇူးအထူးတို့ကို ဆည်းပူး ဖြည့်ကျင့်စောင့်ရှောက်တတ်သောကြောင့် လည်းကောင်း၊
- ထိုဂုဏ်ကျေးဇူးအထူးတို့နှင့် ပြည့်စုံသူဖြစ်၍ ပရမည်သော တစ်ပါးသော သတ္တဝါတို့ကို မိမိ၌မေတ္တာရှိအောင် ဖွဲ့နှောင်သကဲ့သို့ ဖြစ်တတ်သော ကြောင့်လည်းကောင်း၊
- တစ်ပါးသောသတ္တဝါတို့ကို လွန်လွန်ကဲကဲ ကိလေသာအညစ်အကြေး တို့မှဆေးကြောသုတ်သင် စင်ကြယ်စေတတ်သောကြောင့်လည်းကောင်း၊

- ပရမမည်သော မြတ်သောနိဗ္ဗာန်သို့ အထူးသဖြင့် သွားရောက်တတ်သောကြောင့် လည်းကောင်း၊
- ပရမမည်သော တမလွန်လောကကို မျက်မှောက်လောကကဲ့သို့ပင် ဉာဏ်ဖြင့်ထိုးထွင်းသိမြင်တတ်သောကြောင့်လည်းကောင်း၊
- သူမတူအောင် လွန်လွန်ကဲကဲ သီလအစရှိသော ဂုဏ်ကျေးဇူး အပေါင်းကို မိမိ၏သန္တာန်၌ ထည့်သွင်းသည့်ပမာကျင့်ကြံ တတ်သောကြောင့် လည်းကောင်း၊
- 'တစိမ်းပြင်ပ ပရမည်သော ကိလေသာ ခိုးသားအပေါင်းကို နှိပ်စက်တတ် ဖယ်ရှားတတ်သောကြောင့် လည်းကောင်း၊

ဘုရားလောင်းတော်ကြီးများကို ပရမ-ဟုခေါ်ဆိုပါသည်။

ဒါန၊ သီလ အစရှိသော ဂုဏ်ကျေးဇူးအထူးတို့နှင့် မတူမတန်လောက်အောင် ပြည့်ဝသည်ကို အကြောင်းပြု၍-

"ဤသူကား ဘုရားအလောင်းတည်း။ ပရမမည်သော ပုဂ္ဂိုလ်မြတ်ကြီးတည်းဟု ကြားသိ၊ မြင်သိသူတို့၏ နှုတ်မှပြောဆိုသောအသံနှင့် အသိဉာဏ် ဤနှစ်မျိုးတို့ဖြစ်ကြောင်း ဖြစ်သောကြောင့် ပါရမီဟုခေါ်ဆိုပါသည်။

အလောင်းတော်ကြီးများ၏ အလုပ်ကိစ္စ၊ အလောင်းတော်ကြီးများ၏ ဥစ္စာဖြစ်သောကြောင့် ပေးကမ်းလှူဒါန်းမှု (ဒါန) အစရှိသည်တို့သည် ပါရမီမည်ကြပါသည်။

ထိုဒါန၊ သီလစသောအမှုတို့ကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မနှိပ်စက်၊ မပျက်စီးအပ်ဘဲ မဟာကရုဏာ၊ ဥပါယကောသလ္လဉာဏ်တို့ကို အခြေခံထား၍ ပြုလုပ်ခြင်းဖြစ်ပါသည်။

ဥပမာ- စွန့်ကြဲပေးကမ်းမှု ဒါနအရာ၌ . . .

- တဏှာ(လောဘ)ဖြင့် 'ငါ၏ဒါန'ဟူ၍ တပ်မက်စွဲလမ်းခြင်း
- မာနဖြင့် 'ဤဒါနကို ငါမှပြုလုပ်နိုင်သည်'ဟူ၍ အောက်မေ့မှတ်ထင်ခြင်း '

- ဒိဋ္ဌိဖြင့် ဒါနသည်ပင် ငါ၏အတ္တလိပ်ပြာအတွက် ဖြစ်သည်ဟု အမြင်မှားခြင်း၊

ဤသို့ဖြစ်ခဲ့သော် ထိုဒါနကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် နှိပ်စက်ဖျက်ဆီးတတ်သော ဒါနဟူ၍ ဆိုရပါမည်။

ထိုကဲ့သို့ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မနှိပ်စက် မဖျက်ဆီးအပ်သော ဒါနဖြစ်မှသာ ပါရမီ မည်နိုင်ပါသည်။

သီလ- စသည်တို့၌လည်း အလားတူရှိပါသည်။

## ပါရမီဖြစ်စေရန် အခြေခံအကြောင်းတရားများ

အလောင်းတော်မြတ်များ ပါရမီဖြစ်စေရန်အတွက် အခြေခံအကြောင်းတရား(၆)မျိုးရှိပါသည်။

၁။ သဗ္ဗညုတဉာဏ်သို့ ရှေးရှုသောစိတ်ကို ပို့ဆောင်ခြင်း (အဘိနီဟာရ)

၂။ မဟာကရုဏာတော်နှင့် ဉပါယကောသလ္လဉာဏ်

၃။ ဘုရားဖြစ်စေရန် တရားလေးပါး(ဗုဒ္ဓဘူမိ)

၄။ အလိုဆန္ဒ (အဇ္ဈာသယဓာတ်) (၁၆)ပါး

၅။ မလှူခြင်းစသည်၌ အပြစ်၊ လှူခြင်း စသည်၌ အကျိုးကို ဆင်ခြင်တတ်သောဉာဏ်(ပစ္စဝေက္ခဏဉာဏ်)

၆။ အခြံအရအကြောင်းတို့နှင့် တကွသော စရဏ(၁၅)ပါး အဘိညာဉ်(၅)ပါး

ဤအခြေခံအကြောင်းတရားများသည် အလောင်းတော်မြတ်များ၏ ဘုရားဖြစ်ရန် အဓိကကျသော ပါရမီလုပ်ဆောင်ချက် အခြေခံတရားများဖြစ်ကြပါသည်။

## ၁။ သဗ္ဗညုတဉာဏ်သို့ ရှေ့ရှုသောစိတ်(အဘိနိဟာရ)

ဘုရားလောင်းတို့သည် ဗျာဒိတ်ရကြောင်း အင်္ဂါ(၈)ပါးရှိသည်။

၁။ လူသားစင်စစ်ဖြစ်ရခြင်း

၂။ ယောကျ်ားဖြစ်ရခြင်း

၃။ ထိုဘဝ၌ပင် အရဟတ္တဖိုလ်သို့ရောက်စေနိုင်သော အကြောင်းကံရှိခြင်း

၄။ သက်တော်ထင်ရှား ဘုရားရှင်ကို ကိုယ်တိုင်ဖူးမြင်ရခြင်း

၅။ ရသေ့၊ ရဟန်းဖြစ်ခြင်း

၆။ ဈာန်၊ အသိညာဉ်ဂုဏ်နှင့် ပြည့်စုံခြင်း

၇။ ဘုရားရှင်အား လွန်ကဲသော ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း

၈။ အလိုဆန္ဒအင်အားကြီးမားခြင်း

အထက်ပါ ဗျာဒိတ်ရကြောင်း အင်္ဂါ(၈)ပါးနှင့် ပြည့်စုံသော ဘဝသို့ ရောက်သော အလောင်းတော်တို့၏ စိတ်သန္တာန်ဝယ် ထိုအင်္ဂါ(၈)ပါး ပြည့်စုံမှု၏ လှုံ့ဆော်တိုက်တွန်းချက်အရ မည်သူမျှ အကြံပေးနေရသည် မဟုတ်ဘဲ . . .

- ငါသည် ကိုယ်စွမ်းဖြင့် သံသရာပင်လယ်ကြီးကို ကူးမြောက်ပြီးလျှင် ဝေနေယျတို့ကိုလည်း ကယ်တင်ပေးအံ့
- ကိုယ်စွမ်းဖြင့် သံသရာနှောင်အိမ်ကြီးမှ လွတ်မြောက်အောင် အားထုတ်ပြီးလျှင် ဝေနေယျတို့ကိုလည်း လွတ်မြောက်စေအံ့
- ကိုယ်တိုင် ကိလေ္လသာတို့ကို ယဉ်ကျေးအောင် အားထုတ်ပြီးလျှင် ဝေနေယျတို့ကိုလည်း ယဉ်ကျေးအောင် ဆုံးမအံ့
- ကိုယ်တိုင်ကိလေသာ အပူငြိမ်းအောင် အားထုတ်ပြီးလျှင် ဝေနေယျတို့ကိုလည်း ကိလေသာအပူငြိမ်းစေအံ့
- ကိုယ်တိုင် နိဗ္ဗာန်တည်းဟူသော အသက်သာဆုံးတရားကိုရအောင် အားထုတ်ပြီးလျှင် ဝေနေယျတို့ကိုလည်း ထိုတရားကိုရစေအံ့
- ကိုယ်တိုင် ဝဋ်သုံးပါး မီးတောက်ကြီးများငြိမ်းအောင်အားထုတ်ပြီးလျှင် ဝေနေယျတို့ကိုလည်း ငြိမ်းစေအံ့

- ကိုယ်တိုင် ကိလေသာမြူစင်ကြယ်အောင် အားထုတ်ပြီးလျှင် ဝေနေယျတို့ကိုလည်း စင်ကြယ်စေအံ့
- ကိုယ်တိုင် သစ္စာလေးပါးကို သိအောင်အားထုတ်ပြီးလျှင် ဝေနေယျတို့ကိုလည်း သိစေအံ့
- အချုပ်အားဖြင့် ငါသည် ဘုရားဖြစ်အောင် အားထုတ်ပြီးလျှင် ဝေနေယျတို့ကို ကယ်တင်အံ့

ဟူသော သဗ္ဗညုတဘုရားဖြစ်လိုသော မဟာကုသိုလ်စိတ်၊ စေတသိတ်များ တရိပ်ရိပ်တဖွားဖွား ဖြစ်ပေါ်လာပါတော့သည်။

ထိုဘုရားဖြစ်ရန် ဆုပန်သော မဟာကုသိုလ်စိတ်စေတသိက်များကို အဘိနိဟာရကုသိုလ်ကြီး (သဗ္ဗညုတဉာဏ်သို့ ရှေ့ရှုသောဉာဏ်) ဟုခေါ်ပါသည်။

ထိုအဘိနိဟာရကုသိုလ်ကြီးသည်ပင် ပါရမီဆယ်ပါးလုံး၏ အခြေခံအကြောင်းရင်းကြီးများ ဖြစ်ကြပါသည်။

ထိုအဘိနိဟာရ ကုသိုလ်ထူးကြီးဖြစ်ပေါ်ခြင်းကြောင့်ပင် အလောင်းတော်ကြီးများမှာ-

- နိယတဗျာဒိတ်ကို ရရှိခြင်း
- ဗျာဒိတ်ရရှိပြီးနောက် ကိုယ်ပိုင်ဉာဏ်ဖြင့် ပါရမီတို့ကို ဆင်ခြင်ခြင်း
- ဆောက်တည်ခြင်း
- အထွတ်အထိပ်သို့ရောက်အောင် ဖြည့်ကျင့်ခြင်း

အစဉ်များ ဖြစ်ပေါ်လာရပါသည်။

ယင်းအဘိနိဟာရ ကုသိုလ်ထူးကြီးဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ပင် အလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရရှိရန်ပဋိပတ်နယ်ပယ်အတွင်းသို့ သက်ဆင်းလာပါတော့သည်။

ဤအဘိနိဟာရကုသိုလ်ရှင် အလောင်းတော်မြတ်များမှာ မြေကြီးလက်ခတ်မလွဲ ဘုရားအဖြစ်ကို ဧကန်ရမည်ဖြစ်သောကြောင့် ဤကုသိုလ်ထူးကြီးကို ရပြီး ရောက်ပြီးမှ နောက်ဆုတ်ခြင်းဆုတစ်မျိုးပြောင်းလွဲ ဆုတောင်းခြင်း မရှိတော့ပေ။

သို့အတွက် ယင်းပုဂ္ဂိုလ်ကို ဗောဓိသတ္တ(ဘုရားလောင်း)ဟူ၍ အမည်သတ်မှတ်ရှိတော်မူလေသည်။

ဤကုသိုလ်ထူးကြီးမရမဖြစ်သေးသမျှ ဗောဓိသတ္တ (ဘုရားလောင်း) ဟူ၍ မမည်နိုင်သေးပါ။

ထိုအချိန်မှစ၍ အလောင်းတော်မြတ်အား သဗ္ဗညုတဉာဏ်ကို ရယူလိုသောစိတ်ထားနှင့် ပါရမီ၊ စာဂ၊ စရိယတို့ကို အထွတ်အထိပ်ရောက် ဖြည့်စွမ်းနိုင်သော စွမ်းရည်သတ္တိများ တည်ရှိလာပါတော့သည်။

ထိုအဘိနိဟာရ ကုသိုလ်ထူးကြီးဖြစ်ပေါ်လာစေရန်မှာလည်း-

- အထောက်အပံ့အကြောင်း (ပစ္စယ) ၄-ပါး
- တိုက်ရိုက်ဖြစ်စေတတ်သောအကြောင်း(ဟေတု) ၄-ပါး
- အားအစွမ်း ၄-ပါး

တို့ရှိကြပါသည်။

## (က) အထောက်အပံ့အကြောင်း (၄) ပါး

ဘုရားဆုပန်လိုသော အမျိုးကောင်းသားသည် -

၁။ သက်တော်ထင်ရှားမြတ်စွာဘုရားကိုယ်တော်တိုင် တန်ခိုးပြာဋိဟာပြသည်ကို ကိုယ်တိုင်ဖူးမြင်တွေ့ရပြီးလျှင် -

"သဗ္ဗညုတဉာဏ်တော်သည် အာနုဘော်ကြီးစွတကား၊ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူခြင်းကြောင့် မြတ်စွာဘုရားသည် ဤသို့အံ့ဖွယ်ထူးကဲသော သဘောရှိပေသည်။ မကြံစည်နိုင်သော အာနုဘော်လည်း ရှိတော်မူလေသည်"

ဟုဆင်ခြင်ပြီးလျှင် ကိုယ်တွေ့မျက်မြင်ဖြစ်သော ဘုရားရှင်အာနုဘော်ကို အကြောင်းပြု၍ သဗ္ဗညုတဉာဏ်တော်၌ စိတ်ညွတ်မိလေသည်။

၂။ ကိုယ်တိုင်မမြင်ရသော်လည်း 'မြတ်စွာဘုရားသည် ဤသို့ ဤသို့သော အာနုဘော်နှင့် ပြည့်စုံတော်မူပေ၏' ဟု သူတစ်ပါးထံမှတစ်ဆင့် စကား

ကြားရသည်ကို အကြောင်းပြု၍လည်း သဗ္ဗညုတဉာဏ်တော်၌ စိတ်ညွတ်မိလေသည်။

၃။ ဘုရားရှင်၏ အာနုဘော်ကို ကိုယ်တိုင်လည်းမမြင်ရ၊ သူတစ်ပါးထံမှလည်း မကြားရစေကာမူ ဘုရားရှင်ဟောကြားအပ်သော ဘုရားအာနုဘော်နှင့် စပ်သောတရားကိုကြားရ နာရ၍လည်း သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်မိလေသည်။

၄။ ရှေးအကြောင်းသုံးပါး မရှိဘဲလည်း ဘုရားဆုပန်လိုသော အမျိုးကောင်းသားကိုယ်တိုင်က အလွန်မြင့်မြတ်သောနှလုံးသွင်းဓာတ်ခံရှိသည့်အတွက် 'ငါသည် ထိုမြတ်စွာဘုရားတို့၏ အနွယ်အဆက်ပဝေသဏီ အစဉ်အလာဓမ္မတာကို မကွယ်မပျောက်အောင် စောင့်ရှောက်ပေအံ့'ဟု အမှန်တရားကို ရိုသေကော်ရော် ပူဇော်လျက် ထိုဂရုဓမ္မစိတ်ကို အကြောင်းပြု၍ သဗ္ဗညုတဉာဏ်၌ စိတ်ညွတ်မိလေသည်။

ဤလေးပါးသည် အဘိနိဟာရကုသိုလ်ထူးပြီး (သဗ္ဗညုတဉာဏ်သို့ ရှေးရှုခြင်း)၏ အထောက်အပံ့အကြောင်းတရားများဖြစ်ကြပါသည်။

## (ခ)တိုက်ရိုက်ဖြစ်စေသောအကြောင်း (ဟေတု)

၁။ ဘုရားဆုပန်မည့် ယောက်ျားသည် ရှေးရှေးဘုရားရှင်တို့ထံ၌ အဓိကာရကုသိုလ်ထူးကို ပြုခဲ့ဖူးရမည်။

- ရှေးရှေးဘုရားရှင်တို့ထံ၌ စိတ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ဘုရားဖြစ်ရန် ဆုပန်ခဲ့ဖူးရမည်။ ထို့ကြောင့်ထိုယောက်ျားမြတ်၏ အလိုတော်(အဇ္ဈာသယ)သည် သဗ္ဗညုတဉာဏ်တော်ကို အမြဲတစေ ညွတ်ကိုင်းလျက်ရှိသည်။
- သတ္တဝါတို့၏အစီးအပွားကို ကျင့်ဖို့လည်း အမြဲပင်ညွတ်ကိုင်းလျက်ရှိပါသည်။ ယင်းသို့သော ကုသိုလ်ထူးများပြုခဲ့ဖူးသော တရားထင်ရှားရှိမှုကြောင့်ပင် ဘုရားလောင်းယောက်ျားမြတ်မှာ-

- ပစ္စေကဗောဓိလောင်း၊ သာဝကဗောဓိလောင်းတို့ထက် ထူးကဲလွန်သော ဣန္ဒြေနှင့် ပြည့်စုံသည်။
- ထိုပုဂ္ဂိုလ်တို့ထက် ထူးကဲစွာသူတစ်ပါးတို့၏ အကျိုးကိုကျင့်နိုင်သည်။ ထိုပုဂ္ဂိုလ်တို့ထက်ထူးကဲစွာ သူတစ်ပါးတို့၏ အကျိုးကိုကျင့်ခြင်း၌ လိမ္မာကျွမ်းကျင်သည်။ အကြောင်းဟုတ်သည် မဟုတ်သည်ကိုသိသော(ဌာနာ ဌာန-ကောသလ္လဉာဏ်)နှင့် ပြည့်စုံသည်။

၂။ ပင်ကိုယ်ပကတိအားဖြင့် ကရုဏာစာတ်ခံကြီးမားခြင်း၊ မိမိ၏ အသက်ကိုပင်စွန့်၍ သတ္တဝါတို့၏ ဒုက္ခဆင်းရဲကို ဖယ်ရှားပစ်လိုခြင်း၊

၃။ မိမိအလိုရှိအပ်သော ဘုရားအဖြစ်ပြီးစီးအောင်မြင်သည့်တိုင်အောင် အလွန်ကြာမြင့်စွာ အားထုတ်ရသော်လည်းဝဋ်ဆင်းရဲနှင့်တကွသတ္တဝါတို့၏ အစီးအပွားအလို့ငှာခဲယဉ်းသော အကျင့်တို့ကို ကျင့်ရခြင်းမှမငြီးငွေ့ခြင်း၊ မကြောက်ရွံ့ခြင်း၊ စိတ်မပျက်ခြင်း၊

၄။ အစီးအပွားမဲ့ကို တားမြစ်၍အစီးအပွား၌ ယှဉ်စေသည့်မိတ်ဆွေကောင်းကို ပေါင်းသင်းဆက်ဆံမိခြင်း၊

ဤ၌ဘုရားလောင်းတို့ ပေါင်းသင်းအမှီပြုအပ်သော ကလျာဏမိတ္တသမ္ပဒါဆိုသည်မှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဟူသော တရား(၈)ပါးကို ပေါင်းသင်းဆက်ဆံခြင်းကို ဆိုလိုပါသည်။

သဒ္ဓါမိတ်ဆွေ - ကိုယ်တိုင်က သဒ္ဓါတရားနှင့်ပြည့်စုံသဖြင့် ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်၊ ကံ ကံ၏အကျိုးကို ယုံကြည်သည်။ ထိုသို့ယုံကြည်သဖြင့် သဗ္ဗညုတဉာဏ်တော်၏ အကြောင်းရင်းဖြစ်သော သတ္တဝါတို့အပေါ်၌ အကျိုးလိုလားခြင်းသဘောကို မစွန့်လွှတ်ပေ။ (သဒ္ဓါတရား မရှိသူသည်ထိုအရာများကို မယုံကြည်ပါ။)

သီလမိတ်ဆွေ - သီလနှင့်ပြည့်စုံခြင်းကြောင့် သတ္တဝါတို့က ချစ်ခင်နှစ်သက်အပ်သူ၊ အလေးအမြတ်ပြုအပ်သူ ဖြစ်ရလေသည်။

သုတမိတ်ဆွေ - အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံခြင်းကြောင့် သတ္တဝါတို့၏ အစီးအပွားချမ်းသာကို ရွက်ဆောင်နိုင်သည်။နက်နဲသော တရားစကားကိုဟောကြားတတ်သည်။

စာဂမိတ်ဆွေ - ပေးကမ်းစွန့်ကြဲတတ်သော တရားနှင့်ပြည့်စုံခြင်းကြောင့် အလိုနည်းသူ၊ ရောင့်ရဲလွယ်သူ၊ ကိလေသာကာမဂုဏ်တို့မှ ကင်းဆိတ်သူ၊ ထိုထိုသူတို့၌ ကိလေသာကာမနှင့် မရောနှောသူဖြစ်ရသည်။

ဝိရိမိတ်ဆွေ - လုံ့လကြိုးကုတ် အားထုတ်မှုနှင့် ပြည့်စုံခြင်းကြောင့် သတ္တဝါတို့၏ အစီးအပွားဖြစ်ထွန်းရန် အကျင့်၌အမြဲအားထုတ်သူဖြစ်သည်။

သတိမိတ်ဆွေ - မမေ့မလျော့ခြင်းနှင့် ပြည့်စုံခြင်းကြောင့် ကုသိုလ်တရားတို့၌အမြဲပင် မမေ့မလျော့မပေါ့တန်သူဖြစ်ရသည်။

သမာဓိမိတ်ဆွေ - တည်ကြည်မပြန့်လွင့်သောစိတ်နှင့် ပြည့်စုံသောကြောင့် အလုပ်လုပ်ရာ၌ အောင်မြင်မှုများရရှိနိုင်သည်။

ပညာမိတ်ဆွေ - အသိအလိမ္မာဉာဏ်နှင့် ပြည့်စုံသောကြောင့် အမှန်ကို သိသူဖြစ်ရသည်။

ထိုကလျာဏမိတ်ဆွေသည် (သတိ)ဖြင့် ကုသိုလ်၊ အကုသိုလ်တရားတို့၌ အဖြစ်သနစ်အလားအလာကို စဉ်းစားဆင်ခြင်ပြီးလျှင် ပညာဖြင့်သတ္တဝါတို့၏ အစီးအပွားဟုတ်သည် မဟုတ်သည်ကို အမှန်အတိုင်းသိရှိတော်မူပြီးကာ သမာဓိ

ဖြင့် တည်တံ့ကြံ့ခိုင်သော စိတ်ရှိလျက် ဝီရိယဖြင့် သတ္တဝါတို့ကို စီးပွားမဲ့မှ ဖယ်ရှား၍ အစီးအပွား၌ ဖွဲသန်သန်ဖြင့်ယှဉ်စေကာ အားထုတ်စေပါသည်။

ဤဂုဏ်ကျေးဇူးနှင့် ပြည့်စုံသောကလျာဏမိတ်ဆွေကို ပေါင်းသင်းအမှီပြုရသဖြင့် ဘုရားဆုပန် အလောင်းတော်သည် မိမိ၏ဥပနိဿယသမ္ပတ္တိကို ဆထက် တန်ဖိုးတိုး၍ စင်ကြယ်စေပြီးလျှင် အလွန်သန့်ရှင်းသော ဉာဏ်ပညာ အာသယ ဓာတ်၊ အလွန်သန့်ရှင်းသော ကိုယ်နှုတ်အမှုတို့၌ အားထုတ်ခြင်း၊ ပယောဂလုံ့လနှင့် ပြည့်စုံလျက်ခွန်အားကြီး(၄)ပါးနှင့် ပြည့်စုံသူဖြစ်ပြီးလျှင် မကြာမီပင်ဗျာဒိတ် ရကြောင်းအင်္ဂါ(၈)ပါးတို့ကို တစ်ပေါင်းတည်းပြည့်စုံစေနိုင်၍ မဟာအဘိနီဟာရ ခေါ်သော ဘုရားဆုပန်မှုကုသိုလ်ကြီးကို ရရဲတောက်ပြုပြီးလျှင် ဘုရားလောင်းစင်စစ်အဖြစ် တည်ပါတော့သည်။

ထိုအချိန်မှစ၍ ဘုရားဆုမှလွဲပြောင်းကာဆုတစ်ပါးကို မတောင့်တတော့ပေ။ ဧကန်မချွတ် ဘုရားဖြစ်ရန်မြဲသည့် နိယတပုဂ္ဂိုလ်မြတ်ကြီးဖြစ်ရပါတော့သည်။

## အားကြီးလေးပါး

၁။ ကိုယ်တိုင်အလွန်မြင့်မြတ်သော အဇ္ဈာသယဓာတ်ခံရှိ၍ ဂရုဓမ္မစိတ်ဖြင့် မိမိကိုယ်စွမ်းကို အမှီပြုကာသဗ္ဗညုတဉာဏ်၌ အလွန်အမင်း စိတ်ညွတ်နေကာ မိမိကိုယ်ကို အလေးအမြတ်ပြုပြီး ပါရမီတို့ကို ဖြည့်ကျင့်တော်မူသည်။ (အဇ္ဈတ္တိကဗလ)

၂။ ဘုရားရှင်၏ အာနုဘော်ကို ကိုယ်တိုင်ဖူးမြင်ရခြင်း၊ တစ်ပါးသူထံက ကြားရခြင်း၊ ဘုရားရှင်ဟောကြားထားသည်ကို ကြားရခြင်းတို့ကို အားကျပြီး သဗ္ဗညုတဉာဏ်၌ အလွန်အမင်းစိတ်ညွတ်နေပြီး ငါသည် ဘုရားဖြစ်နိုင်သော စွမ်းရည်သတ္တိများအပြည့်အဝရှိသော ယောက်ျားကောင်းဖြစ်သည်ဟု တက်ကြွသောစိတ်ဖြင့် ပါရမီဖြည့်ကျင့်၍ သဗ္ဗညုတဉာဏ်ကိုရသည်။ (ဗာဟိရဗလ)

၃။ ရှေးရှေးဘုရားရှင်တို့၌ ပြုခဲ့ဖူးသော ကုသိုလ်ထူးများကို အကြောင်းပြု၍ သဗ္ဗညုတဉာဏ်၌ အလွန်အမင်း စိတ်ညွတ်နေသည်။ ယင်းပြုခဲ့ဖူးသော ကုသိုလ်ထူးဖြင့် သဗ္ဗညုတဉာဏ်ဖြင့်ဘုရားလောင်းသည် ထက်မြက်သော ဣန္ဒြေ၊ သန့်ရှင်းသော ဓာတ်သဘောရှိ၍ သတိကို အမှီပြုပြီးလျှင် အဘိနီဟာရကုသိုလ်ထူးနှင့် ပြည့်စုံကာ ပါရမီတို့ကို ဖြည့်ကျင့်၍ သဗ္ဗညုတဉာဏ်ကို ရသည်။ (ဥပနိဿယဗလ)

၄။ စင်ကြယ်သောကာယကံမှု ဝစီကံမှုနှင့် ပြည့်စုံလျက် အဓိကာရကုသိုလ်များကို အကြားအလပ်မရှိပြုတော်မူပြီးလျှင် အဘိနီဟာရ ကုသိုလ်ကောင်းမှုထူးနှင့် ပြည့်စုံကာပါရမီတို့ကို ဖြည့်ကျင့်ပြီး သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည်။ (ပယောဂဗလ)

ဤ ပစ္စယအကြောင်း လေးပါး၊ ဟေတုအကြောင်းလေးပါး၊ အားကြီးလေးပါး အကြောင်းတရားတို့ပြည့်စုံ၍ သုမေဓာပညာရှိတို့ကဲ့သို့သော ဘဝသို့ရောက် သောအခါ အလောင်းတော်မြတ်မှာ ဘုရားဖြစ်မည်ဟူသော နိယတဗျာဒိတ်ကို ခံယူနိုင်ပြီး အင်္ဂါရှစ်ပါး ပြည့်စုံလာရပါသည်။

ထိုအင်္ဂါရှစ်ပါး ပေါင်းစုံပြည့်စုံခြင်း၏ လှုံ့ဆော်တိုက်တွန်းချက်အရ -

"ငါသည် မဆုတ်မနစ် ဘုရားဖြစ်အောင် အားထုတ်ကြိုးစားပြီးလျှင် ဝေနေယျတို့ကို ကယ်တင်ပေအံ့"

ဟူ၍ ဘုရားဆုပန်မှု အဘိနီဟာရကုသိုလ်စိတ် စေတသိက်များ ဖြစ်ပွားလာရပါသည်။

ဤအဘိနီဟာရ ကုသိုလ်ကြီးသည် ပါရမီတို့၏ မူလအခြေခံအကြောင်းရင်းကြီးဖြစ်သည်။

အဘိနီဟာရ ကုသိုလ်ကြီးဖြစ်ပွားလာခြင်းကြောင့် အလောင်းတော်သူမြတ်ကြီးမှာ -

- သတ္တဝါတို့ကို ရင်ဝယ်ထားသကဲ့သို့ သိမ်းပိုက်ခြင်း
- စိတ်တော်အစဉ်မှာ အကုသိုလ်အစွမ်းဖြင့် မညစ်နွမ်းခြင်း (ကိလေသာ နှောင့်ယှက်၍ စိတ်ညစ်နွမ်းမှု မရှိခြင်း)

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။



- အလောင်းတော်၏ အလိုဆန္ဒပြုသမျှ ပြောသမျှ အဝဝသည် သတ္တဝါတို့၏ စီးပွားချမ်းသာကို ရွက်ဆောင်ကြောင်းမျှသာ ဖြစ်ခြင်း၊
- ကိုယ်တော်အတွက်ပါရမီ၊ စာဂရိယာတရားများဆုတ်နစ်သည် မရှိ အထပ်ထပ်သာ တိုးပွားရင့်သန်ခြင်း

ဟူသော အံ့ဩဖွယ်ရာကြီးများ ဖြစ်ပွားလာပါသည်။

ထိုသို့အံ့ဩဖွယ်ရာကြီးများဖြစ်ပွားလာခြင်းကြောင့် အလောင်းတော်သည် အလွန်ကြီးမြတ်သော ကောင်းမှုအစဉ် ကုသိုလ်နှင့်ပြည့်စုံရကာ သတ္တဝါတို့၏ မြတ်သောအလှူကို ခံယူထိုက်သော ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ပြီးလျှင် ကုသိုလ်မျိုးတို့ ကြဲချရာ လယ်ယာမြေကောင်းကြီး ဖြစ်ရပါတော့သည်။

## ၂။ မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ်

မဟာကရုဏာဟူသည် -

ဘုရားလောင်းဖြစ်လိုသော အမျိုးကောင်းသားသည် မျက်မှောက်မျက်ကွယ် ရင်းရင်းဖျားဖျား ရှိသမျှသော သတ္တဝါများအပေါ်၌ ရင်မှပေါက်ဖွားလာသော သားသမီးကဲ့သို့ ကြင်နာသနားခြင်းပြင်းထန်စွာဖြစ်ပွားရသည်။

- မိတ်ဆွေရန်သူဟူ၍ မခွဲခြားဘဲ ရှိရှိသမျှသော သတ္တဝါများကို ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပါယသမီးတို့ တညီးညီးတပြောင်ပြောင် တောက်လောင်ခံနေရသော သံသရာ ဒုက္ခိသတ္တဝါများအဖြစ် ဆင်ခြင်စဉ်းစား၍ သနားခြင်း ပြင်းပြစွာ ဖြစ်ရသည်။
- ကိုယ်အသက်ကို မငဲ့ကွက်ဘဲ သတ္တဝါတို့ကို သံသရာမှကယ်တင်လိုသော ကရုဏာတရားကြီးစွာထားနိုင်ရသည်။

ဤသို့ကရုဏာမျိုးများကို ပါရမီတို့၏ အခြေခံ'မဟာကရုဏာ'ဟုခေါ်ဆိုပါသည်။

အလောင်းတော် သုမေဓာရှင်ရသေ့မှာ ဒီပင်္ကရာ ဘုရားရှင်၏ သာသနာ၌ပင် အလိုတော်ရှိက ကျွတ်တမ်းဝင်နိုင်သောအကြောင်းနှင့် ပြည့်စုံပြီးဖြစ်သော်လည်း ဤမဟာကရုဏာ ကိန်းဝပ်သူဖြစ်သဖြင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ အောင် သံသရာ၌ အဆင်းရဲခံကာ သတ္တဝါတို့ကို ကယ်တင်ရန်အတွက် ကိုယ် လွတ်မရုန်းဘဲ ပါရမီဆယ်ပါးတို့ကို ဘဝမျိုးစုံ၌ ဖြည့်ကျင့်တော်မူလေသည်။

## (ဂ) ဥပါယကောသလ္လဉာဏ်ဟူသည်

ဘုရားလောင်းဖြစ်လိုသော အမျိုးကောင်းသားသည် မိမိပြုသမျှသော ဒါနမှု၊ သီလမှု စသည်တို့အတွက် သဗ္ဗညုတဉာဏ်တည်းဟူသော အကျိုး တစ်ခုကိုသာရဖို့ရန် ရည်သန်တောင့်တမှုပြုရသည်။

ဝဋ်ဆင်းရဲ၌ အကျိုးဝင်သော ချမ်းသာများကို မတောင့်တရပါ။ ထိုသို့ မိမိပြုအပ်သမျှသော ကောင်းမှုတို့အတွက် သဗ္ဗညုတဉာဏ်အကျိုးတစ်ခုကို ရဖို့ ရန်သာ ရည်သန်တောင့်တမှု၊ ဆုတောင်းပြည့်မှုပြုခြင်း၌လိမ္မာသိမြင်သော ဉာဏ်ကို ဥပါယကောသလ္လဉာဏ်ဟု ခေါ်၍ ထိုဉာဏ်တို့သည်လည်း ပါရမီ၏ အခြေခံအကြောင်းတရားများ ဖြစ်ကြပါသည်။ ထိုတရားများကြောင့် အလောင်းတော်များသည် ကိုယ်ကျိုးကို မငဲ့ကွက်ဘဲ အမြဲသူတစ်ပါးအကျိုးကို အားထုတ်တော်မူသည်။

လူသာမန်တို့ကျင့်နိုင်ပြုနိုင်ခဲသော အလောင်းတော်များ၏ အကျင့်များကို ကျင့်ရ၊ ပြုရသော်လည်း ပင်ပန်းသည်ဟူ၍ မရေတွက်ကြပါ။

ထိုတရားနှစ်ပါး ကိန်းတည်သောကြောင့်ပင် အလောင်းတော်ကြီးများကို ကြည်ညိုသဒ္ဓါပွားခြင်း၊ ဖူးမြော်ခြင်း၊ ဂုဏ်ကျေးဇူးကိုအောက်မေ့ခြင်း စသည်တို့ ကို ပြုသောအခါတို့၌လည်း သတ္တဝါတို့၏အဖို့ စီးပွားချမ်းသာကြောင်း ကောင်းမှု တရားများပြည့်စုံနိုင်ပါသည်။

အလောင်းတော်၏ သန္တာန်၌ ဖြစ်ပွားသော ထိုကရုဏာနှင့် ဥပါယကော သလ္လဉာဏ် နှစ်ပါးအနက် -

- ပညာကြောင့်ဘုရားဖြစ်တော်မူသည်၊
- ကရုဏာကြောင့် ဗုဒ္ဓကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်တော်မူသည်၊
- ပညာကြောင့် ကိုယ်တော်တိုင်က သံသရာပင်လယ်ကြီးကို ကူးမြောက်တော်မူနိုင်သည်
- ကရုဏာကြောင့် ဝေနေယျတို့ကို ကယ်တင်နိုင်တော်မူသည်
- ပညာဖြင့် သူတစ်ပါးတို့၏ ဒုက္ခကိုပိုင်းခြားသိမြင်တော်မူသည်
- ကရုဏာဖြင့် ထိုဒုက္ခကို ကုစားဖယ်ရှားနိုင်၍ အားထုတ်တော်မူသည်
- ပညာဖြင့် ဒုက္ခကို ငြီးငွေ့တော်မူသည်
- ကရုဏာဖြင့် ထိုငြီးငွေ့အပ်သည့်ဒုက္ခကိုပင် ဝေနေယျတို့ကို ကယ်တင်နိုင်ရန်အတွက် သုခကဲ့သို့ ခံယူတော်မူသည်
- ပညာဖြင့် နိဗ္ဗာန်သို့ ရှေ့ရှုတော်မူသည်။
- ကရုဏာဖြင့် သတ္တဝါတို့ကို ကယ်တင်ရန်အတွက် သံသရာဝဋ်ထဲသို့ တဝဲလည်လည်ရောက်တော်မူသည်။

ဤသို့စသည်ဖြင့် ကရုဏာပညာ၏ ကျေးဇူးတရားတို့သည်ကား များပြားလှပါသည်။

## ၃။ ဘုရားဖြစ်စေရန် အကြောင်းတရား(၄)ပါး (ဗုဒ္ဓဘူမိ)

ဘုရားဖြစ်စေရန် ဗုဒ္ဓဘူမိခေါ် အကြောင်းတရားလေးပါးသည် ပါရမီ၏ အကြောင်းရင်းများဖြစ်ကြပါသည်-

(က) ပါရမီ၊ စာဂ၊ စရိယတို့ကို မဆုတ်မနစ် အားထုပ်ကြိုးစားခြင်း (ဝီရိယဉဿဟ)

(ခ) သဗ္ဗညုတဉာဏ်ရရှိရန် ဥပါယကောသလ္လဉာဏ်ရှိခြင်း (ဥမ္မင်္ဂ)

(ဂ) ဘုရားဖြစ်ကြောင်းတရားတို့၌ မတုန်မလှုပ် ကြံ့ကြံ့တည်ခြင်း (အဝတ္ထာန)

(ဃ) မေတ္တာတရား ကရုဏာတရားပွားများမှုရှိခြင်း (ဟိတစရိယ)

ဤလေးပါးသည် ဘုရားဖြစ်ရန်အတွက် အခြေခံအကြောင်းရင်းတရားများ ဖြစ်၍ ဘုရားလောင်းများသည် ဤတရားလေးပါးကိုလည်း ကျင့်ကြံကြိုးကုတ်အားထုတ်ရလေသည်။

## (ဃ) အဇ္ဈာသယဓာတ်ကြီး (၁၆)ပါး

သတ္တဝါတို့၏သန္တာန်၌ လွှမ်းမိုးအုပ်စိုး၍ တည်နေသော ဓာတ်ခံမျိုးကို အဇ္ဈာသယဓာတ်ဟုခေါ်ပါသည်။

အလောင်းတော်မြတ်များသည် ထိုအတွင်းသန္တာန်၌ လွှမ်းမိုးအုပ်စိုးနေသော ဓာတ်ကြီး(၁၆)ပါး၏ အပြစ်ကိုမြင်တော်မူသည် -

၁။ နေက္ခမ္မဇ္ဈာသယ ဓာတ်ခံအားကြီးသောကြောင့် ကာမ ရာဂ တရားယရာဝါသတရားတို့၌ အပြစ်မြင်သည်။

၂။ ပဝိဝေကဇ္ဈာသယ ဓာတ်ခံအားကြီးသောကြောင့် အပေါင်းအဖော်တို့နှင့် မွေ့လျော်ပျော်ပိုက်နေမှု၌ အပြစ်မြင်သည်။

၃။ အလောဘဇ္ဈာသယ ဓာတ်ခံအားကြီးသောကြောင့် လောဘ၏အပြစ်ကို မြင်သည်။

၄။ အဒေါသဇ္ဈာသယ ဓာတ်ခံအားကြီးသောကြောင့် ဒေါသအပြစ်ကို မြင်သည်။

၅။ အမောဟဇ္ဈာသယ ဓာတ်ခံအားကြီးသောကြောင့် မောဟအပြစ်ကို မြင်သည်။

၆။ နိဿရဏဇ္ဈာသယ ဓာတ်ခံအားကြီးသောကြောင့် ခပ်သိမ်းသောဘဝတို့၌ အပြစ်မြင်သည်။

လောဘ စသည်တို့၌ အပြစ်မြင်ခြင်း၊ အလောဘ စသည်တို့လွန်ကဲခြင်း မရှိဘဲ ဒါနစသော ပါရမီတို့ မဖြစ်နိုင်ပါ။

ထို့ကြောင့် ဤအဇ္ဈာသယ(၆)မျိုးသည်လည်း ပါရမီတို့၏ အကြောင်းရင်းဖြစ်ကြပါသည်။

ထို့အတူ ဒါနဗျာသယ စသောအဇ္ဈာသယဓာတ်ကြီး (၁၀)ပါးတို့ကလည်း ပါရမီတို့၏ အကြောင်းရင်းဖြစ်ကြပါသည်။

အလောင်းတော်များသည် -

၁။ ဒါနဇ္ဈာသယ -လွန်ကဲတော်မူသောကြောင့် ဒါန၏ဆန့်ကျင်ဘက်ဖြစ်သော မစ္ဆေရ (ဝန်တိုခြင်း) အပြစ်ကိုမြင်၍ ဒါနပါရမီကို အပြည့်အစုံ ဖြည့်ကျင့်တော်မူသည်။

၂။ သီလဇ္ဈာသယ -လွန်ကဲတော်မူသောကြောင့် သီလ၏ဆန့်ကျင်ဘက်ဖြစ်သေ ဒုစရိုက်အမှုတို့၌ အပြစ်ကိုမြင်တော်မူပြီး သီလပါရမီတို့ကို အပြည့်အစုံ ဖြည့်ကျင့်တော်မူသည်။

၃။ နေက္ခမ္မဇ္ဈာသယ-ဓာတ်လွန်ကဲတော်မူသောကြောင့် ဆန့်ကျင်ဘက်ဖြစ်သော ကာမတရား ဃရာဝါသတရားတို့၏ အပြစ်ကိုမြင်တော်မူ၍ နိက္ခမ(တောထွက်ခြင်း) တရားတို့ကို အပြည့်အစုံဖြည့်ကျင့်တော်မူသည်။

၄။ ဉာဏဇ္ဈာသယ -လွန်ကဲတော်မူသောကြောင့် ဆန့်ကျင်ဘက်ဖြစ်သော မောဟနှင့်ဝိစိကိစ္ဆာတို့၏ အပြစ်ကိုမြင်တော်မူ၍ ခန္တီပါရမီတို့ကို ဖြည့်ကျင့်တော်မူသည်။

၅။ သစ္စာအဇ္ဈာသယ -လွန်ကဲတော်မူသောကြောင့် ဆန့်ကျင်ဘက်ဖြစ်သော လိမ်ညာပြောဆိုမှု(မုသာဝါဒ)၏ အပြစ်ကိုမြင်တော်မူ၍ သစ္စာပါရမီတို့ကို ဖြည့်ကျင့်တော်မူသည်။

၆။ အဓိဋ္ဌာနဇ္ဈာသယ-လွန်ကဲတော်မူသောကြောင့် ဆန့်ကျင်ဘက်ဖြစ်သော အနဓိဋ္ဌာန (ကုသိုလ်မှုတို့၌ ကြံ့ကြံ့မတည်ခြင်း)၏ အပြစ်ကိုမြင်တော်မူ၍ အဓိဋ္ဌာန်ပါရမီတို့ကိုဖြည့်ကျင့်တော်မူသည်။

၉။ မေတ္တာအဇ္ဈာသယ- လွန်ကဲတော်မူသောကြောင့် ဆန့်ကျင်ဘက်ဖြစ်သော ဗျာပါဒ၏အဖြစ်ကို မြင်တော်မူ၍ မေတ္တာပါရမီတို့ကို ဖြည့်ကျင့်တော်မူသည်။

၁၀။ ဥပေက္ခာအဇ္ဈာသယ-လွန်ကဲတော်မူသောကြောင့် ဆန့်ကျင်ဘက်ဖြစ်သောဣဋ္ဌ-အနိဋ္ဌ(အလိုရှိအပ်၊ အလိုမရှိအပ်သော) လောကဓံတရားတို့၌ အပြစ်မြင်တော်မူပြီးလျှင် ဥပေက္ခာပါရမီကို အပြည့်အစုံ ဖြည့်ကျင့်တော်မူသည်။

ဤဆယ်ပါးသော အဇ္ဈာသယ (အလိုဆန္ဒ)များသည်လည်း ပါရမီတို့၏ အကြောင်းရင်းများဖြစ်ကြပါသည်။

## (င) မလှူခြင်းစသည်၌အပြစ်၊ လှူခြင်းစသည်၌ အကျိုးကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်များ

### ၁။ ဒါနပါရမီဆင်ခြင်ရပုံ

လယ်ယာရွှေငွေ စည်းစိမ်ဥစ္စာ သားမယားအစရှိသော ကိုယ်ပိုင်ဝတ္ထုတို့၌ ငြိကပ်တက်မက် မစွန့်ရက်သောစိတ်ရှိသော သတ္တဝါတို့အဖို့ လယ်ယာရွှေငွေအစရှိသော ထိုပစ္စည်းတို့မှာ ဝတ္ထုကာမဖြစ်သဖြင့် အများတကာက အာသာစွဲကပ်တောင့်တအပ်သော ပစ္စည်းဖြစ်ခြင်း အများတကာက အာသာစွဲကပ် တောင့်တအပ်သော ပစ္စည်းဖြစ်ခြင်း-

- ရန်သူမျိုးငါးပါးတို့နှင့် ဆက်ဆံနေခြင်း
- ခိုက်ရန်ငြင်းခုံမှု၏ အကြောင်းဖြစ်ခြင်း
- အနှစ်သာရမရှိခြင်း

- ထိုပစ္စည်းများရရှိရေး၊ စောင့်ထိန်းရေးအတွက် သူတစ်ဖက်သားကို ညှင်းဆဲမှုဖြစ်မည်။ အကျိုးရမည်ဆိုလျှင် မျက်နှာမထောက် ညှင်းဆဲရခြင်း
- ထိုဝတ္ထုပစ္စည်းများ ပျက်စီးသောအခါ၌လည်း ဆင်းရဲသောကရောက်ရခြင်း
- ထိုပစ္စည်းဥစ္စာတို့၌ တပ်မက်ခြင်းကို အကြောင်းပြုကာ ဝန်တိုစိတ်ရှိသူအား အပါယ်ဘုံသို့ ကပ်ရောက်ရခြင်း

ဤသို့အစရှိသည်ဖြင့် ထိုဥစ္စာပစ္စည်းတို့သည် အထူးထူးအပြားပြားများစွာသော အကျိုးမဲ့ကို ရွက်ဆောင်တတ်ကုန်စွတကား။

ထိုဝတ္ထုပစ္စည်းများကို စွန့်ကြဲလှူဒါန်းပေးကမ်းခြင်း ဒါနမှုတစ်ခုသာလျှင် ချမ်းသာကြောင်း ဖြစ်စွတကား။

ဟုဆင်ခြင်ပြီးလျှင် ဒါနအမှု၌ မမေ့မလျော့ခြင်းတရားကို ဘုရားအလောင်းဖြစ်လိုသူသည် လက်ခံထားရှိရပါသည်။

အလှူခံပုဂ္ဂိုလ်က တောင်းခံလာသည်ရှိသော် -

"ဤသူကား ကိုယ်ရေးအတွက် လှူဝှက်ရမည့် ရှက်စဖွယ်အကြောင်းကိုပင် ပွင့်လင်းစွာ ပြောကြားလာ၍ ငါ၏အပေါ်၌ အလွန်အကျွမ်းဝင်သူ ဖြစ်ပေ၏" ဟူ၍လည်းကောင်း၊

"စွန့်ပစ်သွားရမည့် ငါ့ပစ္စည်းများကို တမလွန်လောကသို့ ပါအောင် ဤနည်းဖြင့် ယူဆောင်၍သွားလေဟု နည်းကောင်းကိုညွှန်ပြပေးသောသူ" ဟူ၍လည်းကောင်း၊

"မီးလောင်နေသောအိမ်မှာ ကဲ့သို့သေခြင်းတရားမီးက တညီးညီးတပြောင်ပြောင် လောကကြီးကို တောက်လောင်နေရာဝယ် ထိုမီးလောင်နေသော ဘုံလောကထဲမှ ငါ၏ဥစ္စာပစ္စည်းများကို မီးဘေးလွတ်အောင် ထုတ်ဆောင်ပေးသော မိတ်ဆွေကောင်းကြီး ဖြစ်ပေသည်" ဟူ၍လည်းကောင်း၊

"ထုတ်ဆောင်အပ်ပြီးသော ထိုဥစ္စာတို့ကို မီးမကျွမ်းအောင် သိမ်းဆည်းသိုမှီး ရာနေရာကောင်းကြီး ဖြစ်လေသည်" ဟူ၍လည်းကောင်း၊

"အလှူဒါနကောင်းမှု၌ အတူတကွဖြစ်ပေါ် အဆွေတော်ကြီးဖြစ်သောကြောင့် လည်းကောင်း၊ အလွန်တရာရခဲလှ ထူးမြတ်သောဘုရားဖြစ်ရန် ကုသိုလ်ထူးကြီးများ ပြည့်စုံကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ အလွန်မြတ်သော ကလျာဏ မိတ်ဆွေကောင်းကြီးဖြစ်ပေသည်" ဟူ၍လည်းကောင်း၊

"ဤသူသည် ငါတို့အလွန်မြတ်သောကောင်းမှု၌ ချီးမွမ်းအပ်ပေ၏။ ထို့ကြောင့် ထိုချီးမွမ်းချက်ကို မချွတ်ဧကန် အမှတ်ပင်ပြုသင့်လှပေ၏" ဟူ၍ လည်းကောင်း၊

"ငါ၏အသက်ကား ဧကန်ပင်ပျက်စီးလိမ့်မည်။ ထို့ကြောင့် မတောင်းအပ် ဘဲသော်လည်း ငါသည်ပေးလှူသင့်လှ၏။ တောင်းအပ်လာသည်ရှိသော အဘယ်ဆိုဖွယ်ရှိပါအံ့နည်း။ ဧကန်ပင် ပေးလှူသင့်သည်သာတည်း" ဟူ၍ လည်းကောင်း၊

"အလှူပေးမှု၌ လွန်ကဲကြသော ဘုရားလောင်းများသည် အလှူခံပုဂ္ဂိုလ် ကိုမရအရရှာ၍သော်မှ ပေးလှူရသေး၏။ ယခု ငါကုသိုလ်ကံကြောင့် အလှူခံ ပုဂ္ဂိုလ် အလိုလိုရောက်လာရသည်" ဟူ၍လည်းကောင်း၊

"လှူဒါန်းခြင်းသည် သဘာဝအစစ်အမှန်အားဖြင့် အလှူခံပုဂ္ဂိုလ်အား ပေး ကမ်းခြင်းကို အရင်းမူသဖြင့် ငါအားချီးမြှောက်ခြင်းသာ ဖြစ်ပေသည်" ဟူ၍ လည်းကောင်း၊

"ငါကိုငါ ချီးမြှောက်အပ်သကဲ့သို့ ဤသတ္တါအပေါင်းကိုလည်း ငါသည် ချီးမြှောက်သင့်လှပေသည်" ဟူ၍လည်းကောင်း၊

"အလှူခံပုဂ္ဂိုလ် မရှိလျှင် အဘယ်နည်းဖြင့် ငါ၏ဒါနပါရမီပြည့် အံ့နည်း" ဟူ၍လည်းကောင်း၊

"အလှူခံပုဂ္ဂိုလ်တို့အတွက်ပင် ငါသည်အလုံးစုံသော ပစ္စည်းများကို သိမ်း ဆည်းထားအပ်ပေသည်" ဟူ၍လည်းကောင်း၊

"ငါ့ကို မတောင်းကြဘဲ အလှူခံပုဂ္ဂိုလ်တို့သည် ငါ့ဥစ္စာကိုဘယ်သော အခါ၌ အလိုကိုကိုယ်တိုင်ပိုင်နိုင်စွာ ယူကြပါကုန်မည်နည်း" ဟူ၍လည်းကောင်း၊

"ဘယ်လိုနည်းဖြင့် ငါသည်အလှူခံပုဂ္ဂိုလ်တို့ ချစ်အပ်သောသူ၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း ငါ၏ချစ်အပ်သောသူဖြစ်ကြပါမည်နည်း" ဟူ၍လည်း ကောင်း၊

"အဘယ်နည်းဖြင့် ငါသည်ပေးလှူစဉ်ကာလနှင့် ပေးလှူပြီးနောက်ကာလ တို့၌ အာရုဝမ်းသာဖြစ်ရပါမည်နည်း" ဟူ၍လည်းကောင်း၊

"အဘယ်နည်းဖြင့်အလှူခံပုဂ္ဂိုလ်တို့နှင့် ဒါနဓမ္မာသယတရားတို့ ငါ့ထံ ငါ သန္တာန်သို့ ရောက်ရှိပြီးဖြစ်သွားကြပါမည်နည်း" ဟူ၍လည်းကောင်း၊

"အဘယ်နည်းဖြင့်ငါသည် အလှူခံပုဂ္ဂိုလ်တို့က မတောင်းအပ်၍ ထိုသူတို့၏ စိတ်နှလုံးအလိုကိုသိ၍ ပေးလှူနိုင်ပါမည်နည်း" ဟူ၍လည်းကောင်း၊

"ပေးလှူရန်ဥစ္စာနှင့် အလှူခံပုဂ္ဂိုလ်များထင်ရှားရှိနေပါလျက် မလှူဒါန်းခြင်း သည် ငါ၏အဖို့ရာ ကြီးစွာသောလှည့်ပတ်ခြင်းပင်ဖြစ်တော့သည်တကား" ဟူ၍ လည်းကောင်း၊

စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၌ အမြဲညွှတ်ကိုင်းသောစိတ်ရှိမှုကို ပြုရသည်။

ပိုးနှံကောင်ကို စွန့်ပစ်လိုက်သောအခါ ထိုပိုးနှံကောင်သည် မငဲ့ကွက်စွန့် ပစ်သောသူကိုသာ တစ်ဖန်ပြန်၍ကိုက်သကဲ့သို့ အကျိုးတရားဟူသည်မှာလည်း အကျိုးကိုမမျှော်လင့်ဘဲ ရက်ရောစွာစွန့်လွှတ်သူအလှူရှင်ကိုသာ တစ်ဖန်ပြန်၍ ကိုက်လေ့ရှိသည်ဟု ဆင်ခြင်ပြီးလျှင် အကျိုးတရား၌ မလိုလားမမျှော်ကိုးရန် စိတ်ကို ဖြစ်စေရပါသည်။

အကျိုးတရားဆိုသည်မှာ ထိုပေးလှူမှုကြောင့် ရရှိမည်ဖြစ်သော လူချမ်းသာ နတ်ချမ်းသာစသည်ကို ဆိုလိုပါသည်။ ဘုရားအဖြစ်ကို မဆိုလိုပါ။

## လှူဒါန်းရာ၌ စိတ်ထားပုံ

ပေးလှူသောအခါမှာလည်း-

- အလှူခံပုဂ္ဂိုလ်သည် မိမိချစ်သော ပုဂ္ဂိုလ်ဖြစ်ခဲ့သော် ငါချစ်သောသူက ငါကိုတောင်းပေသည်ဟူ၍ ဝမ်းမြောက်မှုကိုဖြစ်စေရာ၏။
- အလှူခံပုဂ္ဂိုလ်က မချစ်မမုန်း အလယ်အလတ်ဖြစ်ခဲ့သော် ငါ့ကိုတောင်းခံလာသောသူသည် ဤယခုပေးလှူခြင်းဖြင့် ကေန်မချွတ်ငါ၏ မိတ်ဆွေဖြစ်ပေတော့မည်ဟူ၍ ဆင်ခြင်၍ ဝမ်းမြောက်မှုကို ဖြစ်စေရ၏။
- အလှူခံပုဂ္ဂိုလ်သည် ရန်သူဖြစ်ခဲ့သော် ရန်သူသည်ငါကို တောင်းပ၏။ ငါ့ကိုတောင်းခံလာသော ဤရန်သူသည် ဤယခုပေးလှူခြင်းဖြင့် ကေန်မချွတ်ငါ၏ ချစ်လှစွာသောမိတ်ဆွေဖြစ်ပေတော့မည်ဟု ဆင်ခြင်၍ အထူးသဖြင့်ဝမ်းမြောက်မှုကို ဖြစ်စေရာ၏။

ဤပုဂ္ဂိုလ်သုံးမျိုးတို့၌ လှူရာတွင်လည်း မေတ္တာရှေ့သွားရှိသော ကရုဏာလိုဖြစ်စေ၍သာ လှူဒါန်းရပါသည်။

## လှူလိုဆန္ဒစေးကပ်သော်

ဘုရားလောင်းဖြစ်လိုသော သူ၏သန္တာန်၌ လောဘတရားသည်ကာလရှည်စွာကပင် ထုံခဲ့လေ့လာခဲ့သဖြင့် လှူဖွယ်ဝတ္ထုကို မလှူရက်ဖြစ်နေလျှင်-

"ဘုရားလောင်းသူတော်ကောင်း၊ သင်သည် သဗ္ဗညုတဉာဏ်ကိုရဖို့ရန် ဘုရားဆုပန်စဉ်က သတ္တဝါတို့အား ကျေးဇူးဥပကာရပြုဖို့ရန် ဤကိုယ်ကြီးကိုလည်းကောင်း၊ ကိုယ်ကိုစွန့်ရမည့် ကုသိုလ်ကောင်းမှု၊ ထိုကောင်းမှု၏ အကျိုးများကိုလည်းကောင်း စွန့်အပ်ပြီးမဟုတ်ပါလော။

ထိုသို့ဖြစ်ပါလျက် သင်၏ယခုကိုယ်မှပြင်ပဗာဟိရဝတ္ထုများ၌ ငြိကပ်တွယ်တာမှုဖြစ်နေခြင်းသည် 'ဆင်ရေချိုးခြင်း' * နှင့်တူလှဘိတရား။ ထို့ကြောင့် အသင်သည် တစ်စုံတစ်ခုသောဝတ္ထုမှာ ငြိကပ်တွယ်တာမှုကို မဖြစ်နေသင့်ပေ။ လောက

ဥပမာအားဖြင့် ဆေးသစ်ပင်ကြီးတစ်ပင် ထင်ရှားတည်ရှိနေရာယ် အမြစ်ကို အလိုရှိသူများက အမြစ်ကိုယူဆောင်၍ သွားကြကုန်၏။

အပွေး၊ အခေါက်၊ ပင်စည်၊ အခွံ၊ အနှစ်၊ အကိုင်းအခက်၊ အရွက်၊ အပွင့်၊ အသီးစသည်တို့ကို အလိုရှိသူတို့က မိမိတို့အလိုရှိရာကို ယူဆောင်သွားကြသည်။

ထိုသို့ယူဆောင်သွားကြသော်လည်း ဆေးသစ်ပင်ကြီးမှာ ဤသူများငါ့ဥစ္စာတွေကို ယူဆောင်သွားကြ၏ဟု အကြံထွေပြားခြင်း လုံးဝအလျဉ်းမရှိသကဲ့သို့ပင် အလုံးစုံသော သတ္တလောက၏ အစီးအပွားဖြစ်ရန် ကြောင့်ကြကြီးကုတ်အားထုတ်သော ငါသည်လည်း ဆင်းရဲလှ၏။ ကျေးဇူးရှင်မသိတတ်သည့်ပြင် အမြဲမစင်ကြယ်သော ဤခန္ဓာကိုယ်ကြီးတစ်ခုလုံးကို သူတစ်ပါးတို့ ကျေးဇူးရရှိရေးအတွက် မည်သို့ပင်အသုံးပြုစေကာမူ အနုမြူမျှပင် ဖောက်ပြန်ယွင်းမှားအကြံမှားကို လားလားမျှမပြုသင့်ပေ။

ကိုယ်တွင်းကိုယ်ပရှိသမျှသော မဟာဘုတ်ကြီးလေးပါးလုံးကိုပင် ဖရိုဖရဲပြိုကွဲပျက်စီးခြင်းသဘောရှိကြသဖြင့် အတွင်းသောအပသောဟူ၍ အထူးမရှိပေ။

ထိုသို့မရှိပါဘဲလျက် ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာဟူ၍ နှလုံးသွင်းနေခြင်းကားသက်သက်မဲ့သော မောဟ၏တင့်တယ်စမွဲယ်ခြင်းသာ ဖြစ်သည်။

ထို့ကြောင့်ကိုယ်ပ ပစ္စည်းကဲ့သို့ပင် ကိုယ်တွင်းဖြစ်သော မျက်စိစသော အသွေး အသားစသည်တို့၌လည်း ငဲ့ကွက်တွယ်တာခြင်း အလျင်းမရှိဘဲ ထိုထိုအင်္ဂါကိုအလိုရှိသောသူတို့သည် အလိုရှိရာအင်္ဂါကြီးငယ်ကိုပင် ဆောင်၍ သွားကြစေ။ ကုံသိုလ်ခန္ဓာတစ်ခုလုံးကိုပင် စွန့်လွှတ်ပြီးသောစိတ်ရှိသူဖြစ်ရာ၏ဟူ၍ ဆင်ခြင်ရမည်။

---

* ဆင်ရေချိုးခြင်း။ အခြားသတ္တဝါတို့ရေချိုးခြင်းမှာ ကိုယ်အညစ်အကြေးများ ကိုဆေးကြောရန် ရေချိုးခြင်းဖြစ်သည်။ ဆင်ရေချိုးခြင်းသည်ကား အညစ်အ ကြေးကို ဆေးကြောရန်မဟုတ်။ ရေ၌ရှိသော ကြာစွယ်၊ကြာရင်းတို့ကို ချိုးဖဲ့ ဖျက်ဆီးလို၍ ရေချိုးခြင်းဖြစ်သောကြောင့် ဆင်ရေချိုးခြင်းသည် အကျိုးမရသော ရေချိုးခြင်းဖြစ်သကဲ့သို့ ဗာဟိရဝတ္ထု၌ တပ်မက်နေခြင်းသည် ဘုရားအဖြစ်တည်းဟူသော အကျိုးကိုမရနိုင်၍ ဆင်၏ရေချိုးခြင်းနှင့်တူသည်ဟုဆိုလိုပါသည်။

ဤသို့ဆင်ခြင်သည်ရှိသော် သဗ္ဗညုတဉာဏ်အလိုငှာစွန့်လွှတ်အပ်သော စိတ်ရှိ ၍ ကိုယ်အသက်တို့၌ ငဲ့ကွက်ခြင်းမရှိသော ထိုအလောင်းတော်၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့် ပြည့်စုံသောအလောင်းတော်သူမြတ်သည် အသက်မွေးမှုလည်း အလွန်စင်ကြယ်ကာ နိဗ္ဗာန်ရကြောင်းကောင်းသော အကျင့်၌ တည်ပြီးလျှင် ပျက်စီးကြောင်းတိုးပွားကြောင်းတို့ကို ကောင်းစွာသိမြင်အပ်သော ဉာဏ်နှင့်ပြည့်စုံခြင်းကြောင့် ရှေးကထက်တိုး၍ တိုး၍သာလျှင် ဝတ္ထုဒါန၊ အဘယဒါန၊ ဓမ္မဒါနတို့ဖြင့် သတ္တဝါခပ်သိမ်းကို ချီးမြှောက်နိုင်သော ပုဂ္ဂိုလ်သူမြတ်ကြီး စစ်စစ်ဖြစ်ရပါတော့သည်။

## ၂။ သီလပါရမီဆင်ခြင်ရပုံ

- ဤသီလမည်သည် ဂင်္ဂါရေစသည်တို့ဖြင့် ဆေးကြော၍မရနိုင်သော ကိလေသာအပြစ် အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်နိုင်သည့် ဓမ္မရေစင် ဖြစ်လေ၏။
- စန္ဒကူးရွှေစသည်တို့ဖြင့် ပယ်ဖျောက်၍ မရနိုင်သောရာဂအစရှိသော ပူလောင်ခြင်းကိုပယ်ဖျောက်ကြောင်း ဆေးကောင်းကြီးဖြစ်ပေ၏။
- ပုလဲသွယ် မကိုဋ်နားဋောင်းအစရှိသော ပကတိလူများ၏ အဆင်တန်ဆာများနှင့် လားလားမျှမဆက်ဆံသည့်ပညာရှိတို့၏ အဆင်တန်ဆာလည်း ဖြစ်ပေ၏။
- အရပ်ခပ်သိမ်းကြိုင်လှိုင်သောကြောင့် ပင်ကိုယ်ကပင် သန့်စင်ပြုပြင်ရခြင်းမရှိသောအခါခပ်သိမ်းလိမ်းသပ်ဖို့ရန် လျော်ကန်သင့်မြတ်သော နံ့သာမျိုးလည်း ဖြစ်၏။
- မင်း၊ ပုဏ္ဏား၊ သူကြွယ်ဟူသော အမျိုးမြတ်သော လူတို့နှင့်တကွ နတ်၊ ပြဟ္မာတို့ကပါ သဒ္ဒါကော်ရော် ပူဇော်ခံရခြင်း စသည်အကျိုးကို ဆောင်ရွက်တတ်သောကြောင့် မြတ်သောဝဇီကရဏ မန္တာန်ကြီးလည်း ဖြစ်၏။

- နတ်ပြည်၊ ဗြဟ္မာပြည်တို့တက်ရောက်ကြောင်း စောင်းတန်းလှေကား ကြီးလည်းဖြစ်၏။
- ဈာန်၊ အဘိညာဉ်တို့ကိုရကြောင်းလည်းဖြစ်ပေ၏။
- နိဗ္ဗာန်သို့ရောက်စေတတ်သော လမ်းကောင်းကြီးလည်းဖြစ်ပေ၏။
- ဗောဓိဉာဏ်သုံးပါး၏ တည်ရာမူလအခြေခံတရားကြီးလည်း ဖြစ်ပေ၏။
- အလိုရှိအပ်၊ တောင့်တအပ်သမျှပြည့်စုံနိုင်ကြောင်း ဖြစ်သောကြောင့် စိန္တာမဏိကျောက်မျက်ရတနာ ပဒေသာပင်တို့ကိုလည်း သာလွန်၍ တင့်တယ်ပေ၏။ ·

ဤသို့အစရှိသည်ဖြင့် သီလ၏ကျေးဇူးဂုဏ်တို့ကို ဆင်ခြင်အပ်ကုန်၏။ သီလရှိသောသူအား သီလနှင့်ပြည့်စုံခြင်းဟူသော အကြောင်းကြောင့်- "ငါသည်အပြစ်မရှိ အပါယ်ဘေးကို စောင့်ရှောက်တတ်သော ကောင်းမြတ် လှသည့်တရားကို ပြုအပ်ပြီးတကား" ဟုများစွာဝမ်းမြောက်ခြင်းဖြစ်ရသည်။

- သီလရှိသူအား မိမိကိုယ်ကိုမိမိစွပ်စွဲခြင်းဟူသော အတ္တာနုဝါဒဘေး၊ ပညာရှိတို့ အကဲ့ရဲ့ခံရခြင်းဟူသော ပရာနုဝါဒဘေးကင်းဝေးနိုင်သည်။
- ဒဏ်အထားခံရခြင်းဟူသော ဒဏ္ဍဘေး၊ အပါယ်ဘေးတို့မှ ဖြစ်ခွင့်မရှိ တော့ပေ။
- ဤသူကားသီလရှိသူ၊ ကောင်းသောအကျင့်ရှိသူဟု ပညာရှိတို့အချီးမွမ်း ခံရ၏။
- ဒုဿီလပုဂ္ဂိုလ်မှာကဲ့သို့ နှလုံးမသာယာခြင်း အလျဉ်းပင်မရှိနိုင်ချေ။
- ဤသီလသည်မမေ့မလျော့ခြင်းတရား၏ အကြောင်းရင်းဖြစ်သောကြောင့် လည်းကောင်း၊ စီးပွားပျက်ခြင်းစသည်ကိုဖယ်ရှားခြင်း၌ အဦးမူသဖြင့် များစွာသော အကျိုးကိုပြီးစေတတ်သောကြောင့်လည်းကောင်း၊ အကု သိုလ်ကိုသတ်ဖြတ်တတ်သောကြောင့် လည်းကောင်း အမြတ်ဆုံးသော စီးပွားချမ်းသာအကြောင်းတရားဖြစ်ပေ၏။

- ဇာတ်ညံ့သူများပင်ဖြစ်စေကာမူ သီလရှိလျှင် မင်း၊ ပုဏ္ဏားစသည်တို့၏ အပူဇော်ခံရသောကြောင့်သီလနှင့် ပြည့်စုံခြင်းသည် အမျိုးမြတ်မှုဇာတ်နှင့် ပြည့်စုံမှုကိုသာလွန်၍ တင့်တယ်ပေသည်။
- ရန်သူမျိုးငါးပါးတို့နှင့်လည်း မဆက်ဆံ၊ တမလွန်ဘဝသို့လည်း လိုက်ပါ အကျိုးလည်းများ၊ သမာဓိပညာတို့၏အကြောင်းလည်းဖြစ်သောကြောင့် သီလဥစ္စာသည် ဗာဟိရဥစ္စာစုကို လွန်၍တင့်တယ်ပေသည်။
- လောက၌ အစိုးရဟုအခေါ်ခံရသူတို့ပင် မိမိတို့၏စိတ်ကိုကားအစိုးမရနိုင်ပေ။ သီလရှိသူမှသာ မိမိစိတ်ကို အစိုးရနိုင်သည်၊ ထို့ကြောင့်သီလသည် အမြတ်ဆုံးသောအစိုးရခြင်းဖြစ်သည့် မိမိစိတ်ကိုစိုးပိုင် နိုင်နင်းခြင်း၏အကြောင်းဖြစ်သောကြောင့် မင်းစသောသူတို့၏ အစိုးရခြင်းဂုဏ်ကိုလည်းလွန်၍ တင့်တယ်ပေသည်။
- သီလကောင်းမှုကြောင့် ထိုထိုဘဝတို့၏အစိုးရခြင်းဂုဏ်ကို ရလေသည်။
- သီလမရှိသူ၏ အနှစ်တစ်ရာအသက်ရှင်ရခြင်းထက် သီလရှိသူ၏ တစ်ရက်မျှ အသက်ရှင်ခြင်းက မြတ်ကြောင်းကိုလည်းကောင်း၊ အသက်ရှင်နေစေကာမူ သီလမရှိလျှင် သေနေသည်မည်ကြောင်းကို လည်းကောင်း၊ ဘုရားရှင်က ဟောကြားတော်မူအပ်သောကြောင့် အသက်ထက်လည်း ထူးမြတ်သောတရားဖြစ်ပေသည်။
- သီလရှိသောသူကို ရန်သူတို့ကသော်မှ နှစ်သက်ကြရသည်။ သီလရှိသူကို ဇရာတရားရောဂါများနှင့် ဝိပ္ပတ္တိတရားတို့က မလွှမ်းမိုးမနှိပ်စက်နိုင်သောကြောင့် သီလသည် ပကတိရုပ်အဆင်းတင့်တယ်ခြင်းထက်လည်း သာလွန်မြင့်မြတ်ပေသည်။
- သီလသည် နတ်ရွာနိဗ္ဗာန်ချမ်းသာတို့၏ အကြောင်းရင်းဖြစ်ရကား ပြာသာဒ်တန်ဆောင်း၊ ကျောင်းအိမ်စသော နေရာဘုံဗိမာန်အထူး၊ မင်း၊ အိမ်ရှေ့မင်း၊ စစ်သူကြီးစသော ရာထူးဌာနန္တရာထူးတို့ထက် သာလွန်မြင့်မြတ်ပေသည်။

- သီလသည် ကောန်စင်စစ်စီးပွားချမ်းသာကို ရွက်ဆောင်တတ်၊ တမလွန်ဘဝသို့လည်း ထက်ကြပ်မကွာလိုက်ပါတတ်သောကြောင့် မိမိအပေါ်၌ အကျိုးလိုလားသူများဟု ဆိုအပ်သည့်အနီးနေသူ ဆွေမျိုးမိတ်သင်္ဂဟတို့ ထက်ပင် သာလွန်မြင့်မြတ်ပေသည်။
- စစ်အင်္ဂါလေးပါး၊ ဆေးဝါး-မန္တရားစသည်တို့ဖြင့် စောင့်ရှောက်ရန် မလွယ်ကူသည့် ဤခန္ဓာကိုယ်ကို သီလသည် ဘေးမရှိအောင် အထူး စောင့်ရှောက်သည့် ကိုယ်စောင့်တရားကြီးဖြစ်ပေသည်။

ဤသို့လျှင် သီလသည် များသောဂုဏ်ကျေးဇူးနှင့် ပြည့်စုံသည်ဟု ဆင်ခြင်သောသူအား မပြည့်စုံမစင်ကြယ်သေးသော သီလများပြည့်စုံ စင်ကြယ်နိုင်သည်။

အကယ်၍ ဘုရားလောင်းဟုဝန်ခံသူ၏ သန္တာန်၌ကာလရှည်စွာကပင် အလေ့အထများခဲ့သောကြောင့် သီလ၏ဆန့်ကျင်ဘက်ဖြစ်သော ဒေါသ အစရှိသော တရားတို့အကြား၌ ဖြစ်ပွားခဲ့သော်ထိုဘုရားလောင်းဟု ဝန်ခံသူသည်-

"ငါသည် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ရဖို့ရန်ဆုပန်ခဲ့သည် မဟုတ်ပါလော၊ သီလချို့တဲ့လျှင် လောကုတ္တရာ သမ္ပတ္တိကိုမဆိုထားဘိ၊ လောကီသမ္ပတ္တိများကိုပင် မရောက်နိုင်ချေ။ စင်စစ်သော်မူခပ်သိမ်းသော သမ္ပတ္တိတို့ထက် အမြတ်ဆုံးဖြစ်သော ငါတောင့်တအပ်သော သဗ္ဗညုတဉာဏ်၏ အကြောင်းရင်းဖြစ်သော သီလသည် အလွန်မြတ်သောသီလဖြစ်ရပေမည်။ ထို့ကြောင့်ငါသည် သီလကိုချစ်မြတ်နိုးသောသူ ဖြစ်သင့်လှ၏။"

ဟုဆင်ခြင်သင့်သည်။

"ငါသည် တရားဟောခြင်းဖြင့် သတ္တဝါတို့အား အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာယာဉ်ကြီးသုံးခု၌ ကယ်တင်ရပေမည်။ ထိုသတ္တဝါတို့၏ မရင့်ကျက်သေးသော သဒ္ဓါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာ၌ဣန္ဒြေငါးပါးတို့ကိုလည်း ရင့်ကျက်စေရမည်။ မသင့်လျော်သော အစာအာဟာရကိုပေးသော ဆေးသမား၏ ကုစားခြင်းကို လူအများမယုံကြည်နိုင်ချေ။

ထို့ကြောင့် အဘယ်နည်းဖြင့် ငါသည် ယုံကြည်အပ်သူတစ်ယောက်ဖြစ်လျက် သတ္တဝါတို့အား ကယ်တင်မှုကမ္ဘာတို့ကို ရင့်ကျက်စေခြင်းအမှုတို့ကို ပြုရပါမည်နည်း”ဟုဆင်ခြင်ပြီးလျှင် ငါသည်ပင်ကိုပကတိ သဘာဝအားဖြင့်ပင် သီလအလွန်စင်ကြယ်သူ ဖြစ်သင့်သည်။

“ထိုပြင်စျာန်စသော ဂုဏ်ကျေးဇူးအထူးတို့နှင့် ယှဉ်သူဖြစ်မှ ငါ၏သတ္တဝါတို့ကို ကျေးဇူးပြုနိုင်သော စွမ်းရည်သတ္တိများ၊ ပညာပါရမီစသည်၏ ပြည့်ဝခြင်းများဖြစ်နိုင်သည်။ စျာန်စသော ဂုဏ်ကျေးဇူးများသည် စင်ကြယ်သူဖြစ်သင့်လှပေသည်။

ဤသို့ဆင်ခြင်ပြီးလျှင် သီလကိုစင်ကြယ်အောင် ကောင်းစွာကြိုးကုတ်အားထုတ်ရသည်။

## ၃။ နေက္ခမ္မပါရမီဆင်ခြင်ရပုံ

“အိမ်ရာတည်ထောင်လူဘောင်၌ နေရခြင်းကားသားမယားစသည်တို့၏ ပလိဗောဓ မငြိမ်းသဖြင့်ကြပ်တည်းကျဉ်းမြောင်းလှဘိသည်”

ဤသို့စသည်ဖြင့် အိမ်ရာတည်ထောင်လူ့ဘောင်၌နေရခြင်းအပြစ်ကို ဆင်ခြင်ရသည်။ ရဟန်းအဖြစ်မှာမူ ထိုပလိဗောဓ ခပ်သိမ်းအေးငြိမ်းသဖြင့် ဟင်းလင်းပြင်ပမာ ကျယ်ပြန့်ရှင်းလင်းလှစွာ၏”

ဤသို့စသည်ဖြင့်ရဟန်းအဖြစ်တည်းဟူသော ကာမထွက်မြောက်မှု (နေက္ခမ္မ) အကျိုးကိုဆင်ခြင်ရပါသည်။

- ကာမဝတ္ထုအစုစုတို့မှာ သာယာဖွယ်နည်းပါး၊ ဆင်းရဲပူပန်ရသည်ကများခြင်းအစရှိသည်ဖြင့်လည်းကောင်း၊
- ကိလေသာကာမဖြင့် ဝတ္ထုကာမကို ရယူလိုမှုကြောင့်ပင် အချမ်း၊ အပူ၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်းစသည်တို့၏ အဲတွေ့အထိကို မချိတင်ကဲ အဆင်းရဲခံ၍ ဝတ္ထုကာမကို ရှာကြံရခြင်း၊

- အပင်ပန်းခံ၍ ရှာမှီးပါလျက် အကျိုးမပြီး မရရှိသောအခါ စိုးရိမ်ပင်ပန်းရခြင်း၊
- ရရှိပြီးနောက် ရန်သူမျိုးငါးပါးလက်ထဲ ရောက်သွားသောအခါ နှလုံးပူပန်ရခြင်း၊
- ကာမကိုအကြောင်းပြု၍ ကြောက်မက်ဖွယ်ကောင်းလှသော စစ်ပွဲကြီးများ၌ပါဝင်ကာ အထိုး၊ အခုတ်၊ အပစ်၊ အခတ်ခံရသဖြင့် ဒုက္ခကြီးစွာရောက်ရခြင်း၊
- ကာမကြောင့်ပင် ဒုစရိုက်မှုများ ပြုမှားမိသဖြင့် မျက်မှောက်ဘဝ၌ပင် (၃၂)ပါးသော ကံကြမ္မာဆင်းရဲခံစားရခြင်း၊
- တမလွန်ဘဝ၌လည်း ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံတို့၌ ဆင်းရဲကြီးစွာ ခံစားရခြင်း၊

ဤသို့အစရှိသည်ဖြင့် ဒုက္ခန္ဓသုတ်လာ ကာမတရားတို့၏ အပြစ်ကိုလည်းကောင်း၊ ထိုအပြန်အားဖြင့် ကာမထွက်မြောက်မှု (နေက္ခမ္မ)၌အကျိုးကိုလည်းကောင်း ဆင်ခြင်ရပါသည်။

## ၄။ ပညာပါရမီ၌ဆင်ခြင်ရပုံ

ပညာဆင်ခြင်မှုနှင့် ကင်း၍ဒါနစသော ပါရမီတို့ကို စင်ကြယ်အောင်မပြုနိုင်ပါ။ ဒါနစေတနာ၊ သီလစေတနာ စသည်တို့သည် မိမိတို့၏ ပေးကမ်းမှုစသော အလုပ်ကိစ္စကိုလည်း အားမထုတ်နိုင်ကြကုန်။

ဤသို့စသည်ဖြင့် ပညာ၏ကျေးဇူးဂုဏ်တို့ကို ဆင်ခြင်ရာ၏-

- အသက်မရှိလျှင် ဤခန္ဓာကိုယ်ယန္တရားရုပ်ကြီးသည် မတင့်တယ်နိုင်၊ မိမိ၏အလုပ်ကိစ္စကို မပြုလုပ်နိုင်သကဲ့သို့လည်းကောင်း၊
- စိတ်ဝိညာဉ်မပါရှိဘဲ မျက်စိ၊ နား၊ နှာစသော ရုပ်အင်္ဂါက္ခန္ဓေတို့ချည်းသက်သက်မြင်ခြင်း၊ ကြားခြင်းအစရှိသော အလုပ်ကိစ္စကို မပြုနိုင်ကြသကဲ့သို့လည်းကောင်း၊

ဤအတူသာတည်း၊ ဝီရိယအစရှိသော ကုန်ပွဲတို့သည်လည်း ပညာမပါရှိလျှင် မိမိတို့၏ ကိစ္စကို ထိထိရောက်ရောက် မပြီးစေနိုင်ကြချေ။

ထို့ကြောင့်ပညာသည် ဒါနအစရှိသောပါရမီတို့ကို ဖြည့်ကျင့်ရာ၌ ပဓာန အချက်အချာအကြောင်းကြီးဖြစ်သည်။

- အလောင်းတော်များသည် ပညာမျက်စိအမြဲဖွင့်ထားတော်မူ၍ မိမိ၏အင်္ဂါ ကြီးငယ်တို့ကိုပင် စွန့်ကြပေးကမ်းလှူဒါန်းပြီးသော်လည်း ကိုယ့်ကို လည်းမမြှောက်ပင့်။ သူ့ကိုလည်းမနှိမ့်ချကြဘဲ ထွေရာလေးပါး အယူမှား အကြံကိုမပွားကြဘဲ ကာလသုံးပါးမှာပင် အားရဝမ်းသာဖြစ်ရှိတော်မူ ကြသည်။

  ပညာရှိမှသာ ဥပါယကောသလ္လဉာဏ်နှင့် ပြည့်စုံသူဖြစ်ရကား သူတစ်ပါး အကျိုးဖြစ်ထွန်းရန်ရည်သန်၍ ပေးစွန့်လှူဒါန်းနိုင်သည်။ ယင်းသို့သူတစ်ပါးအကျိုး ဖြစ်ထွန်းရန်ပေးစွန့်လှူဒါန်းခြင်းသည် ဒါနပါရမီ စစ်စစ်ဖြစ်ပေသည်။

  ပညာမရှိလျှင် ကိုယ်ကျိုးသက်သက်ကိုသာ ငဲ့မျှော်၍ပေးလှူတတ် သည်။ ကိုယ်ကျိုးသက်သက်ကိုသာ ငဲ့မျှော်၍ပေးလှူခြင်းကား အတိုး ပွားချထားခြင်းနှင့် တူလှပေသည်။
- ပညာမရှိလျှင် လောဘ၊ ဒေါသ အစရှိသောတရားတို့သာ လွှမ်းမိုးနေ သဖြင့် သဗ္ဗညုတဉာဏ်၏အကြောင်းဖြစ်ဖို့ ဝေးစွ၊ သီလ၏စင်ကြယ် ခြင်းမျှပင် မဖြစ်နိုင်ပေ။
- ပညာရှိသူမျှသာလျှင် ဃရာဝါသ၌အပြစ်ထင်၊ ရဟန်းအဖြစ်၌ အကျိုးကို မြင်၊ ကာမဂုဏ်၌အပြစ်တင်၊ ဈာန် သမာပတ်တို့၌ အကျိုးကိုမြင်၊ သံသရာ၌အပြစ်တင်၊ နိဗ္ဗာန်၌အကျိုးကိုမြင့်ပြီးလျှင် ရဟန်းပြုကာ ဈာန် သမာပါတ်တို့ကိုဖြစ်ပွားစေ၍ နိဗ္ဗာန်ကိုကိုယ်တိုင်ရှေးရှုလျက် မျက်မှောက် ပြုပြီးလျှင် သူတစ်ပါးတို့ကိုလည်း ထိုရဟန်းအဖြစ် ဈာန်သမာပါတ် နိဗ္ဗာန်တို့၌ တည်စေနိုင်ရောက်စေနိုင်သည်။

- ပညာမပါဘဲ ဝီရိယချည်းသက်သက်ဖြင့် အားထုတ်ခြင်းသည် အားထုတ်မှုလွဲတတ်၍ လိုအပ်သောအကျိုးကို မပြီးစေနိုင်ဘဲ ရှိတတ်၏။
- အလွဲလွဲအမှားမှား အားထုတ်ခြင်းထက် အားမထုတ်ခြင်းကပင် မြတ်လှသေး၏။
- ပညာနှင့်ယှဉ်တွဲလျက် ဝီရိယစိုက်ပါမှု နည်းမှန်သောအကျင့်ဖြစ်သောကြောင့် လိုအပ်သောအကျိုးကို ရနိုင်သည်။
- ပညာရှိသောလူမှသာလျှင် သူတစ်ပါးတို့၏ အလွဲလွဲအမှားမှားပြုခြင်းစသည်ကို သည်းခံနိုင်၏။
- ပညာမရှိသူအဖို့မှာ သူတစ်ပါးတို့ပြုဆောင်အပ်သည့် ချွတ်ယွင်းပြစ်မှားချက်များသည် ခန္တီ၏ဆန့်ကျင်ဘက်ဖြစ်သော ဒေါသအစရှိသောအကုသိုလ်များကိုသာ ပွားစေကုန်၏။
- ပညာရှိသူအဖို့မှာကား ထိုအပြစ်မှားချက်များသည် ခန္တီတရားကို တိုးပွားစေလျက် ထိုခန္တီတရားကြံ့ခိုင်ဖို့ရန်သာ ဖြစ်ကုန်၏။
- ပညာရှိသောသူသည်သာလျှင်၊ ဝိရတီသစ္စာ၊ ဝစီသစ္စာ၊ ဉာဏသစ္စာ သုံးပါးတို့ကိုလည်းကောင်း၊ ထိုသုံးပါးတို့၏အကြောင်းတို့ကိုလည်းကောင်း၊ ထိုသုံးပါးတို့၏ ဆန့်ကျင်ဘက်ကိုလည်းကောင်း အမှန်အတိုင်းသိပြီးလျှင် ပယ်သင့်ရာကိုပယ်၊ ပွားသင့်ရာကို ပွား၍ သူတစ်ပါးတို့အား မချွတ်ယွင်းစေသောသူ(သစ္စာရှိသောသူ) ဖြစ်နိုင်ပါသည်။
- ပညာရှိသောသူသည်သာလျှင် ပညာစွမ်းဖြင့် မိမိကိုယ်ကိုထောက်ပံ့အားပေး၍ သမာဓိနှင့် ပြည့်စုံနိုင်သည်။ ထိုသမာဓိနှင့် ပြည့်စုံခြင်းဖြင့် ခပ်သိမ်းသော ပါရမီကောင်းမှုတို့၌ မတုန်မလှုပ် ကြံ့ကြံ့တည်ခြင်း အဓိဋ္ဌာန်ဖြစ်နိုင်သည်။
- ပညာရှိသောသူမှသာ ချစ်အပ်သူ၊ မုန်းအပ်သူ၊ အလယ်အလတ်ဖြစ်သောသူဟူ၍ မခွဲခြားဘဲ ပုဂ္ဂိုလ်သုံးမျိုးလုံး၌ပင် မေတ္တာတရား ထပ်တူမျှဖြစ်အောင် ပွားနိုင်ပေသည်။

- ပညာ၏အစွမ်းဖြင့်သာ ကောင်းကောင်းဆိုးဆိုး (ဣဋ္ဌအနိဋ္ဌ)လောကဓံ နှစ်မျိုးတို့နှင့် တွေ့ကြုံရသောအခါ ဖောက်ပြန်ခြင်းမရှိဘဲ အလယ်အလတ် သဘောရှိသူ ဖြစ်နိုင်သည်။

ဤသို့လျှင် ပညာသည်လည်း ခပ်သိမ်းသောပါရမီတို့၏စင်ကြယ်ကြောင်း ဖြစ်ပေသည်ဟု ပညာ၏ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်အပ်ကုန်၏။

"ပညာနှင့်ကင်း၍ အယူ၏ပြည့်စုံစင်ကြယ်ခြင်းမဖြစ်နိုင်။ အယူ၏ပြည့်စုံ စင်ကြယ်ခြင်း မရှိကလည်း သီလ၏ပြည့်စုံစင်ကြယ်ခြင်းမဖြစ်နိုင်။ ထိုအယူ နှင့် သီလတို့၏ ပြည့်စုံစင်ကြယ်ခြင်း မရှိကလည်း သမာဓိ၏ပြည့်စုံစင်ကြယ် ခြင်း မဖြစ်နိုင်။

သမာဓိမရှိသောသူသည် အနည်းငယ်သော ကိုယ်ကျိုးကိုမျှ မပြီးစေနိုင်၊ သူတစ်ပါးအကျိုးကိုကား ဆိုဖွယ်ရာမရှိ။ ထို့ကြောင့်သူတစ်ပါး အစီးအပွား ဖြစ်ဖို့ရန် ကျင့်ကြံသောငါသည် ရိုရိုသေသေ ပညာတရားကိုတိုးပွားစေခြင်း၌ လုံ့လကြိုးကုတ် အားထုတ်သင့်လှသည်"

ဟုဘုရားလောင်းသည် မိမိကိုယ်ကိုဆုံးမရသည်။

ပညာ၏အာနုဘော်ဖြင့် ဘုရားလောင်းတော်သည် အဓိဋ္ဌာန်တရားလေးပါးတို့ ၌ တည်ပြီးလျှင် သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် သတ္တဝါအပေါင်းကို ချီးမြှောက် လျက် သတ္တဝါတို့ကို သံသရာမှထွက်မြောက်ကြောင်း ကောင်းမှုလမ်းစဉ်၌ တည်စေတော်မူ၊ ဆယ်တင်တော်မူသည့်ပြင် ထိုသတ္တဝါတို့၏ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဤငါးဖြာသောဣန္ဒြေတို့ကိုလည်း ရင့်သန်စေတော်မူသည်။

ထို့အတူ ပညာအစွမ်းဖြင့် ခန္ဓာ၊ အာယတနအစရှိသော ပရမတ္ထတရား တို့၌ စိစစ်ဆင်ခြင် စဉ်းစားတော်မူပြီးလျှင် သံသရာစက်လည်ကြောင်းတရား သံသရာစက်ရပ်နားကြောင်း တရားတို့ကို အမှန်အတိုင်းသိရှိတော်မူကာ ကိုယ်တော်ဆည်းပူးအပ်သည့် ဒါနစသော ပါရမီကောင်းမှုကုသိုလ်များကို ထူးကဲလွန်မြတ်သော အဖို့ရှိအောင်မဂ်ဖိုလ်အကျိုးရအောင် ဆောင်တော်မူ

လျက် ဘုရားလောင်းကျင့်စဉ်လမ်း၌ အပြည့်အဝဖြစ်အောင် ပြုဆောင်ဖြည့်ကျင့်တော်မူသည်။

ဤသို့စသည်ဖြင့် များစွာသော ပညာ၏ဂုဏ်ကျေးဇူးတို့ကို ပိုင်းခြားသိပြီး ခါ ပညာပါရမီကို အဖန်ဖန်အထပ်ထပ် ပွားများအပ်ပေသည်။

## ၅။ ဝီရိယပါရမီဆင်ခြင်ရပုံ

- တစ်ဘက်ကမ်းအဆုံးကို မြင်ရသောလောကီအမှုများကိုသော်မှ ယုတ်လျော့ညံ့ဖျင်းသော လုံ့လဝီရိယဖြင့်လုပ်ပါက တစ်ဘက်ကမ်းသို့ မရောက်နိုင်ပါ။
- ပင်ပန်းခြင်းကို ဂရုမထားထက်မြက်သော လုံ့လရှိသူများမရခဲသော အရာဟူ၍ မရှိနိုင်ပေ။
- လုံ့လဝီရိယ လျော့ပေါ့သောသူသည် သတ္တဝါတို့ကို သံသရာတည်းဟူသော ရေယာဉ်ကြောမှဆယ်တင်မည်ဟူ၍ အစပျိုး၍အားထုတ်ခြင်းငှာ မတတ်နိုင်ပါ။
- ဝီရိယအလယ်အလတ်ရှိသူက အားထုတ်သော်လည်း အဆုံးရောက်အောင် အားမထုတ်နိုင်ဘဲ လမ်းခုလတ်မှာပင် ဆုတ်နစ်လျော့ရသည်။
- ဉက္ကဋ္ဌဝီရိယရှိသူမှသာလျှင် ကိုယ်ချမ်းသာမှုကို မငဲ့ကွက်ဘဲ အားထုတ်သောကြောင့် တစ်ဖက်ကမ်းသဗ္ဗညုတဉာဏ်သို့ ရောက်နိုင်သည်။
- ဤသို့လျှင် ဝီရိယနှင့် ပြည့်စုံခြင်းကို ဆင်ခြင်ရပါသည်။
- မိမိတစ်ဦးတည်း သံသရာမှ လွတ်မြောက်ရေးအတွက် အားထုတ်ကြသော သာဝကဗောဓိလောင်း၊ ပစ္စေကဗောဓိလောင်းဖြစ်သည့် ပုဂ္ဂိုလ်တို့သော်မှ ဝီရိယလျော့နေလျှင် မိမိတို့ရည်သန်သောဆုများကို မရနိုင်ပါ။
- နတ်ပြဟ္မာနှင့်တကွ သတ္တဝါအပေါင်းကို ထုတ်ဆယ်ကယ်တင်ရန် ဘုရားဆုပန်သော ဘုရားလောင်းများသည် ဝီရိယလျော့နေလျှင် အဘယ်မှာ သဗ္ဗညုတဉာဏ်ရနိုင်ပါအံ့နည်း။

- ရာဂ၊ ဒေါသ အစရှိသော ကိလေသာအပြစ် အပေါင်းတို့မှာ မုန်ယစ်သောဆင်ကြီးများပမာ လွန်စွာတားမြစ်နိုင်ခဲသောကြောင့် လည်းကောင်း၊
- ထိုရာဂဒေါသအစရှိသော ကိလေသာအပေါင်းလျှင် အကြောင်းရင်းရှိသော ကံတို့က ခုတ်ပယ်မည့်တကဲကဲဖြင့် သန်လျက်ကိုချိမိုးထားသော လူသတ်ယောကျ်ားကြီးများနှင့်တူသောကြောင့် လည်းကောင်း၊
- ထိုကံများလျှင် အကြောင်းရင်းရှိသော ဒုဂ္ဂတိလေးဘုံတို့ကလည်း အခါခပ်သိမ်း ခံတွင်းဖွင့်လျက်ရှိသောကြောင့်လည်းကောင်း၊
- ထိုကံနှင့် ဒုဂ္ဂတိလေးဘုံသို့ရောက်အောင် တိုက်တွန်းပို့ဆောင်ကြမည့် မိတ်ဆွေယုတ်များကလည်း အခါခပ်သိမ်းစုဝေးဝိုင်းအုံလျက် ရှိသောကြောင့်လည်းကောင်း၊
- မသိမလိမ္မာသည့် ပုထုဇဉ်တို့၏ သဘောကလည်း ထိုမိတ်ဆွေယုတ်တို့၏စကားကိုလိုက်နာလွယ်သောကြောင့်လည်းကောင်း၊
- ထိုမလိမ္မာသော ပုထုဇဉ်တို့ လိုက်နာလွယ်ရန်မိတ်ဆွေယုတ်ဖြစ်သော ပုဂ္ဂိုလ်တို့၏ သံသရာဝဋ်မှ ကျွန်လွတ်ခြင်းသဘောတရား ထင်ရှားရှိခဲ့လျှင် တရားအထူး အားထုတ်ရန်မလို။ သူ့အလိုလို သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်သင့်ပေသည်ဟု အယူမှား ကြံစည်ပြောကြားချက်များသည် ဝီရိယ၏ အာနုဘော်ဖြင့်သာ ဝေးကွာနိုင်ကြကုန်၏ ဟူ၍လည်းကောင်း၊
- ကိုယ်စွမ်းလုံ့လဖြင့် ဘုရားအဖြစ်ကို ရနိုင်လျှင်ဤဝီရိယကိုစိုက်ထုတ်ရန် ငါကဲ့သို့သော အမြတ်ဆုံးပုဂ္ဂိုလ်အား ခဲယဉ်းဖွယ်ရာအဘယ်ရှိပါအံ့နည်း ဟူ၍လည်းကောင်း

ဤသို့ အစရှိသည်ဖြင့် ဝီရိယ၏ဂုဏ်ကျေးဇူးကို ဆင်ခြင်ရသည်။

## ၆။ ခန္တီပါရမီ၌ ဆင်ခြင်ရပုံ

- ဤခန္တီသည် အလုံးစုံသော ဂုဏ်ကျေးဇူး၏ ဆန့်ကျင်ဘက်ဖြစ်သော အမျက်ဒေါသကို ပယ်ဖျောက်တတ်သောကြောင့် ဂုဏ်ကျေးဇူးကို ပြည့်စုံစေခြင်း၌ သူတော်ကောင်းတို့အတွက် သူတစ်ပါးတို့မပျက်စီးနိုင်သော လက်နက်ကောင်းကြီးဖြစ်သည်။
- သူတစ်ပါးကို အုပ်စိုးနိုင်သော အလောင်းတော်ကြီးများ၏ အဆင်တန်ဆာကြီးလည်း ဖြစ်ပေသည်။
- ရဟန်း၊ ပုဏ္ဏားသူမြတ်များ၏ ပြည့်စုံသောခွန်အားဗလလည်း ဖြစ်သည်။
- အမျက်ထွက်ခြင်း မီးကိုငြိမ်းစေတတ်သော ရေအလျဉ်လည်းဖြစ်သည်။
- ယုတ်မာသောသူတို့၏ ရုပ်ရင်းကြမ်းတမ်းသော စကားတည်းဟူသော အဆိပ်ကိုငြိမ်းအောင်ပြုတတ်သည့် မန္တန်ကောင်း၊ ဆေးကောင်းကြီးလည်းဖြစ်သည်။
- စောင့်စည်းမှု၌ တည်ကုန်သော သူတော်ကောင်းတို့၏ အလွန်မွန်မြတ်လှသော ပညာရှိတို့၏ပကတိတရားလည်းဖြစ်သည်။
- နက်နဲသော အာသယဓာတ်ဖြစ်၍ သမုဒ္ဒရာနှင့်လည်းတူပါသည်။
- ဒေါသ သမုဒ္ဒရာလှိုင်းတံပိုး၏ အဆုံးသတ်ရာဆိပ်ကမ်းလည်းဖြစ်ပေသည်။
- အပါယ်တံခါးကို ပိတ်ဆို့ကြောင်းဖြစ်သော တံခါးရွက်ကြီးလည်းဖြစ်သည်။
- နတ်ပြည်၊ ဗြဟ္မာပြည်သို့ တက်ရောက်ကြောင်း စောင်းတန်းလှေကားကြီးလည်းဖြစ်သည်။
- ခပ်သိမ်းသောဂုဏ်ကျေးဇူးတို့၏ စိုးအုပ်နေထိုင်ရာ ဘုံဆောင်ကြီးလည်းဖြစ်သည်။
- ကိုယ်နှုတ်နှလုံးတို့၏ စင်ကြယ်ခြင်းလည်း ဖြစ်ပေသည်ဟူ၍ နှလုံးသွင်းရပါသည်။

- ဤသတ္တဝါတို့သည် အေးမြစေတတ်သော ခန္တီတရားကိုလက်ကိုင်မထားကြဘဲ ပူပန်စေတတ်သော အကုသိုလ်တရားများကို အားထုတ်နေကြသောကြောင့် ဤဘဝ၌လည်း ပူပန်ကြရ၊ တမလွန်ဘဝ၌လည်း ပူပန်နေကြရ၏ ဟူ၍လည်းကောင်း၊
- သူတစ်ပါး၏ပြစ်မှားခြင်းဟူသော အကြောင်းကြောင့် ဆင်းရဲဝေဒနာဖြစ်သည်မှန်သော်လည်း ထိုဆင်းရဲ၏ လယ်မြေသဖွယ်ဖြစ်သော အတ္တဘော၊ မျိုးစေ့သဖွယ်ဖြစ်သော ကံတို့ကိုကား သူတစ်ပါးပြုသည်မဟုတ်၊ ငါသည်ပင်ပြုအပ်ပြီးဟူ၍ လည်းကောင်း၊
- ဤယခုသည်းခံခြင်း သဘောသည် ထိုဆင်းရဲအကြွေးအရင်းပြတ် ကင်းဝေးအောင် ကြွေးဆက်ကြောင်းတရား (ကြွေးဆပ်ခြင်းတရား)ပင် ဖြစ်ပေ၏ ဟူ၍လည်းကောင်း၊
- သူတစ်ပါးတို့၏ပြစ်မှားခြင်းမရှိခဲ့လျှင် ငါအားအဘယ်မှာလျှင် ခန္တီပါရမီနှင့် ပြည့်စုံနိုင်အံ့နည်းဟူ၍လည်းကောင်း၊
- ဤသူသည် ယခုဤပြစ်မှားမှုကို ပြုသော်လည်း ရှေးအခါက ငါအားဤလူသည် ဤမည်သောကျေးဇူးကို ပြုခဲ့ဖူးပြီဟူ၍ လည်းကောင်း၊
- ထိုသူ၏ပြစ်မှားမှုသည်ပင် ငါ့အဖို့ရာ သည်းခံခြင်း 'ခန္တီ-တရား၏ အကြောင်းဖြစ်သောကြောင့် ကျေးဇူးပြုခြင်းပင်မည်ပေ၏ဟူ၍ လည်းကောင်း၊
- ဤသတ္တဝါအလုံးစုံတို့သည်ပင် ငါ၏သားသမီးများနှင့် တူကြကုန်၏။ သားသမီးတို့ပြုအပ်သောအပြစ်၌ အဘယ်ပညာရှိသည် အမျက်ထွက်ချေအံ့နည်း ဟူ၍လည်းကောင်း၊
- ဤသူသည် အမျက်ထွက်ခြင်းတည်းဟူသော မြေဘုတ်ဘီလူးပူးဝင်ခြင်းဖြင့်ငါ့အားပြစ်မှား၏။ ထိုအရာကို ငါသည်ဖယ်ရှားသင့်၏ဟူ၍ လည်းကောင်း၊

- အကြွင်ပြစ်မှားခြင်းကြောင့် ငါအားဤဆင်းရဲသည်ဖြစ်ပေါ်လာသည်။ ငါမရှိလျှင် ထိုပြစ်မှားမှုပင် မဖြစ်နိုင်သောကြောင့် ငါသည်ပင်ထိုပြစ်မှားမှု၏ အကြောင်းပင်ဖြစ်သည်ဟူ၍လည်းကောင်း၊
- ပြစ်မှားတတ်သော ရုပ်နာမ်၊ ပြစ်မှားခံရသော ရုပ်နာမ်နှစ်မျိုးစလုံးပင် ထိုပြစ်မှားသော ခဏအတွင်းက ချုပ်ပျောက်လေကုန်ပြီ။ ယခုမှအဘယ်သူက အဘယ်သူအား အမျက်ထွက်မှုပြုသင့်တော့အံ့နည်း။ မပြုသင့်သည်သာ ဟူ၍လည်းကောင်း၊
- ခပ်သိမ်းသော တရားမှန်သမျှ အနန္တချည်းပင်ဖြစ်ရကား ပရမတ္ထအားဖြင့် ပြစ်မှားတတ်သူ၊ ပြစ်မှားခံရသူဟူ၍ မရှိပါတကားဟူ၍လည်းကောင်း၊

ဆင်ခြင်သောအားဖြင့် ခန္တိပါရမီနှင့်ပြည့်စုံအောင် အဖန်ဖန်ပွားများရာသည်။

အကယ်၍ ကာလရှည်စွာ အလေ့အလာများခဲ့သောကြောင့်သူတစ်ပါးတို့၏ ပြစ်မှားခြင်းကို အကြောင်းပြု၍ အမျက်ထွက်ခြင်းတရားက မိမိ၏စိတ်ကို လွှမ်းမိုးတည်စေခဲ့သော် ဘုရားဆုပန်ဘုရားလောင်းသည်-

- ဤခန္တီမည်သောတရားသည် သူတစ်ဖက်သားတို့ ပြစ်မှားမှုအဝဝ၏ ဆန့်ကျင်ဘက်ဖြစ်သော အကျင့်ပဋိပတ်တရားတို့အား ကျေးဇူးပြုတတ်သော တရားကြီးဖြစ်ပေသည်ဟူ၍လည်းကောင်း၊
- သူတစ်ဖက်သား၏ ပြစ်မှားချက်သည် ငါအားဆင်းရဲခြင်းကို ဖြစ်စေခြင်းဖြင့် ငါ၏သန္တန်ဝယ် သဒ္ဓါတရားဖြစ်ပွားခြင်း၏ လည်းကောင်း၊ အလုံးစုံသောလောက၌ မမွေ့လျော်မပျောက်ပိုက်ခြင်းတည်းဟူသော သညာ၏ လည်းကောင်း အကြောင်းဖြစ်ပေသည်ဟူ၍ လည်းကောင်း၊
- ကောင်းကောင်းဆိုးဆိုး အာရုံအမျိုးမျိုးတို့နှင့် ပေါင်းဆုံနှင့်တွေ့ကြုံရခြင်း မဖြစ်ပါစေလင့်ဟု တောင့်တသော်လည်း ဤသဘောကိုမရနိုင်ပါချေ ဟူ၍လည်းကောင်း၊
- အမျက်၏အလိုသို့လိုက်ပါနေသော ထိုသူသည် ထိုအမျက်ဖြင့် ရှုသွပ်နေသူစိတ်ဖြင့်ပြန့်လွင့်နေသူဖြစ်သည်။ ထိုရှုသွပ်စိတ်မနှံ့သူအပေါ်၌ ပြစ်မှားတုံ့ပြန်ပြုသဖြင့် အဘယ်အကျိုးရှိပါအံ့နည်း ဟူ၍လည်းကောင်း၊

- ဤသတ္တဝါအားလုံးတို့ကို ဘုရားရှင်၏ရင်မှဖွားသည့် သားသမီးတို့ကဲ့သို့ စောင့်ရှောက်အပ်ကုန်၏။ ထို့ကြောင့် ဘုရားဆုကိုပန်သောငါသည် ထိုသတ္တဝါတို့၌စိတ်ပျက်မှု အမျက်ထွက်မှုကို မပြုထိုက်ပေဟူ၍လည်းကောင်း၊
- ပြစ်မှားသူသည် အကယ်၍သီလအစရှိသော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသူဖြစ်ခဲ့သော် ဂုဏ်ကျေးဇူးရှိသူ၌ ငါသည်အမျက်ထွက်မှုကို မပြုသင့်ပေဟူ၍လည်းကောင်း၊
- ပြစ်မှားသူသည် သီလစသော ဂုဏ်ကျေးဇူးမရှိခဲ့သူ ဖြစ်ခဲ့သော်အလွန်သနားထိုက်သောသူပါပေ ဟူ၍လည်းကောင်း၊
- အမျက်ထွက်ခြင်းဖြင့် ငါ၏ဂုဏ်ကျေးဇူး အကျော်အစောများယုတ်လျော့ကုန်လိမ့်မည်ဟူ၍လည်းကောင်း၊
- သူ့အား ငါအမျက်ထွက်လျှင် အဆင်းပျက်ခြင်း၊ ဆင်းရဲစွာအိပ်ရခြင်းအစရှိသော ရန်သူ၏အကြိုက်တရားများငါထံသို့ ရောက်လာလိမ့်မည်ဟူ၍လည်းကောင်း၊
- အမျက်ထွက်ခြင်းမည်သည် အလုံးစုံသောစီးပွားမဲ့ကိုပြုတတ်၊ အစီးအပွားကိုဖျက်ဆီးတတ်သော အားကြီးသောရန်သူကြီးဖြစ်ပေသည်ဟူ၍လည်းကောင်း၊
- သည်းခံခြင်းတရားရှိလျှင် ရန်သူဟူ၍တစ်စုံတစ်ယောက်မျှ မရှိနိုင်ဟူ၍လည်းကောင်း၊
- ပြစ်မှားခြင်းဟူသောအကြောင်းကြောင့် နောင်အခါ၌ထိုသူရရှိမည့်ဆင်းရဲမျိုးသည်းခံခြင်းတရားရှိလျှင် ငါ့အားမရောက်နိုင်၊ ထိုလူခံရမည့်ဆင်းရဲကို ငါကြံစည်နေလျှင်လည်းကောင်း၊ သူ့ကိုအမျက်ထွက်နေသော်လည်းကောင်း၊ ငါသည်ရန်သူနောက်သို့အစဉ်တစိုက် လိုက်နေသူဖြစ်ချေ မည်ဟူ၍လည်းကောင်း၊

- ငါသည် သည်းခံခြင်းတရားဖြင့် အမျက်ထွက်ခြင်းကို လွှမ်းမိုးနိုင်နင်း လိုက်သည်ရှိသော် ထိုအမျက်တရား၏ ကျွန်ဖြစ်သောရန်သူကိုလည်း ကောင်းကောင်းကြီး လွှမ်းမိုးနိုင်အပ်သည်သာ ဖြစ်သည်ဟူ၍လည်း ကောင်း၊
- အမျက်ထွက်ခြင်းဟူသောအကြောင်းကြောင့် သည်းခံခြင်းဂုဏ်ကို စွန့်လွှတ်ခြင်းသည် ငါ့အားမသင့်လျော်ချေဟူ၍လည်းကောင်း၊
- ကျေးဇူးတကာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အမျက်ထွက်ခြင်း တရားငါသန္တာန်၌ ဖြစ်ပွားနေလျှင် သီလစသောဂုဏ်ကျေးဇူးများ ငါအား အဘယ်မှာပြည့်ဝနိုင်ပါတော့အံ့နည်းဟူ၍ လည်းကောင်း၊
- ထိုသီလစသော ဂုဏ်ကျေးဇူးများမရှိလျှင် အဘယ်နည်းဖြင့် ငါသည် သတ္တဝါတို့အား ကျေးဇူးများသူဖြစ်၍ ဝန်ခံကြံစည်သည့်အတိုင်း သဗ္ဗညု တဉာဏ်သို့ ရောက်နိုင်မည်နည်းဟူ၍ လည်းကောင်း၊
- ခန္တီတရားရှိမှသာ ပြင်ပအာရုံတို့၌ စိတ်မပြည့်ဘဲ သမာဓိရှိသူဖြစ်နိုင်သည်။ သမာဓိရှိမှသာလျှင် ခပ်သိမ်းသောသင်္ခါရတရားတို့ကို မမြဲဆင်းရဲ အစိုးမရဟူ၍လည်းကောင်း၊ နိဗ္ဗာန်ကိုအသခ်တ အမတစသော အခြင်းအရာအားဖြင့်လည်းကောင်း၊

ဘုရားဂုဏ်ကျေးဇူးတို့ကို မကြံစည်နိုင်၊ မနှိုင်းယှဉ်နိုင်သောအစွမ်း သတ္တိရှိသည်ဟူ၍ လည်းကောင်းစူးစိုက်ကြည့်နိုင်ပါမည်။

ထိုသို့ကြည့်ရှုနိုင်သောကြောင့် ဝိပဿနာဉာဏ်တော်ပြီးလျှင်-

ဤအလုံးစုံသော တရားတို့သည် ကိုယ်၊ကိုယ်၏ဥစ္စာအဖြစ်မှကင်းဆိတ်ကြသော သဘာဝမွှအစုမျှသာဖြစ်၍ ကိုယ်စီကိုယ်ငှဆိုင်ရာ အကြောင်းတို့ကြောင့် ဖြစ်ကြပျက်ကြသည်။ မည်သည့်အရပ်ကမျှလာသည်၊ သွားသည်မဟုတ်၊ မည်သည့်အရပ်မျှ အမြဲတည်နေသည်မဟုတ်။ ဤသဘာဝအစု၌ပင်ကိုယ်ကပင် ပုဂ္ဂိုလ်ဟူ၍မရှိသောကြောင့် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်၏တစ်စုံတစ်ခုသော ကြောင့်ကြစိုက်မှုမရှိချေ”

ဟုအမှန်အတိုင်း သိမြင်သောကြောင့် ငါ၊ ငါဟူသော မာန်မာနစွဲတည်ဖွယ်ရာ မဟုတ်သည်ကိုလည်း စူးစိုက်စွာဆင်ခြင်နိုင်သည်အတွက်ကြောင့် အလောင်းတော်ကြီးများသည် သဗ္ဗညုတဉာဏ်ကိုရဖို့ရန် ဧကန်မြဲသောပုဂ္ဂိုလ်များ ဖြစ်ကြရသည်။

ဤသို့စသည်ဖြင့် ခန္တိပါရမီကို ဆင်ခြင်ရပါသည်။

## ၇။ သစ္စာပါရမီဆင်ခြင်ရပုံ

- သစ္စာမရှိလျှင် သီလအစရှိသော ဂုဏ်ကျေးဇူးများမဖြစ်နိုင်သည့်အပြင် ဝန်ခံကြံစည်ခဲ့သည့်အတိုင်း ဘုရားဖြစ်ရန်အကျင့်ပဋိပတ်များလည်း မဖြစ်နိုင်တော့ပေ ဟူ၍လည်းကောင်း၊
- သစ္စာတရားကိုလွန်ကျူးလျှင် အလုံးစုံသောအကုသိုလ်တရားများ စုဝေး ရောက်တည်လာကုန်၏ ဟူ၍လည်းကောင်း၊
- ရှေ့နှင့်နောက်မှန်ကန်သော သစ္စာစကားမဆက်စပ်သော ပုဂ္ဂိုလ်အား ယခုဘဝ၌ သူတစ်ပါးတို့ မယုံကြည်နိုင်သည့်ပြင် နောက်နောင်ဘဝဆက်တိုင်း၌လည်း မိမိ၏စကားကိုသူတစ်ပါးတို့ နာယူကြမည် မဟုတ်ကုန် ဟူ၍လည်းကောင်း
- သစ္စာတရားရှိမှ သီလအစရှိသော ဂုဏ်ကျေးဇူးများဖြစ်ထွန်းနိုင်သည် အစရှိသည်ဖြင့် လည်းကောင်း၊
- သစ္စာတည်းဟူသော တည်ရာတရားဖြင့်သာ ခပ်သိမ်းသောစာဂ၊ စရိယ တရားတို့ကို စင်ကြယ်ပြည့်စုံနေခြင်းငှာ စွမ်းနိုင်ရကား သဘာဝဓမ္မတို့၌ မချွတ်မယွင်း မှန်ကန်ခြင်းဖြင့် ခပ်သိမ်းသောပါရမီ စာဂစရိယ အလုပ်တို့ကို ပြုလုပ်နိုင်ပြီးလျှင် ဘုရားလောင်းတို့၏အကျင့်ကြီး ပြီးမြောက်နိုင်သည်ဟူ၍လည်းကောင်း

ဤသို့အစရှိသည်ဖြင့် သစ္စာပါရမီ၌ ဆင်ခြင်ရပါသည်။

## ၈။ အဓိဋ္ဌာနပါရမီ၌ ဆင်ခြင်ရပုံ

ဒါနအစရှိသော ပါရမီကောင်းမှုတို့၌ မြဲမြံစွာဆောက်တည်ခြင်းအဓိဋ္ဌာန်မရှိလျှင် ဒါနအစရှိသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သည့် မစ္ဆရိယစသည်တို့ပေါင်းဆုံကျရောက်သောအခါ ထိုဒါနစသည်အမှု၌ မတုန်မလှုပ် ကြံ့ကြံ့ခိုင်ကျည် မတည်နိုင်တော့ပေ။

ထိုသို့ မတည်နိုင်လျှင် ထိုဒါနစသည်တို့၌ လိမ္မာကျွမ်းကျင်မှုရဲရင့်မှုများ မရှိနိုင်ပေ။

ထိုဒါနကောင်းမှုစသည်တို့၌ လိမ္မာကျွမ်းကျင်မှု၊ ရဲရင့်မှုများမရှိခဲ့သော် သဗ္ဗညုတဉာဏ်၏အကြောင်းဖြစ်သော ဒါနပါရမီစသော အဆောက်အဦးများ မဖြစ်နိုင်တော့ပေ။

ဒါနစသော ကောင်းမှုတို့၌မြဲမြံစွာ ဆောက်တည်ချက်ရှိမှသာ ထိုဒါနစသည်တို့၏ ဆန့်ကျင်ဘက်ဖြစ်သော မစ္ဆရိယစသည်တို့ ပေါင်းဆုံကျရောက်လာလျှင် ဒါနမှုစသည်တို့၌ မတုန်မလှုပ်ကြံ့ကြံ့ခိုင်ကျည်တည်နိုင်ပေသည်။

ထိုသို့ တည်နိုင်မှသာ ထိုဒါနကောင်းမှုစသည်တို့၌ လိမ္မာကျွမ်းကျင်မှု ရဲရင့်မှုများဖြစ်နိုင်ပေသည်။

ထိုသို့တည်နိုင်မှသာ ထိုဒါနကောင်းမှုစသည်တို့၌ လိမ္မာကျွမ်းကျင်မှု ရဲရင့်မှုများဖြစ်နိုင်ပေသည်။

ထိုသို့ဖြစ်မှ သဗ္ဗညုတဉာဏ်အကြောင်းဖြစ်သော ဒါနပါရမီစသော အဆောက်အဦးများဖြစ်နိုင်သည်။

ထိုသို့အစရှိသည်ဖြင့် အဓိဋ္ဌာန်၌ ဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်ရာ၏။

## ၉။ မေတ္တာပါရမီဒ္ဒ ဆင်ခြင်ရပုံ

မိမိတစ်ဦးတည်း၏ စီးပွားမှု၌ တစ်ကိုယ်ကောင်းအားထုတ်မှုပင် ဖြစ်သော်လည်း သတ္တဝါတို့၏အပေါ်၌ အကျိုးစီးပွားလိုလားသော မေတ္တာစိတ်မရှိလျှင် ပစ္စုပ္ပန်တမလွန် စည်းစိမ်များကို မရနိုင်မရောက်နိုင်ချေ။

ခပ်သိမ်းသော သတ္တဝါတို့ကို နိဗ္ဗာန်စည်းစိမ်၌ တည်စေလိုသော ဘုရားလောင်းဖြစ်သူများက အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ သတ္တဝါတို့၌ အတိုင်းမသိမေတ္တာစိတ်ရှိမှသာ မိမိရည်မှန်းချက်အတိုင်း သတ္တဝါတို့ကို နိဗ္ဗာန်စည်းစိမ်၌ တည်စေနိုင်မည်ဟူ၍ လည်းကောင်း၊

နောင်တစ်ချိန် ဘုရားဖြစ်သောအခါ ခပ်သိမ်းသောသတ္တဝါတို့၏ မဂ်၊ ဖိုလ် နိဗ္ဗာန်တည်းဟူသော လောကုတ္တရာစည်းစိမ်းကို လိုလားတောင့်တသော ငါသည် ယခုကပင် ကြိုတင်၍လောကီစည်းစိမ်နှင့် ပြည့်စုံရန်လိုလားတောင့်တမှုသည် သင့်လျော်လှပေသည်ဟူ၍ လည်းကောင်း၊

ယခုအခါ အလိုဆန္ဒအာသယဖြင့် သူတစ်ပါးတို့၏ စီးပွားချမ်းသာရေးအတွက် စိတ်ဖြင့်ဆောင်ရွက်မှုကို မပြုနိုင်လျှင် အဘယ်အခါ၌ကိုယ်ရောနှုတ်ပါလုံ့လပယောဂဖြင့် သူတစ်ပါးတို့၏စီးပွားချမ်းသာကို ပြီးစေနိုင်ချိမ့်နည်းဟူ၍ လည်းကောင်း၊

ငါသည် ယခုကပင်ကြိုတင်၍ မေတ္တာစိတ်ဖြင့် ကြီးထွားစေအပ်သော သတ္တဝါတို့သည် နောင်အခါ၌ငါ၏ တရားအမွေခွဲဝေပေးကမ်းသောပွဲဝယ် အမွေခံ အဖော်သဟဲများ ဖြစ်လာကြပေလိမ့်မည် ဟူ၍လည်းကောင်း၊

ထိုသတ္တဝါတို့နှင့် ကင်း၍ငါ၏ပါရမီ အဆောက်အဦးတို့သည် မဖြစ်နိုင်ချေ။ ထို့ကြောင့် ဤသတ္တဝါတို့သည် အလုံးစုံသော ဘုရားရှင်၏ဂုဏ်ကျေးဇူးအသရေများ ပြီးမြောက်ပြည့်စုံကြောင်း ဖြစ်သောကြောင့် ငါ၏အဖို့ ကုသိုလ်မျိုးကို စိုက်ပျိုးကြချရာ အလွန်မြတ်သောလယ်ယာမြေကောင်းကြီးများ၊ အလွန်မြတ်သောကောင်းမှုပြုရာ ဌာနကြီးများဖြစ်ပေသည် ဟူ၍လည်းကောင်း။

ဆင်ခြင်စဉ်းစားပြီးလျှင် ထူးထူးခြားခြားပင် သတ္တဝါခပ်သိမ်းတို့၌ အစီးအပွား လိုလားသော အတွင်းစိတ်ဓာတ်ဖြစ်စေနေရသည်။

ကရုဏာသည် ဘုရားအဖြစ်ကိုပြုတတ်သော တရားပေါင်းတို့၏ အစအဆုံး အကျင့်မူလဖြစ်သည်။

အပိုင်းအခြားမထားသောစိတ်ဖြင့် သတ္တဝါတို့၌စီးပွားချမ်းသာကိုကပ်၍ ဆောင်ခြင်း၊ မေတ္တာအမှု၌နှစ်ခြိုက်မွေ့လျော်နေသော ဘုရားလောင်းအားသတ္တဝါတို့၏ စီးပွားမဲ့အကျိုးမဲ့ကို ပယ်ရှားလိုခြင်း ကရုဏာသည် အမြစ်ခိုင်မြဲစွာ ထားရှိသူဖြစ်နိုင်ပါသည်။

ထို့ကြောင့် ကရုဏာ၏အခြေခံအကြောင်းရင်းဖြစ်သော ခပ်သိမ်းသော သတ္တဝါတို့၌ မေတ္တာတရားကို ပွားများသင့်လှပေသည်။

ဤသို့အစရှိသည်ဖြင့် မေတ္တာ၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်ရပါသည်။

## ၁၀။ ဥပေက္ခာပါရမီဆင်ခြင်ရပုံ

- ဥပေက္ခာမရှိလျှင် သတ္တဝါတို့ပြုအပ်သော ဖောက်ပြန်မှားယွင်းချက်များသည် ငါ၏စိတ်နေစိတ်ထား ဖောက်ပြားနေလျှင် ဒါနအစရှိသော သဗ္ဗညုတဉာဏ်၏ အဆောက်အဦးများဖြစ်ပွားနိုင်ခွင့်မရှိချေဟူ၍လည်း ကောင်း၊
- သတ္တဝါတို့အပေါ်၌ ဥပေက္ခာမရှိဘဲ စိတ်သည်မေတ္တာချည်းသက်သက်မျှဖြင့်သူ ချစ်ခင်နေလျှင် ပါရမီအဆောက်အဦတို့ စင်ကြယ်ခြင်း မဖြစ်နိုင် ဟူ၍လည်းကောင်း၊
- ဥပေက္ခာမရှိသောသူသည် ကောင်းမှုအဆောက်အဦးနှင့် ထိုကောင်းမှု၏ အကျိုးတို့ကို သတ္တဝါတို့အတွက် စီးပွားဖြစ်ဖို့ရန် ညွတ်ကိုင်းခြင်းငှာ မတတ်နိုင်ချေဟူ၍ လည်းကောင်း၊
- ဘုရားအလောင်းတို့မည်သည် လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့ကို မခွဲခြားဘဲ လှူဒါန်းမြဲဖြစ်သည်။ ဥပေက္ခာမရှိလျှင် လှူဖွယ်ဝတ္ထုနှင့်

အလှူခံပုဂ္ဂိုလ်တို့ကို မခွဲခြားဘဲစွန့်ကြဲပေးကမ်းလှူဒါန်းခြင်းငှာ မတတ်နိုင်ဟူ၍ လည်းကောင်း၊

- ဥပေက္ခာအစွမ်းဖြင့် သူတော်ကောင်းတရား၌ မမွေ့လျော်ခြင်းတည်းဟူသော တရားကာမ၌ မွေ့လျော်ခြင်းတရားတို့ကို လွှမ်းမိုးနိုင်သောသူအားသာလျှင် လွတ်မြောက်ခြင်း၊ စွမ်းအားပြီးမြောက်ပြည့်စုံနိုင်သည်ဟူ၍ လည်းကောင်း၊
- အသင့်အားဖြင့် ကြည့်ရှုဆင်ခြင်ခြင်းရှိမှ ခပ်သိမ်းသောပါရမီအဆောက်အဦကိစ္စတို့ကို ပြီးမြောက်နိုင်သည်ဟူ၍လည်းကောင်း၊
- ဝီရိယလွန်ကဲနေလျှင် ဥပေက္ခာမရှိက ပဓာနအလုပ်ကိုအားမထုတ်နိုင်ဟူ၍လည်းကောင်း၊
- ဥပေက္ခာရှိသောသူအားသာလျှင် သည်းခံခြင်းခန္တီတရားကိုစူးစိုက်မှုရှိနိုင်သည် ဟူ၍လည်းကောင်း၊
- ဥပေက္ခာ၏အစွမ်းဖြင့် သတ္တဝါသင်္ခါရတို့အား မချွတ်ယွင်းစေမှု သစ္စာသဘောရှိသည်ဟူ၍လည်းကောင်း၊
- ကောင်း၊ မကောင်းလောကဓံတရားတို့ကို လျစ်လျူရှုခြင်းဖြင့် ဖြည့်ကျင့်မည်ဟု ဆောက်တည်အပ်ပြီးသောပါရမီတရားတို့၌ မတုန်မလှုပ် ကြံ့ကြံ့တည်ခြင်း အဓိဋ္ဌာန်ပြီးမြောက်နိုင်သည်ဟူ၍လည်းကောင်း၊
- ဥပေက္ခာရှိမှ သူတစ်ပါးတို့၏ပြစ်မှားမှုစသည်၌ နှလုံးမသွင်းခြင်းဖြစ်နိုင်သည်။ ထိုသို့နှလုံးမသွင်းမှလည်း မေတ္တာဖြင့်နေခြင်းပြီးစီးအောင်မြင်နိုင်သည်ဟူ၍လည်းကောင်း၊

ဤသို့ဖြင့် ဥပေက္ခာပါရမီကို ဆင်ခြင်ရပါသည်။

ဤသို့လျှင် မစွန့်ကြဲ မလှူဒါန်းခြင်စသည်တို့၌ အပြစ်ကိုဆင်ခြင်နိုင်သောပစ္စဝေက္ခဏာဉာဏ်များ၊ စွန့်ကြဲပေးကမ်းခြင်း စသည်တို့၌အကျိုးကို ဆင်ခြင်သောပစ္စဝေက္ခဏာဉာဏ်များသည် ပါရမီတို့၏အခြေခံအကြောင်းရင်းဖြစ်ကုန်သည်။

## ၄။ အကြောင်းနှင့်တကွ စရဏ(၁၅)ပါး

## အဘိညာဉ်(၅)ပါး

စရဏ(၁၅)ပါးနှင့် အဘိညာဉ်(၅)ပါးသည် ပါရမီတို့၏အခြေခံ အကြောင်းများ ဖြစ်ကြပါသည်။

စရဏ(၁၅)ပါးဟူသည်ကား -

၁။ သီလကိုစောင့်ထိန်းခြင်း

၂။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣန္ဒြေခြောက်ပါး၊ တံခါးခြောက်ပေါက်တို့၌ အကုသိုလ်တို့ မဝင်မပျက်စီးအောင် သတိဖြင့်လုံအောင်စောင့်ထိန်းခြင်း၊

၃။ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်ခံယူခြင်းသုံးဆောင်ခြင်းတို့၌ အတိုင်းအရှည်ကိုသိခြင်း၊

၄။ နံနက်၊ နေ့လယ်၊ ညနေ၊ ညဦးယံ၊ သန်းခေါင်ယံ၊ မိုးသောက်ယံဟူသောအချိန်ပိုင်း(၆)ပိုင်းတွင် သန်းခေါင်ယံပိုင်း၌သာ အိပ်စက်၍ကျန်သော (၅)ပိုင်း၌ ထိုင်၊ သွား၊ ဣရိယာပုဒ်နှစ်ပါးတို့ဖြင့်သာ မှုတစ္စာတရားအား ထုတ်နေခြင်း

| | | |
|---|---|---|
| ၅။ | သဒ္ဓါတရားရှိခြင်း | သူတော်ကောင်းဥစ္စာ(၇)ပါးရှိခြင်း |
| ၆။ | သတိတရားရှိခြင်း | |
| ၇။ | ဟိရီ(အရှက်)တရားရှိခြင်း | |
| ၈။ | ဩတ္တပ္ပ(အကြောက်)တရားရှိခြင်း | |
| ၉။ | ဗာဟုသစ္စတရားရှိခြင်း | |
| ၁၀။ | ဝီရိယရှိခြင်း | |
| ၁၁။ | ပညာဆင်ခြင်တရားရှိခြင်း | |
| ၁၂။ | ပထမဈာန် | ဈာန်လေးပါးရှိခြင်း |
| ၁၃။ | ဒုတိယဈာန် | |
| ၁၄။ | တတိယဈာန် | |
| ၁၅။ | စတုတ္ထဈာန် | |

သူတော်ကောင်းတရား(၇)ပါးတို့တွင် -

(က) **သဒ္ဓါ၏အကြောင်းတရားတို့သည်ကား -**

- ဘုရားဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း
- တရားဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း
- သံဃာဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း
- မိမိ၏သီလဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း
- မိမိ၏ဒါနမှုစာဂမှုတို့ကို အဖန်ဖန်အောက်မေ့ခြင်း
- နတ်တို့ကို သက်သေထား၍မိမိ၏သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတို့ကို အဖန်ဖန်အောက်မေ့ခြင်း
- နိဗ္ဗာန်၏ဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း
- သဒ္ဓါတရား ခေါင်းပါးချောက်ကပ်သူကို ပယ်ခွယ်ရှောင်ကြဉ်ခြင်း
- သဒ္ဓါတရားဖြစ်ပွားစေတတ်သော တရားတို့ကို ဆင်ခြင်ခြင်း
- ဣရိယာပုတ်တိုင်း သဒ္ဓါတရားဖြစ်ဖို့ရန် စိတ်ညွတ်ကိုင်းရှိုင်းနေခြင်း

တို့ဖြစ်ပါသည်။

**(ခ)သတိ၏အကြောင်းတရားတို့သည်ကား**

- ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်းစသော ခုနစ်ပါးသောအရာတို့၌ သတိသမ္ပဇဉ်နှင့်ယှဉ်ခြင်း
- သတိမေ့လျော့ ပေါ့တန်သူကိုရှောင်ခြင်း
- သတိရှိသူကို မှီဝဲခြင်း
- ဣရိယာပုတ်တိုင်းသတိကိုဖြစ်စေခြင်းငှာ အမြဲညွတ်ကိုင်းသောစိတ်ရှိခြင်း

**(ဂ-ဃ)ဟီရိ ဩတ္တပ္ပတို့၏ အကြောင်းကာ**

- အကုသိုလ်အပြစ်ကို ဆင်ခြင်ခြင်း
- အပါယ်ဘုံ၏အဖြစ်ကို ဆင်ခြင်ခြင်း

- ကုသိုလ်တရားတို့၏ ထောက်ပံ့ပုံကို ဆင်ခြင်ခြင်း
- ဟီရိ ဩတ္တပ္ပကင်းသူကို မှီဝဲခြင်း
- ဟီရိဩတ္တပ္ပရှိသူကို ရှောင်ကြဉ်ခြင်း
- ဣရိယာပုတ်တိုင်း ဟီရိဩတ္တပ္ပကို ဖြစ်စေခြင်းငှာ အမြဲညွတ်ကိုင်းသော စိတ်ရှိနေခြင်း

(င)ဗာဟုသစ္စ၏ အကြောင်းတရားတို့ကား

- ရှေးကဆည်းပူးအလေ့အလာထူးရှိခြင်း
- အဖန်ဖန် အကြိမ်ကြိမ်မေးမြန်းစုံစမ်းလေ့ရှိခြင်း
- သူတော်ကောင်းတရား၌ ယှဉ်ခြင်းအားထုတ်ခြင်း
- အပြစ်ကင်းသောအတတ်ပညာတို့ကို လေ့လာခြင်း
- သဒ္ဓါစသော ဣန္ဒြေတို့ရင့်ကျက်ခြင်း
- ကိလေသာမှ ဝေးအောင်ရှောင်ခြင်း
- အကြားအမြင် နည်းပါးသူကို ရှောင်ကြဉ်ခြင်း
- အကြားအမြင်များသူကို မှီဝဲခြင်း
- ဣရိယာပုတ်တိုင်း ဗဟုသုတများဖို့ရာ အမြဲညွတ်သောစိတ်ရှိခြင်း

(စ)ဝီရိယ၏အကြောင်းတရားတို့ကား

- အပါယ်ဘေးကို ဆင်ခြင်ခြင်း
- ဝီရိယ၏အကျိုးကို ရှုမြင်ခြင်း
- ဘုရားစသော သူတော်ကောင်းတို့သွားရောက်ရာ လမ်းခရီးသို့လိုက် သင့်၏ဟုဆင်ခြင်ခြင်း
- တရားအားထုတ်ခြင်းဖြင့် ဆွမ်းကိုရှိသေပူဇော်ခြင်း
- သူတော်ကောင်းဥစ္စာတည်းဟူသော အမွေခံမြတ်သည်ကို ဆင်ခြင်ခြင်း
- ဆရာဘုရား၏မြတ်သည်အဖြစ်ကို ဆင်ခြင်ခြင်း

- သီတင်းသုံးဖော်၏မြတ်သည်ကို ဆင်ခြင်ခြင်း
- ပျင်းရိသောသူကို ရှောင်ကြဉ်ခြင်း
- အားထုတ်လုံ့လဝီရိယရှိသူကို မှီဝဲခြင်း
- ဣရိယာပုတ်တိုင်း ဝီရိယကိုဖြစ်စေရန် အမြဲညွှတ်ကိုင်းသောစိတ်ရှိခြင်း

**(ဆ) ပညာ၏အကြောင်းတရားတို့ကား**

- ခန္ဓာ၊ အာယတနဓာတ်စသည်ကို မေးမြန်းဖန်များခြင်း
- ကိုယ်တွင်းကိုယ်ပ ဝတ္ထုသန့်ရှင်းစင်ကြယ်ခြင်း
- သဒ္ဓါလွန်လျှင် လွန့်သည်၊ ပညာလွန်လျှင်ဆွံ့သည်၊ ဝီရိယာလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် ကွန့်သည်၊ သတိမူကားလွန်သည်မရှိ လိုသည်သာရှိသည်ဟု ဆိုထားသောကြောင့် သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိတို့ကို မျှစေခြင်း
- ပညာမဲ့သူကို ရှောင်ကြဉ်ခြင်း
- ပညာရှိသူကို မှီဝဲဆည်းကပ်ခြင်း
- နက်နဲသောခန္ဓာစသည်၌ဖြစ်သောနက်နဲသောပညာအပြားကို ဆင်ခြင်ခြင်း
- ဣရိယာပုတ်တိုင်း ပညာဖြစ်စေခြင်းငှာ အမြဲညွတ်ကိုင်းသောစိတ်ရှိခြင်း

ဤစရဏတရား အဘိညာဉ်တရားတို့ဖြင့် ပယောဂသုဒ္ဓိ၊ အသယသုဒ္ဓိတို့ကို ဖြစ်စေနိုင်ပါသသည်။

- ပယောဂသုဒ္ဓိဖြင့်သတ္တဝါတို့အား အဘယဒါန ပြုလုပ်ရန်စွမ်းနိုင်ပါသည်။
- အာသယသုဒ္ဓိဖြင့် အာမိသဒါနပြုစွမ်းနိုင်ပါသည်။
- ထိုနှစ်ပါးဖြင့် ဓမ္မဒါနပြုစွမ်းနိုင်ပါသည်။

ဤသို့အစရှိသည်ဖြင့် စရဏတရား၊ အဘိညာဉ်တရားတို့၏ ပါရမီတို့ကို **အကြောင်း**ဖြစ်ပုံကို ထိုက်သည့်အလျောက်ထုတ်ဆောင်ရပါသည်။

**ပါရမီတို့၏ ညစ်နွမ်းကြောင်းများ**

တဏှာ၊ မာန၊ ဒိဋ္ဌိအစရှိသော တရားတို့ဖြင့် ပါရမီတို့ကို ငါ ငါ့ဉစ္စာ၊ ငါ့လိပ်ပြာစသည်ဖြင့် အလွဲလွဲအမှားမှားသုံးသပ် ဆင်ခြင်ခြင်းသည် ပါရမီတို့၏ ညစ်နွမ်းကြောင်းဖြစ်ပါသည်။

၁။ လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့၌ ထွေလာစဉ်းစားအကြံများနေခြင်းသည် ဒါနပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်သည်။ ဒါနပါရမီ ဖြည့်ကျင့်သော ဘုရားလောင်းသည် ကောင်းဆိုးယုတ်မြတ်၊ မိမိ၌ထင်ရှားရှိနေသော လှူဖွယ်ဝတ္ထုကို ဆိုက်ရောက်လာသောအလှူခံ ပုဂ္ဂိုလ်အား အယုတ်၊ အမြတ်မရွေး လှူဒါန်းရပါသည်။

ဤအလှူဝတ္ထုကားညံ့၍ မလှူချင်၊ အလွန်ကောင်းမြတ်နေ၍ မလှူနိုင်၊ ဤအလှူခံ ပုဂ္ဂိုလ်ကားဒုဿီလဖြစ်၍မလှူနိုင်။ ဤသို့စသည်ဖြင့် လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့၌ ထွေလာစဉ်းစားအကြံများနေလျှင် ဒါနပါရမီ ညစ်နွမ်းသည်ဟု ဆိုလိုပါသည်။

၂။ သတ္တဝါနှင့် အချိန်အခါတို့၌ ထွေလာစဉ်းစားအကြံများနေခြင်းသည် သီလပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်သည်။

သီလပါရမီဖြည့်ကျင့်လိုလျှင် သတ္တဝါမရွေး၊ အချိန်အခါမရွေးဖြည့်ကျင့်ရသည်။ ဤမည်ဤမည်သော သတ္တဝါတို့၌သာ သတ်ခြင်းမှရှောင်ကြဉ်အံ့၊ ဤမည်သောသတ္တဝါတို့၌ကား မရှောင်ကြဉ်အံ့။ ဤအချိန်အခါ၌သာ သီလစောင့်အံ့။ ဤအချိန်အခါ၌ မစောင့်အံ့ဟူ၍ သတ္တဝါနှင့် အချိန်အခါတို့၌ ထွေလာစဉ်းစားနေလျှင် သီလပါရမီညစ်နွမ်းပါသည်။

၃။ ကာမနှစ်ပါး၊ ဘဝသုံးပါးတို့၌ မွေ့လျော်ဖွယ်အနေဖြင့်ကြံစည်နေခြင်း၊ ထိုကာမဘဝတို့၏ ငြိမ်းအေးမှု၌ မမွေ့လျော်ဘွယ်အဖြစ်ဖြင့် ကြံစည်နေခြင်းများသည် နေက္ခမ္မပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်ပါသည်။

၄။ ငါ၊ ငါ့ဉစ္စာဟူ၍ မိစ္ဆာစိတ်ကအပြောမှာ အကြံများခြင်းသည် ပညာပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်၏။

၅။ ထိနမိဒ္ဓနှင့် ဥဒ္ဓစ္စတရားများကို ဖြစ်ပွားစေတတ်သော ဆုတ်နစ်ပြန့်လွင့်ကြောင်း အကြံအစည်များသည် ဝီရိယပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်သည်။

၆။ မိမိသူတစ်ပါး၊ (သူ့လူ၊ ကိုယ့်လူခွဲခြား) အကြံအစည်မှားခြင်းသည် ခန္တီပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်သည်။

၇။ မမြင်၊ မကြား၊ မရောက်၊ မသိအပ်သော အရာတို့၌ မြင်၊ ကြား၊ ရောက်၊ သိသောအနေဖြင့်လည်းကောင်း၊ မြင်၊ ကြား၊ ရောက်၊ သိအပ်သောအရာတို့၌ မမြင်၊ မကြား၊ မရောက်၊ မသိသောအနေဖြင့် လည်းကောင်း ကြံမှားခြင်းသည် သစ္စာပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်သည်။

၈။ ဗောဓိသမ္ဘာရဖြစ်သည့် ပါရမီ၊ စာဂ၊ စရိယ ကုသိုလ်တရားတို့၌ အပြစ်အနေကြံစည်ခြင်း၊ ထိုဗောဓိသမ္ဘာရကောင်းမှုတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တရားတို့၌ ဂုဏ်ကျေးဇူးကို ကြံစည်ခြင်းများသည် အဓိဋ္ဌာနပါရမီ၏ညစ်နွမ်းကြောင်းဖြစ်သည်။

၉။ မိမိအပေါ်၌ အစီးအပွားကိုရွက်ဆောင်သူ၊ မရွက်ဆောင်သူ(မိမိနှင့် သင့်မြတ်သူ၊ မသင့်မြတ်သူ)ဟူ၍ ထွေလာစဉ်းစားအကြံများခြင်းသည် မေတ္တာပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်ပါသည်။

၁၀။ရောက်ဆိုက်တွေ့ကြုံ ထိုထိုအာရုံတို့၌ ကောင်း-မကောင်းခွဲခြား အကြံများနေခြင်းသည် ဥပေက္ခာပါရမီ၏ ညစ်နွမ်းကြောင်းဖြစ်သည်။

## ပါရမီတို့၏ ဖြူစင်ကြောင်းတရားများ

တဏှာ၊ မာန၊ ဒိဋ္ဌိစသည်တို့ဖြင့် မဖျက်စီးအပ်ခြင်းသည်လည်းကောင်း လျှပွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်စသည်တို့၌ ထွေလာစဉ်းစားအကြံမမှားခြင်းသည်လည်းကောင်း ပါရမီတို့၏ဖြူစင်ကြောင်းများ ဖြစ်ကြပါသည်။

တဏှာ၊ မာန၊ ဒိဋ္ဌိစသော ကိလေသာတို့ဖြင့်လည်း မဖျက်ဆီးအပ်ဘဲ လျှပွယ် ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်သည်၌ ထွေလာစဉ်းစား အကြံများမှုလည်းမရှိဘဲ

ပွားများ အားထုတ်အပ်သည့် ဒါနစသောပါရမီတို့သည်သာလျှင် ဖြူစင်သော ပါရမီတို့ ဖြစ်နိုင်ကြပါသည်။

## ပါရမီတို့၏ ဆန့်ကျင်ဘက်တရားများ

ခပ်သိမ်းသော ကိလေသာတရား၊ ခပ်သိမ်းသောအကုသိုလ်တရားတို့သည် သာမညအားဖြင့် ပါရမီတို့၏ဆန့်ကျင်ဘက်တရားများဖြစ်ပါသည်။

အထူးအားဖြင့်-

၁။ လှူဖွယ်ဝတ္ထု၌ တပ်မက်သော လောဘတရား၊ ဝန်တိုသောမစ္ဆရိယတရားများသည် ဒါနပါရမီ၏ဆန့်ကျင်ဘက်

၂။ ဒုစရိုက်တရားများသည် သီလပါရမီ၏ဆန့်ကျင်ဘက်

၃။ ဝတ္ထုကာမကိလေသာကာမတို့၌ မွေ့လျော်ပျော်ပိုက်ခြင်းသည် နေက္ခမပါရမီ၏ ဆန့်ကျင်ဘက်

၄။ ပြင်းစွာ တွေဝေခြင်းသည် ပညာပါရမီ၏ ဆန့်ကျင်ဘက်

၅။ အပျင်းထူကြောင်းတရားများသည် ဝီရိယပါရမီ၏ဆန့်ကျင်ဘက်

၆။ ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့၌ လောဘ၊ ဒေါသ အသွင်ဖြင့်သည်းမခံနိုင်ခြင်းသည် ခန္တီပါရမီ၏ ဆန့်ကျင်ဘက်

၇။ ဟုတ်မှန်သော သဘာဝကိုကောင်းစွာမပြုခြင်းသည် သစ္စာပါရမီ၏ ဆန့်ကျင်ဘက်

၈။ ပါရမီတို့၏ ဆန့်ကျင်ဘက်တရားများကို မိမိကနိုင်အောင် မကျင့်နိုင်ခြင်းသည် အဓိဋ္ဌာနပါရမီ၏ ဆန့်ကျင်ဘက်

၉။ ရန်ငြိုးဖွဲ့ခြင်း(၉)မျိုးသည် မေတ္တာပါရမီ၏ဆန့်ကျင်ဘက်

၁၀။ တွေ့ကြုံလာသော ဣဋ္ဌာ၊ အနိဋ္ဌာတို့ကို အညီအမျှမရှုခြင်းသည် ဥပေက္ခာ ပါရမီ၏ ဆန့်ကျင်ဘက်

အကျယ်သဘောအားဖြင့်

၁။ လျှူဖွယ်ဝတ္ထု၌ တပ်မက်ခြင်း လောဘ၊ အလှူခံပုဂ္ဂိုလ်၌ပြစ်မှား မုန်းတီးခြင်း ဒေါသ၊ အလှူနှင့်အကျိုးတရားတို့၌ တွေဝေခြင်း(မသိခြင်း) မောဟ၊ တရားမရှိပါမှ အလှူဒါနမြောက်နိုင်ရသည်ဖြစ်၍ လှူဖွယ်ဝတ္ထု ၌ တက်မက်ခြင်းလောဘ အလှူခံပုဂ္ဂိုလ်တို့၌ ပြစ်မှားမုန်းတီးခြင်း ဒေါသ အလှူနှင့် အကျိုးတရားတို့၌ တွေဝေခြင်းမောဟ။

ဤတရား(၃)မျိုးသည် ဒါနပါရမီ၏ ဆန့်ကျင်ဘက်များဖြစ်ကြသည်။

၂။ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် တည်းဟူသောကိုယ်အပြစ်၊ နှုတ်အပြစ်၊ စိတ်နှလုံးအပြစ်၊ ကောက်ကျစ်မှုများ ကင်းစင်မှသီလကို ကျင့်သုံးဆောက်တည်နိုင်ရကား ဒုစရိုက်ဆယ်ပါး၊ အကုသိုလ်တရားများသည် သီလပါရမီ၏ဆန့်ကျင်ဘက်များဖြစ်ကြ၏။

၃။ နေက္ခမကောင်းမှုသည် ကာမသုခမှလည်းကောင်း၊ သူတစ်ပါးကိုညှင်းပန်းနှိပ်စက်ခြင်းမှလည်းကောင်း၊ မိမိကိုယ်ကိုပင်ပန်းအောင် အားထုတ်ခြင်းမှ လည်းကောင်း၊ ရှောင်ကြဉ်တတ်သော တရားမြတ်ဖြစ်သော ကြောင့် ထိုကာမသုခကို လိုက်စားခြင်း၊ လောဘတရား၊ သူတစ်ပါးကို ညှင်းပန်းနှိပ်စက်ခြင်း၊ ဒေါသတရား မိမိကိုယ်ကိုပင်ပန်းအောင် အားထုတ်ခြင်း မောဟတရားများသည် နေက္ခမပါရမီ၏ဆန့်ကျင်ဘက် များဖြစ်ကြ၏။

၄။ လောဘ၊ ဒေါသ၊ မောဟတို့သည် သတ္တဝါတို့ကို မမြင်စမ်းလှမ်းကန်း အောင်ပြုတတ်သော တရားများဖြစ်ကြကုန်၏။ ပညာကား ထိုလောဘ၊ ဒေါသ၊ မောဟနှိပ်စက်သဖြင့် မမြင်စမ်းလှမ်းကန်းနေသော သတ္တဝါတို့ ကို ကန်းအောင်ပြုတတ်သည့် လောဘ၊ ဒေါသ၊ မောဟတို့သည် ပညာ ပါရမီ၏ဆန့်ကျင်ဘက်များဖြစ်ကြကုန်၏။

၅။ လောဘကြောင့် ကုသိုလ်မှုတို့၌ တွန့်ဆုတ်တတ်သည်။ ဒေါသ ကြောင့် ကုသိုလ်မှုတို့၌ မရပ်တည်နိုင် ရှိရသည်။ မောဟကြောင့်

အဝင်လမ်းမှန်ကို အားမထုတ်နိုင်ဘဲ ရှိရသည်။ ဝီရိယဖြင့် ကုသိုလ်မှုတို့၌ မတွန့်မဆုတ် မတုန်မလှုပ်အသင့်လမ်းမှန်ကျအောင် အားထုတ်နိုင်သည်။ သို့ဖြစ်၍ရကား ထိုပြီးအပ်သည့် လောဘ၊ ဒေါသ၊ မောဟ တရားများသည် ဝီရိယပါရမီ၏ ဆန့်ကျင်ဘက်များ ဖြစ်ကြ၏။

၆။ ခန္တီတရားရှိမှ ဣဋ္ဌအာရုံ၌ လောဘဘက်သို့မယိုင် ကြံ့ကြံ့ခိုင်သည်။ အနိဋ္ဌအာရုံ၌ ဒေါသဘက်သို့ မယိမ်းယိုင်ကြံ့ကြံ့ခံနိုင်သည်။ သဘာဝတရားတို့၏ပုဂ္ဂိုလ်သတ္တဝါအဖြစ်မှဆိတ်သုဉ်းမှုကို စူးစူးစိုက်စိုက်ကြည့်နိုင်သည်။ သို့ဖြစ်ရကား ဣဋ္ဌာအနိဋ္ဌာသုညတသဘောတို့ကို ကြံ့ကြံ့မခံနိုင်။ စူးစူးစိုက်စိုက် မကြည့်နိုင်သော ထိုလောဘ၊ ဒေါသ၊ မောဟ တရားတို့သည် ခန္တီပါရမီ၏ ဆန့်ကျင်ဘက်များဖြစ်ကြကုန်၏။

၇။ သစ္စာမရှိလျှင် သူတစ်ပါးတို့က ကျေးဇူးပြုလျှင် ပြုသည့်အလျောက် လောဘဘက်သို့လိုက်ပါတတ်သည်။ ပြစ်မှားမှုပြုလျှင်လည်း ပြုသည့်အလျောက် ဒေါသဘက်သို့လိုက်ပါတတ်သည်။ ထိုအခါဟုတ်မှန်သည့်အတိုင်း မဖြစ်နိုင်ဘဲရှိတတ်သည်။ သစ္စာရှိမှသာ သူတစ်ပါးတို့က ကျေးဇူးပြုမှု၊ ပြစ်မှားမှုရှိစေကာမူ လောဘ၊ ဒေါသဘက်သို့ မလိုက်ပါစေဘဲ အမှန်အတိုင်းဖြစ်နိုင်ရကား သူတစ်ပါးတို့၏ ကျေးဇူးပြုမှုကြောင့် လိုက်ပါတတ်သော ဒေါသနှင့်အမှန်အတိုင်းမဖြစ်နိုင်သော မောဟတို့သည် သစ္စာပါရမီ၏ ဆန့်ကျင်ဘက်များဖြစ်ကြကုန်၏။

၈။ မေတ္တာဘာဝနာဖြင့် နိဝရဏတရားများကင်းဆိတ်နိုင်သောကြောင့် ထိုနိဝရဏအပါအဝင် လောဘ၊ ဒေါသ၊ မောဟတို့သည် မေတ္တာပါရမီ၏ဆန့်ကျင်ဘက်များ ဖြစ်ကြကုန်၏။

၉။ ဥပေက္ခာမရှိလျှင် ဣဋ္ဌ၊ အနိဋ္ဌအာရုံတို့၌ လောဘ၊ ဒေါသ၊ မောဟတို့ကို မဖျက်ဆီးမပယ်နှုတ်ထားနိုင်၊ အညီအမျှမဖြစ်နိုင်၊ ဥပေက္ခာရှိမှသာ ဣဋ္ဌ၊ အနိဋ္ဌအာရုံတို့၌ လောဘ၊ ဒေါသ၊ မောဟတို့ကို ဖျက်ဆီးပယ်နှုတ်ထားနိုင်၊ အညီအမျှဖြစ်နိုင်သောကြောင့် လောဘ၊ ဒေါသ၊ မောဟ တို့သည် ဥပေက္ခာပါရမီ၏ ဆန့်ကျင်ဘက်များဖြစ်ကြကုန်၏။

## ပါရမီတို့ကို ဖြည့်ကျင့်ပုံ

ဒါနပါရမီ၌ အလောင်းတော်သည် -

- သူချမ်းသာကို ရှက်ဆောင်ခြင်း
- ကိုယ်နှင့်အသက်ကို ရက်ရောစွာစွန့်လှူခြင်း
- သတ္တဝါတို့အပေါ် ကျရောက်လာမည့်ဘေးကို ဖယ်ရှားခြင်း
- သတ္တဝါတို့အား တရားလမ်းမှန်ကို ညွှန်ပြဟောကြားခြင်း

ဤသို့စသည်များစွာသော အခြင်းအရာဖြင့် သတ္တဝါတို့အားချီးမြှောက်ပြုစုသောအားဖြင့် ဒါနပါရမီကို ဖြည့်ကျင့်တော်မူသည်။

ထိုဒါနသည် -

(က) အာမိသဒါန

(ခ) အဘယဒါန

(ဂ) ဓမ္မဒါန

ဟူ၍ လှူဖွယ်ဝတ္ထု၏အစွမ်းဖြင့် သုံးပါးရှိပါသည်။

အာမိသဒါနဆိုင်ရာ ဘုရားအလောင်းတော်၏ လှူဖွယ်ဝတ္ထုသည်-

(၁) ကိုယ်တွင်း (အဇ္ဈတ္တိက)ဝတ္ထု

(၂) ကိုယ်ပ(ဗာဟိရ)ဝတ္ထု

ဟူ၍(၂)မျိုးခွဲခြား၍ရပေသည်။

ပြင်ပ(ဗာဟိရဒါန)ဝတ္ထုသည်-

(၁) ထမင်း (၆) နံ့သာ

(၂) အဖျော် (၇) နံ့သာပျောင်း

(၃) အဝတ် (၈) အိပ်ရာနေရာ

(၄) ယာဉ် (၉) ကျောင်း၊အိမ်

(၅) ပန်း (၁၀)ဆီမီးညှိထွန်းရန်ဆီမီးစာမီးခွက်

ဟူ၍ သုတ္တာန်ဒေသနာတော်အရ (၁၀)မျိုးရှိပါသည်။

(၁) အဆင်းအလှူ
(၂) အသံအလှူ
(၃) အနံ့အလှူ
(၄) အရသာအလှူ
(၅) အတွေ့အထိအလှူ
(၆) ဓမ္မအလှူ
ဟူ၍ အဘိဓမ္မာနည်းအရ အလှူ(၆)မျိုးရှိပါသည်။

## ပြင်ပ(ဗာဟိရ) အလှူပြုတော်မှုပုံ

လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးတို့တွင် ဘုရားအလောင်းတော်သည် အလှူခံပုဂ္ဂိုလ်အလိုရှိရာ လှူဖွယ်ပစ္စည်းကို ပေးလှူတော်မူလေသည်။

အလှူခံပုဂ္ဂိုလ် အလိုရှိနေသည်ကို သိတော်မူလျှင် မတောင်းဘဲသော်မှလည်း အလိုကိုသိကာ ပေးလှူတော်မူသည်။ ပေးလှူသောအခါ၌လည်း ကျွတ်ကျွတ်လွတ်လွတ် အချုပ်အချယ်မရှိ ပေးလှူတော်မူသည်။

လှူဖွယ်ဝတ္ထု အပြည့်အစုံ အလုံအလောက်ရှိလျှင် အလှူခံပုဂ္ဂိုလ်တို့အား အပြည့်အစုံ အလုံအလောက်ပင် လှူတော်မူသည်။ မလုံလောက်လျှင် ခွဲဝေသင့်သောအရာကိုခွဲ၍ လှူတော်မူသည်။

ပေးလှူရာဝယ် လက်နက်မျိုး၊ အဆိပ်မျိုး၊ သေရည်မျိုး အစရှိသော သူတစ်ပါးတို့အား နှိပ်စက်မည့်ပစ္စည်းမျိုးကိုလည်းကောင်း၊

အကျိုးမရ မေ့လျော့ပေါ့တန်ခြင်းကို ဖြစ်စေမည့် ကစားဖွယ်ရာပစ္စည်းမျိုးကိုလည်းကောင်း ပေးလှူတော်မမူ။

မကျန်းမာသော အလှူခံပုဂ္ဂိုလ်အား ထိုသူနှင့်မလျော်မသင့်သော စားသောက်ဖွယ်မျိုးကိုသော်လည်းကောင်း၊

သင့်လျော်စေကာမူ ပမာဏထက်ပိုလွန်၍လည်းကောင်း ပေးလှူတော်မမူဘဲ ထိုသူနှင့်သင့်လျော်သော စားသောက်ဖွယ်ရာမျိုးကိုသာ အချိန်အဆ ပမာဏနှင့် သင့်တင့်ရုံပေးလှူတော်မူလေသည်။

ထို့အတူ တောင်းခံအပ်သည်ရှိသော် လူတို့အားလူနှင့်သင့်လျော်သော လှူဖွယ် ဝတ္ထု။

ရဟန်းတို့အား ရဟန်းနှင့်သင့်လျော်သော လှူဖွယ်ဝတ္ထုကိုသာပေးလှူသည်။

- လှူသောအခါ၌လည်း အမိအဘ ဆွေမျိုးသားချင်းမိတ်သင်္ဂဟ၊ သားမယား၊ ကျေးကျွန်၊ အလုပ်သမားအစရှိသော မိမိနှင့်ဆက်သွယ်သူ တစ်စုံတစ်ယောက်ကိုမျှ ညှဉ်းပန်းမှုကို မဖြစ်စေရန် လှူတော်မူသည်။
- အကောင်းအမွန်ကို ပေးမည်ဟုဝန်ခံပြီးအယုတ်အညံ့ကို ပေးလေ့မရှိ၊
- လာဘ်ပူဇော်သက္ကာ အရှိန်အဝါအကျော်အစောကိုသော် လည်းကောင်း၊ ကျေးဇူးတုံ့ပြန်မှုကိုသော်လည်းကောင်း မျှော်တောင့်တ၍မပေးလှူပါ။
- သမ္မာသမ္ဗောဓိခေါ်သော သဗ္ဗညုတဉာဏ်မှ တစ်ပါးသောဘဝသမ္ပတ္တိ ဘောဂ သမ္ပတ္တိအကျိုးကို မျှော်ကိုးတောင့်တ၍လည်း လှူတော်မမူပါ။
- သဗ္ဗညုတဉာဏ်တစ်ခုကိုသာ ရည်သန်တောင့်တ၍ လှူတော်မူသည်။
- အလှူခံပုဂ္ဂိုလ်တို့ကိုသော်လည်းကောင်း၊ လှူဖွယ်ဝတ္ထုကိုသော်လည်းကောင်း၊ စက်ဆုပ်ရွံရှာ၍ မလှူပေ။
- ကိုယ်နှုတ်နှလုံး မစောင့်စည်းကြသော အလှူခံပုဂ္ဂိုလ်များကိုယ်တော်မြတ်ကို ဆဲရေးချုပ်ချယ်တတ်သည့် အလှူခံပုဂ္ဂိုလ်များအားသော်မှလည်း အမှိုက်သရိုက်ကို စွန့်ပစ်သည့် သဘောမျိုးကဲ့သို့ မရိုမသေစိတ်ညစ်၍ ပေးသော အနေလုံးဝမရှိဘဲ အလွန်ကြည်လည်သောစိတ်ထားဖြင့် သနား ကြင်နာ ကရုဏာရှေ့ထား၍ ရိုသေစွာပေးလှူသည်။
- အုတ်အုတ်ကြွက်ကြွက်မှုကို မင်္ဂလာဟုအယူရှိ၍ ပေးလှူခြင်းအလျဉ်း မရှိဘဲ ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်းဖြင့် သဒ္ဓါတရားထက်သန်စွာ ထားရှိ၍သာ ပေးလှူတော်မူသည်။

- အလှူခံပုဂ္ဂိုလ်များကို မိမိထံပါးခစားဆည်းကပ်ပျပ်ဝပ်စေခြင်း စသည်ဖြင့် ပင်ပန်းစေ၍ပေးလှူခြင်းမျိုး အလျဉ်းမရှိဘဲ မပင်ပန်းစေမူ၍သာ ပေးလှူတော်မူသည်။
- သူတစ်ပါးတို့အား လှည့်ဖြားလိုခြင်း၊ ကွဲပြားစေလိုခြင်း အလျဉ်းမရှိဘဲ အလွန်သန့်ရှင်းသောစိတ်ရှိ၍သာ လှူတော်မူသည်။
- ကြမ်းကြုတ်ရုန့်ရင်းသောစကားကို ပြောဆိုကာ မျက်မှောက်တကြုတ်ကြုတ် နှုတ်ခမ်းတစူစူနှင့် ပေးလှူခြင်းမျိုးအလျဉ်းမပြုတော့မူဘဲ ချိုသာသောစကားကို ပြောကြားလျက် မျက်နှာရွှင်ပျအေးမြသောစိတ်ရှိ၍သာ ပေးလှူသည်။
- လှူဖွယ်ဝတ္ထုက အလွန်ကောင်းမွန်နေသောကြောင့်ဖြစ်စေ၊ ကြာမြင့်စွာ လေ့လာသုံးစွဲခဲ့ရသောကြောင့်ဖြစ်စေ၊ လောဘ၏ပင်ကိုယ်သဘာဝက ကောင်းသောဝတ္ထု၌ တပ်မက်သောသဘောရှိသောကြောင့်ဖြစ်စေ၊ လှူဖွယ်ဝတ္ထုအပေါ်၌ အလွန်အကဲ လောဘကပ်စွဲနေသည်ကို သိရှိတော်မူလျှင် အလောင်းတော်သည် ထိုလောဘကို ပယ်ဖျောက်ပြီး အလှူခံပုဂ္ဂိုလ်ကို မရမနေ ရှာဖွေ၍သော်လည်းပေးလှူတော်မူသည်။
- လှူဖွယ်ဝတ္ထုကလည်း တစ်ယောက်စာမျှနည်းပါးလှသော အချိန်ဖြစ်သည်။ မိမိလည်း စားသုံးတော့မည့်ဆဲဆဲအချိန်၌ဖြစ်သည်။ အလှူခံပုဂ္ဂိုလ်ကလည်း ရှေ့ရှုမျက်မှောက်ဆိုက်ရောက်လာမှု ရှိသည်။ ဤအဖြစ်မျိုးကို ကြုံတွေ့ခဲ့သော် အလောင်းတော်သည် ထွေထွေလာလာ စဉ်းစားအကြံမှားမနေဘဲ မိမိမစားမသုံး အပင်ပန်းခံတော်မူပြီးလျှင် အလှူခံပုဂ္ဂိုလ်အား မြတ်နိုးကော်ရော် ပူဇော်လှူဒါန်းလေ့ ရှိပါသည်။
- အလောင်းတော်များသည် မိမိ၏သားမယားကျေးကျွန်အစရှိသောသူတို့ကို အလှူခံပုဂ္ဂိုလ်တို့က တောင်းခံလာလျှင် ထိုသူများကို နားလည်အောင်ပြောကြား ကျေနပ်နှစ်သက်စေပြီးမှ ဝမ်းမြောက်ဝမ်းသာရှိသော

ထိုသားများစသည်တို့ကို အလှူခံပုဂ္ဂိုလ်အား ပေးလှူတော်မူသည်။ ထိုသူပေးလှူရာတွင် ဘီလူးရက္ခိုက်အစရှိသည်တို့အား သိတော်မူလျှင် ပေးလှူတော်မမူချေ။

- မင်းအဖြစ်(ပြည်စည်းစိမ်)ကို စွန့်လှူရာမှာလည်း လူအပေါင်း၏ အစီးအပွားမဲ့ရန်၊ ဆင်းရဲဒုက္ခများရန်၊ အကျိုးမဲ့ဖြစ်ရန် ကျင့်ကြံမည့် သူတို့အား စွန့်လှူတော်မမူဘဲ တရားသဖြင့် လူအပေါင်းကို စောင့်ရှောက်မည့် အလှူခံများအားသာ ပေးလှူတော်မူသည်။

## ကိုယ်တွင်း(အဇ္ဈတ္တိက)အလှူလှူပုံ

အလောင်းတော်များသည် အတွင်း(အဇ္ဈတ္တိက)အလှူပြုပုံ(၂)မျိုးရှိပါသည်။

**(၁)တစ်ကိုယ်လုံးကိုလှူခြင်း**

အလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူလိုသောကြောင့် ဝဋ္ဋကာမဘဝချမ်းသာတို့ကို ရယူလိုစိတ် အလျဉ်းမရှိဘဲ သတ္တဝါတို့အတွက် အလွန်မြတ်သော စီးပွားချမ်းသာကိုသာ အလိုရှိတော်မူလျက် ဒါနပါရမီကို အထွတ်အထိပ်ရောက် ဖြည့်ကျင့်လိုသော ကုသိုလ်ဆန္ဒဖြင့် မိမိ၏တစ်ကိုယ်လုံးကို သူတစ်ပါးအားစွန့်လွှတ်တော်မူကာ ထိုသူစီမံသမျှ မငြင်းမဆန် နာခံပြုကျင့်တော်မူသည်။

**(၂)အစိတ်အင်္ဂါကိုလှူခြင်း**

လက်၊ ခြေ၊ မျက်စိစသော အင်္ဂါကြီးငယ်ကို အလိုရှိသောသူတို့အား မတုန်မလှုပ် မဆုတ်မနစ် စွန့်လှူတော်မူသည်။ ထိုအင်္ဂါကြီးငယ် အပေါ်၌ ငြိကပ်တွယ်တာခြင်း၊ တွန့်ဆုတ်ခြင်း အလျဉ်းပင်ရှိတော်မမူချေ။

အလောင်းတော်များသည် အလှူခံပုဂ္ဂိုလ်တို့၏ စိတ်နှလုံးအလိုကို ပြည့်စေလျက် ထိုသူတို့အလိုရှိတိုင်း ချမ်းသာစွာသုံးဆောင်ရန် အလို့ငှာလည်းကောင်း၊

အလှူဝတ္ထုပေါ်၌ တွယ်တာတပ်မက်ခြင်း လုံးဝမရှိဘဲ စွန့်လှူတော်မူသည် ဖြစ်၍ အလောင်းတော်အတွက် ပါရမီကောင်းမှုတို့၌ လေ့လာနိုင်နင်းရန် ဂုဏ်(ဝသိဘာဝဂုဏ်) ပြည့်စုံရန်အလို့ငှာ လည်းကောင်း၊ ဤကဲ့သို့စွန့်လှူခြင်းဖြင့် ငါသည် သဗ္ဗညုတဉာဏ်တော်ကို ဧကန်ရရှိလိမ့်မည်ဟု ယုံကြည်တော်မူကာ တစ်ကိုယ်လုံးနှင့် အင်္ဂါအစိတ်အပိုင်းတို့ကို စွန့်လှူတော်မူသည်။

အထူးအားဖြင့် ကိုယ်တော်အပေါ် ညှင်းပန်းနှိပ်စက်လိုကြသည့် မာရ်နတ်အား လည်းကောင်း၊ ထိုမာရ်နတ်၏ အသင်းအပင်းနတ်များအားလည်းကောင်း သိတော်မူလျှင် ထိုသူတို့အဖို့ရာ အကျိုးမဲ့မဖြစ်ပါလင့်ဟုဆင်ခြင်တော်မူကာ အလောင်းတော်၏ အတ္တဘောနှင့် ကိုယ်အင်္ဂါကြီးငယ်တို့ကို ပေးလှူတော်မမူ။

ထို့အတူ မာရ်နတ်၏အသင်းအပင်းဖြစ်သော မိစ္ဆာနတ်တို့ပူးဝင်နေသူတို့အားလည်းကောင်း၊ ရူးသွပ်သောသူတို့အားလည်းကောင်း ပေးလှူတော်မမူ။

အခြားသူတို့အားကား ထိုကဲ့သို့သော တောင်းခံခြင်းမျိုးကိုရခဲလှသောကြောင့် လည်းကောင်း၊ ထိုကဲ့သို့သောအတွင်းအလှူမျိုးကို လှူရခဲသောကြောင့်လည်းကောင်း၊ တောင်းလျှင်တောင်းချင်း အချိန်မဆိုင်းဘဲ ပေးလှူတော်မူလေသည်။

**အဘယဒါန**

အလောင်းတော်သည် သတ္တဝါတို့အား မင်းဘေး၊ ခိုးသူဘေး၊ မီးဘေး၊ ရေဘေး၊ ရန်သူဘေး၊ ခြင်္သေ့၊ ကျားစသော သားရဲတိရစ္ဆာန်ဘေး၊ နဂါး၊ ဘီလူး၊ ရက္ခိုက်စသော ဘေးများသင့်ရောက်လျှင် ထိုဘေးတို့မှကယ်တင်တော်မူခြင်းဖြင့် ဘေးမဲ့အလှူကိုလှူတော်မူသည်။

ဓမ္မဒါန

ဓမ္မဒါနဟူသည် လောဘ၊ ဒေါသ စသည်တို့ဖြင့် ညစ်နွမ်းသောစိတ် အလျဉ်းမရှိဘဲ မဖောက်မပြန် မှန်ကန်သောတရား ဟောကြားမှုကို ခေါ်ပါသည်။

- သာဝကဗောဓိဉာဏ်၌ စိတ်သန်ဆုညွန်သော သာဝကဗောဓိလောင်း
- ပစ္စေကဗောဓိဉာဏ်၌ စိတ်သန်ဆုညွတ်သော ပစ္စေကဗောဓိလောင်း၊
- သဗ္ဗညုတဉာဏ်၌ စိတ်သန်ဆုညွတ်သော သမ္မာသမ္ဗောဓိလောင်း ဟူ၍ အလောင်းအလျာ(၃)မျိုးတို့ ရှိကြပါသည်။

ဘုရားအလောင်းသည် သာဝကဗောဓိလောင်းတို့အား-

- သရဏဂုံ၊ သီလ၊ ဣန္ဒြေတို့ကို စောင့်ထိန်းမှု
- ဘောဇဉ်၌ အတိုင်းအရှည်ကိုသိမှု
- နိုးကြားခြင်းကို အားထုတ်မှု
- သူတော်ကောင်းတရားခုနှစ်ပါး၊ သမထ၊ ဝိပဿနာ၊ ဘာဝနာတို့ကို အားထုတ်ပုံ
- ဝိသုဒ္ဓိခုနှစ်ပါး အကျင့်တရားများ၊ မဂ်လေးပါးကိုရယူပုံ
- ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါး သာဝကတို့ ရရှိသည့် မဂ်ဉာဏ်လေးပါး ဤတရားစုတို့၏ဂုဏ်ကျေးဇူးတို့ကို ချီးကျူးဟောပြကာ ထိုက်သည့်အားလျော်စွာ ထိုထိုသရဏဂုံ၊ သီလ စသည်တို့၌ မတည်သေးသူတို့အားတည်စေခြင်း၊
- တည်ပြီးသူတို့အား ဖြူစင်စွာကျင့်ကြံစေခြင်းဖြင့် ဓမ္မအလှူကိုပေးလှူတော်မူလေသည်။

ထို့အတူပစ္စေက ဗောဓိလောင်း၊ သမ္မာသမ္ဗောဓိလောင်းတို့အား ဒါနစသော ပါရမီတို့၏ လက္ခဏာ၊ရသ အစရှိသည်တို့ကို ထင်ရှားစွာ ဟောပြ၍လည်းကောင်း။

ထိုအလောင်းတော်တို့၏ အလောင်းအလျာဖြစ်၍ ပါရမီတို့ကိုဖြင့်ကျင့် ခိုက်၊ ဘုရားဖြစ်ခိုက်၊ ဗုဒ္ဓကိစ္စတို့ကို ဆောင်ရွက်တော်မူခိုက်တည်းဟူသော

အခိုက်အတန့်သုံးပါး၊ အချိန်ပိုင်းကြီးသုံးပိုင်းလုံး၌ပင် အာနုဘော်ကြီးမြတ်ပုံကို ထင်ရှားစွာ ဟောပြ၍လည်းကောင်း။

ပစ္စေကဗောဓိကျင့်စဉ်၊ သမ္မာသမ္ဗောဓိ ကျင့်စဉ်တို့၌တည်စေတော်မူခြင်း၊ တည်ပြီးသူတို့အားလည်း ဖြူစင်စွာကျင့်ကြံစေခြင်းဖြင့် ဓမ္မအလှူကိုပေးလှူတော်မူလေသည်။

## သတ္တန်နည်းအလှူဆယ်ပါး

အလောင်းတော်များသည် သတ္တဝါတို့အား အာမိသအလှူကို ပေးလှူတော်မူသည်ရှိသော်-

(၁) "ငါသည် ဤအမိသဒါနဖြင့် သတ္တဝါတို့၏ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ပညာကြီးခြင်း အစရှိသော သမ္ပတ္တိအမျိုးမျိုးတို့နှင့်တကွ အရဟတ္တဖိုလ်တည်းဟူသော အမြတ်ဆုံးသမ္ပတ္တိအကျိုးကိုသယ်ပိုးရွက်ဆောင်ပြီးစေနိုင်ရလို၏"

ဟုစိတ်သန်ဆည္ဆတ်၍ ထမင်းအလှူကို ပေးလှူတော်မူသည်။

(၂) သတ္တဝါတို့၏ ကာမကိလေသာ ဆာလောင်မွတ်သိပ်ခြင်းဘေးကို ငြိမ်းအေးနိုင်စေရန်အတွက် အဖျော်အလှူပေးလှူတော်မူသည်။

(၃) ရွှေရောင်အဆင်းဝါဝင်းသော ကိုယ်ရေရှိခြင်း၊ ဟိရိဩတ္တပ္ပတည်းဟူသော ဓမ္မအဆင်တန်ဆာတို့ကို ရရှိခြင်းအကျိုးသို့ ပြီးစီးကုံလုံ ပြည့်စုံစေရန် အဝတ်အလှူကို လှူတော်မူသည်။

(၄) တန်ခိုးအစီအရင်အမျိုးမျိုးနှင့် နိဗ္ဗာန်ချမ်းသာအကျိုးတို့ ပြီးကုန်လုံပြည့်စုံစေရန် ယာဉ်အလှူကို လှူတော်မူသည်။

(၅) အတုမရှိသောသီလဂုဏ်ရနံ့ကောင်းထုံစေရန် နံ့သာအလှူကို လှူတော်မူသည်။

(၆-၇) ဘုရားဂုဏ်တော်တို့ဖြင့် တင့်တယ်ခြင်းအကျိုးပြည့်ဖြိုးစေရန် ပန်းအလှူ နံ့သာပျောင်းအလှူကို လှူတော်မူသည်။

(၈) ဗောဓိမဏ္ဍိုင် အပရာဇိတပလ္လင်တော်နေရာကို ရရှိခြင်းအကျိုးပြည့်ဖြိုးစေရန် နေရာထိုင်ခင်းအလှူကိုလှူတော်မူသည်။

(၉) စတုတ္ထဈာန် ဝင်စားခြင်းတည်းဟူသော ဘုရားအိပ်ခြင်းအကျိုးကို ရရှိရန် အိပ်ရာအလှူကို လှူတော်မူသည်။

(၁၀) ဝတ္ထုငါးမျိုးအကျိုးရရန် ဆီမီးကို လှူတော်မူသည်။

## အဘိဓမ္မာနည်း အလှူခြောက်ပါး

(၁) လက္ခဏ်၊ မိုးမှောင်၊ သန်းခေါင်၊ ကောလယ်ဟူသော အင်္ဂါလေးပါးရှိသော အမိုက်မှောင်၌လည်းကောင်း၊ အတောင်ရှစ်ဆယ်အရပ်ကို အခါ ခပ်သိမ်းထွန်းပသော ကိုယ်တော်အရောင်ကိုရရှိရန် အဆင်းအလှူကို လှူတော်မူသည်။

(၂) ဗြဟ္မာမင်း၏ အသံကဲ့သို့သော အသံတော်ရှိခြင်းအကျိုးကို ရရှိရန် အသံ အလှူကိုလှူတော်မူသည်။

(၃) တင့်တယ်လှပ ချောမွေ့သော ကိုယ်ခန္ဓာနှင့်အနံ့ရှိခြင်းအကျိုးကို ရရှိရန် အနံ့အလှူကိုလှူတော်မူသည်။

(၄) အလုံးစုံသောသတ္တဝါတို့ချစ်ခင်မြတ်နိုးအပ်သော ပုဂ္ဂိုလ်သူမြတ်၏ အဖြစ် တည်းဟူသော အကျိုးရရန် အရသာအလှူကိုလှူတော်မူသည်။

(၅) ဘုရားရှင်၏ သိမ်မွေ့နူးညံ့ခြင်း အကျိုးရရန်အတွေ့အလှူကိုလှူတော်မူသည်။

(၆) မအိုရာ မသေရာ နိဗ္ဗာန်အကျိုးရရှိရန် ဆေးအလှူကိုလှူတော်မူသည်။ ကိလေသာ၏ကျွန်အဖြစ်မှ လွတ်မြောက်နိုင်ရန် ကျေးကျွန်တို့အား ကျွန်စာရင်းမှ ပယ်ဖျက်ခြင်းအမှုကို ပြုတော်မူသည်။

- သူတော်ကောင်းတရား၌ မွေ့လျော်နိုင်ရန် အပြစ်မရှိသော ပျော်ရွှင်မြူးတူးကြောင်း အလှူကိုလှူတော်မူသည်။
- ခပ်သိမ်းသော သတ္တဝါတို့ အရိယာဇာတ်ဖြင့် ကိုယ်တော်မြတ်၏ သားသမီးများဖြစ်ကြစေရန် သားသမီးအလှူကိုစွန့်လှူတော်မူသည်။
- လောကကြီးတစ်ခုလုံး၏ အရှင်သခင်အဖြစ်သို့ရောက်ရှိစေရန် မဒ္ဒီမိဖုရား ကဲ့သို့သော ဇနီးအလှူကိုလှူတော်မူသည်။
- တင့်တယ်လှပသော မဟာပုရိသ လက္ခဏာတော်ကြီးများနှင့် ပြည့်စုံစေရန် ရတနာဆယ်ပါးကို လှူတော်မူသည်။
- လက္ခဏာတော်ငယ် ရှစ်ဆယ်နှင့် ပြည့်စုံစေရန် အထူးထူးသောအဆင်တန်ဆာတို့ကို လှူတော်မူသည်။
- သူတော်ကောင်းတရားတည်းဟူသော ဓမ္မရတနာဘဏ္ဍာတိုက်ကြီးရရှိရန် ဥစ္စာဘဏ်တိုက်ကို လှူတော်မူသည်။
- တရားမင်း ဓမ္မရာဇ်ဖြစ်ရန် မင်းအဖြစ်ကိုစွန့်လှူတော်မူသည်။
- ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပါတ်၊ မဂ်၊ ဖိုလ်ဟူသော ဥတ္တရိမနုဿဓမ္မတရားတို့နှင့် ပြည့်စုံစေရန် အရာမ်၊ ဥယျာဉ်၊ ရေကန်၊ တောအလှူကို လှူတော်မူသည်။
- စက်လက္ခဏာဝန်းရံ ခြေတော်စုံဖြင့် မဟာဗောဓိမဏ္ဍိုင်သို့ ကပ်ရောက်နိုင်ရန်အလို့ငှာ အလိုရှိသူ အလှူခံပုဂ္ဂိုလ်အား ကိုယ်တော်၏ ခြေကို လှူတော်မူသည်။
- ဩဃလေးခန်းမြေပြင်ကြမ်းမှကူးသန်းနိုင်စေရန် သတ္တဝါတို့အား သူတော်တရားတည်းဟူသော လက်ကိုပေးကမ်းတော်မူလိုသည့်အတွက် လက်တော်ကို လှူတော်မူသည်။
- သဒ္ဓိန္ဒြေအစရှိသည်တို့ကို ရရှိစေရန် နား၊ နှာ စသောအလှူကိုလှူတော်မူသည်။

- သမန္တစက္ခုသဗ္ဗညုတဉာဏ်ကို ရရှိရန် မျက်စိအလျှုကို လှူတော်မူသည်။
- ငါ၏တစ်ကိုယ်လုံးသည် ကြည့်ရှုသောအခါ၊ နားထောင်သောအခါ၊ အောက်မေ့သောအခါ၊ ပြုစုလုပ်ကျွေးသောအခါ အစရှိသောခပ်သိမ်းသောအခါ၌ပင် သတ္တဝါတို့၏စီးပွားချမ်းသာကို ရွက်ဆောင်နိုင်စေသော် အလုံးစုံသောလောကကြီး၏ မှီခိုအသက်မွေးရသူဖြစ်စေသော်ဟု စိတ်သန်ဆုညွှတ်၍ အသားအသွေးစသော အလှူကိုလှူတော်မူသည်။
- လောကကြီးတစ်ခုလုံးထက် အမြတ်ဆုံးပုဂ္ဂိုလ်သူမြတ်ကြီးဖြစ်စေရန် အမြတ်ဆုံးကိုယ်အင်္ဂါဖြစ်သော ဦးခေါင်းအလှူကို လှူတော်မူသည်။

ထိုသို့လှူတော်မူရာတွင် -

- မတရား ရှာမှီး၍လည်းမလှူ
- သူတစ်ပါးကို ညှင်းပန်းနှိပ်စက်၍လည်းမလှူ
- ကြောက်၍ရှက်၍လည်းမလှူ
- အလှူခံပုဂ္ဂိုလ်ကို ချုပ်ချယ်၍မလှူ
- အကောင်းအမြတ်ရှိလျက် အယုတ်အညံ့ကိုမလှူ
- ကိုယ့်ကို မြှောက်ပင့်သူ့ကို နှိမ်ချ၍မလှူ
- ဘုရားအဖြစ်မှ တစ်ပါးသောအကျိုးကို မျှော်ကိုး၍မလှူ
- အလှူခံပုဂ္ဂိုလ်ကို စက်ဆုပ်ရွံရှာကဲ့ရဲ့ မထေမဲ့မြင်ပြုအထင်သေးမှုပြု၍မလှူ

အမှန်စင်စစ်အားဖြင့် -

- လှူဖွယ်ဝတ္ထုကို တရိုတသေပြု၍ လှူတော်မူသည်။
- မိမိလက်ဖြင့်လှူတော်မူသည်
- အခါကိုသိ၍ လှူတော်မူသည်

- အလှူခံပုဂ္ဂိုလ်ကို အရိုအသေပြု၍ လှူတော်မူသည်
- အယုတ်၊ အမြတ် မခွဲခြားဘဲလှူတော်မူသည်
- မလှူမီ၊ လှူဆဲ၊ လှူပြီးကာလသုံးပါးလုံး၌ပင် ဝမ်းမြောက်ခြင်းရှိ၍ လှူတော်မူသည်
- ထို့ကြောင့် လှူပြီးနောက် ကာလ၌နောင်တတစ်ဖန်ပူပန်ခြင်းရှိတော်မမူ
- အလှူခံပုဂ္ဂိုလ်တို့အား ပိယဝါစာ ချိုသာသောစကားပြောကြားတော်မူလျက်- ထိုသူတို့၏စကားကို နားလည်သိရှိတော်မူပြီးခါ အလှူခံပုဂ္ဂိုလ်တို့တောင်းခံရန် သင့်လျော်သူဖြစ်လျက် အလှူဒါနမှုတစ်ခုခု ပြုတော်မူလေ့ရှိပါသည်။

ဥပမာ - ထမင်းအလှူကိုလှူလိုသည်ရှိသော ထိုထမင်းအလှူကို အခြံအရံနှင့်တကွငါလှူမည်ဟု ကြံစည်တော်မူပြီးလျှင် အဖျော်အဝတ်စသည်တို့ဖြင့် လှူတော်မူသည်။

- အညို၊ အရွှေ၊ အဖြူ၊ အနီစသော အဆင်းရှိကြသော ပန်းအမျိုးမျိုး အထည်အမျိုးမျိုး၊ ဓာတ်သတ္တုမျိုးစသည်တို့တွင် တစ်ပါးပါးကို ရရှိ၍ အဆင်းနေဖြင့် နှလုံးသွင်းပြီးလျှင် အဆင်းအလှူကိုငါပေးလှူအံ့။ ဤကား ငါ၏အဆင်းအလှူပေတည်းဟူ အောက်မေ့၍ အလှူခံပုဂ္ဂိုလ်အား ထိုအဆင်း၏တည်ရာ ပန်း၊ အထည်၊ အဝတ်၊ ဓာတ်သတ္တုများကို ပေးလှူခြင်းသည် အဆင်းအလှူမည်ပါသည်။
- ငါသည်အသံအလှူကို ပေးလှူအံ့ဟု အောက်မေ့ပြီးလျှင်စည်းကြီးမုရိုးစည်စသည်တို့တွင် တစ်ပါးပါးသော တူရိယာမျိုးဖြင့် ရတနာသုံးပါးအား တီးမှုတ်ပူဇော်မှုကို ကိုယ်တိုင်ပြုသော် လည်းကောင်း၊ တစ်ပါးကိုပြုစေသော်လည်းကောင်း 'ငါ၏ အသံအလှူတည်း'ဟုအောက်မေ့ဆင်ခြင်၍ စေတီရင်ပြင်စသည်တို့၌ ခေါင်းလောင်းကြေးစည်အစရှိသည်တို့ကို ကိုယ်တိုင်တည်ထားသော်လည်းကောင်း၊ တစ်ပါးတို့အား တည်ထားစေသော်လည်းကောင်း၊

- တရားဟောပုဂ္ဂိုလ်တို့အား အသံထွက်စေသော ဆေးများ၊ တင်လဲ စသည် တို့ကို ပေးလှူသော်လည်းကောင်း၊
- တရားနာရန် ကြွေးကြော်ဖိတ်ခေါ်သော်လည်းကောင်း၊ တရားအား ထုတ်သော်လည်းကောင်း၊ အနီးထံပါးဆည်းကပ် ရောက်လာသူတို့ အား ဧည့်ခံတရား ပြောကြားသော်လည်းကောင်း၊
- ကျောင်းအလှူပွဲ၊ ဆွမ်းအလှူပွဲစသည်၌ သင့်ရာအနုမောဒနာတရားကို ကိုယ်တိုင်ဟောကြားသော်လည်းကောင်း သူတစ်ပါးကိုဟောကြားစေ သော်လည်းကောင်း၊ အသံအလှူကို ပေးလှူသည်မည်ပါသည်။
- အမြစ်မျိုးနံ့သာ၊ ပင်စည်မျိုးနံ့သာ အစရှိသည်တို့တွင် နှစ်သက်ဖွယ် ကောင်းသော အနံ့ရှိသော ဝတ္ထုတစ်ခုခုကိုဖြစ်စေ၊ ကြိတ်ပြီးသောနံ့သာ မျိုးကိုဖြစ်စေ ရရှိလျှင် ဝတ္ထုအနေဖြင့်နှလုံးမသွင်းဘဲ အနံ့အနေဖြင့် နှလုံးသွင်းပြီး အနံ့အလှူကို ငါပေးလှူအံ့ ငါ၏အနံ့အလှူပေတည်းဟု အောက်မေ့၍ ရတနာသုံးပါးအား ပူဇော်မှုပြုသော်လည်းကောင်း၊
- အနံ့ဖြင့်ပူဇော်ဖို့ရန် အကျော်တိုး၊ ကရမက်တိုး၊ နံ့သာဖြူတိုး၊ စန္ဒကူး တိုး အစရှိသည်တို့ကို စွန့်လှူသော်လည်းကောင်း အနံ့အလှူကို ပေးလှူသည် မည်ပါသည်။
- အရသာရှိသော သစ်မြစ်၊ သစ်ဥ၊ သစ်သီးအစရှိသော နှစ်သက်ဖွယ် ရသဝတ္ထုတစ်ခုအနေဖြင့် နှလုံးမသွင်းဘဲ အရသာအနေဖြင့် နှလုံးသွင်း ပြီး အရသာအလှူကို ငါပေးလှူအံ့။ ငါ၏အရသာအလှူပေတည်းဟု အောက်မေ့၍ အလှူခံပုဂ္ဂိုလ်အား ပေးလှူသော်လည်းကောင်း၊
- ရသဝတ္ထုဖြစ်သော စပါး၊ ပဲ၊ ပြောင်း၊ နွားနို့စသည်ကို ပေးလှူသော် လည်းကောင်း အရသာအလှူကို ပေးလှူသည်မည်ပါသည်။
- အတွေ့အထိကောင်းသော ညောင်စောင်း၊ အင်းပျဉ်၊ ကုတင်၊ ကုလား ထိုင်၊ အခင်းအနှီး၊ အဝတ်အရုံစသော အတွေ့အထိချမ်းသာသော ဝတ္ထု တစ်ခုခုကိုရလျှင် ဝတ္ထုအနေဖြင့် နှလုံးမသွင်းဘဲ ချမ်းသာသော အတွေ့

အထိကို ငါပေးလှူသည်’ ဟူအောက်မေ့၍ စွန့်ကြဲလှူလျှင် အတွေ့အထိ အလှူကိုပေးလှူသည် မည်ပါသည်။

- ဩဇာဓာတ်၊ အဆီအားကောင်းသော ထောပတ်၊ ဆီဦးအစရှိသည်တို့တွင် တစ်ခုခုကိုရရှိလျှင် ဝတ္ထုအနေဖြင့် နှလုံးမသွင်းဘဲ ဩဇာဓာတ်အဆီဟူသော အာရုံကိုအာရုံပြုလျက် ဓမ္မာရုံအလှူကို ငါလှူပေအံ့ဟုအောက်မေ့၍လှူသော် လည်းကောင်း၊
- သပြေ၊ သရက်၊ မုဒရက်၊ ဖက်သက်သစ်မည်စည်၊ ငှက်ပျောနှစ်မျိုးကြာစွယ်ရိုး ရှစ်မျိုးအဖျော်ရည်ဟူသော အဖျော်ရည်ရှစ်မျိုးကို ပေးလှူသော်လည်းကောင်း၊
- ဇီဝိတဒါနဟု နှလုံးသွင်း၍အသက်ရှည်ကြောင်းဖြစ်သော စာရေးတံဆွမ်း စသည်ကို လှူသော်လည်းကောင်း၊
- အနာရောဂါကပ်ရောက်သူတို့အား ဆေးသမားတို့ကို ပြုစုကုသစေသော် လည်းကောင်း၊
- ပိုက်ကွန်၊ မြှုး၊ လှောင်အိမ်၊ ကျော့ကွင်းစသည်တို့ကို ဖျက်ဆီးစေသော်လည်းကောင်း၊
- အနှောင်အဖွဲ့ခံနေရသူတို့ကို လွှတ်စေသော်လည်းကောင်း၊
- သတ္တဝါတို့ မသတ်ဖြတ်ရာ၊ သားငါးမပေါ်ရဟူ၍ မြို့ရွာအပြား အမိန့်ထုတ်ပေးသော်လည်းကောင်း၊
- သတ္တဝါတို့၏ အသက်ကိုစောင့်ရှောက်သောအားဖြင့် ဇီဝိတဒါနအမှုကို ကိုယ်တိုင်ပြုသော်လည်းကောင်း သူတစ်ပါးကိုပြုစေသော်လည်းကောင်း ဓမ္မအလှူကိုပေးလှူသည်မည်ပါသည်။

အလောင်းတော်များသည် ဤဆိုအပ်ခဲ့သော အလှူကောင်းမှုအလုံးစုံတို့အတွက် အလုံးစုံသော သတ္တလောက၏ နိဗ္ဗာန်တိုင်အောင်သော စီးပွားချမ်းသာကို ရွက်ဆောင်နိုင်ရပါလိုသော် ဟူ၍လည်းကောင်း၊

အလောင်းတော်အဖို့ရာ သဗ္ဗညုတရွှေဉာဏ်တော်မယုတ်မလျော့ မကုန် မခမ်းနိုင်သော ဆန္ဒတော်၊ ဝီရိယတော်၊ သမာဓိတော်၊ ပညာတော်၊ အရဟတ္တ ဖိုလ် ဝိမုတ္တိတော်တို့၏ အထောက်အပံ့ပစ္စည်းဖြစ်စေသော်ဟူ၍ လည်းကောင်း ဆုညွှတ်စိတ်သန်တော်မူပါသည်။

ဤဒါနပါရမီကို ဖြည့်ကျင့်တော်မူသော ဘုရားအလောင်းတော်သည်-

- မိမိအသက်၌ မမြဲသည်အဖြစ်ကို ဆင်ခြင်သိမြင်သော အနိစ္စသညာကို ဖြစ်စေတော်မူသည်။
- စည်းစိမ်ဥစ္စာတို့၌လည်း အနိစ္စသညာကိုဖြစ်စေတော်မူသည်။
- ထိုစည်းစိမ်းဥစ္စာတို့၏ များစွာသောသူတို့နှင့် ဆက်ဆံသက်ဆိုင်နေပုံကိုလည်း နှလုံးသွင်းတော်မူသည်။
- သတ္တဝါတို့အပေါ်၌လည်း ကြီးစွာသောကရုဏာကို အခါမပြတ်ဖြစ်ပွား စေတော်မူသည်။
- ထိုသို့ ဖြစ်ပွားစေခြင်းဖြင့် စည်းစိမ်ဥစ္စာ၌ ယူသင့်ယူထိုက်သော ကုသိုလ်အနှစ်ကို ယူတော်မူလျက် မီးလောင်နေသောအိမ်မှ မိမိကိုယ်နှင့်တကွ ဥစ္စာအနှစ်ကို မီးလေးလွတ်အောင်အပြင်သို့ ထုတ်ဆောင်သူကဲ့သို့ ရာဂ အစရှိသော မီးတစ်ဆယ်ပါးတို့ တညီးညီး တပြောင်ပြောင် တောက်လောင်၍နေသော ဘုံသုံးပါးတည်းဟူသော အိမ်ကြီးမှ မိမိကိုယ်နှင့်တကွ စည်းစိမ်အလား အကြွင်းအကျန် မထားဘဲ ရက်ရက်ရဲရဲစွန့်လွှတ်တော်မူနိုင်ပါသည်။

## သီလပါရမီဖြည့်ကျင့်ပုံ

သူတစ်ပါးတို့အား စီးပွားဥစ္စာဖြင့်ပြုစုစောင့်ရှောက်လိုလျှင် ရှေးဦးစွာ ကိုယ်တိုင်က စီးပွားဥစ္စာရှိသူဖြစ်အောင် အားထုတ်ရသကဲ့သို့ ဝေနေယျသတ္တဝါတို့ကို သီလတည်းဟူသော အဆင်တန်ဆာဖြင့် ဆင်ယင်ပေးလိုက်သော ဘုရားလောင်းတော်များသည် ရှေးဦးစွာကိုယ်တော်တိုင် သီလကိုစင်ကြယ်အောင်အားထုတ်ရသည်။

ထိုထိုသီလ စင်ကြယ်အောင်အားထုတ်ရာ၌-

- အလိုအာသယဓာတ်ခံ စင်ကြယ်ခြင်း
- သူတစ်ပါးတို့ထံ သိက္ခာပုဒ်တို့ကို ဆောက်တည်ခြင်း
- မလွန်ကျူးခြင်း
- လွန်ကျူးမိသော ပကတိစင်ကြယ်အောင်ပြုလုပ်ခြင်း

ဟူသော အကြောင်းလေးပါးရှိပါသည်။

- အလိုအာသယဓာတ်ခံစင်ကြယ်ခြင်းကြောင့်လည်း အချို့သောပုဂ္ဂိုလ်သည် မိမိကိုယ်ကို အလေးပြုကာ မကောင်းမှုကိုစက်ဆုပ်ခြင်းသဘောရှိလျက် အရှက်တရားအရင်းခံထားပြီးလျှင် အလွန်စင်ကြယ်သော သီလရှိသူ ဖြစ်နိုင်သည်။
- သူတစ်ပါးတို့ထံ သိက္ခာပုဒ်တို့ကို ဆောက်တည်ခြင်းရှိလျှင်လည်း ငါ သည်ဤမည်သော ဆရာထံသိက္ခာပုဒ်တို့ကို ဆောက်တည်ထားပါတကားဟုပြင်ပလောကကို အလေးဂရုပြုကာ မကောင်းမှုမှထိတ်လန့်သော တရားကို ဖြစ်ပွားစေလျက် အလွန်စင်ကြယ်သီလရှိသူဖြစ်နိုင်သည်။
- အရှက်၊ အကြောက်တရားနှစ်ပါးကို လက်ကိုင်ထားသူမှသာ သိက္ခာပုဒ်တို့ကို မလွန်ကျူးမှုဖြစ်နိုင်သည်။ ထိုသိက္ခာပုဒ်များကို မလွန်ကျူးခြင်းဖြင့် သီလစင်ကြယ်သူ၊ သီလ၌ကြံ့ကြံ့တည်တံ့ခိုင်သူဖြစ်ရသည်။
- တစ်ခါတစ်ရံ သတိမေ့လျော့၍ သိက္ခာပုဒ်တစ်ခုနှစ်ခုစသည် ကျိုးပေါက်သော်လည်း အရှက်၊ အကြောက်တရားနှစ်ပါးနှင့် ပြည့်စုံခြင်းကြောင့် လျင်မြန်စွာပင် ထိုကျိုးပေါက်သော သိက္ခာပုဒ်များကို အသစ်ထပ်မံဆောက်တည်ခြင်းဖြင့် ပကတိသီလ ပြန်စင်ကြယ်အောင် ပြုလုပ်နိုင်ပါသည်။

ထိုသီလသည်-

(၁) ဝါရိတ္တသီလ- ဘုရားအစရှိသောသူတို့က အပြစ်ရှိသည်။ မလုပ်ကောင်း ရှောင်ကြဉ်ရမည်ဟု တားမြစ်ထားသော ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်ခြင်း၊

(၂) စာရိတ္တသီလ -ဆရာ၊ မိဘ၊ ကလျာဏမိတ်ကောင်းစသော ပုဂ္ဂိုလ်များတို့အား အရိုအသေပြုခြင်းအစရှိသော အပြစ်ကင်းစင်သော အကျိုးထင်သောအမှုတို့ကို ပြုကျင့်ခြင်းဖြစ်သည်။

**အလောင်းတော်များ ဝါရိတ္တသီလဖြည့်ကျင့်ပုံ**

- ဘုရားလောင်းတော်များသည် အိပ်မက်၌သော်လည်း သတ္တဝါတို့အပေါ် အမျက်ဒေါသ မပွားရအောင် ကြီးစွာသောကရုဏာတရား ထားရှိတော်မူကြသည်။ သို့အတွက် သူ့အသက်သတ်မှုကို မပြုပေ။
- သူတစ်ပါးအား ကျေးဇူးပြုမှု၌သာ အမြဲမွေ့လျော်တော်မူသဖြင့် သူတစ်ပါး၏ ဥစ္စာကို အဆိပ်ထန်သော မြွေပမာခိုးလိုသော စိတ်ဓာတ်ဖြင့် သုံးသပ်ကိုင်တွယ်ရုံ အမှုသော်မှမပြုပေ။
- ရသေ့ရဟန်းဖြစ်သော ဘဝများ၌မြတ်သော မေထုန်အကျင့်မှဝေးစွာ ကြဉ်ရှောင်တော်မူသည်။ အလုံးစုံသွားလာခြင်းတည်းဟူသော ရုန့်ရင်းကြမ်းတမ်းသောမေထုန်မှုမှ တစ်ပါး-
  - (က) မိန်းမတို့ကိုယ်ထိလက်ရောက်ပြုစုသော နှိပ်နယ်ပေးခြင်း စသည်ကို သာယာမှု
  - (ခ) မိန်းမနှင့်အတူတကွ ရယ်မောစကားတဟားဟားပြောဆိုနေရသည်ကို သာယာမှု
  - (ဂ) မိန်းမနှင့်မျက်နှာချင်းဆိုင်၍ တစိမ့်စိမ့်ကြည့်ရသည်ကိုသာယာမှု
  - (ဃ) နံရံတံတိုင်းတစ်ဘက်မှနေ၍ မိန်းမ၏ရယ်မောသံ၊ ပြောဆိုသံ၊ သီချင်းသံ၊ ငိုသံတို့ကို နားထောင်၍ သာယာမှု

(င) ရှေးအခါက မိန်းမနှင့်အတူတကွ ရယ်မောပြောဆိုကစားရသည်ကို အောက်မေ့သာယာမှု

(စ) ဝတ္ထုကာမနှင့်ပြည့်စုံသူ လူတစ်ဦးဦးကိုမြင်ပြီးလျှင် ထိုသူ၏ အပြစ်မျိုးကို အားကျတောင့်တသာယာမှု

(ဆ) တစ်စုံတစ်ခုသော နတ်ဘဝကိုတောင့်တသာယာ၍ မြတ်သော အကျင့်ကိုကျင့်မှု

ဟူသော မေထုန်သံယောဂ(၇)မျိုးမှ ရှောင်ကြဉ်တော်မူသည်။

- သူ့သားမယားကိုဖောက်ပြားသွားလာမှုကားအစောကြီးကပင် ရှောင်ကြဉ်တော်မူသည်။
- လူဝတ်ကြောင်ဖြစ်သော ဘဝ၌ကားအလောင်းတော်သည် သူတစ်ပါးတို့၏ သားမယားတို့၌ စိတ်မျှဖြင့်လည်း ဖောက်ပြားမှားယွင်းခြင်း ရှိတော်မမူ။
- ဝစီဒုစရိုက်လေးပါးတို့ကို ရှောင်ရှား၍မှန်သောစကား၊ ချစ်သူနှစ်ဦးကို မြဲမြံစေရန် စေ့စပ်ပေးသည့်စကား၊ ချစ်ဖွယ်စကားနှင့် နှိုင်းနှိုင်းရှည်ရှည် တရားနှင့်ယှဉ်သော စကားတို့ကိုသာ ပြောကြားတော်မူသည်။
- သူတစ်ပါးစည်းစိမ်ကို တပ်မက်လိုချင်အကြံဝင်သော လောဘမျိုးရှိတော် မမူ
- သူတစ်ပါးကို ပျက်စီးစေလိုသော ဗျာပါဒဒေါသမရှိ။
- မဖောက်မပြန် မှန်ကန်သော သမ္မာဒိဋ္ဌိအယူရှိတော်မူ၍ ကမ္မဿကတဉာဏ်နှင့်လည်း ပြည့်စုံတော်မူသည့်ပြင် ကောင်းစွာကျင့်ကြံသော သူတော်သူမြတ်တို့၌ သဒ္ဓါသက်ဝင်မေတ္တာနှင့် ယှဉ်တော်မူလေ့ ရှိသည်။

ဤသို့အပါယ်လေးဘုံ၏ လမ်းကြောင်းဖြစ်သော အကုသိုလ်မှုတို့မှ ရှောင်ကြဉ်၍ နတ်ရွာနိဗ္ဗာန်၏လမ်းကြောင်းဖြစ်သော ကုသိုလ်ကမ္မပထတရားတို့၌ တည်တော်မူသောကြောင့် အလောင်းတော်မြတ်၏ စင်ကြယ်သောအလိုအာသယ

စင်ကြယ်သော ကာယပယောဂ၊ ဝစီပယောဂရှိတော်မူသောကြောင့် တောင့်တတော်မူတိုင်းသော သတ္တဝါတို့၏ စီးပွားချမ်းသာမှုနှင့် စပ်လျဉ်းသမျှ စိတ်နှလုံးအလိုတော်တို့သည် လျင်လျင်မြန်မြန် ပြီးစီးပြည့်စုံကုန်သည်။ ပါရမီတော်တို့သည်လည်း ပြည့်ဝပါသည်။

## ဒုစရိုက်မှ ရှောင်ကြဉ်၍အကျိုးရပုံ

- ဘုရားအလောင်းတော်သည် သူ့အသက်သတ်ခြင်း ဒုစရိုက်မှရှောင်ကြဉ်ခြင်းကြောင့် ခပ်သိမ်းသောသတ္တဝါတို့အားဘေးမဲ့အလှူတော်ကို ပေးတော်မူသဖြင့် လွယ်ကူစွာပင် မေတ္တာဘာဝနာကိုပြည့်စုံစေနိုင်ရန် မေတ္တာ အကျိုးတရား(၁၁)ပါးကို ရတော်မူသည်။
- အနာရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း၊ ချမ်းသာများခြင်းအကျိုးများနှင့်တကွ လက်ချောင်းတော်ခြေချောင်းတော်ရှည်လျား သွယ်ဖြောင့်ခြင်းစသော မဟာပုရိသလက္ခဏာတော်ကြီးများကို ရရှိတော်မူ၍ ဒေါသအထုံဝါသနာကို ဖြတ်တောက်တော်မူသည်။
- သူတစ်ပါးပစ္စည်းကိုခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် အလောင်းတော်သည် ရန်သူမျိုးငါးပါးတို့မဖျက်ဆီးနိုင်သော စည်းစိမ်းကိုရတော်မူသည့်ပြင် သူတစ်ပါးတို့ အထင်မှားမခံရဘဲ ချစ်ခင်မြတ်နိုးအားကိုးယုံကြည်အပ်သူဖြစ်လျက် စည်းစိမ်ဥစ္စာတို့၌ မငြိမ်ဖွယ်သောစိတ်ရှိသူ စွန့်ကြဲလေ့ရှိသောသူ၊ လောဘအထုံဝါသနာကို ဖြတ်တောက်နိုင်သူ ဖြစ်တော်မူသည်။
- မမြတ်သော မေထုန်အမှုကို ရှောင်ကြဉ်ခြင်းကြောင့် အလောင်းတော်သည် မလျှပ်ပေါ်သူ၊ ငြိမ်းချမ်းသောကိုယ်စိတ်ရှိသူ၊ သတ္တဝါခပ်သိမ်းတို့က ချစ်ခင်အပ်သူ၊ မြတ်နိုးအပ်သူ၊ မရွံရှာအပ်သူဖြစ်တော်မူ၍ ကောင်း သောသတင်းကျော်စောခြင်း ရတော်မူသည့်ပြင် မိန်းမတို့၌

မငြိုကပ်သော စိတ်ရှိသူ၊မတပ်မက်သော အလိုအလျှာသယရှိသူဖြစ်တော်မူ၏။ နေကွမ်းမွမ္ဘာ သယဓာတ်ခံ ထက်သန်တော်မူပြီးလျှင် လောဘအထုံဝါသနာကို ဖြတ်တောက်တော်မူနိုင်ပါသည်။

- လိမ်ညာပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းကြောင့် အလောင်းတော်သည် သတ္တဝါတို့ယုံကြည်ကိုးစား ပမာဏထား၍အလေးဂရုပြုအပ်သူဖြစ်ပြီးလျှင် မိမိ၏စကားကို အများလိုက်နာသြဇာရှိသူဖြစ်ရတော်မူသည်။ နတ်တို့ချစ်မြတ်နိုးအပ်သူ၊ ခံတွင်းမှရနံ့ကောင်းကြိုင်လှိုင်သူဖြစ်တော်မူပြီးလျှင်ကောင်းစွာ စောင့်ထိန်းအပ်ပြီးသောကိုယ်တွင်း နှုတ်အကျင့်ရှိသူ ဖြစ်တော်မူရ၏။

မွေးညှင်းတွင်းတစ်ခုတစ်ခု၌ မွေးညှင်းတော် တစ်ပင်စီတစ်ပင်စီသာ ပေါက်ရောက်ခြင်းစသော မဟာပုရိသလက္ခဏာတော်ကြီးများကို ရရှိတော်မူပြီးလျှင် ကိလေသာအထုံဝါသနာကို ဖြတ်တော်မူသည်။

- ကုန်းတိုက်စကားပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် အလောင်းတော်သည် သူတစ်ပါး၏ လုံ့လပယောဂဖြင့် မကွဲမပျက်နိုင်သော ရူပ ကာယရှိတော်မူသည်။

မကွဲမပျက်သော ပရိတ်သတ်အခြံအရံရှိတော်မူသည်။

သူတော်ကောင်းတရား၌ မပျက်စီးသောသဒ္ဓါတရားရှိတော်မူသည်။

ခိုင်မြဲ သောမိတ်ဆွေရှိတော်မူသည်။

ခပ်သိမ်းသောသတ္တဝါတို့က ချစ်ခင်အပ်သူဖြစ်ခြင်း၊ ကိလေသာခေါင်းပါးသူဖြစ်ခြင်းဟူသော အကျိုးများကိုရရှိတော်မူပါသည်။

ကြမ်းတမ်းသော ဆဲရေးစကားပြောဆိုမှုမှ ရှောင်ကြဉ်ခြင်းကြောင့် ဘုရားအလောင်းတော်သည် -

- သတ္တဝါတို့ ချစ်မြတ်နိုးအပ်သူဖြစ်ခြင်း
- ချမ်းမြေ့အေးသော အလေ့ရှိသူဖြစ်ခြင်း
- ချိုမြိန်သောစကားရှိသူဖြစ်ခြင်း

- ခပ်သိမ်းသောသူတို့က ချီးမွမ်းအပ်သူဖြစ်ခြင်း
- အင်္ဂါရှစ်ပါးသောအသံတော်နှင့် ပြည့်စုံခြင်း

ဟူသော အကျိုးများကိုရရှိတော်မူပါသည်။

အဖျင်းအသော ပြောကြားမှုမှ ရှောင်ကြဉ်ခြင်းကြောင့် ဘုရားအလောင်းသည်-

- သတ္တဝါခပ်သိမ်းတို့က ချစ်ခင်အပ်၊ မြတ်နိုးအပ်၊ အလေးပြုအပ်သူဖြစ်ခြင်း
- မိမိစကားကို သူခပ်သိမ်းက လိုက်နာခြင်း
- နှိုင်းနှိုင်းချည်ချည် ပြောကြားတော်မူလေ့ရှိခြင်း
- တန်ခိုးအာနုဘော်ကြီးခြင်း
- တစ်ခဏချင်း ထိုးထွင်းသောအသိဉာဏ်ဖြင့် ပြဿနာတို့ကို လျှင်မြန်စွာ ဖြေကြားနိုင်ခြင်း
- ဘုရားဖြစ်တော်မူသော အခါ၌စကားတစ်ခွန်းတည်းဖြင့် လူမျိုးတစ်ရာတစ်ပါးတို့က မိမိတို့ဘာသာဖြင့် ပြောကြားသကဲ့သို့ နားလည်ခြင်း အကျိုးတို့ကို ရတော်မူသည်။

- သူတစ်ပါးကို မနာလိုခြင်းကို ပယ်ရှားတော်မူခြင်းကြောင့် အလောင်းတော်သည်-
  - အလိုရှိအပ်သမျှကို အလွယ်နှင့်ရရှိခြင်း
  - မွန်မြတ်သော စည်းစိမ်တို့၌ သုံးဆောင်မှုရရှိခြင်း၊ သုံးဆောင်ရခြင်း
  - ဥစ္စာပေါများသောမင်း၊ ပုဏ္ဏား၊ သူကြွယ်တို့က မြတ်သောသူအဖြစ် အသိအမှတ်ပြုခံရခြင်း
  - ရန်သူတို့၏ အနှိပ်အစက်ကိုမခံရခြင်း
  - မျပ်သိ၊ နား၊ နှာ အစရှိသော ဣန္ဒြေချို့တဲ့သူမဖြစ်ခြင်း
  - ပြိုင်ဘက်ကင်းသော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော အကျိုးများရရှိပါသည်။
  - ဗျာပါဒတရားကို ပယ်ရှားတော်မူခြင်းကြောင့် အလောင်းတော်သည်-

- မြင်မြင်သမျှ သတ္တဝါခပ်သိမ်းတို့က ချစ်ခင်သောမျက်စိဖြင့် အကြည့်ရှုခံရခြင်း
- ချီးမွမ်းအပ်သူဖြစ်ခြင်း
- သတ္တဝါတို့ကို အလွယ်ဖြင့်ပင် ကြည်ညိုစေနိုင်ခြင်း
- မခေါင်းပါးသော သဘောရှိခြင်း
- မေတ္တာဖြင့်သာ နေတော်မူလေ့ရှိခြင်း
- တန်ခိုးအာနုဘော်ကြီးခြင်းအကျိုးတို့ကို ရတော်မူသည်။
- မိစ္ဆာဒိဋ္ဌိကို ရှောင်ရှားသမ္မာဒိဋ္ဌိကို ပွားများခြင်းကြောင့် ဘုရားအလောင်းသည်-
- ကလျာဏမိတ်ဆွေတို့ကို ပေါင်းသင်းမိခြင်း
- ဦးခေါင်းကိုပင် အဖြတ်ခံရစေကာမူ မကောင်းမှုကိုမပြုခြင်း
- ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိမှုကို သိမြင်သောကြောင့် ဒိဋ္ဌ၊ သုတ၊ မင်္ဂလာ အယူမရှိခြင်း
- သူတော်ကောင်းတရား၌ သဒ္ဓါတရားခိုင်မြဲစွာ တည်ရှိခြင်း
- ဘုရားရှင်တို့၏ သဗ္ဗညုတဉာဏ်ကို မမိုက်မသုန်ယုံကြည်ခြင်း
- မစင်ပုတ်ထူ ပြောရာအရပ်၌ ရွှေဟင်္သာမင်းမပျော်မမွေ့သကဲ့သို့ သမ္မာဒိဋ္ဌိမှုတစ်ပါးသော မိစ္ဆာအယူများ၌ မမွေ့လျော်ခြင်း
- အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတရားသုံးပါးကိုပိုင်းခြားသိမြင် ကျွမ်းကျင်လိမ္မာခြင်း
- နောက်ဆုံးဘုရားဖြစ်သော ဘဝ၌ဧဃျခံတရားတို့ကို အဆီးအတားအပိတ်အပင်မရှိ သိတတ်သောဉာဏ်(အနာဝရဏဉာဏ်)ကို ရတော်မူခြင်း
- ဘုရားမဖြစ်မီဘဝတို့၌ အကြီးအကဲဖြစ်တော်မူခြင်း
- မြတ်သောစည်းစိမ်းကိုရရှိတော်မူခြင်းအကျိုးများကို ရရှိတော်မူသည်။

## စာရိတ္တသီလဖြည့်ကျင့်တော်မူပုံ

ဘုရားလောင်းသည် ကလျာဏမိတ်စစ်ဖြစ်ကြသော သူတို့အားအခါ မလပ်ရှိခိုးမှု၊ ခရီးဦးကြိုဆိုမှု၊ လက်အုပ်ချီမှု၊ အရိုအသေပြုမှု၊ ဆည်းကပ်မှုတို့ကို ပြုတော်မူသည်။

- မမာမကျန်းသူတို့အား ကိုယ်တိုင်ကြပ်မတ်၍ ဝေယျာဝစ္စအလှူတို့ကို ပြုတော်မူသည်။
- တရားစကားကို ကြားနာရလျှင် သာဓုကောင်းချီးပေးတော်မူသည်။
- ဂုဏ်ကျေးဇူးရှိသူတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုလေ့ရှိတော်မူသည်။
- သူတစ်ပါးတို့၏ ပြစ်မှားချက်ကို သည်းခံတော်မူ၍ကျေးဇူးပြုချက်ကိုသာ အဖန်ဖန်အောက်မေ့တော်မူသည်။
- သူတစ်ပါးတို့၏ ကုသိုလ်များကိုဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြု၍ မိမိ၏ကောင်းမှုတို့ကို သဗ္ဗညုတဉာဏ်၌ဆုညွှတ်တော်မူသည်။
- အခါခပ်သိမ်းကုသိုလ်တရားတို့၌ မမေ့မလျော့နေလေ့ရှိသည်။
- မိမိ၌အပြစ်ရှိလျှင် ထိုအပြစ်များကိုဖုံးဖိမထားမပြစ်အနေဖြင့် ရှုမြင်ပြီးလျှင် သီတင်းသုံးဖော်တို့၏ထံ၌ အမှန်အတိုင်းထင်ရှားစွာ ပြတော်မူသည်။
- ကောင်းမြတ်သောအကျင့်ကို တိုးတက်၍ အထပ်ထပ် ကျင့်တော်မူသည်။
- မိမိနှင့်သင့်လျော်ကပ်ရာ သတ္တဝါတို့၏အကျိုးဖြစ်ထွန်းနိုင်မည့် ထိုထို အမှုကိစ္စတို့၌ လိမ္မာကျွမ်းကျင် လုံ့လနှင့်ယှဉ်တော်မူပြီးလျှင် ကူညီဆောင် ရွက်ပေးတော်မူသည်။

- သတ္တဝါတို့အား အနာရောဂါအစရှိသော ဆင်းရဲဒုက္ခများဖြစ်ပွားပေါ် ပေါက်လာလျှင် ထိုက်သည့်အလျောက် ထိုဒုက္ခမှ လွတ်မြောက်ရန် စီမံပေးတော်မူသည်။
- သတ္တဝါတို့အား ဉာတိဗျသန၊ ဘောဂဗျသန၊ ရောဂါဗျသန၊ သီလ ဗျသန၊ ဒိဋ္ဌိဗျသနဟူသော ဗျသနတရားတို့ဖြစ်ပွားကျရောက်သော အခါ၌လည်း စိုးရိမ်သောကကို ပယ်ဖျောက်ပေးတော်မူသည်။
- နှိပ်ကွပ်သင့်သောလူတို့အား အကုသိုလ်မှလွတ်မြောက်၍ကုသိုလ်၌ တည်ရန် ရည်သန်တော်မူကာ ကယ်တင်သောသဘော၌သာ တည်တော်မူပြီးလျှင် တရားသဖြင့်ချီးမြှောက်တော်မူသည်။
- ရှေးရှေးသောဘုရားအလောင်းတော်ကြီးများ၏ ပါရမီ စာဂ၊ စရိယ တရားတို့ရင့်ကျက်ကြောင်းဖြစ်သော အလွန်လည်းမွန်မြတ်ပြုနိုင်ခဲ၊ မကြံစည်နိုင်သော အာနုဘော်နှင့် ပြည့်စုံ၍ သတ္တဝါတို့၏ ကောင်းမှုချ ကြီးပွားချမ်းသာကို ရွက်ဆောင်နိုင်သောအကျင့်တရားကြီးများကို ကြားသိတော်မူလျှင် ထိတ်လန့်ကြောက်ရွံ့ခြင်း အလျဉ်းမရှိဘဲ-
- "ထိုထို ရှေးရှေးသောဘုရားအလောင်းတော်ကြီးများသည်လည်း ငါကဲ့ သို့ပင် လူသားစင်စစ်ဖြစ်ကြလျက် အစဉ်သဖြင့် သီလ၊ သမာဓိ၊ ပညာ ကျင့်ဖွယ်ရာတရားများကို အပြည့်အစုံဖြည့်ကျင့်တော်မူကြသဖြင့် သဗ္ဗညုတရွှေဉာဏ်တော်ကို ပေါက်ရောက်အောင်မြင်တော်မူကြ သည်။ သို့ဖြစ်၍ ငါသည်လည်း ရှေးရှေးဘုရားအလောင်းတော်ကြီး များနည်းတူ သီလ၊ သမာဓိ၊ ပညာကျင့်ဖွယ်တရားတို့၌ ကောင်းစွာ ကျင့်ပေအံ့။ ယင်းအကျင့်မြတ်ဖြင့် ငါသည်လည်းအစဉ်သဖြင့် သိက္ခာ သုံးပါးအကျင့်များ ပြည့်စုံပြီးလျှင် ကောင်းပင်သဗ္ဗညုတဉာဏ်ရပေလိမ့် မည်"

ဟုယုံကြည်ခြင်း သဒ္ဓါတရားရှေ့သွားရှိ၍ ဝီရိယကိုမလျော့ဘဲ ကောင်းမွန် ပြည့်စုံစွာသီလတရားတို့ကို ဖြည့်ကျင့်တော်မူလေသည်။

- အလောင်းတော်များသည် ကိုယ်ပြုသောကောင်းမှုများကိုလူသူ လေးပါးအား ကျော်ကြားစေရန်အတွက်ထင်ရှားစွာပြတော်မမူခဲ့ချေ။
- အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ကိလေသာတို့မှ ဆိတ်ကင်းခြင်း၊ လူသူအများနှင့် ကိလေသာအစွမ်းဖြင့် မရောနှောခြင်း၊ သည်းခံခြင်း၊ ထိုထိုအာရုံတို့ကို လောဘဖြင့်မတောင့်တခြင်းအစွမ်းဖြင့် မတုန်လှုပ်ခြင်း၊ မာန်မာနမထောင်လွှားခြင်း၊ မလျှပ်ပေါ်မလော်လည်ခြင်း၊ နှုတ်မကြမ်းခြင်း၊ စကားကို ဖရိုဖရဲမပြောကြားခြင်း၊ ငြိမ်သက်သော ဣန္ဒြေရှိခြင်း၊ ငြိမ်းအေးသောစိတ်နှလုံးရှိခြင်း၊ သူတစ်ပါးတို့အံ့ဩသွားအောင် ဟန်ပန်ဆောင်မှုအစရှိသော မိစ္ဆာဇီဝမျိုးမှကင်းရှင်းခြင်း ဂုဏ်တို့နှင့်ပြည့်စုံတော်မူသည်။
- သန့်ရှင်းစင်ကြယ်သော ကိုယ်အကျင့်၊ နှုတ်အကျင့်၊ ကမ္မဋ္ဌာန်းအာရုံတို့နှင့် ပြည့်စုံတော်မူလျက် သေးငယ်သောအပြစ်များကိုပင် ဘေးကြီးအနေနှင့် ဆင်ခြင်တော်မူ၍ သိက္ခာပုဒ်တော်များကို ကောင်းစွာဆောက်တည်ကျင့်သုံးသည်။
- ကိုယ်နှင့်အသက်တို့၌ ငဲ့ကွက်တွယ်တာသော လောဘ တဏှာမရှိဘဲ သဗ္ဗညုတဉာဏ်နှင့် နိဗ္ဗာန်တို့သာ ပို့လွှတ်သောစိတ်ရှိ၍ ကုသိုလ်တရားများကို မနားမနေအားထုတ်တော်မူသည်။
- ကိုယ်နှင့်အသက်ကို ငဲ့ကွက်တွယ်တာသောလောဘ အနည်းငယ်မျှကိုလည်း လက်မခံစွန့်ပယ်တော်မူသည်။
- သီလပျက်ကြောင်းဖြစ်သော အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်းအစရှိသော ဥပက္ကိလေသတရားတို့ကို စွန့်ပယ်တော်မူ၏။
- အနည်းငယ်မျှ တရားထူးရရုံမျှဖြင့် အားရရောင့်ရဲရပ်တည်ခြင်းမရှိဘဲ အထက်ထက် တရားထူးရရန် အားထုတ်တော်မူသည်။
- ထိုထိုအားထုတ်ခြင်းဖြင့် အလောင်းတော်ရရှိသော စျာန်စသော တရားထူးများမှာ ယုတ်လျော့သွားခြင်း၊ ရပ်တည်နေခြင်း အလျဉ်းမရှိဘဲ အထက်အထက်သို့သာ တိုးတက်တိုးတက် ပွားများရသည်။

- ဘုရားလောင်းသည် မျက်မမြင်သူကန်းတို့အား လိုရာရောက်အောင် ပို့ဆောင်ပေးသည်။ လမ်းညွှန်ပြတော်မူသည်။
- နားမကြား၊ အ,သောသူတို့အား လက်အမူအရာဖြင့် ထိုသူတို့လိုအပ်သောအရာကို ပြီးစေပါသည်။
- ဆွံ့သောသူ(ခြေလက်မသန်သူ)တို့အား အင်းပျဉ်၊ ယာဉ် တို့ကို ပေးလှူတော်မူသည်။ ထိုသူတို့လိုရာ ရောက်အောင်ပို့ဆောင်ပေးသည်။
- သဒ္ဓါတရားခေါင်းပါးသူတို့အား သဒ္ဓါတရားဖြစ်ပွားလာအောင်
- ပျင်းရိသူတို့အား ဝီရိယဖြစ်လာအောင်
- မေ့လျော့ပေါ့တန်သူအား သတိရှိအောင်
- မရပ်မတည်လည်နေသူအား သမာဓိနှင့်ပြည့်စုံလာအောင်
- ပညာမရှိသောသူတို့အား ပညာရအောင်

ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပါသည်။

- နိဝရဏတရား လွှမ်းမိုးနှိပ်စက်ခံနေရသူတို့အား ထိုနိဝရဏတရားများ ပယ်ရှားနိုင်အောင် ကျင့်ဆောင်ကြိုးကုတ်အားထုတ်တော်မူပါသည်။
- ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တို့ နှိပ်စက်ခံရသူတို့အား ထိုမိစ္ဆာဝိတက်များ ပယ်ရှားဖို့ရန် အားထုတ်တော်မူသည်။
- မိမိအပေါ်အလျင်လက်ဦး ကျေးဇူးပြုဖူးသူတို့အား သူကျေးဇူးကိုသိတော်မူကာ ရှေးဦးစွာနှုတ်ဆက်စကား၊ ချစ်ဖွယ်စကားပြောကြား ချီးမြှောက်တော်မူ၍ ထိုသူပြုဖူးသူနှင့် အလားတူကျေးဇူးတုံ့ပြန်မှုဖြင့်သော် လည်းကောင်း၊ သာလွန်သောကျေးဇူးပြန်မှုဖြင့်သော်လည်းကောင်း၊ မြတ်နိုးကော်ရော် ပူဇော်လေ့ရှိပေသည်။
- ဘေးရန်ရှိသောအခါ၌မူ ကလျာဏအဖော်သဟဲအမှုကို ပြုတော်မူသည်။

- သတ္တဝါတို့၏ ပကတိစိတ်နေသဘောထားကို သိရှိတော်မူပြီးလျှင် ထိုသူတို့ကို အကုသိုလ်မှ လွတ်မြောက်စေ၍ ကုသိုလ်၌တည်စေလျက်၊ ထိုသူတို့အကြိုက် အလိုက်သင့်ကျင့်ကြံဆက်ဆံတော်မူသည်။ (ဥပမာ-ပေးကမ်းမှ ကြိုက်သူကို ပေးကမ်းချီးမြှောက်၍ ချစ်ဖွယ်စကားပြောမှ ကြိုက်သူကို ချစ်ဖွယ်စကားပြောကြားပေး၍လည်းကောင်း၊ ထိုသူတို့ကို အကုသိုလ်မှလွတ်မြောက်စေခြင်း ကုသိုလ်၌တည်စေလျက် ပေါင်းသင်းဆက်ဆံ ကျင့်ကြံတော်မူပါသည်။)

အလောင်းတော်များသည် အကျိုးစီးပွားလိုလားသော ဆန္ဒဖြင့်သော်မှလည်း သူတစ်ပါးကိုညှဉ်းဆဲတော်မမူ-

- ခိုက်ရန်မှုပြုတော်မမူ
- မျက်နှာမသာမယာဖြစ်အောင် ပြုတော်မမူ
- သူတစ်ဘက်သားအား နောင်တပူပန်မှုကို ဖြစ်စေတော်မမူ
- သူတစ်ဘက်သားကို နှိပ်စက်အပ်သောအရာ၌ ထား၍လည်းအပြစ်တင်စကားပြောကြားတော်မမူ
- မိမိအပေါ်၌ မာန်မာနမထားဘဲ နှိမ့်နှိမ့်ချချကျင့်ကြံသူအား မိမိကိုအထက်တန်းထား၍ မပေါင်းသင်းချေ။
- သူတစ်ပါးတို့၌ အပေါင်းအသင်းလုံးဝ မပြုခြင်း၊ အလွန်အကျူးပေါင်းသင်းခြင်း၊ အခါမဟုတ်ပေါင်းသင်းခြင်းများကို အလျင်ပြုတော်မမူဘဲ ပေါင်းသင်းထိုက်သောသူတို့ကိုသာ အရပ်ဒေသအခါအားလျော်စွာ ပေါင်းသင်းဆက်ဆံတော်မူသည်။
- သူတစ်ပါးတို့၏ မျက်မှောက်၌ ထိုသူတို့ချစ်အပ်သောသူများကို ကဲ့ရဲ့တော်မမူ။
- ထိုသူတို့မုန်းအပ်သူများကိုလည်း ချီးမွမ်းမှုပြုတော်မမူ။
- အကျွမ်းမဝင်သင့်သူကို အကျွမ်းဝင်တော်မမူ၊

- သူတစ်ပါးတို့က တရားသဖြင့် ပင့်ဖိတ်သည်ကိုလည်းပယ်တော်မမူ၊
- အတောင်းအရမ်းထူခြင်းအမှုကို ပြုတော်မမူ၊
- လျှုသောအခါလည်း အပိုအလျှံခံတော်မမူ
- သဒ္ဓါတရားနှင့်ပြည့်စုံသောသူတို့ကို သဒ္ဓါ၏အကျိုးအာနိသင်နှင့် စပ်သောတရားစကားဖြင့် ရွှင်လန်းအားတက်စေတော်မူပါသည်။
- သီလ၊ သုတ၊ စာဂ၊ ပညာနှင့် ပြည့်စုံသောသူတို့ကို ပညာ၏အကျိုးအာနိသင်နှင့် စပ်သောတရားစကားဖြင့် ရွှင်လန်းအားတက်စေသည်။
- ဘုရားအလောင်းသည် အကယ်၍အဘိညာဉ်ရှာန်ရပုဂ္ဂိုလ်ဘဝဖြစ်ခဲ့သော် မေ့လျော့နေသောသတ္တဝါတို့ကို အဘိညာဉ်အစွမ်းဖြင့် ထိုက်သည့်အလျောက် ငရဲဘေးစသည်ကို ပြလျက်ထိတ်လန့်စေပြီးလျှင် သဒ္ဓါတရား စသည်မရှိသူတို့ကို သဒ္ဓါတရားစသည်၌ တည်စေသည်။ သာသနာတော်၌ သက်ဝင်ယုံကြည်စေတော်မူသည်။
- သဒ္ဓါစသော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသူတို့ကို ရင့်သန်စေသည်။

ဤသို့လျှင် သီလတရားစသည် [illegible]သောစည်းစိမ်တို့၏ အကြောင်းရင်းဖြစ်၏။ ခပ်သိမ်းသော ဘုရားကျေးဇူးတို့၏ စ၍ဖြစ်ရာအမှု [illegible]

ခပ်သိမ်းသောပါရမီတို့၏ အစဖြစ်၏ဟုဆင်ခြင်ကာ များစွာမြတ်နိုးပြီးလျှင်-

(၁) ကိုယ်နှုတ်ကိုစောင့်စည်းခြင်း

(၂) ဣန္ဒြေကိုထိန်းစောင့်ခြင်း

(၃) အသက်မွေးမှုစင်ကြယ်ခြင်း

(၄) ပစ္စည်းလေးဖြာကိုသုံးစွဲခြင်း

ဤလေးဌာနတို့၌ သတိသမ္ပဇဉ်ခွန်အားဖြင့် မမေ့မလျော့စေဘဲ ရှိသေစွာ သီလကိုပြည့်စုံစေရာသည်။

*** *** ***

## နေကွမ္မပါရမီကို ဖြည့်ကျင့်ပုံ

အိမ်ရာတည်ထောင်လူ့ဘောင်၌ နေရခြင်းသည်အလုံးစုံသောကိလေသာတရားတို့၏ နေရာဌာနဖြစ်သောကြောင့် လည်းကောင်း-

- သားမယားအစရှိသော ပလိဗောဓိတို့ဖြင့် ကုသိုလ်တရားဖြစ်ပွားနိုင်ဖို့ရန်အလွန်ကြပ်တည်းကျဉ်းမြောင်းခြင်းကြောင့်လည်းကောင်း၊
- ကုန်သွယ်ခြင်း လယ်လုပ်ခြင်း အစရှိသောအထူးထူးသော အလုပ်ကိစ္စတို့ဖြင့် ရောပြွမ်းရှုပ်ထွေးလှသောကြောင့်လည်းကောင်း၊
  နေကွမ္မချမ်းသာ စသည်ရယူနိုင်သောနေရာဌာနမဟုတ်ချေဟူ၍ ရှုမြင်တော်မူသည်။
- လူတို့သုံးစွဲရရှိသော ကာမချမ်းသာမျာမှာလည်း သန်လျက်ဖျားဓားသွား တို့၌ ငြိကပ်နေသော ပျားရည်စက်ကို လျက်ရသည့်ပမာသာယာဖွယ်နည်းပါးအကျိုးယုတ်သည်ကများကုန်၏ ဟူ၍လည်းကောင်း၊
  [illegible]ချက်တစ်ချက်လက်မှ တစ်ကြိမ်တစ်ကြိမ်မြင်ရ[illegible] ပွဲလမ်းအကသဘင် ပမာသုံးဆောင်ရသောအခါ ကာလနည်းပါးလှကုန်၏ဟူ ၍လည်းကောင်း၊
- သူရူး၏တန်ဆာဆင်ခြင်းမျိုးကဲ့သို့ ဖောက်ပြန်သောသညာဖြင့်သာခံစား သုံးဆောင်အပ်သောအရာတို့ ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊
- မစင်ကျင်ကြီးကို ဖုံးလွှမ်းကြောင်းဖြစ်သော ဝတ္ထုကဲ့သို့အတုအပအယောင်အဆောင်မျှသာ ဖြစ်ကြကုန်၏ဟူ၍လည်းကောင်း၊
- ရေစွတ်သောလက်ချောင်း၌ကပ်ငြိနေသော အနည်းငယ်သောရေကိုလျက်ရခြင်းကဲ့သို့ မရောင့်ရဲမှုကိုပြုတတ်ကုန်၏ ဟူ၍လည်းကောင်း၊
- ဆာလောင်မွတ်သိပ်ခြင်း ပြင်းပြသူ၏အစာအာဟာရကို စားခြင်းကဲ့သို့အနာရောဂါနှင့်တကွဖြစ်ကုန်၏ဟူ၍ လည်းကောင်း၊

- ငါးမျှားချိပ်၌ အစာကဲ့သို့ အပျက်အစီးတို့၏ အစုအဝေးအကြောင်း ဖြစ်ကုန်၏ဟူ၍လည်းကောင်း၊
- မျောက်နဲ့စေးကဲ့သို့ဖွဲ့နှောင်မိခြင်း၏ အကြောင်းဖြစ်ကုန်၏ဟူ၍ လည်း ကောင်း၊
- သူသတ်ယောက်ျားကို ဖုံးလွှမ်းထားသော ဝတ္ထုများကဲ့သို့အကျိုးမဲ့ကို ဖုံးလွှမ်းထားသောအရာများဖြစ်ကုန်သည်ဟူ၍လည်းကောင်း၊

ဤသို့စသောနည်းဖြင့် ကာမတရား၊ ဘဝတရားတို့၌ အပြစ်ကိုရှုမြင်တော်မူပြီးလျှင် ထိုတရားတို့မှ ထွက်မြောက်လွတ်မြောက်ခြင်း(နေက္ခမ္မ)၌ အကျိုးအာနိသင်ကို ရှုဆင်ခြင်၍ နေက္ခမ္မပါရမီကို ဖြည့်ဆည်းတော်မူလေသည်။

ထိုသို့ ဖြည့်ကျင့်ရာဝယ် ရဟန်းဖြစ်သည်နေက္ခမ္မပါရမီပြည့်ဝရန် အခြေခံမူလအကြောင်းရင်းဖြစ်သောကြောင့် နေက္ခမ္မပါရမီကို အပြည့်အဝဖြည့်ကျင့်ရန်အတွက် ဘုရားလောင်းသည်သာနာပအခါ၌ ကောင်းမှု၊ မကောင်းမှုကံတို့နှင့် ထိုကံတို့၏အကျိုး[illegible] ထင်ရှားရှိ၏ဟူသော ကမ္မဝါဒီ၊ ကိရိယဝါဒီ ရသေ့ပရိုဗိတ်တို့၏ရသေ့ရဟန်းအဖြစ် [illegible] တော်မူသည်။ သာသနာတွင်းအခါ၌ဖြစ်မူ ရဟန်းအဖြစ်ကိုခံယူတော်မူသည်။

ရဟန်းပြုပြီးလျှင် စာရိတ္တသီလ၊ ဝါရိတ္တသီလတို့၌ တည်တော်မူ၍ ထိုသီလဖြူစင်သန့်ရှင်းစေရန် ဓုတင်အကျင့်များကို ဆောက်တည်ကျင့်သုံးတော်မူသည်။

ဓုတင်အကျင့်ကိုကျင့်၍ သီလဟူသောရေစင်ဖြင့် ကိလေသာအညစ်အကြေးတို့ကိုဆေးကြောသုတ်သင်စေသဖြင့် အပြစ်မရှိအလွန်စင်ကြယ်သောကိုယ်အကျင့် နှုတ်အကျင့်ရှိနေသော အလောင်းတော်သည် ရတတ်သမျှသော သက်န်း၊ ဆွမ်း၊ ကျောင်းတို့ဖြင့် မျှတရောင့်ရဲခြင်းဟူသော အရိယဝံသရှေးသုံးပါး၌ တည်တော်မူခြင်းဟူသော အရိယဝံသတရားကိုရယူရန် သမထဘာဝနာကို အားထုတ်တော်မူသည်။

သမထအားထုတ်၍ ဥပစာရစျာန်၊ အပ္ပနာစျာန်သို့ရောက်ရှိသော် အလောင်းတော်အား နေက္ခမ္မပါရမီကောင်းစွာ ဖြည့်ကျင့်သည်မည်ပါတော့သည်။

## ၅။ ပညာပါရမီဖြည့်ကျင့်ပုံ

- အလောင်းတော်သည် ရှေးဦးစွာမောဟ၏အကြောင်းဖြစ်သော ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်း၊ ပျင်းရိခြင်း၊ ကိုယ်လက် တဆန့်ဆန့်ရှိခြင်း အစရှိသောတရားများကိုရှောင်ကြဉ်တော်မူပြီးလျှင် ပညာပွားကြောင်းဖြစ်သောဗာဟုသစ္စတရား၊ ဈာန်တရားအစရှိသည်တို့၌ လုံ့လ ကြိုးကုတ် အားထုတ်တော်မူသည်။
- အလောင်းတော်သည် သုတမယဉာဏ်ရင့်သန်စေရန် ခန္ဓာငါးပါး၊ အာယတနတစ်ဆယ့်နှစ်ပါးဓာတ်(၁၈)ပါး၊ သစ္စာ(၄)ပါး၊ ဣန္ဒြေ(၂၂)ပါး၊ ပဋိစ္စ သမုပ္ပါဒ်တရား၊ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားများ၊
- ကုသိုလ်၊ အကုသိုလ်စသော ပရမတ္ထတရားအထူးများနှင့်တကွ အပြစ်ကင်း၍ သတ္တဝါတို့၏စီးပွားချမ်းသာကို ရွက်ဆောင်နိုင်သော လောကီဝိဇ္ဇာအတတ်မျိုးတည်းဟူသော နှုတ်ဖြင့်လေ့လာအပ်၊ နားဖြင့်ကြားနာအပ်သော [illegible] ဘာရုနယ်ပယ်ကို ဥပါယကောသလ္လ[illegible]ရှေ့သွားရှိသော သတိဝီရိယပညာတို့ဖြင့် [illegible]သင်ကြားနာယူ၊ အရဆောင် လေ့လာမေးမြန်းစုံစမ်းသောအားဖြင့် မိမိကိုယ်တိုင် ထိုတရားတို့၌ သက်ဝင်သိမြင်သော ပညာရှိဖြစ်တော်မူပြီးလျှင် သူတစ်ပါးတို့အား ထိုတရားတို့၌သက်ဝင်သိမြင်သော ပညာရှိဖြစ်တော်မူပြီးလျှင် သူတစ်ပါးတို့အား ထိုတရားတို့၌ တည်စေသောအားဖြင့် သုတမယပညာကို ဖြစ်စေတော်မူသည်။

သတ္တဝါတို့ အောင်မြင်ကြီးပွားကြောင်းအချက်အလက်များပျက်စီးဆုံးရှုံးကြောင်း အချက်အလက်များကို ပိုင်းခြားသိမြင်သော ဥပါယကောသလ္လဉာဏ်သည်သတ္တဝါတို့အကျိုးဖြစ်စေရန် ထိုက်သည့်အလျောက်ဖြစ်ပေါ်စေပါသည်။

- ခန္ဓာစသော သဘာဝဓမ္မ၊ ပရမတ္ထတရားတို့၏ဖြစ်ပုံအခြင်းအရာကို စူးစူးစိုက်စိုက်ဆင်ခြင်တော်မူခြင်းဖြင့် စိန္တမယပညာကိုဖြစ်စေတော်မူပါသည်။

- ဆက်လက်၍ အလောင်းတော်သည် သမ္မာသနညာဏ်စသော ဝိပဿနာဉာဏ်ကိုးပါးကို ပွားများပြည့်စုံစေခြင်းဖြင့် ဘာဝနာမယ ပညာ ဖြစ်စေတော်မူပါသည်။

ထိုသို့ဖြစ်စေခြင်းဖြင့် အလောင်းတော်သည် ကိုယ်တွင်းကိုယ်ပဖြစ်သော ဝတ္ထုများကို ရုပ်၊ နာမ်အနေဖြင့် ကောင်းစွာသိမြင်တော်မူသည်။

နာမ်ရုပ်မျှသာဖြစ်သော ဤသဘာဝဓမ္မအစုသည် ဆိုင်ရာဆိုင်ရာ အကြောင်းတို့ကြောင့် ဖြစ်ကြချုပ်ကြသည်။

ဤနာမ်၊ ရုပ်တရားအစု၌ ပြုတတ်သူ၊ ပြုစေတတ်သူဟူ၍ ပရမတ္ထအားဖြင့် တစုံးတစိ မရှိချေ။

စင်စစ်ကေန် အမှန်ရှိသော ရုပ်နာမ်တရားတို့သည် ဖြစ်ပြီးလျှင်ချုပ်ပျောက်တတ်သောကြောင့် အနိစ္စပါတကား။

ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် အနှိပ်စက်ခံနေရသောကြောင့် ဒုက္ခပါတကား။

အလိုသို့မလိုက်သောကြောင့် အနတ္တပါတကား

ဟူ၍သိတော်မူသည်။

ကိုယ်တွင်းကိုယ်ပ၌ ငြိတွယ်သောလောဘကို ကိုယ်တိုင်လည်းစွန့်ပယ်၊ သူတစ်ပါးကိုလည်း စွန့်ပယ်စေလျက် ဘုရားမဖြစ်မီ ဤကာလအတွင်း ဝယ် မဟာကရုဏာ၏အစွမ်းဖြင့်သာ သတ္တဝါတို့၏ဗောဓိဉာဏ်သုံးပါး ရင့်သန်စေကြောင်းဖြစ်သော အကျင့်ပဋိပတ်ယာဉ်သုံးမျိုး၌ မရောက်သေးသော သူတို့ရောက်စေခြင်း၊ ရောက်ပြီးသူတို့ကို ရင့်ကျက်စေခြင်းတို့ဖြင့် တည်စေကာ မိမိအတွက်မှာလည်း လောကီစျာန်သမာပတ်၊ အဘိညာဉ်အမျိုးမျိုးတို့ကို ပိုင်စိုးနိုင်နင်းခြင်း ဝသီဘော်ငါးမျိုးသို့ရောက်စေလျက် သမာဓိ၏အထူးကျေးဇူးပြုမှုကြောင့် ပညာ၏အထွတ်အထိပ်သို့ ရောက်တော်မူသည်။

## ၅။ ဝီရိယပါရမီ စသည်ပြည့်ကျင့်မှုများ

ရန်သူတစ်ဘက်ကိုအနိုင်တိုက်ဖျက်လိုသော စစ်ဗိုလ်မှူးသည် အချိန်ရှိသမျှ မရပ်မနားအားထုတ်ရသကဲ့သို့ ကိလေသာရန်သူကို ဆရာမကူကိုယ်တော်တိုင် အောင်တော်မူပြီးလျှင် ဝေနေယျတို့ကိုလည်း ကိုယ်တော်နည်းတူ အောင်စေလို တော်မူသော ဘုရားလောင်းသည် အချိန်ရှိသမျှ ပါရမီတော်များပြည့်ဝရန်လုံ့လ ကြိုးကုတ်အားထုတ်တော်မူသည်။

ထို့ကြောင့် ဘုရားလောင်းသည် အခါမလပ် သတိချပ်လျက်-

"ငါသည် ယနေ့အဘယ်သို့သော ကုသိုလ်ပညာအဆောက်အဦးများကို ပွားများအပ်ပြီးနည်း၊

"ငါသည်ယနေ့ အဘယ်သို့သော သူတစ်ပါးအစီးအပွားကိုပြုအပ်ပြီးနည်း"

ဟုနေ့တိုင်းနေ့တိုင်း ဆင်ခြင်လျက် သတ္တဝါကိုအစီးအပွားဖြစ်ဖို့ရန် လုံ့လ ကြိုးကုတ်အားထုတ်မှုပြုတော်မူသည်။

သတ္တဝါတို့အား ကျေးဇူးရှိဖို့ရန် ကိုယ်ပိုင်ဝတ္ထုပစ္စည်းများကိုကိုယ်နှင့်အသက် ကိုမငဲ့ကွက်ဘဲ ရက်ရက်ရောရော စွန့်လှူတော်မူသည်။

ပြုပြုသမျှသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများသည်လည်း သဗ္ဗညု တဉာဏ်တော်အတွက်သာ စိတ်ညွတ်ဆုပန်တော်မူသည်။

ယုတ်ညံ့သော ဝတ္ထုကာမ၊ များပြားသောဝတ္ထုကာမတို့ကိုမဆိုထားဘိ၊ မွန် မြတ်သော ဝတ္ထုကာမ၊ အနည်းငယ်မျှသော ဝတ္ထုကာမတို့သော်မှ ဆုတ်နစ်သော စိတ်၊ ထွက်မြောက်လိုသောစိတ်သာ ရှိတော်မူသည်။

ပြုဖွယ်ကိစ္စ အစစတို့၌လည်း ဥပါယကောသလ္လဉာဏ်ကိုဖြစ်စေ၍သာ ပြု တော်မူသည်။

သတ္တဝါတို့၏အစီးအပွား၌ အမြဲအားထုတ် လုံ့လပြုတော်မူသည်။

တွေ့သမျှအကောင်းအဆိုး အာရုံအမျိုးမျိုးကိုလည်း သည်းခံတော်မူသည်။

အသက်ဟူသော အကြောင်းကြောင့်သော်လည်း ချွတ်ယွင်းမှုကို မဖြစ်စေဘဲ အမှန်၌သာတည်တော်မူသည်။

ခပ်သိမ်းသောသတ္တဝါတို့ကို အပိုင်းအခြားမထားဘဲမေတ္တာကရုဏာတရား ပွားတော်မူသည်။

ဘုရားရှင်တို့၏ ကြီးမြတ်ပုံ၊ အာနုဘော်ကြီးလှပုံကို မပြတ်ဆင်ခြင်တော်မူသည်။

ဤနည်းဖြင့် ဒါနအစရှိသော ကောင်းမှုတို့၌အမြဲမပြတ်အားထုတ်တော်မူသောအလောင်းတော်အား မနှိုင်းယှဉ်နိုင်သော ကုသိုလ်ပညာ အဆောက်အဦးများနေ့တိုင်းနေ့တိုင်း တိုးပွားလေသည်။

ထိုမှတစ်ပါး ဘုရားလောင်းသည်သတ္တဝါတို့သုံးဆောင်ရန် သတ္တဝါတို့စောင့်ရှောက်ဖို့ရန်အတါက် ကိုယ်နှင့်အသက်ကို ရက်ရက်ရောရောစွန့်တော်မူပြီးလျှင် သတ္တဝါတို့ တွေ့ကြုံနေရသော ဆာလောင်မွတ်သိပ်ခြင်း ဒုက္ခအချမ်းအပူ လေနေတို့နှိပ်စက်ခြင်း ဒုက္ခအစရှိသည်တို့ကို ပယ်ရှားနိုင်ကြောင်း နည်းလမ်းကောင်းကို ရှာမှီးအသုံးပြုတော်သည်။

- ဘုရားလောင်းသည် ဤသို့သော ဒုက္ခတို့ကို ပယ်ရှားသဖြင့်
- ချမ်းသာသုခအမျိုးမျိုးကို ရရှိတော်မူသည်
- ကာယသုခ စိတ္တသုခ အမျိုးမျိုးကို ရရှိတော်မူသည်
- ရှေးရှေးသောဘုရား ပစ္စေကဗုဒ္ဓါများသည် တောထွက်တရားကျင့်သဖြင့် ဤသို့သော ဈာန်သမာပါတ်ချမ်းသာရသည်ဟု ကြားရသဖြင့် ခပ်သိမ်းသော ချမ်းသာအမျိုးကိုလည်းကောင်း၊ ခပ်သိမ်းသောသတ္တဝါတို့၌ အပိုင်းအခြားမထား သတ္တဝါတိုင်း ခံစားရရှိနိုင်ကြစေရန် စိတ်ရည်သန်၍ဆောင်ရွက်တော်မူသည်။

ဤသည်ကား ဈာန်သမာပါတ်ကိုမရသေးခင်ကာလအလောင်းတော်မျာရွက်ဆောင်အားထုတ်တော်မူပုံဖြစ်ပါသည်။

ဈာန်သမာပါတ်ကိုရရှိပြီးသောအလောင်းတော်သည် ကိုယ်တိုင်ခံစားသုံးဆောင်ရသော ဈာန်သမာပါတ်ကို ရခြင်းကြောင့်ဖြစ်သော -

- ဝမ်းမြောက်ခြင်း
- ငြိမ်းအေးခြင်း
- ချမ်းသာခြင်း
- တည်ကြည်ခြင်း
- အမှန်အတိုင်း သိမြင်ခြင်း

ဤတရားစုကို သတ္တဝါတို့၌ နှလုံးသွင်းတော်မူလျက် ကိုယ်တော်ထပ်တူရကြပါစေဟူ၍ စိတ်ညွတ်အားထုတ်တော်မူသည်။

- ငရဲသားသတ္တဝါတို့ကို ဖြတ်တော်၊ ခုတ်ထစ်၊ ခွဲစိပ်၊ ကြိတ်ချေမှုအစရှိသော ငရဲမီးပူအစရှိသည်တို့ကြောင့် ပြင်းပြစွာသောဆင်းရဲကို တစ်ခါမစဲနှစ်ရှည်များစွာ ခံစားနေရသည်တို့ကို ထင်လင်းစွာမြင်တော်မူသည်။
- တိရစ္ဆာန်သတ္တဝါတို့ကို အချင်းချင်း အမျက်ထွက်ခြင်း၊ ပူပန်စေခြင်း၊ ညှင်းပန်းသတ်ဖြတ်ခြင်း၊ သူတစ်ပါးခိုင်းသမျှစေသမျှခံခြင်း စသည်တို့ကြောင့် ကြီးစွာသောဆင်းရဲကိုခံစားနေရသည်တို့ကို ထင်လင်းစွာမြင်တော်မူသည်။
- ပြိတ္တာသတ္တဝါတို့ကို တစ်ကိုယ်လုံးမီးပန်းကြီးများ ဖုံးလွှမ်းလျက် ဆာလောင်မွတ်သိပ်ခြင်း၊ လေ၊ နေပူစသည်တို့ဖြင့် လောင်ကျွမ်းခန်းခြောက်ကြ၍ ရမိရရာ အံဖတ်တံတွေးအစရှိသော အညစ်အကြေးတို့ကို စားသောက်နေကြပြီးလျှင် လက်ရုံးကိုချီးမြှောက်ကာ ငိုကြွေးကြလျက်ကြီးစွာသော ဆင်းရဲကို ခံစားနေရသည်တို့ကို ထင်လင်းစွာ မြင်တော်မူသည်။
- ကာမဝစရနတ်ပြည်ခြောက်ထပ်နေ နတ်များကိုသာမာန်လူတို့က ချမ်းသာမှုပြည့်ဝနေကြသူများဟု ထင်မြင်နေကြသော်လည်း ဘုရားလောင်းများကမူ ဝတ္ထုအာရုံ ကာမဂုဏ်အဆိပ်ကိုစားမျိုမိခြင်းကြောင့် ပြန့်လွင့်သောစိတ်ရှိသဖြင့် ရာဂ၊ ဒေါသ၊ မောဟတည်းဟူသော ပူပန်ခြင်းတို့ဖြင့် ပူပန်၍နေကြပြီးလျှင် လေအဟုန်ပင့်သဖြင့် အလျှံတပြောင်

ပြောင်တောက်လောင်၍ နေသောထင်းခြောက်မီးပုံကြီးပမာ အခါခပ်သိမ်းမငြိမ်းအေးနိုင်မှုနှိပ်စက်သဖြင့် သူတစ်ပါးကိုအားကိုးအားထားပြု နေကြရသည်တို့ကို ထင်လင်းစွာမြင်တော်မူသည်။

- ရူပါဝစရ အရူပါဝစရဗြဟ္မာကြီးများကိုလည်း ကြီးစွာသောလှံ့လဖြင့် ဝေမြင့်သီခေါင်အထက်ကောင်းကင်သို့ ပစ်မြောက်အပ်သောငှက်ကဲ့သို့ လည်းကောင်း၊
- အားကောင်းသောယောကျ်ားကအဝေးသို့တအား ပစ်လွှတ်လိုက်သော မြှားကဲ့သို့လည်းကောင်း၊
- မဟာကပ်ပေါင်းရှစ်သောင်းလေးထောင်ကြာမြင့်အောင်ပင် အသက်ရှင် နေစေကာမူ မမြဲခြင်းသဘောသာအဆုံးရှိသောကြောင့် အောက်သို့ကျ ခြင်းလျှင် အဆုံးရှိကုန်စွတကား၊ ဇာတိ ဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ တို့ကို မလွန်မြောက်ကုန်နိုင်စွ တကားဟုထင်လင်းစွာသိမြင်တော်မူ သည်။

ထိုသို့ထင်လင်းစွာသိမြင်တော်မူပြီးလျှင် သံဝေဂကြီးစွာဖြစ်တော်မူလျက် မေတ္တာကရုဏာနှစ်ပါးဖြင့် အပိုင်းအခြားမထား(၃၁)ဘုံသားသတ္တဝါတို့ကို ဖြန့် တော်မူသည်။

ဤသို့လျှင် ကိုယ်နှုတ်နှလုံးသုံးပါးတို့ဖြင့် ဗောဓိသမ္ဘာရကုသိုလ်များကို အကြားမလပ်ဆည်းပူးတော်မူသော ဘုရားလောင်းသည် ပါရမီတော်များအထွတ် အထိပ်ရောက် ဆောင်ကြဉ်းမြောက်အောင်-

- ရှိသေစွာပွားများခြင်း (သက္ကစ္စဘာဝနာ)
- အခါမပြတ်ပွားများခြင်း (သာတစ္စဘာဝနာ)

တို့ဖြင့် မဆုတ်-မနစ်အားထုတ်တော်မူသည်။

ဤသို့အစရှိသော ပရမီဖြည့်ကျင့်ပုံတို့ဖြင့် ဖြည့်ကျင့်ရာ-

- ခန္တီဖြင့်သတ္တဝါတို့ ပြစ်မှားသမျှအပြစ်တို့ကိုသည်းခံခြင်း

- သစ္စာဖြင့်သတ္တဝါတို့အား မလှည့်ဖြားခြင်း၊ သတ္တဝါတို့အား ကျေးဇူးပြုရန် ဆောက်တည်ချက်ကို မချွတ်ယွင်းစေခြင်း
- အဓိဋ္ဌာန်ဖြင့် သတ္တဝါတို့ကျေးဇူးရှိရန် ရွက်ဆောင်ခြင်းကြောင့် ကိုယ်တော်အပေါ်၌ အကျိုးမဲ့ရောက်စေကာမူ မတုန်မလှုပ်ခြင်း
- မေတ္တာဖြင့်သတ္တဝါတို့၏ စီးပွားချမ်းသာကို အဖန်ဖန်ကြံစည်ခြင်း
- ဥပေက္ခာဖြင့် သတ္တဝါတို့က ကိုယ်တော်အပေါ်ကျေးဇူးပြုမှု ကျေးဇူးမဲ့ပြုမှုတို့အပေါ်၌ ဖောက်ပြန်ခြင်းသို့ မရောက်ခြင်း၊

ဤသို့လျှင် အပိုင်းအခြားမရှိသော သတ္တဝါတို့ကို အကြောင်းပြု၍ အလောင်းတော်၏သူတစ်ထူးနှင့်မတူသော မနှိုင်းယှဉ်နိုင်သည့် ကုသိုလ်ပညာ အဆောက်အဦးများကို ဆည်းပူးပွားများအားထုတ်၍ ပါရမီတို့ကိုဖြည့်ကျင့်တော်မူလေသည်။

## ပါရမီ(၁၀)ပါး၊ အပြား(၃၀)

ပါရမီတို့သည်ကား -

- ပါရမီ (၁၀)ပါး
- ဥပပါရမီ (၁၀)ပါး
- ပရမတ္ထပါရမီ (၁၀)ပါး

အားဖြင့် ပါရမီအပြား(၃၀)ရှိပါသည်။

ဒါနနှင့်ပတ်သက်၍ -

- သားမယား၊ ရွှေငွေအစရှိသော မိမိကိုယ်မှ အပြင်အသုံးအဆောင်များကို စွန့်လွှတ်လှူခြင်းသည် ဒါနပါရမီ
- လက်၊ခြေစသော အင်္ဂါကြီးငယ်ကို စွန့်လှူခြင်းသည် ဒါနဥပပါရမီ
- အသက်ကိုစွန့်လှူခြင်းသည် ဒါနပရမတ္ထပါရမီ

သီလနှင့်ပါတ်သက်၍-

- သားမယား၊ ရွှေငွေအစရှိသော အပြင်အသုံးအဆောင်ဟူသောအကြောင်းကြောင့် မလွန်ကျူးဘဲသိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ထိန်းခြင်းသည် (သီလပါရမီ)
- လက်ခြေစသော အင်္ဂါကြီးငယ်ဟူသော အကြောင်းကြောင့်မလွန်ကျူးဘဲ သိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ထိန်းခြင်းသည် (သီလဥပပါရမီ)
- အသက်ဟူသောအကြောင်းကြောင့်လည်း မလွန်ကျူးဘဲ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းခြင်းသည် (သီလပရမတ္ထပါရမီ)

နေက္ခမ္မနှင့် ပတ်သက်၍-

- ပြင်ပအသုံးအဆောင်တို့၌ တွယ်တာကပ်ငြိသောတဏှာလောဘကို ပြတ် တောက်၍ တောထွက်ခြင်းသည်(နေက္ခမ္မ ပါရမီ)
- လက်ခြေစသော အင်္ဂါကြီးငယ်၌ ကပ်ငြိသောတဏှာလောဘကို ဖြတ်တောက်၍ တောထွက်ခြင်းသည် (နေက္ခမ္မ ဥပပါရမီ)
- အသက်၌တွယ်တာကပ်ငြိသောတဏှာလောဘကိုဖြတ်တောက်၍ တောထွက်ခြင်းသည် (နေက္ခမ္မပရမတ္ထပါရမီ)

ပညာပါရမီနှင့်ပတ်သက်၍ -

- အပြင်အသုံးအဆောင်တို့တွယ်တာကပ်ငြိသောတဏှာလောဘကို ပယ် နှုတ်၍သတ္တဝါတို့၏ အကျိုးစီးပွားရှိ-မရှိကို ဆုံးဖြတ်သိမြင်ဆင်ခြင်ခြင်းသည် (ပညာပါရမီ)
- လက်ခြေအစရှိသော အင်္ဂါကြီးငယ်တို့၌ တွယ်တာကပ်ငြိသော တဏှာ လောဘကို ပယ်နှုတ်၍သတ္တဝါတို့၏ အကျိုးစီးပွားရှိ-မရှိကို ဆုံးဖြတ် သိမြင်ဆင်ခြင်ခြင်းသည် (ပညာဥပပါရမီ)
- အသက်၌တွယ်တာကပ်ငြိသော တဏှာလောဘကိုပယ်နှုတ်၍ သတ္တဝါ တို့၏ အကျိုးစီးပွားရှိ-မရှိကို ဆုံးဖြတ်သိမြင် ဆင်ခြင်ခြင်းသည် (ပညာပရမတ္ထပါရမီ)

ဝီရိယပါရမီနှင့် ပတ်သက်၍-
- ပါရမီများ ထမြောက်အောင်မြင်ပြည့်စုံအောင် အားထုတ်ခြင်းသည် ဝီရိယပါရမီ
- ဉပပါရမီများ ထမြောက်ပြည့်စုံအောင် အားထုတ်ခြင်းသည် ဝီရိယ ဉပပါရမီ
- ပရမတ္ထပါရမီများ ထမြောက်ပြည့်စုံအောင် အားထုတ်ခြင်းသည် ဝီရိယ ပရမတ္ထပါရမီ

ခန္တီပါရမီနှင့် ပတ်သက်၍ -
- ပြင်ပအသုံးအဆောင်တို့၏ အန္တရာယ်ကို ပြုတတ်သောလောကဓံတရားများကိုသည်းခံခြင်းသည် ခန္တီပါရမီ
- လက်ခြေအစရှိသော အင်္ဂါကြီးငယ်တို့၏ အန္တရာယ်ကိုပြုတတ်သော လောကဓံတရားများကို သည်းခံခြင်းသည် ခန္တီဉပပါရမီ
- အသက်အန္တရာယ်ကို ပြုတတ်သော လောကဓံတရားများကို သည်းခံခြင်းသည် ခန္တီပါရမတ္ထပါရမီ

သစ္စာပါရမီနှင့်ပတ်သက်၍ -
- ပြင်ပအသုံးအဆောင်ဟူသော အကြောင်းကြောင့် အမှန်သဘောကို မစွန့်ခြင်းသည် သစ္စာဉပပါရမီ
- လက်ခြေအစရှိသော အင်္ဂါကြီးငယ်ဟူသောအကြောင်းကြောင့် အမှန်သဘောကိုမစွန့်ခြင်းသည် သစ္စဉပပါရမီ
- အသက်ဟူသောအကြောင်းကြောင့် အမှန်သဘောမစွန့်ခြင်းသည် သစ္စာ ပရမတ္ထပါရမီ

အဓိဋ္ဌာနပါရမီနှင့် ပတ်သက်၍ -
- ဒါနစသော ပါရမီများသည် မပျက်စီးအောင် ဆောက်တည်နိုင်မှသာ ပြည့်စုံကုန်၏ဟု စွဲမြဲယုံကြည်ပြီးလျှင် အပြင်အသုံးအဆောင်များပျက်စီးသော်လည်း မတုန်မလှုပ်ဆောက်တည်ခြင်းသည် အဓိဋ္ဌာနပါရမီ

- လက်ခြေစသော အင်္ဂါကြီးငယ်များပျက်စီးသော်လည်း မတုန်မလှုပ် ဆောက်တည်ခြင်းသည် အဓိဋ္ဌာနဥပပါရမီ
- အသက်ပင်ပျက်စီးသော်လည်းမတုန်မလှုပ် ဆောက်တည်ခြင်းသည် အဓိဋ္ဌာနပရမတ္ထပါရမီ

မေတ္တာပါရမီနှင့် ပတ်သက်၍ -

- ပြင်ပအသုံးအဆောင်တို့ကို ဖျက်ဆီးနှိပ်စက်သော သတ္တဝါတို့၌လည်း မေတ္တာရားကိုမစွန့်ခြင်း မေတ္တာပို့မပျက်ခြင်းသည် မေတ္တာပါရမီ
- လက်ခြေစသော အင်္ဂါကြီးငယ်တို့ကို ဖျက်ဆီးနှိပ်စက်သောသတ္တဝါတို့၌သော်လည်း မေတ္တာတရားမစွန့်မေတ္တာပို့မပျက်ခြင်းသည် မေတ္တာဥပပါရမီ
- မိမိ၏အသက်ကိုနှိပ်စက်ဖျက်ဆီးမည့် သတ္တဝါတို့၌သော်လည်း မေတ္တာ တရားမစွန့်၊ မေတ္တာပို့မပျက်ခြင်းသည် မေတ္တာပရမတ္ထပါရမီ

ဥပေက္ခာပါရမီနှင့် ပါတ်သက်၍ -

- ပြင်ပအသုံးအဆောင်တို့၏ ကျေးဇူးရှိမှု၊ ကျေးဇူးမဲ့မှုကိုပြုသော သတ္တဝါ သခၤါရတို့၌ လျစ်လျူရှုခြင်းသည် ဥပေက္ခာပါရမီ
- လက်ခြေစသော အင်္ဂါကြီးငယ်တို့၏ ကျေးဇူးရှိမှုကျေးဇူးမဲ့မှုပြုသော သတ္တဝါသခၤါရတို့၌ လျစ်လျူရှုခြင်းသည် ဥပေက္ခာဥပပါရမီ
- မိမိအသက်၏ကျေးဇူးရှိမှု၊ ကျေးဇူးမဲ့မှုကိုပြုသောသတ္တဝါသခၤါရတို့၌ လျစ်လျူရှုခြင်းသည် ဥပေက္ခာပရမတ္ထပါရမီ

ဤသို့လျှင် ပါရမီတစ်ပါး၌အပြား(၃)ပါးစီရှိ၍ ပါရမီ(၁၀)ပါးအပြား (၃၀) ဖြစ်ရပါသည်။

**ပါရမီတို့၏ အကျဉ်းချုပ်တရား(၆)ပါး**

ပါရမီဆယ်ပါးကိုသဘောတူရာ ပေါင်းချုပ်ရေတွက်လျှင် (၆)မျိုးသာရပါသည်-

(၁) ဒါနပါရမီ

(၂) သီလပါရမီ

(၃) ခန္တိပါရမီ

(၄) ဝီရိယပါရမီ

(၅) ဈာနပါရမီ

(၆) ပညာပါရမီ

သဘောတူပေါင်းပုံမှာ - နေက္ခမ္မဟူသည် ရဟန်အဖြစ်ကိုလည်းကောင်း၊ ဈာန်တရားကိုလည်းကောင်း၊ ကုသိုလ်တရားကိုလည်းကောင်း ခေါ်ပါသည်။

- ရဟန်းအဖြစ်ဟူသော နေက္ခမ္မသည် သီလပါရမီနှင့်သဘောတူပါသည်။
- နိဝရဏမှ ဆိတ်ကင်းသောဈာန်တရားဟူသော နေက္ခမ္မသည် ဈာနပါရမီနှင့် သဘောတူပါသည်။
- ကုသိုလ်တရားသာမညတည်းဟူသော နေက္ခမ္မသည်ပါရမီ(၆)ပါးလုံးနှင့် သဘောတူအကျုံးဝင်ပါသည်။

သစ္စာဟူသည်မှာ -

- မှန်ကန်သောစကားဟူသော ဝစီသစ္စာ
- သမ္မာဝါစာ စေတသိက်တည်းဟူသော ဝိရတိသစ္စာ
- ပညာစေတသိက်တည်းဟူသော ဉာဏသစ္စာ

ဤသုံးပါးကိုခေါ်ပါသည်။

- ဝစီသစ္စာသည် ပညာပါရမီနှင့်သဘောတူပါသည်။
- မေတ္တာပါရမီသည် ဈာနပါရမီနှင့် သဘောတူပါသည်။

- ဉပေက္ခာပါရမီ၌ တတြမဇ္ဈတ္တတာ စေတသိက်ပညာ စေတသိက်နှစ်ပါး ပါဝင်လျက်ရှိပါသည်။
- တတြမဇ္ဈတ္တတာသည် ဈာနပါရမီနှင့် သဘောတူပါသည်။
- ပညာစေတသိက်သည် ပညာပါရမီနှင့်သဘောတူပါသည်။
- အဓိဋ္ဌာနပါရမီသည် ဒါန၊ သီလ၊ ခန္တီ၊ ဝီရိယ၊ ဈာန၊ ပညာ(၆)မျိုးနှင့် သဘောတူရေတွက်ရပါသည်။
(ဒါနမှု၌မတုန်လှုပ်ခြင်း၊ သီလမှု၌မတုန်လှုပ်ခြင်း၊ ခန္တီ၌မတုန်လှုပ်ခြင်း၊ ဝီရိယ၌မတုန်လှုပ်ခြင်း၊ ဈာန်၌မတုန်လှုပ်ခြင်း၊ ပညာ၌မတုန်လှုပ်ခြင်း၊ ကြံ့ကြံ့တည်ခြင်းတို့သည် အဓိဋ္ဌာနသဘောဖြင့် (၆)ပါးလုံးဖြင့် သဘောတူပါသည်။)

**ပါရမီခြောက်ပါးတွဲစပ်၍ရသော အကျိုးများ**

ပါရမီခြောက်ပါးတို့ကို ဒါနနှင့်သီလ၊ ဒါနနှင့်ခန္တီစသည်တွဲစပ်ကျင့်သဖြင့် ရရှိသောအလောင်းတော်သည် အကျိုးများစွာရှိပါသည် -

၁။ ဒါနနှင့်သီလ နှစ်ပါးစုံကြောင့် -
- သူတစ်ပါး၏အစီးအပွားကိုပြုခြင်း
- သူတစ်ပါး၏စီးပွားမဲ့ကိုမပြုခြင်း

ဟူသော ကောင်းမှုအစုံပြီးမြောက်ပြည့်စုံရပါသည်။

၂။ ဒါနနှင့်ခန္တီနှစ်ပါးစုံကြောင့် -
- အလောဘ၊ အဒေါသ ကောင်းမှုအစုံပြီးမြောက်ပြည့်စုံသည်။

၃။ ဒါနနှင့်ဝီရိယနှစ်ပါးစုံကြောင့် -
- စာဂ၊ သုတဟူသော ကောင်းမှုအစုံပြည့်စုံရပါသည်။

၄။ ဒါနနှင့်ဈာနနှစ်ပါးစုံကြောင့် -
- ကာမကိုပယ်ခြင်း၊ ဒေါသကိုပယ်ခြင်းတည်းဟူသော ကောင်းမှုအစုံ ပြီးမြောက်ပြည့်စုံသည်။

၅။ ဒါနနှင့်ပညာနှစ်ပွါးစုံကြောင့် -

- သမထယာဉ်၊ ဝိပဿနာယာဉ်နှစ်ပါးပြီးမြောက်ပြည့်စုံသည်။
- ပရိယတ္တိအလုပ် ဘာဝနာအလုပ်နှစ်ပါးလည်းပြီးမြောက်ပြည့်စုံသည်။

၆။ သီလနှင့်ခန္တီနှစ်ပါးစုံကြောင့်

- ကိုယ်နှုတ်တို့ဖြင့် အားထုတ်မှု၏စင်ကြယ်ခြင်းတည်းဟူသော ပယောဂသုဒ္ဓိ
- စိတ်နှလုံးအလိုတော်၏ စင်ကြယ်ခြင်းတည်းဟူသော အာသယသုဒ္ဓိ ကောင်းမှုအစုံပြီးမြောက်ပြည့်စုံသည်။

၇။ သီလနှင့်ဝီရိယနှစ်ပါးစုံကြောင့်

- သမထနှင့်ဝိပဿနာဘာဝနာ ကောင်းမှုအစုံပြီးမြောက်ပြည့်စုံသည်။

၈။ သီလနှင့်ဈာနနှစ်ပါးနှစ်စုံကြောင့်

- ကိုယ်ကျုးနှုတ်ကျူးအမှုဟူသော ဝီတိက္ကမကိလေသာကို ပယ်ခြင်း
- ကိုယ်ကျူးနှုတ်ကျူးမှုကိုမဖြစ်စေဘဲ စိတ်ထဲ၌သာထကြွသောင်းကျန်းသော ပရိယုဋ္ဌာနကိလေသာကိုပယ်ခြင်း ကောင်းမှုအစုံပြီးမြောက်ပြည့်စုံသည်။

၉။ သီလနှင့်ပညာနှစ်ပါးစုံကြောင့်

- အဘယဒါန ဓမ္မဒါနနှစ်ပါးအစုံပြီးမြောက်ပြည့်စုံသည်။

(သီလရှိမှအဘယဒါနပြုနိုင်သည်၊ ပညာရှိမှ ဓမ္မဒါနပြုနိုင်သည်)

၁၀။ခန္တီနှင့် ဝီရိယနှစ်ပါးအစုံကြောင့်

- ခံနိုင်ရည်ဂုဏ်၊ ထက်မြက်ခြင်း ဂုဏ်နှစ်ပါးအစုံပြီးမြောက်ပြည့်စုံသည်။

(ခန္တီရှိမှ ကောင်းဆိုးနှစ်တန်လောကဓံကို ခံနိုင်ရည်ရှိရာ ဝီရိယရှိမှကုသိုလ်မှု၌ဇွဲသန်ထက်မြက်သည်။)

၁၁။ခန္တီနှင့်ဈာနနှစ်ပါးအစုံကြောင့်

- ဒေါသဖြင့် ဆန့်ကျင်နေမှုပယ်ခြင်း
- လောဘဖြင့် လိုက်လျောနေမှုကိုပယ်ခြင်း

ဟူသောအကျိုးနှစ်ပါးပြီးမြောက်ပြည့်စုံသည်။

(ခန္တီမရှိလျှင် အလိုမရှိအပ်သော လောကဓံ၌ဒေါသဖြင့်ဆန့်ကျင်နေတတ်သည်။ ဈာန်မရှိလျှင် အလိုရှိအပ်သောလောကဓံ၌ လောဘဖြင့် နစ်မြောနေတတ်သည်။

၁၂။ခန္တီနှင့် ပညာနှစ်ပါးစုံကြောင့်

- ရုပ်နာမ်တရားတို့၏ သဏ္ဍာဇီဝသဘောမှ ဆိတ်သုန်းမှုကို စူးစူးစိုက်စိုက်ကြည့်ရှုနိုင်ခြင်း
- နိဗ္ဗာန်ကိုထိုးထွင်းသိမြင်နိုင်ခြင်း

အကျိုးနှစ်ပါးပြီးမြောက်ပြည့်စုံသည်။

၁၃။ဝီရိယနှင့်ဈာန်နှစ်ပါးစုံကြောင့် -

- ချီးမြှောက်ခြင်း(ပဂ္ဂဟ) တရား
- မပြန့်လွင့်ခြင်း (အဝိက္ခေပ)တရားနှစ်ပါးပြီးမြောက်ပြည့်စုံသည်။

၁၄။ဝီရိယနှင့်ပညာနှစ်ပါးအစုံကြောင့် -

- ဝေနေယျတို့၏ ကိုးစားရာဖြစ်ခြင်း
- ကိုယ်တော်မြတ်၏ ကိုယ်စားရာဖြစ်ခြင်း အကျိုးနှစ်ပါးစုံပြီးမြောက်ပြည့်စုံသည်။

၁၅။ဈာန်နှင့်ပညာနှစ်ပါးအစုံကြောင့် -

- သမထယာဉ်နှင့် ဝိပဿနာယာဉ်နှစ်ပါးတို့ပြီးမြောက်ပြည့်စုံသည်။

## သုံးပါးအစုံကြောင့် အကျိုးရပုံ

၁။ ဒါန၊ သီလ၊ ခန္တီ သုံးပါးအစုံကြောင့် ဒါနဖြင့် လောဘကိုပယ်သတ်ခြင်း၊ သီလဖြင့် ဒေါသကိုပယ်သည်၊ ခန္တီဖြင့် မောဟကိုပယ်သည် ဟူသော အကုသိုလ်မူလတရား(၃)ပါးကို ပယ်ရှားခြင်းအကျိုး(၃)ပါး ရပါသည်။

၂။ ဒါန၊ သီလ၊ ဝီရိယသုံးပါးအစုံကြောင့် ရန်သူမျိုးငါးပါးနှင့်ဆက်ဆံနေရသောကြောင့် အနှစ်သာရမရှိသော စည်းစိမ်ဥစ္စာ၏အနှစ်ကား ဒါနသာလျှင်ဖြစ်၏။

-များစွာသောအနာရောဂါမျိုးတို့နှင့်ဆက်ဆံနေရသောကြောင့် အနှစ်သာရမရှိသော ကိုယ်ခန္ဓာ၏အနှစ်သာရက သီလသာလျှင် ဖြစ်၏။

-ပျက်စီးခြင်းလျှင်အဆုံးရှိသောကြောင့် အနှစ်သာအရမရှိသောအသက်၏ အနှစ်သာရကား ဝိပဿနာတရားပွားများအားထုတ်ခြင်းသာလျှင် ဖြစ်၏ ဟူသော အကျိုး(၃)ပါး ရပါသည်။

၃။ ဒါန၊ သီလ၊ စျာန သုံးပါးအစုံကြောင့် ဒါန၊ သီလ၊ ဘာဝနာ ဟူသော ပုညကြိယာ(ကောင်းမှုအလုပ်ကြီး)သုံးမျိုးပြီးမြောက်ခြင်းအကျိုး ရပါသည်။

၄။ ဒါန၊ သီလ၊ ပညာသုံးပါးအစုံကြောင့် ဒါနကြောင့် အာမိသဒါနပြီးမြောက်သည်၊ ပညာကြောင့် ဓမ္မဒါနပြီးမြောက်သည် ဟူသောအကျိုး(၃)ပါး ရပါသည်။

**အဓိဋ္ဌာနတရားကြီးလေးပါး**

အလောင်းတော်သူမြတ်တို့၏ ပါရမီဖြည့်တော်မူရာဘဝတို့၌လည်းကောင်း၊ ဘုရားဖြစ်တော်မူရာဘဝ၌လည်းကောင်း ထောက်တည်ရပ်နားရာ တရားကြီးလေးမျိုးကို အဓိဋ္ဌာနတရားလေးပါးဟူ၍ ခေါ်ဆိုပါသည်။

(အထက်တွင်ဆိုခဲ့သော ဒါနပါရီစသောပါရမီ (၆)ပါးသည် အဓိဋ္ဌာနတရားလေးပါးတွင် အကျုံးဝင်ရေတွက်ရပါသည်)

**၁။ သစ္စာဓိဋ္ဌာနတရား**

ပရမတ္ထသစ္စာဖြစ်သော နိဗ္ဗာန်နှင့်တကွ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းရကြောင်းဖြစ်သော ရှေ့ပိုင်းကာလအကျင့်ပဋိပတ်ဖြစ်သော-

- မှန်ကန်သောစကား (ဝစီသစ္စာ)
- ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်သောသမ္မာဝါစာ စေတသိက် (ဝိရတိသစ္စာ)
- ပညာစေတသိက် (ဉာဏသစ္စာ)

ဤတရားတို့သည် သစ္စာဓိဋ္ဌာနတရားမည်ကုန်ပါသည်။

ပါရမီဖြည့်စဉ်ဘဝ၊ ဘုရားဖြစ်ရာဘဝတို့၌ ထောက်တည်ရပ်နားရာဖြစ်သော ကြောင့် ,နိဗ္ဗာန်ဟူသော ပရမတ္ထသစ္စာသည် အဓိဋ္ဌာနတရားမည်ပါသည်။

## ၂။ စာဂါဓိဋ္ဌာနတရား

- အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့ကို အကြွင်းမဲ့အမြစ်ပြတ် စွန့်လွှတ်ခြင်း၊
- ထိုသို့စွန့်လွှတ်နိုင်ရန် ရှေ့ပိုင်းကာလအလောင်းတော်ဘဝတို့၌ ဒါနအစရှိသော ထိုထိုပါရမီတို့ဖြင့် ထိုထိုဝတ္ထုကာမ၊ ကိလေသာကာမတို့ကို စွန့်လွှတ်ပယ်ရှားခြင်းတို့သည် စာဂါဓိဋ္ဌာနတရားမည်ပါသည်။
- အလောင်းတော်ဘဝပါရမီဖြည့်စဉ်ကာလတို့၌ ကိလေသာတို့ကို အကြွင်းမဲ့အမြစ်ပြတ်မစွန့်ပယ်နိုင်သေးရကား ဒါနစသောပါရမီတို့ဖြင့် ထိုက်သည့်အလျောက်ဝတ္ထုကာမတို့ကို စွန့်လွှတ်ခြင်း၊ ကိလေသာကာမတို့ကို တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်အနေဖြင့် ပယ်စွန့်ခြင်းတို့သာ အလောင်းတော်ကြီးများဆောက်တည်ရပ်နားတော်မူကြရသည်။

အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်သို့ ရောက်၍ဘုရားဖြစ်တော်မူမှသာ အလုံးစုံသောကိလေသာတို့ကို အကြွင်းမဲ့အမြစ်ပြတ်ပယ်စွန့်ခြင်းမှာ အပြီးတိုင် ဆောက်တည်ရပ်နားတော်မူကြရသည်။

ထို့ကြောင့် အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့ကို အကြွင်းမဲ့အမြစ်ပြတ် ပယ်စွန့်ခြင်း၊ အလောင်းတော်ဘဝ၌ ဒါနစသောပါရမီတို့ဖြင့် ထိုထိုဝတ္ထုကာမကိလေသာတို့ကို တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်အနေဖြင့် ပယ်စွန့်ခြင်းတို့ကို စာဂါဓိဋ္ဌာနတရားဟု ခေါ်ပါသည်။

## ၃။ ဥပသမာဓိဋ္ဌာနတရား

- အရဟတ္တမဂ်ဖြင့် ကိလေသာအပူခပ်သိမ်းမှာ အကြွင်းမဲ့အေးငြိမ်းရန် ပရိနိဗ္ဗာန်ကာလ၌ ဝဋ်ဒုက္ခခပ်သိမ်းအကြွင်းမဲ့အေးငြိမ်းရန်တို့အတွက်

ရှေ့ပိုင်းအလောင်းတော်ဘဝ၌ ဒါနစသော ပါရမီတို့ဖြင့်လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာအပူများကို တဒင်္ဂဝိက္ခမ္ဘအနေဖြင့် အေးငြိမ်း ခြင်းသည် ဥပသမာဓိဋ္ဌာနတရားမည်ပါသည်။

- ဘုရားလောင်းဘဝ၌ ကိလေသာအပူဝဋ်ဒုက္ခအပူများ အကြွင်းမဲ့မပြတ်နိုင်သေးသဖြင့် ဒါနစသော ပါရမီဖြင့် လောဘစသောကိလေသာတို့၏ တဒင်္ဂဝိက္ခမ္ဘနအနေဖြင့် အေးငြိမ်းခြင်း၌သာ အခိုက်အတန့်ဆောက်တည် ရပ်နားတော်မူသည်။

ဘုရားဖြစ်သောအခါမှသာ ကိလေသာအပူဝဋ်တို့ကို အပြီးပြတ်သဖြင့် အေးငြိမ်းတော်မူသည်။

## ၄။ ပညာဓိဋ္ဌာနတရား

အရဟတ္တဖိုလ်ပညာ၊ သဗ္ဗညုတဉာဏ်ပညာတို့ရရှိရန်အတွက် ရှေ့ပိုင်း အလောင်းတော်ဘဝတွင် သန္တာန်၌ဖြစ်ပေါ်လာသမျှသော ဥပါယကောသလ္လဉာဏ် အစရှိသော ဉာဏ်အမျိုးမျိုးသည် ပညာဓိဋ္ဌာနတရားမည်ပါသည်။

အလောင်းတော်ဘဝ၌ ရှေ့ပိုင်းပညာတို့ဖြင့်သာ ဆောက်တည်ရပ်တည်တော်မူသည်။ ဘုရားဖြစ်သောအခါမှ အရဟတ္တဖိုလ်ပညာ၊ သဗ္ဗညုတဉာဏ်ပညာတို့၌ ဆောက်တည်ရပ်တော်မူသည်။

အန္ဓပုထုဇဉ်မေ့လျော့ကြသောသူတို့မှာ ဝဋ္ဋကာမ၌သာ သာယာဖွယ်အဖြစ် သာမြင်၍ ထိုဝဋ္ဋကာမ၌သာရပ်တည်နေကြသည်။

အလောင်းအလျာသူမြတ်တို့ကား ထိုဝဋ္ဋကာမတို့၏ အပြစ်ကိုကောင်းစွာ သိမြင်တော်မူသောကြောင့် ထိုဝဋ္ဋကာမမှ ထွက်မြောက်ရာနိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော သစ္စာ၊ စာဂ၊ ဥပသမာ၊ ပညာဟူသောတရားလေးပါး၌သာ ထောက်တည်ရပ်နားတော်မူကြသည်။

ပါရမီကောင်းမှုကုသိုလ်များဖြစ်တိုင်းဖြစ်တိုင်းပင် အလောင်းတော်၏ သန္တာန် ၌-

- ဝန်ခံချက်အတိုင်းမချွတ်မယွင်းအားထုတ်မှုဟူသော သစ္စာဓိဋ္ဌာနတရား
- ပါရမီတို့၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တရားတို့ကိုပယ်စွန့်မှု ဟူသော စာဂဓိဋ္ဌာနတရား
- ကိလေသာအပြစ်အေးငြိမ်းမှုဟူသော ဥပသမာဓိဋ္ဌာနတရား
- သတ္တဝါတို့စီးပွားဖြစ်ကြောင်း ဥပါယ်ကောင်း၌ လိမ္မာကျွမ်းကျင်မှုဟူသော ပညာဓိဋ္ဌာနတရားတို့ထင်ရှားစွာဖြစ်ပေါ်နေပါသည်။

ဥပမာ - အပြစ်ကင်းသောလောကီစီးပွားမှ တစ်ခုခုကိုပြုလုပ်အားထုတ်သောသူသည် ထိုအလုပ်အတွက် ရည်ရွယ်ချက်ကို အကျိုးဖြစ်ထွန်းအမြတ်အစွန်းထွက်မှုကို လက်တွေ့ခံစားလာရသောအခါ ထိုစီးပွားများကို ထပ်ကာထပ်ကာတိုး၍ တိုး၍ လုံ့လကြိုးကုတ် အားထုတ်လေသည်။

ထို့အတူအပြစ်ကင်းလှသော ပါရမီကောင်းမှုကုသိုလ်ကို အားထုတ်တော်မူသော အလောင်းတော်သူမြတ်သည် အားထုတ်အပ်သောပါရမီကောင်းမှုအတွက်-

- ဝစီသစ္စာတည်းဟူသော ချိုမြိန်လှစွာသော -အရသာ
- ဆန့်ကျင်ဘက်ကိလေသာတို့ကို ပယ်စွန့်ရခြင်း -စာဂ
- ထိုကိလေသာအပူငြိမ်းအေးခြင်း -ဥပသမ
- ဥပါယကောသလ္လဉာဏ်ပညာတည်းဟူသော -ထောက်တည်ရာ

အဓိဋ္ဌာနတရားလေးပါးအကျိုးဖြစ်ထွန်း အမြတ်အစွန်းထွက်မှုကို လက်တွေ့သုံးဆောင်ခံစားတော်မူရသဖြင့် ထိုပါရမီကောင်းမှုတို့ကို တစ်ဘဝထက်တစ်ဘဝ ထပ်ကာထပ်ကာ တိုး၍တိုး၍ လုံ့လကြိုးကုတ်အားထုတ်တော်မူသည်။

(၁) ပါရမီကောင်းမှုဆည်းပူးနေဆဲအခါ အလောင်းတော်မြတ်သည် ဒါနပါရမီကို ဆည်းပူးနေဆဲဖြစ်ပါက -
အလှူခံပုဂ္ဂိုလ်ကိုမြင်လျှင်· လှူပေအံ့ ဟုဝန်ခံကြံစည်ခဲ့သည့်အတိုင်း မချွတ် မယွင်းလှူဒါန်းခြင်းဟူသော -သစ္စာဓိဋ္ဌာနတရား

- ဒါနရဲ့ဆန့်ကျင်ဘက်ရန်သူများဖြစ်ကြသော မစ္ဆရိယစသော အကုသိုလ်တရားများကိုပယ်စွန့်ရခြင်းဟူသော -စာဂါဓိဋ္ဌာနတရား
- လှူဖွယ်ဝတ္ထုဌှတပ်မက်သော -လောဘ
- အလှူဒါနဌှတွေဝေခြင်း -မောဟ
- လှူဖွယ်ဝတ္ထုတို့တစ်နည်းဖြင့် ကုန်ခမ်းသွားလျှင် မစားရမသောက်ရမည်ကို ကြောက်ရွံ့ခြင်း -ဘယ

ဤအကုသိုလ်ဘေးကြီးများ ငြိမ်းခြင်းဟူသော -ဥပသမာဓိဋ္ဌာနတရား

- ထိုက်သည့်အားလျော်စွာ အခါကာလအလိုက်စီမံရင်းရှိသည့် အတိုင်းဉာဏ်ပညာရှေ့သွားပြုကာ လှူဒါန်းရမှု၊ ထိုသို့လှူရာ၌ပညာတရားအကြီးမြတ်ရှိမှုဟူသော -ပညာဓိဋ္ဌာနတရား

ဤလေးပါးသော အကျိုးဖြစ်ထွန်းအမြတ်အစွန်းထွက်မှုကို လက်တွေ့ခံစားရသောကြောင့် နောက်နောင်အခါ ထပ်ကာထပ်ကာ တိုး၍တိုး၍ဒါနပါရမီတို့ကို ပွားများကျင့်ကြံကြလေသည်။

(၂) သီလပါရမီကိုဖြည့်ကျင့်သောအလောင်းတော်သည် -

- ဆောက်တည်ချက်အတိုင်း သိက္ခာပုဒ်များကို မလွန်ကျူးခြင်း -သစ္စာဓိဋ္ဌာန
- ဒုသီလစေတနာဆိုး၊ အကုသိုလ်ဘေးမျိုးကို စွန့်ပယ်ခြင်း-စာဂါဓိဋ္ဌာန
- ဒုစရိုက်ဘေးငြိမ်းအေးခြင်း - ဥပသမာဓိဋ္ဌာန
- ပညာဉာဏ်အကြီးအမြတ်ရှိခြင်း- ပညာဓိဋ္ဌာန

ဤလေးပါးသော အကျိုးအမြတ်ဖြစ်ထွန်းမှုကို လက်တွေ့သုံးဆောင်းခံစားရသောကြောင့် နောက်နောင်ထပ်ကာထပ်ကာ တိုး၍တိုး၍ကျင့်ကြံတော်မူသည်။

(၃) ခန္တီပါရမီကိုဖြည့်ကျင့်သော အလောင်းတော်သည် -

- ဝန်ခံထားသည့်အတိုင်း မချွတ်မယွင်းသည်းခံခြင်း-သစ္စာဓိဋ္ဌာနတရား
- ထွေရာစဉ်းစား အကုသိုလ်များမှုကို ပယ်စွန့်ခြင်း-စာဂါဓိဋ္ဌာနတရား
- အမျက်ဒေါသငြိမ်းအေးခြင်း-ဥပသမာဓိဋ္ဌာနတရား
- ပညာဉာဏ်အကြီးအမြတ်ရှိခြင်း-ပညာဓိဋ္ဌာနတရား

ဤလေးပါးသောအကျိုးအမြတ်ဖြစ်ထွန်းမှုကို လက်တွေ့သုံးဆောင်ခံစားရသောကြောင့် နောက်နောင်ထပ်၍ထပ်၍ တိုးပွားကျင့်ကြံတော်မူသည်။

(၄) ဝီရိယပါရမီကို ဖြည့်ကျင့်သောအလောင်းတော်သည်-

- ဝန်ခံထားသည့်အတိုင်းသူတစ်ပါး၏ အကျိုးစီးပွားကိုပြုလုပ်အားထုတ်ခြင်း-သစ္စာဓိဋ္ဌာန
- လျော့ရဲဆုတ်နစ်အစွမ်းညံ့မှုကို စွန့်ပယ်ခြင်း-စာဂါဓိဋ္ဌာန
- အကုသိုလ်ဘေးငြိမ်းအေးခြင်း-ဥပသမာဓိဋ္ဌာန
- ပညာဉာဏ်အကြီးအမြတ်ရှိခြင်း-ပညာဓိဋ္ဌာန

ဤလေးပါးသော အကျိုးမြတ်ဖြစ်ထွန်းမှုကို ခံစားရသောကြောင့် နောက်နောင်ခါ ထပ်ကာထပ်ကာ တိုး၍တိုး၍ကျင့်ကြံအားထုတ်တော်မူလေသည်။

(၅) ဈာနပါရမီကိုဖြည့်ကျင့်သောအလောင်းတော်သည် -

- ဝန်ခံထားသည့်အတိုင်း လောကအစီးအပွားကို စူးစူးစိုက်စိုက်ကြံစည်ရှုကြည့်ခြင်း-သစ္စာဓိဋ္ဌာန
- နီဝရဏအကုသိုလ်တရားများ ပယ်ရှားစွန့်ခြင်း-စာဂါဓိဋ္ဌာန
- စိတ်ငြိမ်းအေးခြင်း-ဥပသမာဓိဋ္ဌာန
- ပညာဉာဏ်အကြီးအမြတ်ရှိခြင်း-ပညာဓိဋ္ဌာန

ဤလေးပါးသော အကျိုးအမြတ်ဖြစ်ထွန်းမှုကိုခံစားရသောကြောင့် နောက်နောင်ထပ်ကာထပ်ကာ တိုး၍တိုး၍ကျင့်ကြံအားထုတ်တော်မူသည်။

(၆) ပညာပါရမီကိုဖြင့်ကျင့်သော အလောင်းတော်သည် -

- ဝန်ခံထားသည့်အတိုင်း သူတစ်ပါးစီးပွားဖြစ်ကြောင်း ဥပါယကောင်း၌ ကျွမ်းကျင်လိမ္မာစွာဆောင်ရွက်ခြင်း-သစ္စာဓိဋ္ဌာန
- လမ်းလွဲလိုက်စား အမှားမှားပြုလုပ်မှုတို့ကို စွန့်ပယ်ရခြင်းတည်းဟူသော-စာဂါဓိဋ္ဌာန
- မသိမလိမ္မာသော အဝိဇ္ဇာကြောင့်ဖြစ်သော ပူပန်မှုငြိမ်းအေးခြင်း-ဥပသမာဓိဋ္ဌာန
- ပညာဉာဏ်အကြီးအမြတ်ရှိခြင်း-ပညာဓိဋ္ဌာန

ဤလေးပါးသော အကျိုးအမြတ်ဖြစ်ထွန်းကို ခံစားရသောကြောင့် နောက်နောက်ခါ ထပ်ကာထပ်ကာ တိုး၍တိုး၍ကျင့်ကြံအားထုတ်တော်မူလေသည်။

**အဓိဋ္ဌာနတရားတို့၏ အကျိုးကျေးဇူးများ**

ခပ်သိမ်းသော ပါရမီတို့သည် -

- သမ္မာဓိဋ္ဌာနတရားကြောင့် လက်ဦးအစဖြစ်ပေါ်ရသည်
- စာဂါဓိဋ္ဌာနတရားဖြင့် ဗျတ္တိရုပ်သဘောအားထင်ရှားဖြစ်ပေါ်သည်။
- ဥပသမာဓိဋ္ဌာနတရားဖြင့် တိုးတက်စည်ပင်ပွားများသည်
- ပညာဓိဋ္ဌာနတရားဖြင့် အဆင့်ဆင့်ထက်ဝန်းကျင်ကိလေသာအညစ်အကြေးဝေးကွာစင်ကြယ်သည်။

ပါရမီတို့၏ အစပိုင်း၌သမာဓိဋ္ဌာနတရားကရှေ့ဆောင်ပြဋ္ဌာန်းသည်။ သမာဓိဋ္ဌာနရှိမှ ပါရမီအလုပ်ကိုစတင်အားထုတ်နိုင်သည်။

- အလယ်ပိုင်း၌ စာဂါဓိဋ္ဌာန တရားကရှေ့ဆောင်ပြဋ္ဌာန်းသည်။ သစ္စာဓိဋ္ဌာနဖြင့် ပါရမီအလုပ်ကို စတင်လုပ်ပြီးနောက် အလယ်ပိုင်း၌ စာဂါဓိဋ္ဌာနဖြင့် သူတစ်ပါးအကျိုးအတွက် မိမိ၏ကိုယ်အသက်ကို ရက်ရက်စွန့်ကာ ပါရမီအလုပ်ကိုအားထုတ်နိုင်သည်။

- အဆုံးပိုင်း၌ ဥပသမာမိဋ္ဌာနတရားက ရှေ့ဆောင်ပြဋ္ဌာန်းသည်။ အလုံးစုံသော ဝဋ်ဒုက္ခငြိမ်းအေးမှုပါရမီအလုပ်ကိစ္စပြီးဆုံးသည်။
- ပညာမိဋ္ဌာနတရားကား အစ၊ အလယ်၊ အဆုံးသုံးပါးလုံး၌ပင် ရှေ့ဆောင်ပြဋ္ဌာန်းသည်။ ပညာရှိမှသာလျှင်စ၍လည်းအားထုတ်နိုင်သည်။ ကိုယ်အသက်ကိုလည်း ရက်ရက်စွန့်လှူနိုင်သည်။

ဤအမိဋ္ဌာနတရားလေးပါးလုံးပင် အမြဲမပြတ်သူတစ်ပါးနှစ်ဦးသားတို့၏ အစီးအပွားကိုပြုတတ်ပါသည်။

လူခပ်သိမ်းတို့ ကျောက်တီးတန္တုအလေးပြုအပ်သော ချစ်ခင်မြတ်နိုးအပ်သော ပုဂ္ဂိုလ်အဖြစ်ကိုလည်း ပြုတတ်သည်။

ထိုအမိဋ္ဌာနတရားလေးပါးတို့တွင် -

သစ္စာမိဋ္ဌာန စာဂါမိဋ္ဌာနတရားနှစ်ပါးလက်ရှိထားတော်မူသောကြောင့် အလောင်းတော်ကြီးများသည် လူဝတ်ကြောင်ဘဝဖြစ်ရသော်အခါ အာမိသဒါနဖြင့် သူတစ်ပါးတို့ကို ချီးမြှောက်တော်မူသည်။

ဥပသမာမိဋ္ဌာန၊ ပညာမိဋ္ဌာနတရားနှစ်ပါးလက်ရှိထားတော်မူသောကြောင့် အိမ်ရာမထောင်ရသေးရဟန်းဘဝဖြစ်ရသောအခါ ဓမ္မဒါနဖြင့်သူတစ်ပါးတို့ကို ချီးမြှောက်တော်မူလေသည်။

## အမိဋ္ဌာနတရားတို့၏ အကျိုးများ

သစ္စာမိဋ္ဌာနကြောင့် -

- သီလဝိသုဒ္ဓိပြည့်စုံသည်
- ဒေါသဂတိသို့မလိုက်ပါ
- ဒေါသမထွက်ဘဲ အချမ်းအပူဆာလောင်မွတ်သိပ်ခြင်း
- မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်းတို့၏ အတွေ့အထိများ
- သူတစ်ပါးတို့က ဆင်းရဲသောဒုက္ခဝေဒနာများကိုသည်းခံတော်မူနိုင်သည်။

- နေကုသမ္မချမ်းသာကိုရတော်မူသည်
- ပထမစျာန်ချမ်းသာကိုခံစားရရှိသည်

စာဂါမိဋ္ဌာနကြောင့် -

- ဝတ္ထုကာမတို့၌ မငြိကပ်မတပ်မက်ရကားဆန္ဒဂတိသို့မလိုက်ပါ
- လောဘဖြင့် မတပ်မက်ဘဲ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးကိုမှီဝဲ၍
- ပဝိဝေကချမ်းသာကိုရတော်မူသည်
- ဒုတိယစျာန်ချမ်းသာကိုခံစားရရှိသည်။

ဥပသမာမိဋ္ဌာနကြောင့် -

- မိမိ၏ချွတ်ယွင်းချက်အပြစ်မရှိရကား တစ်စုံတစ်ရာကြောက်ရွံ့ဖွယ်မရှိ၍ ဘယာဂတိသို့မလိုက်ပါ။
- ကြောက်လန့်ခြင်း(ဆုတ်နစ်သော ဒေါသ) အလျဉ်းမရှိဘဲ ဆင်ကြမ်း၊ မြင်းကြမ်း၊ နွားကြမ်း၊ ခွေးကြမ်းစသော ဘေးရန်များကို ရှောင်ကြဉ်တော်မူသည်
- ဥပသမာချမ်းသာကိုရသည်
- တတိယစျာန်ချမ်းသာကိုရရှိခံစားရသည်။

ပညာမိဋ္ဌာနကြောင့် -

- အမှန်အတိုင်းသိမြင်ရကားမောဟဂတိသို့မလိုက်ပါ
- တွေဝေခြင်းအလျဉ်းမရှိဘဲ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်ဟူသော မိစ္ဆာဝိတက်သုံးပါးတို့နှင့်တကွ အကုသိုလ်တရားတို့ကို ပယ်ရှားတော်မူသည်။
- စတုတ္ထစျာန်ချမ်းသာကို ရရှိတော်မူသည်

ဤသို့လျှင် အမိဋ္ဌာနတရားလေးပါးဖြင့် များစွာသောဂုဏ်ကျေးဇူးများကို ရရိတော်မူပါသည်။

## ဘုရားဖြစ်ပြီးနောက်ဆုံးဘဝ၌ အစိဋ္ဌာနလေးပါးပြည့်စုံပုံ

၁။ အလောင်းတော်မြတ်သည် သစ္စာဓိဋ္ဌာနအကြောင်းတရားအပြီးတိုင်ပြည့်စုံပြီးဖြစ်သောကြောင့်ပွားပြီးလျှင်ပြီးခြင်း မြောက်အရပ်သို့ခုနစ်လှမ်းလှမ်းကြွကာ အလုံးစုံသော အရပ်မျက်နှာတို့ကို ရဲဝံ့စွာကြည့်ရှု၍ သစ္စာကို အစဉ်လိုက်သော စကားဖြင့် -

- သတ္တလောကတွင် ငါအမြတ်ဆုံး
- ငါအကြီးဆုံး
- ငါအချီးမွမ်းထိုက်ဆုံး

ဟူ၍သုံးကြိမ်တိုင်တိုင် ခြင်္သေ့မင်းကဲ့သို့ မရွံ့မကြောက်ရဲရဲတောက်တောက် ကြုံးဝါးတော်မူသည်။

ရှေးရှေးဘဝတို့က ဆည်းပူးလေ့လာခဲ့သော သစ္စာဓိဋ္ဌာနအကြောင်းတရားကြောင့် အရိယာသစ္စာလေးပါးကိုပိုင်းခြားသိမြင်တော်မူသည်။

၂။ ဥပသမာဓိဋ္ဌာနအကြောင်းတရားအပြီးတိုင်ပြီး ပြည့်စုံဖြစ်သောကြောင့် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်ရသောအခါ ဤခန္ဓာကိုယ်ကိုဇရာတရားနှိပ်စက်ပုံ၊ ဗျာဒိတ်တရားနှိပ်စက်ပုံ၊ မရဏတရားနှိပ်စက်ပုံ၊ စည်းစိမ်ဥစ္စာတို့၌ တဏှာမပြတ်စကထိုတဏှာ၏ စေပါးရာခံ- ကျွန်အဖြစ်မှမလွတ်မြောက်နိုင်ပုံတည်းဟူသော တရားလေးပါးကိုသိတော်မူသော ဘုရားလောင်း၏ သန္တာန်ဝယ်-

- အရွယ်နုပျိုသည်ကိုစွဲ၍ စိတ်တတ်ကြွခြင်း
- ကျန်းမာသည်ကိုစွဲ၍ စိတ်တက်ကြွခြင်း
- အသက်ရှည်သည်ကိုစွဲ၍ စိတ်တက်ကြွခြင်း
- စည်းစိမ်ဥစ္စာနှင့်ပြည့်စုံသည်ကိုစွဲ၍ စိတ်တက်ကြွခြင်း

ဤမာနတရားများငြိမ်းအေးကြပါသည်။

ရှေးရှေးဘဝတို့က ဆည်းပူးလေ့လာခဲ့သော ဥပသမာဓိဌာနအကြောင်းတရား ကြောင့်ဘုရားဖြစ်သောအခါ အလွန့်အလွန်မွန်မြတ်သော နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်သို့ဆိုက်ရောက်ရလေသည်။

၃။ စာဂါဓိဋ္ဌာနအကြောင်းတရားအပြီးတိုင်ပြည့်စုံပြီးသောကြောင့် များစွာသော ဆွေတော်မျိုးတော်အပေါင်းနှင့်တကွ လက်တော်သို့ရောက်ပြီးသော မင်းစည်းစိမ် ရောက်အံ့ဆဲဆဲဖြစ်သော စကြာဝတေးမင်းစည်းစိမ်တို့ကို မငဲ့ကွက်ရက်ရက်ကြီး စွန့်တော်မူသည်။

- ရှေးဘဝတို့က ဆည်းပူးလေ့လာခဲ့သော ဥပသမာဓိဌာနအကြောင်းတရား ကြောင့် အလုံးစုံသောကိလေသာတို့ကို အမြစ်ပြတ်ပယ်စွန့်နိုင်ခဲ့ပါသည်။

၄။ ပညာဓိဌာနအကြောင်းတရားအပြီးပြည့်စုံသောကြောင့် ဘုရားရှင်၏သန္တာန်၌ ဝေနေယျတို့၏ အာသယနာနုသယစသည်ကိုပိုင်းခြားကုန်စင်သိမြင်တော်မူသည်။

- ရှေးရှေးဘဝတို့က ဆည်းပူးလေ့လာခဲ့သော ပညာဓိဌာနအကြောင်းတ ရားတို့ကို အပိတ်အပင်အဆီးအတားမရှိသိသော ဉာဏ်(အနာဝရဏ ဉာဏ်)ကို ရတော်မူပါသည်။

**ပါရမီတို့ပြည့်စုံစေကြောင်းတရားများ**

ဘုရားလောင်းများပါရမီတို့ကို ပြည့်စုံရန်အကြောင်းတရားတို့သည်-

- ဘာသနာလေးပါးဖြင့်အားထုတ်ခြင်း
- ပါရမီ၏ဆန့်ကျင်ဘက်တရားတို့ကို ပစ္စဝေက္ခဏာဉာဏ်ဖြင့်ဆင်ခြင် ၍ပယ်ရှားခြင်း
- ဘုရားရှင်တို့အား မိမိကိုယ်ကိုအပ်နှင်းခြင်း

အကျဉ်းချုပ်အားဖြင့် -

- မိမိအပေါ်၌ ချစ်ခြင်း၏ကုန်ခမ်းခြင်း
- ဝေနေယျတို့၌ ချစ်ခြင်းတိုးပွားခြင်း

ဤတရားများသည် ပါရမီတို့၏ပြည့်စုံစေတတ်သော အကြောင်းတရားများဖြစ်ကြပါသည်။

(က) ဘာဝနာလေးပါးဖြင့်အားထုတ်ခြင်း

- အလုံးစုံသောပါရမီ၊ စာဂ၊ စရိယတရားတို့ကို သဗ္ဗညုတဉာဏ်တစ်ခုတည်းကိုသာ ရည်စူးဆုပန်၍ အကြွင်းအကျန်မထားပွားများဆည်းပူးခြင်း(သဗ္ဗသမ္ဘာရဘာဝနာ)
- မြတ်နိုးရိုသေစွာပွားများဆည်းပူးခြင်း(သက္ကစ္စဘာဝနာ)
- ဘဝမပြတ်ဆက်စပ်အောင်ပွားများဆည်းပူးခြင်း (နိရန္တရဘာဝနာ)
- ဘုရားမဖြစ်မီအကြားတွင်နှ့်ဆုတ်နစ်ခြင်း မရှိကာလရှည်စွာပွားများဆည်းပူးခြင်း (စိရကာလဘာဝနာ)

ဤဘာဝနာလေးပါးဖြင့် ပွားများအားထုတ်ခြင်းသည် ပါရမီပြည့်စုံကြောင့်ဥပါယကောင်းဖြစ်ပါသည်။

(ခ) ဘုရားလောင်းသည် လှူဖွယ်ဝတ္ထုကအလွန်ကောင်းမွန်နေသောကြောင့် မလှူဒါန်းလိုစိတ်ဖြစ်ပေါ်လာလျှင် -

"ငါသည်အလွန်မြတ်လှ ချီးမွမ်းအပ်လှသည့် သဗ္ဗညုတဉာဏ်ကိုအလိုရှိ အပ်သည်မဟုတ်ပါလော၊ ထို့ကြောင့် သဗ္ဗညုတဉာဏ်ရရန်အတွက်အလွန်ကောင်းမွန်သည့်လှူဖွယ်ဝတ္ထုကိုသာ ငါသည်လှူသင့်လှပါသည်"

ဟုဆင်ခြင်တော်မူ၍ အလွန်ကောင်းသော အလှူဝတ္ထုကုလှူတော်မူသည်။

ဤသို့လှူသဖြင့် ဘုရားလောင်း၏ စိတ်ဝယ်ပစ္စည်းကောင်းမွန်၍မလှူလိုသောစိတ်တို့၏ အဟန့်အတားကိုပယ်ပျောက်နိုင်ပါသည်။

(၈) အလောင်းတော်သည် အလှူပြုစဉ်လှူဖွယ်ဝတ္ထုကုန်ခန်းသည်ကိုမြင်လျှင်-

"ပျက်စီးကုန်ခမ်းခြင်းသဘောသည်ကား စည်းစိမ်ဥစ္စာတို့၏ဓမ္မတာ သဘော ဖြစ်ပါသည်။ စင်စစ်မူ ရှေးအခါက မကုန်မခန်းစေတတ်သော ဒါနကောင်းမှုမပြုခဲ့သောကြောင့် ယခုငါသည် လှူဖွယ်ဝတ္ထု ဝတ္ထုပစ္စည်းတို့၏ ကုန်ခန်းခြင်းကိုမျက်မြင်ကိုယ်တွေ့ တွေ့ကြုံရသည်။ ယခုငါသည် မိမိရသမျှနည်းနည်းများများ လှူဖွယ်ဝတ္ထုဖြင့် ပင်ဒါနပြုပေအံ့၊ ယင်းအလှူဖြင့် ငါသည် နောင်အခါ၌ ဒါနပါရမီ၏ အထွဋ်အထိပ်သို့ရောက်ပေအံ့"

ဟုဆင်ခြင်တော်မူ၍ အလှူကိုရက်ရက်ရောရောပေးလှူတော်မူသည်။ ထိုသို့ပေးလှူသဖြင့် ပစ္စည်းကုန်သွားမည်ကိုစိုးရိမ်သောအဟန့်အတားကိုပင် ပယ်ဖြတ်ပြီးဖြစ်ပါသည်။

ဤသို့လျှင် ဒါန၏အဟန့်အတားအကြောင်းတရားများကို ထိုက်သည့်အလျောက် ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်၍ပယ်ဖျောက်ခြင်းသည် ဒါနပါရမီ၏ ပြည့်စုံကြောင်း ဉပါယ်ကောင်းဖြစ်ပါသည်။

**ဘုရားရှင်တို့အား မိမိကိုယ်ကို အပ်နှင်းခြင်း**

ဘုရားအလောင်းဖြစ်သော ပုဂ္ဂိုလ်သည် -

"ငါသည် ဤခန္ဓာကိုယ်အတ္တဘောကို ဘုရားရှင်တို့အား အပ်နှင်းကြည်ဖြူပေးလှူပါ၏ဟူ၍ ရှေးဦးကပင် မိမိကိုယ်ကိုဘုရားရှင်တို့အား အပ်နှင်းစွန့်လှူထားရသည်"

ယင်းသို့ရှေးဦးကပင်ကြိုတင်၍ မိမိကိုယ်ကိုဘုရာရှင်တို့အား အပ်နှင်းလှူထားခြင်းသည် ခပ်သိမ်းသောပါရမီတို့၏ ပြည့်စုံကြောင်းဉပါယ်ကောင်းဖြစ်ပါသည်။

ထိုသို့ဘုရားရှင်တို့အား မိမိကိုယ်ကိုအပ်နှင်းလှူဒါန်းပြီးသော ဘုရားလောင်းသည် ထိုထိုဘဝတို့၌ ပါရမီများပြည့်ဝရန်လုံ့လကြီးကုတ် အားထုတ်

တော်မူစဉ် ကိုယ်ခန္ဓာအသက်ကိုဖျက်ဆီးနိုင်လောက်သော ပြုနိုင်ခဲသည်းခံနိုင်ခဲသောအမှုကိစ္စများပေါ်ပေါက်လာသော်လည်းကောင်း၊ အသက်ကိုပင်ဆောင်သွားနိုင်လောက်အောင် ထက်မြက်စူးရှပြင်းထန်လှသော သတ္တဝါသင်္ခါရတို့ ပြုဆောင်အပ်သော အကျိုးမဲ့များနှင့်တွေ့ကြုံသော်လည်းကောင်း-

"ငါသည် ဤခန္ဓာကိုယ် အတ္တဘောကြီးကို ဘုရားရှင်တို့အား စွန့်ထားအပ်ပြီး ဤကိစ္စဖြစ်ချင်ရာဖြစ်ပါစေ"

ဟု ဆင်ခြင်တော်မူပြီးလျှင် အသက်ကိုပင်သော်လည်း ရန်ရှာနိုင်လောက်သော ပြုဖွယ်ကိစ္စအကျိုးမဲ့များကြောင့် အနည်းငယ်မျှ ဖောက်ပြန်တုန်လှုပ်ခြင်းအလျဉ်းမရှိဘဲ စင်စစ်မူ ပါရမီကုသိုလ်ပွားများမှု၌သာ ကြံ့ကြံ့ခိုင် တည်တော်မူသည်။

ဤသို့လျှင် မိမိကိုယ်ကို ဘုရားရှင်တို့အား အပ်နှင်းလှူဒါန်းထားခြင်းသည်လည်း ပါရမီတို့၏ပြည့်စုံကြောင်း ဥပါယ်ကောင်းတစ်ရပ်ဖြစ်ပါသည်။

## ပါရမီဆန့်ကျင်ဘက်တရားတို့ကို ပစ္စဝေက္ခဏာဖြင့်ပယ်ရှားခြင်း

ဘုရားအလောင်းသည် ကိုယ်ပိုင်ဝတ္ထုအစုစုကို -

"ငါအားဖြစ်ပေါ်ရှိလတ္တံ့သော အသက်နှင့်တကွစည်းစိမ်ဥစ္စာဝတ္ထုအစုစုတို့ကို အလှူခံပုဂ္ဂိုလ်များဆိုက်ရောက်လာလျှင် မဆုတ်မနစ်လှူဒါန်းပေးအံ့၊ ထိုအလှူခံပုဂ္ဂိုလ်အား လှူဒါန်းပြီး၍ အကြွင်းအကျန်ကိုသာ ငါသုံးဆောင်အံ့"

ဟူ၍အလှူဒါန တံခါးဝမရောက်မီကပင် ရှေးဦးစွာကြိုတင်စွန့်လှူထားရပါသည်။

ဤကဲ့သို့ ကြိုတင်၍စွန့်လှူရန်စိတ်ကိုပြင်ဆင်ထားသည်ရှိသော် မိမိကိုယ်ပိုင်ဖြစ်ပေါ်လာသော ဝတ္ထု၌ -

- ရှေးကဒါနအမှု၌ အလေ့အထမရှိခဲ့ခြင်း
- ကိုယ်ပိုင်ဝတ္ထုကနည်းပါးနေခြင်း
- ကိုယ်ပိုင်ဝတ္ထုက မလှူရက်အောင်ကောင်းမွန်နေခြင်း

- ကိုယ်ပိုင်ဝတ္ထုများကုန်သွားမည်ကို စိုးရွံ့ကြဲစည်ခြင်း

ဟူ၍ ဒါနကောင်းမှုမပြုဖြစ်အောင် ဟန့်ထားပိတ်ဆို့တတ်သော အကြောင်းတရားလေးပါးရှိပါသည်။

- လှူဖွယ်ဝတ္ထုလည်းပြည့်စုံ၊ လှူခံပုဂ္ဂိုလ်လည်းမိမိမျက်မှောက် ထင်ရှားဆိုက်ရောက်နေပါလျက် အလောင်းတော်၏သန္တာန်၌ လှူဒါန်းရန်စိတ်မညွတ်ခဲ့သည်ရှိသော် -

"ငါသည်ရှေးဘဝများစွာက ဒါနကောင်းမှု၌အလေ့အလာမပြုအပ်ခဲ့ပေ၊ ထို့ကြောင့်ပင်ယခုအလှူဝတ္ထုအလှူခံပုဂ္ဂိုလ် ပြည့်စုံနေပါလျက် ငါစိတ်ဝယ်လှူလိုစိတ်မဖြစ်ပေါ်လာခြင်းဖြစ်ပေသည်"

ဟုသိရှိတော်မူပြီးလျှင် -

"ဤကဲ့သို့ လှူလိုသောစိတ်မဖြစ်သော်လည်း လှူဒါန်းမှုအလေ့အကျင့်ရ၍ ငါ၏စိတ်သည် ဒါနမှု၌မွေ့လျော်နှစ်ခြိုက်ပျော်ပိုက်ပေလိမ့်မည်၊ ငါသည်ယခုချိန်မှစ၍ ဒါနကိုရဲရဲပေးလှူအံ့၊ ငါသည်ရှေးဦးကပင် ကြိုတင်၍ကိုယ်ဝတ္ထုအစုစုကို အလှူခံပုဂ္ဂိုလ်တို့အား စွန့်လှူပြီးသား မဟုတ်ပါလော"

ဟုပစ္စဝေက္ခဏာဉာဏ် ဆင်ခြင်တော်မူပြီးလျှင်ဒါန၏ အဟန့်အတားအကြောင်းတရားတို့ကို ပယ်ဖြတ်တော်မူနိုင်ပါသည်။

ဘုရားအလောင်းသည် လှူဖွယ်ဝတ္ထုနည်းပါးချို့တဲ့နေသော် -

"ငါသည်ရှေးအခါက မလှူဒါန်းခဲ့သောကြောင့် ယခုခါပစ္စည်းချို့တဲ့ရှားပါးရသည်၊ ထို့ကြောင့်ယခုငါသည်နည်းသည်ဖြစ်စေ၊ ယုတ်ညံ့သည်ဖြစ်စေ မိမိရသော လှူဖွယ်ဝတ္ထုဖြင့် မိမိကိုယ်ကိုအဆင်းရဲအပင်ပန်းခံကာ လှူသင့်သည်၊ ဤအလှူဖြင့် ငါသည်နောင်အခါ၌ဒါနပါရမီတို့ကို အထွတ်အထိပ်ရောက်စေအံ့"

ဟုဆင်ခြင်တော်မူသည်။

ဤသို့ဆင်ခြင်သဖြင့် အလှူဝတ္ထုနည်းပါးချို့တဲ့ခြင်းဟူသော အဟန့်အတားကိုပယ်နိုင်ပါသည်။

အသက်ကိုပင် ဆောင်သွားနိုင်လောက်အောင် ထက်မြက်စူးရှပြင်းထန်လှသောသတ္တဝါ သခင်ရတို့ပြုဆောင်အပ်သည့် အကျိုးမဲ့များနှင့် တွေ့ကြုံသော်လည်းကောင်း -

"ငါသည်ဤခန္ဓာကိုယ် အတ္တဘောကြီးကို ဘုရားရှင်တို့အား စွန့်စားအပ်ပြီး ဤကိစ္စဖြစ်ချင်ရာဖြစ်ပစေဟုဆင်ခြင်တော်မူပြီးလျှင် အသက်ကိုပင်ရန်ရှာနိုင်လောက်သည့် ထိုပြုဘွယ်ကိစ္စအကျိုးမဲ့များအကြောင်းအနည်းငယ်မျှဖောက်ပြန်တုန်လှုပ်ခြင်းအလျှဉ်းမရှိဘဲ ပါရမီကုသိုလ်ပွားမှု၌သာ ကြံ့ကြံ့ခိုင်ကျည်တည်တော်မူလေသည်"

## မိမိကိုယ်၌ ချစ်ခြင်းတဏှာကုန်ခမ်းခြင်း

သဗ္ဗညုတဉာဏ်ကိုရဖို့ရန်စိတ်ညွတ် ဆုတောင်းတော်မူသော ဘုရားလောင်း၏သန္တာန်၌ သဘာဝဓမ္မတို့၏ ဖြစ်ပုံကိုအမှန်အတိုင်းသိမြင်တော်မူခြင်းကြောင့် ထိုသဘာဝဓမ္မတို့၌ တဏှာမာန၊ ဒိဋ္ဌိတို့ဖြင့် မကပ်ငြိမလိမ်းကျံရကား သဘာဝဓမ္မအစုအဝေးမျှသာဖြစ်သော မိမိကိုယ်၌ချစ်ခင်မြတ်နိုးခြင်းတဏှာပေမတရားသည်တစ်နေ့တစ်ခြားပါး၍ ပါး၍ကုန်ခမ်း၍ ကုန်ခမ်း၍သာသွားလေတော့သည်။

## ဝေနေယျတို့၌ ချစ်ခြင်းမေတ္တာတရားတိုးပွားခြင်း

မဟာကရုဏာအတုန်အဖန်ဖန်ပွားထုံတော်မူသဖြင့် ချစ်လှစွာသောသားသမီးများပမာ၊ သတ္တဝါခပ်သိမ်းတို့ကို ရှုကြည့်တော်မူသောကြောင့် အလောင်းတော်၏ စိတ်ဝယ်ထိုသတ္တဝါတို့၏ အစွမ်းဖြင့်ချစ်ခြင်းကရုဏာ၏အစွမ်းဖြင့်ချစ်ခြင်း ဟူသော မေတ္တာကရုဏာတရားတို့တိုးပွား၍သာ စည်ပင်လာပါတော့သည်။

ထို့ကြောင့်ပင် ထိုထိုအခိုက်အတန့်အားလျော်စွာမိမိသန္တာန်သူတစ်ပါးသန္တာန်တို့၌ လောဘ၊ ဒေါသ၊ မောဟ၊ မစ္ဆရိယ-စသော ပါရမီဆန့်ကျင်ဘက်

တရားများဝေးကွာအောင် ပြုတော်မူပြီးသောဘုရားလောင်းသည် အဓိဋ္ဌာန တရားလေးပါးသို့အစဉ်လိုက်သော -

- ပေးလှူခြင်း (ဒါန)
- ချစ်ဖွယ်စကားဆိုခြင်း (ပိယဝါစာ)
- သတ္တဝါတို့၏ အကျိုးအတွက်ကျင့်ခြင်း (အတ္ထစရိယ)
- ကိုယ်နှင့်ထပ်တူကျင့်ခြင်း (သမာနတ္တတာ)

ဟူသော သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် သတ္တဝါအပေါင်းအားချီးမြှောက်မူပြုတော်မူလျက် ဗောဓိဉာဏ်သုံးပါးသို့ရောက်ကြောင်း အကျင့်ပဋိပတ်ယာဉ်သုံးရပ်နှင့် မသက်ရောက်သေးသော သတ္တဝါတို့ရင့်သန်အောင် ပြုစုစောင့်ရှောက်တော်မူသည်။

အလောင်းတော်များ၏ ကရုဏာ၊ ပညာဤတရားနှစ်ပါးကို ဒါနတည်းဟူသော သင်္ဂဟဝတ္ထုဖြင့်တန်ဆာဆင်အပ်ပါသည်။

ဒါနမပါ ကရုဏာပညာချည်းသက်သက်ချောက်ကပ်ကပ်ဖြစ်သည်ဟု အလှူဒါနပေး၍ ကရုဏာပညာနှစ်ပါးဖြစ်ပွားစေပါသည်။

ပေးလှူသောအခါမှာလည်း အလှူခံပုဂ္ဂိုလ်နှင့် အခြွေအရံတို့အပေါ် ငေါက်ငမ်းကျိန်ဆဲခြင်းအလျဉ်းမရှိချိုသာသော စကားပြောကြား၍သာပေးလှူသဖြင့် အလောင်းတော်ကြီးများ၏ ဒါနဝတ္ထုကို ချစ်ဖွယ်စကားဝတ္ထုဖြင့် တန်ဆာဆင်ထားပါသည်။

ချစ်ဖွယ်စကားဆိုရာ၌လည်း အပေါ်ယံရွှေမှုံကြဲပြီးပြီးပျောက်ပျောက်မဟုတ်ဘဲ ဝမ်းထဲပင် အကျိုးကိုလိုလားသောစိတ်ဖြင့် သူတစ်ဘက်သားအကျိုးရှိအောင် ကျင့်ကြံပြောဆိုခြင်းဖြစ်၍ အလောင်းတော်ချစ်ဖွယ်စကားကို ပြောဆိုခြင်းဝတ္ထု ကို ဗောဓိသမ္ဘာရဖြစ်သည့် ပါရမီ၊ စာဂ၊ စရိယတရားတို့ကို ဖြည့်ကျင့်သည့် သတ္တဝါတို့၏ အကျိုးကိုကျင့်နေခြင်း(အတ္ထစရိယ) ဝတ္ထုဖြင့်တန်ဆာဆင်ထားပါသည်။

ဗောဓိသမ္ဘာရတရားတို့၌ ကျင့်ကြံတော်မူသောအလောင်းတော်အား အရာရာ၌ပင်သတ္တဝါခပ်သိမ်းတို့ကို ကိုယ်နှင့်ထပ်တူပြု၍ ဆင်းရဲမကွာချမ်းသာ အမျှ စိတ်ထားတော်မူနိုင်ကြသဖြင့် အလောင်းတော်များ၏ အတ္တစရိယာကို ကိုယ်တူကျင့်ခြင်း (သမာနတ္တတာ)ဖြင့် တန်ဆာဆင်အပ်ပါသည်။

ဘုရားဖြစ်သောအခါ၌လည်း အဓိဋ္ဌာနတရားလေးပါးပြည့်စုံခြင်းကြောင့် အစွမ်းကုန်တိုးပွားသော ထိုသင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် သတ္တဝါအပေါင်းတို့အား ချီးမြှောက်ခြင်းအမှုတစ်ခုကိုသာ ပြုသဖြင့်ချေချွတ်ခြင်း၊ ဆုံးမခြင်း၊ ကိစ္စပြီးမြောက်လေသည်။

ထို့ကြောင့် ဘုရားရှင်တို့၏ -

ဒါနသင်္ဂဟဝတ္ထုသည် စာဂါဓိဋ္ဌာနဖြင့်တိုးပွားပြည့်ဝသည်

ပိယဝါစာသင်္ဂဟဝတ္ထုသည် သစ္စာဓိဋ္ဌာနဖြင့် တိုးပွားပြည့်ဝသည့်

သမာနတ္တတာသင်္ဂဟဝတ္ထုသည် ဥပသမာဓိဋ္ဌာနဖြင့် တိုးပွားပြည့်ဝသည်။

**ရခဲသော(ဗောဓိသတ္တ) ဘုရားလောင်း**

"ကေပုဂ္ဂလဿဘိက္ခဝေ၊ ပါတုဘာဝေါ၊ ဒုလ္လဘော လောကသ္မိံ ကတမဿကပုဂ္ဂလဿ၊ တထာဂတဿ အရဟတော၊သမ္မာသမ္ဗုဒ္ဓဿ၊ ဣမဿခေါ ဘိက္ခဝေ ကေပုဂ္ဂလဿပါတုဘာဝေါ ဒုလ္လ ဘော လောကသ္မိံ "

"ရဟန်းတို့ သတ္တလောက၌ တစ်ယောက်သောပုဂ္ဂိုလ်၏ထင်ရှားဖြစ်ပေါ် လာခြင်းသည် အလွန်ရခဲ၏။ အဘယ်မည်သောတစ်ယောက်သော ပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် အလွန်ရခဲသနည်းဟုမူကားပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန်သယမ္ဘုဉာဏ်ဖြင့် အမှန်သိတော်မူသော သဗ္ဗညုတဘုရားရှင်ဖြစ်ပေါ်ခြင်းသည် အလွန်ရခဲ၏"

(အင်္ဂုတ္တိုရ်၊ ဧကပုဂ္ဂလဝဂ္ဂ ဒုတိယသုတ်)

ဤလောကတွင် ဘုရားအဖြစ်ဖြစ်ဖို့သည် အလွန်ရခဲလှပါသည်။ တစ်သိန်းမှ တစ်ယောက်ပေါ်ရန်လည်း အလွန်ခဲယဉ်းလှပါသည်။

ဒါနပါရမီတို့ကို တစ်ကြိမ်ဖြည့်ရုံနှင့် ဘုရားဖြစ်နိုင်သည်မဟုတ်ပါ။ တစ်ကြိမ်နှစ်ကြိမ်မှသည် အကြိမ်ကုဋေတစ်သိန်းတိုင်အောင် ဒါနပါရမီဖြည့်၍ ဘုရားဖြစ်နိုင်သည်မဟုတ်ပါ။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ပါရမီဆယ်ပါးအဆောက်အဦးအလုံးစုံတို့ကို တစ်ခုမကျန်အခါမပြတ်ဘဝမလပ်အောင်လေးမြတ်စုံမက်နှစ်သက်ကြည်ညို အလွန်ရိုသေစွာဖြည့်ကျင့်ဆည်းပူးပွားများတော်မူမှ သဗ္ဗညုဘုရားရှင်ဖြစ်နိုင်ပါသည်။

ထို့ကြောင့် ဤသုံးပါးဝယ် သတ္တလောက၌သဗ္ဗညုတဟူသော ဘုရားရှင်ဟူသာ တစ်ယောက်သောပုဂ္ဂိုလ်ကိုရခဲသည်ဟု ဆိုပါသည်။

## ဘုရားလောင်းများ

မဂ်ဉာဏ်လေးပါး၊ သဗ္ဗညုတဉာဏ်တို့ကို "ဗောဓိ"ဟုခေါ်ပါသည်။ ထိုဗောဓိဉာဏ်တော်သည် -

၁။ သမ္မာသမ္ဗောဓိဗောဓိသတ္တ- ဆရာမကူမိမိကိုယ်တိုင်သစ္စာလေးပါးကိုသိသောဝါသနာနှင့် တကွကိလေသာတို့ကို ပယ်စွမ်းနိုင်သည့်သတ္တိရှိသောမဂ်ဉာဏ်လေးပါး၊ ခပ်သိမ်းသောညေယျဓံတရားတို့ကို အကြွင်းမရှိသိမြင်နိုင်သောသဗ္ဗတဉာဏ်ကို ထိုသမ္မာသမ္ဗောဓိဉာဏ်၌ လိုလားတောင့်တသော ကုသိုလ်ဆန္ဒပြင်းထန်လှသော ပုဂ္ဂိုလ်မြတ်ကို 'သဗ္ဗညုဘုရားလောင်း' ဟုခေါ်သည်။

၂။ ပစ္စေကဗောဓိသတ္တ - ဆရာမကူမိမိကိုယ်တိုင် သစ္စာလေးပါးကိုသိသော မဂ်ဉာဏ်လေးပါးကို ပစ္စေကဗောဓိဉာဏ်ဟုခေါ်ပါသည်။ ထိုပစ္စေကဗောဓိဉာဏ်၌ လိုလားတောင့်တသော ကုသိုလ်ဆန္ဒပြင်းထန်လှသည့် ပုဂ္ဂိုလ်မြတ်ကို ပစ္စေကဗုဒ္ဓအလောင်းဟုခေါ်သည်။ ထိုအလောင်းအလျာများသည် (၂) သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင်ပါရမီဖြည့်ရသည်။ ထိုနှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းအောက်လျော့၍ ပစ္စေကဗုဒ္ဓါမဖြစ်နိုင်ပါ။

၃။ သာဝကဗောဓိသတ္တ - ဆရာရှိမှသစ္စာလေးပါးကို သိသော မဂ်ဉာဏ်လေးပါးကိုသာဝကဗောဓိဉာဏ်ဟုခေါ်ပါသည်။ ထိုသာဝကဗောဓိဉာဏ်ကိုလိုလားတောင်းတသော ကုသိုလ်ဆန္ဒပြင်းပြလှသောပုဂ္ဂိုလ်မြတ်ကို တပည့်သာဝကလောင်းဟုခေါ်ပါသည် -

(က) အဂ္ဂသာဝကလောင်း
တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင်ပါရမီဖြည့်ရသူ

(ခ) မဟာသာဝကအလောင်း
ကမ္ဘာတစ်သိန်းကြာအောင်ပါရမီဖြည့်ရသူ

(ဂ) ပကတိသာဝကလောင်း
ကမ္ဘာတစ်သိန်းအောက်ပါရမီဖြည့်ရသူ

**ဘုရားလောင်းသုံးမျိုး**

ဘုရားဖြစ်သူသည် သဗ္ဗညုတဉာဏ်တော်ကြီးကို ရခြင်းပင်ဖြစ်ပါသည်။

ထိုဉာဏ်ကြီးကိုရဖို့ရန်မှာ ရှာမှီးသူတို့၏စိတ်သန္တာန်တွင် ပညာဓာတ်ခံ လွန်ကဲစွာရှိခြင်းပင်ဖြစ်ပါသည်။

ပညာဓာတ်ခံလွန်ကဲစွာရှိခြင်းဟူသည်လည်း အရာရာတိုင်းပြုသမျှပြော သမျှ ကြံသမျှတို့၌ ဝေဖန်ဆင်ခြင်စဉ်းစားမှုပြုလုပ်ခြင်းပင်ဖြစ်ပါသည်။

ဤသို့ပြုလုပ်သဖြင့် တစ်ဘထက်တစ်ဘဝပညာဓါတ်ခံရင့်သန်ကာပညာ တကာတို့ထက် အထွဋ်အထိပ်ဖြစ်သော သဗ္ဗညုတဉာဏ်တော်ကြီးသို့ပေါက် ရောက်လွယ်ပါသည်။

လောက၌ငွေဖြင့်ရင်းနှီး၍ရှာမှငွေကိုရနိုင်သကဲ့သို့ ပညာဖြင့်ရင်းနှီး၍ရှာမှ သဗ္ဗညုတဉာဏ်ကြီးကိုရလွယ်ပါသည်။

ထိုသဗ္ဗညုတဉာဏ်ရတော်မူရန် အားထုတ်ကြသော ဘုရားလောင်းများ တွင် ဉာဏ်ရည်အရ ဘုရားလောင်း(၃)မျိုးကွဲပြားခြားနားပါသည်။

(၁) ပညာဓိကဘုရားလောင်း

ထိုပညာဓိကဟုခေါ်သော ဉာဏ်ပညာလွန်ကဲသောဘုရားလောင်း များသည် ပါရမီဖြည့်ရာ၌ အမြဲပင်ပညာဉာဏ်ရှေ့ရှိပြီးဖြစ်သည့်အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်လျှင် ဘုရားဖြစ်တော်မူသည်။

(၂) သဒ္ဓါဓိကဘုရားလောင်း

အံချို့သောအလောင်းတော်တို့သည် ပါရမီဖြည့်လျှင်ဘုရားဖြစ်နိုင်ပါ သည်ဟူ၍ ယုံကြည်ကြသည်။ ထိုအလောင်းတော်တို့၏စိတ်၌ ယုံကြည် ခြင်းသဒ္ဓါလွန်ကဲ၍နေသည်။ ပညာကားသဒ္ဓါတရားအောက်နည်းပါး သည်။

ထိုအလောင်းတော်များကို သဒ္ဓါဓိကဘုရားလောင်းဟုခေါ်သည်။

ဤသဒ္ဓါဓိကဘုရားလောင်းတော်များမှာ ပညာကရှေ့မဆောင်နိုင်ဘဲ သဒ္ဓါတရားကသာ ရှေ့ဆောင်ကာပါရမီဖြည့်ရသည့်အတွက် ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်မှ ဘုရားဖြစ်တော်မူသည်။

(၃) ဝီရိယာဓိကဘုရားလောင်း

အချို့သောအလောင်းတော်တို့သည်ကား ဝီရိယကိုသာအားကိုးထားပြုကြသည်။ မြော်မြင်ဆင်ခြင်မှုပညာကိုလည်း အဓိကအားဖြင့်အသုံးမပြုနိုင် ပါရမီဖြည့်လျှင်-ဘုရားဖြစ်နိုင်သည်ဟု ယုံကြည်ချက်သဒ္ဓါတရားကိုလည်းဂရုမထား 'ကြိုးစားလျှင်ဘုရားဖြစ်မည်'ဟူသော ဝီရိယကိုသာ ရှေ့ထား၍ပါရမီတို့ကို ဖြည့်ကျင့်သည့်အတွက် (၁၆)သင်္ချေနှင့် တစ်ကမ္ဘာတစ်သိန်းကြာမှ ဘုရားဖြစ်တော်မူရသည်

- ပညာဓိကဘုရားလောင်းမှာ ပညာတတ်သည်သဒ္ဓါနည်းသည်
- သဒ္ဓါဓိကဘုရားလောင်းမှာ ပညာအလယ်အလတ်ရှိ၍ သဒ္ဓါ၊ ပညာနှစ်ပါးနည်း၍ ဝီရိယအားကြီးသည်

(သုတ္တနိပါတ အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ်)

အလောင်းတော်ဘဝ၌ ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက(၃)မျိုးကွဲနေသော်လည်း ဘုရားဖြစ်သောအခါတွင်မူ အလုံးစုံတူညီကြပါသည်။ မည်သည့်ဘုရားကမှ ဂုဏ်ကျေးဇူးပိုသည်လိုသည်ဟူ၍မရှိပါ။

ဘုရားလောင်းတို့ဤသို့ကွဲပြားခြင်းသည် မိမိတို့၏ဆုတောင်းသို့လိုက်၍ အစဉ်အတိုင်းသုံးမျိုးကွဲပြားလျက်ဘုရားဖြစ်ရာ အချိန်ကာလလည်းသုံးမျိုးကွဲပြားရပါသည်။

ဘုရားဆုပန်နိယတ ဗျာဒိတ်ခံစဉ်ကပင် အလောင်းတော်ကြီးများသည် (၃)မျိုးကွဲပြားခြားနားပြန်ပါသည်။

(၁) ဥဂ္ဃဋိတညုဘုရားလောင်း

အကယ်၍သားဝကဗောဓိဉာဏ်ကို ထိုဗျာဒိတ်ခံယူသောဘဝ၌ ရယူလိုပါက ဘုရားရှင်ထံမှ လေးပါဒရှိသော တရားဂါထာကို ကြားနာစဉ်

တတိယ ပါဒမပြီးဆုံးမီပင် အဘိညာဉ်ခြောက်ပါး ပဋိသမ္ဘိဒါလေးပါး နှင့်တကွ အရဟတ္တ ဖိုလ်သို့ ရောက်ခြင်းငှာစွမ်းနိုင်သည်။

(၂) ဝိပဉ္စိတညုဘုရားလောင်း

အကယ်၍သာဝကဗောဓိဉာဏ်ကို ထိုဘဝရယူလိုပါက ဘုရားရှင်ထံမှလေးပါဒရှိသော တရားဂါထာကို ကြားနာစဉ် စတုတ္ထပါဒမဆုံးမီအထိ အဘညာဉ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ခြင်းငှာစွမ်းနိုင်သည်။ ဤဘုရားလောင်းမှာ သဒ္ဓါဓိကဘုရားလောင်းမျိုးဖြစ် သည်။

(၃) နေယျဘုရားလောင်း

အကယ်၍သာဝကဗောဓိဉာဏ်ကိုထိုဘဝရယူလိုပါက ဘုရားရှင်ထံမှလေးပါဒရှိသော ဂါထာကိုကြားနာစဉ် ထိုဂါထာဆုံးလျှင် အဘိညာဉ်ခြောက်ပါးနှင့်တကွ အရဟတ္တဖိုလ်သို့ဆိုက်ရောက်နိုင်သည်။ ဤဘုရားလောင်းမှာ ဝိရိယာဓိကဘုရားလောင်းမျိုးဖြစ်ပါသည်။

**ကာလစော၍ဘုရားမဖြစ်နိုင်**

သုံးလ၊ လေးလ၊ ငါးလလွန်မှ မှည့်ရိုးရှိသော ကောက်ပင်မျိုးသည် ထိုကာလအချိန်မရောက်သေးဘဲ နေ့စဉ်အကြိမ်အရာအထောင်ရေလောင်းပေါင်းသင်ပြုပြင်စေကာမူ ကောက်သားမဝင်နိုင်ခြင်း၊ အခက်အရွက်အလိုရှိသလောက် မကြီးပွား၊ မပြန့်ပြောနိုင်ခြင်း၊ မရင့်ကျင့်ခြင်းဟူသော အကြောင်းကြောင့် (၁၅)ရက်၊ တစ်လအတွင်း အသီးသီးခြင်းငှာမစွမ်းနိုင်သကဲ့သို့ ဘုရားလောင်းများသည်လည်း ဗျာဒိတ်ရပြီး နောက်နေ့စဉ်ဝေဿန္တရာမင်းကြီး၏ အလှူနှင့်တူသော အလှူကြီးမျိုးကို ပေးလှူကြစေကာမူ ထိုအလှူဒါနအား လျှောက်ပတ်သောသီလစသော ပါရမီတို့ကို ဖြည့်ကျင့်စေကာမူ သဗ္ဗညုတပညာ အသားမဝင်နိုင်ခြင်း၊ မပြန့်ပြောခြင်း၊ မရင့်ကျက်ခြင်းတို့ကြောင့် လေးသင်္ချေ၊ ရှစ်သင်္ချေ၊ (၁၆)သင်္ချေမပြည့်မီအတွင်းဝယ် အဘယ်နည်းနှင့်မျှ သဗ္ဗညုတဘုရားရှင်အဖြစ် မရောက်နိုင်ပါချေ။

**ပါရမီတို့၏ အကျိုးများ**

ဘုရားလောင်းတော်များသည် ဘုရားဆုပန်တော်မူသည်ကစ၍-

- ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွားကိုလိုလားတော်မူခြင်းကြောင့် သတ္တလောက၏ ဘခင်ကြီးနှင့်တူသူဖြစ်ခြင်း
- ဂုဏ်ကျေးဇူးအထူးနှင့်ယှဉ်တော်မူခြင်းကြောင့် မြတ်သောအလှူခံထိုက်ခြင်း
- အလေးအမြတ်ပြုအပ်သူဖြစ်ခြင်း
- အလွန်မြတ်သောကုသိုလ်မျိုးကို စိုက်ပျိုးကြချရာလယ်ယာမြေကောင်းကြီးနှင့်တူခြင်း
- လူနတ်တို့ကချစ်ခင်လေးမြတ်အပ်သူဖြစ်ခြင်း
- မေတ္တာ၊ ကရုဏာ၊ အဟုန်ဖြင့်ပွားတုံအပ်သော စိတ်နှလုံးရှိတော်မူခြင်းကြောင့် ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲစသည်တို့က မနှိပ်စက်နိုင်သူဖြစ်တော်မူခြင်း
- ဖြစ်လေရာဘဝတို့၌ ကုသိုလ်အထူးရှိသူဖြစ်ခြင်းကြောင့်အလွန်မြတ်သော အဆင်း၊ အခြံအရံ၊ ချမ်းသာသုခ၊ ခွန်အားဗလအစိုးရခြင်း ဂုဏ်တို့ဖြင့် သူတစ်ပါးတို့ကို လွှမ်းမိုးစိုးအုပ်နိုင်ခြင်း
- အနာရောဂါကင်းရှင်းခြင်း
- အလွန်သန့်ရှင်းသောသဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာရှိခြင်း
- ကိလေသာနည်းပါးသောကြောင့်ပင် ဆုံးမလွယ်သူဖြစ်ခြင်း
- သည်းခံနိုင်ခြင်း
- ကောင်းမှု၌မွေ့လျော်ခြင်း
- အမျက်မထွက်၊ ရန်ငြိုးအာဃာတမဖွဲ့ခြင်း
- သူ့ကျေးဇူးကိုမချေဖျက်ခြင်း
- အပြိုင်မှုမပြုခြင်း
- မနာလိုဝန်တိုမှုမရှိခြင်း

- မကောက်ကျစ်မလှည့်ဖြားခြင်း
- မခက်ထန်မာန်မမူခြင်း
- ငြိမ်းအေးခြင်း
- ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်း
- သူတစ်ပါးတို့က ပူပန်အောင်ပြုလုပ်သည်ကိုသည်းခံခြင်း
- မိမိကသူတစ်ပါးကို ပူပန်အောင်မပြုလုပ်ခြင်း
- ဘုရားလောင်းနေထိုင်ရာမြို့ရွာနယ်ပယ်၌ ဘေးအန္တရာယ်ကင်းရှင်းခြင်း
- ဉဿဒငရဲငယ်တို့၏ ရံခါကံမလှ၍ကျရောက်သော်လည်း အခြားငရဲသားများကဲ့သို့ ဆင်းရဲဒုက္ခကြောင့် ဒေါသမပွားဘဲ သံဝေဂတရားသာ တိုး၍တိုး၍ ဖြစ်ပွားခြင်း

ဟူသော ပါရမီတို့အကျိုးတရားများရရှိခံစားရပါသည်။

ထို့ပြင်-

- ဖြစ်လေရာဘဝတို့၌ အသက်ရှည်စွာတည်နေခြင်း (အာယုသမ္ပဒါ)

  ယင်းအာယုသမ္ပဒါဖြင့် အလောင်းတော်သည် မိမိဆောက်တည်အပ်သော ကုသိုလ်မှုတို့ကို အဆုံးရောက်အောင် အားထုတ်၍ကုသိုလ်တရားများစွာပွားများစေသည်။
- ရှုချင်စဖွယ် ကြည်ညိုစဖွယ်တင့်တယ်သော ရုပ်အဆင်းရှိရခြင်း (ရူပါသမ္ပဒါ)

  ယင်းရူပသမ္ပဒါဖြင့် အလောင်းတော်သည် ရုပ်အဆင်းလှသည်ကို အလေးပြုတတ်သော သတ္တဝါတို့၏ ကြည်ညိုခြင်းကိုဆောင်တော်မူသည်။
- မြတ်သောအမျိုး၌ ဖြစ်ရခြင်း (ကုသသမ္ပဒါ)

  ယင်းကုသလသမ္ပဒါဖြင့်ဇာတိမာန်စသော ယစ်မူးသော သတ္တဝါတို့ကသော်လည်း ကိုယ်တော်မြတ်သို့ ဆည်းကပ်ရသည်။ ထို့ကြောင့် ထိုသူတို့ကို မာန်မာနကင်းစင်အောင် ဆုံးမတော်မူနိုင်သည်။

- စည်းစိမ်ဥစ္စာများခြင်း၊ တန်ခိုးကြီးခြင်း၊ အခြွေအရံများခြင်း (ဣဿရိယသမ္ပဒါ)

  ယင်းဣဿရိယသမ္ပဒါဖြင့် ချီးမြှောက်သင့်သူတို့ကို သင်္ဂဟတရား လေးပါးဖြင့် ချီးမြှောက်ခြင်းငှာလည်းကောင်း၊ နှိပ်ကွပ်သင့်သူတို့ကို တရားသဖြင့် နှိပ်ကွပ်ခြင်းငှာလည်းကောင်း စွမ်းနိုင်သည်။
- သူခပ်သိမ်းတို့ယုံကြည်အပ်သော စကားရှိသူဖြစ်ခြင်း (အာဒေယျဝစနာတာ)

  ယင်းအာဒေယျဝစနာတာဖြင့် သတ္တဝါတို့၏ ချိန်ခွင်ကြီးပမာအား ထားမှီခိုရာဖြစ်ပြီးလျှင် အလောင်းတော်၏ အာဏာကိုမည်သူမျှမလွန် ကျူးဝံ့ကြချေ။
- အာနုဘော်ကြီးခြင်း (သုံးဆောင်အပ်သော အရာဝတ္ထုတို့အတူမရအောင် ကြီးကျယ်ခြင်း (မဟာနုဘာဝတာ)

  ယင်းမဟာနုဘာဝတာဖြင့် ကိုယ်တော်မြတ်ကိုတစ်စုံတစ်ယောက် ကလွှမ်းမိုးစိုးအုပ်သည်ကို မခံရဘဲကိုယ်တော်ကသာလျှင် သူတစ်ပါးတို့ ကိုတရားနှင့်အညီ လွှမ်းမိုးအုပ်စိုးတော်မူသည်။

  ဤသို့လျှင် ဂုဏ်ကျေးဇူးများသည် ပါရမီတို့၏ အကျိုးအာနိသင်များ ဖြစ်ကြပြီးလျှင် မိမိကိုယ်တိုင်ကလည်း မနှိုင်းယှဉ်နိုင်သော ကောင်းမှု အဆောက်အဦး၏ တိုးပွားစည်ပင်ကြောင်းဖြစ်၍ ဗောဓိယာဉ်သုံးပါး၌ မသက်ရောက်သေးသော သတ္တဝါတို့အား ရင့်သန်စေနိုင်ကြောင်း ဖြစ်ရ လေသည်။

## ပါရမီအကျိုးရင်းများ

ဤသို့ပါရမီတော်များကို ဖြည့်ကျင့်တော်မူသောကြောင့် ဘုရားလောင်းသည် နောက်ဆုံးဖြစ်သောအခါတွင် -

- သဗ္ဗညုတဉာဏ်ရှင်ဘုရားဖြစ်တော်မူရခြင်း

- (၃၂)ပါးသော မဟာပုရိသလက္ခဏာတော်ကြီးများနှင့် ပြည့်စုံရခြင်း
- (၈၀)သောလက္ခဏာငယ်များနှင့်ပြည့်စုံရခြင်း
- အင်္ဂါလေးပါးရှိသော အမိုက်အမှောင်၌သော်လည်းကောင်း အတောင် (၈၀)အရပ်တိုင်အောင် ထွန်းလင်းတောက်ပသော ကိုယ်တော်ရှိခြင်း
- ဂုဏ်တော်အပေါင်းတို့ဖြင့်တင့်တယ်သော ရူပကာယရှိတော်မူခြင်း
- ဉာဏ်တော်ဆယ်ပါး
- ဝေသာရဇ္ဇဉာဏ်တော်လေးပါး
- အာသာဓာရဏဉာဏ်တော်ခြောက်ပါး
- အာဝေဏိကဂုဏ်တော်(၁၈)ပါးတို့နှင့်ပြည့်စုံခြင်း
- ဘုရားဂုဏ်တော်များကို အာယုကပ်ပတ်လုံးဟောသော်လည်း မကုန်နိုင်ခြင်း

ဤသို့စသည်ဖြင့် ပါရမီ၏အကျိုးရင်းများသည်ကား အလွန်များပြားလှ၍ ရေတွက်နိုင်းယှဉ်ခြင်းငှာ မစွမ်းနိုင်ပါပေ။

## နိယတဗျာဒိတ်ရပြီးသော ဘုရားလောင်းတို့မဖြစ်ရဌာနများ

သုမေဓါရှင်ရသေ့ကဲ့သို့ ဆုတောင်းပြည့်ဝပြီးနောင်တွင် ဧကန်စင်စစ်ဘုရားဖြစ်မည်ဟု ဘုရားရှင်ထံမှ ဗျာဒိတ်ရရှိပြီးသော ဘုရားအလောင်းတော်တို့သည် သံသရာတစ်လျှောက်ကျင်လည်ရာဝယ် (၁၈)ပါးသောဌာနတို့၌ မကပ်ရောက်တော့ပါ -

၁။ ပဋိသန္ဓေအားဖြင့် ဝမ်းတွင်းကန်းသူမဖြစ်ခြင်း

၂။ ပဋိသန္ဓေအားဖြင့် နားပင်းသူမဖြစ်ခြင်း

၃။ ရူးသွပ်သူမဖြစ်ခြင်း

၄။ ဆွံ့အသူမဖြစ်ခြင်း

၅။ ခြေလက်ဆွံ့လမ်းမသွားနိုင်သူမဖြစ်ခြင်း

၆။ လူရိုင်းမဖြစ်ခြင်း

၇။ ကျွန်မဝမ်း၌ပဋိသန္ဓေမယူခြင်း
၈။ နိယတမိစ္ဆာဒိဋ္ဌိအယူရှိသူမဖြစ်ခြင်း
၉။ လိင်ဖောက်ပြန်ဖောက်လွဲမဖြစ်ခြင်း (ယောကျ်ားအဖြစ်မှမိန်းမအဖြစ်သို့ မရောက်ခြင်း)
၁၀။ အနန္တရိယကံငါးပါးမကျူးလွန်ခြင်း
၁၁။ ကုဋ္ဌရောဂါနူနာရှိသူမဖြစ်ခြင်း
၁၂။ တိရစ္ဆာန်ဖြစ်ရသော်လည်း ငုံးအောက်ငယ်သောသတ္တဝါမဖြစ်ရခြင်း
၁၃။ အခါခပ်သိမ်းငတ်မွတ်ဆာလောင်နေသော (ခုပ္ပိပါသိပြိတ္တာ)မျိုး၊ အမြဲမီးလောင်ခံနေရသော ပြိတ္တာ(နိဇ္ဈာမတဏှိက) ပြိတ္တာမျိုး၊ ကာဠကဉ္စိက အသူရာမျိုး၌ မဖြစ်ရခြင်း
၁၄။ အဝီစိငရဲနှင့် လောကန္တရိတ်ငရဲ၌မဖြစ်ခြင်း
၁၅။ ကာမာဝစရနတ်ဘုံတွင် မာရ်နတ်မဖြစ်ခြင်း
၁၆။ ရူပါဝစရဘုံတွင် အသညသတ်ပြဟ္မာနှင့် သုဒ္ဓါဝါသပြဟ္မာဘုံတို့၌မဖြစ်ခြင်း
၁၇။ အရူပပြဟ္မာဘုံတို့၌ မဖြစ်ခြင်း
၁၈။ တစ်ပါးသော စကြာဝဠာသို့ပြောင်း၍မဖြစ်ခြင်း

## အလောင်းတို့၏ နှလုံးရည်

ရတနာကို အလိုရှိရုံမျှဖြင့် အလုပ်မလုပ်ဘဲ ရတနာကို မရနိုင်၊ ကြိုးစားအားထုတ်အလုပ်ကိုလုပ်မှသာလျှင် အလိုရှိရာရတနာကိုရနိုင်သကဲ့သို့ ဗောဓိဉာဏ်ကိုအလိုရှိကြသော ဘုရားလောင်းများသည် ဗောဓိဉာဏ်ကိုရရာရကြောင်းဖြစ်သော ပါရမီ၊ စာဂ၊ စရိယတရားတို့ကို ပွားများအားထုတ်မှသာ အလိုရှိအပ်သော ဗောဓိဉာဏ်ကိုရရှိနိုင်ပါသည်။

-အရင်းအနှီးများစွာစိုက်ထုတ်၍ သူမတူအောင် အားထုတ်သောပုဂ္ဂိုလ်
-အလယ်အလတ်ရင်းနှီးထုတ်၍ အလယ်အလတ်အားထုတ်သောပုဂ္ဂိုလ်

-ဥစ္စာအနည်းအပါးစိုက်ထုတ်၍ အနည်းအပါးအားထုတ်သောပုဂ္ဂိုလ်

ဤပုဂ္ဂိုလ်သုံးမျိုးတို့ အမြတ်အစွန်းအကျိုးတရားရရှိဖို့ရာ ခြားနားခြင်းရှိသကဲ့သို့ ဗောဓိဉာဏ်ကိုရင့်သန်စေတတ်သော ပါရမီ၊ စာဂ၊ စရိယ တရားတို့ကို အားထုတ်မှုတည်းဟူသော အရင်းအနှီးဥစ္စာအခြေခံတရားတို့ အမြတ်အများ၊ အလယ်အလတ်၊ အနည်းအပါးသို့လိုက်၍ဗောဓိဉာဏ်ဟူသော အမြတ်အစွန်း အကျိုးတရားကိုရရှိရာ၌လည်း ခြားနားခြင်းရှိပါသည်။

ဘုရားဆုပန်သောဘုရားလောင်းများသည် မရေမတွက်နိုင်အောင်များပြားလှသော ဘုရားအဆူဆူတို့ထံ၌ စိတ်ဖြင့်သာဘုရားဆုကို တောင်းခဲ့ရသည်မှာ ကမ္ဘာမရေတွက်နိုင်အောင်ပင်ရှိပါသည်။

ထိုသို့ဆုတောင်း၍ကျင့်ရမည့် ပါရမီ၊ စာဂ၊ စရိယတို့ကိုကျင့်ခဲ့၍ နောင်တွင် နိယကဗျာဒိတ်ခံခဲ့ရသည်။

နိယတဗျာဒိတ်ခံခဲ့ရသော အလောင်းတော်များသည် ဘဝတည်းဟူသော ခရီးခက်၊ ခရီးခဲ၌ကျရောက်၍ -

- ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ ဒုက္ခ
- လူပြည်လောက၌ အသတ်ခံရခြင်း၊ အနှောင်အဖွဲ့ခံရခြင်း အစရှိသော ဒုက္ခ
- အာဟာရရှာမှီးရခြင်းဒုက္ခ
- အပါယ်ဆင်းရဲဒုက္ခ

စသော ဆင်းရဲအမျိုးမျိုးတို့ဖြင့် ကြိုးပဲ့ပျက်စီးမခံသာအောင် နားကျည်း၍ ဒုက္ခသည်းစွာရောက်ရှိနေသော ခိုကိုးရာမဲ့သတ္တဝါအပေါင်းတို့ကို မြင်တော်မူ၍ ထိုသတ္တဝါတို့အတွက် မဟာကရုဏာဖြင့်ပြင်းထန်စွာ နှလုံးတုန်လှုပ်တော်မူသည်။

ထိုသို့သနားတော်မူသည့်အတွက် ဆင်းရဲအမျိုးမျိုးကိုသည်းခံကာ အမြဲမပြတ် ကာလရှည်စွာ သနားခြင်းကရုဏာကိုပွားတော်မူသည်။

မေတ္တာကရုဏာတရားများကို ရှေ့သွားပြုပြီးပါရမီတို့ကို ဖြည့်ကျင့်ရသော အမှန်တရားကိုသိရှိပြီးနောက် ဘုရားလောင်းများသည် ပါရမီဆယ်ပါးအပြား (၃၀)စွန့်ခြင်းကြီး (၅)ပါး၊ စရိယ(၃)ပါးတို့ကို အပြင်းအထန်သူမတူအောင် ကြိုးစားကျင့်ခဲ့ကြပါသည်။

## ပါရမီဖြည့်စဉ်နတ်၊ ဗြဟ္မာပြည်၌ကြာရှည်မနေ

ထိုသို့သူမတူအောင် ပါရမီ၊ စာဂ၊ စရိယတို့ကို ဖြည့်ကျင့်ဆဲဖြစ်သောဘုရားလောင်းများသည် ဝေဿန္တရာမင်းကြီးဘဝကဲ့သို့ ပါရမီ၊ စာဂ၊ စရိယတရားတို့ကို အပြီးအဆုံးပြီးမြောက်သည့်ဘဝသို့ မရောက်သေးသမျှကာလပတ်လုံး ဤအတွင်းဝယ် မဟာကုသိုလ်တော် အာနုဘော်ကြောင့် အသက်ရှည်သောနတ်ဗြဟ္မာ ဘဝ၌ဖြစ်ကြသော်လည်း ထိုနတ်ဗြဟ္မာဘဝတို့၌ ပါရမီဖြည့်ရန်ခဲ့ယဉ်းလှသောကြောင့် အသက်တမ်းကုန်အောင်မနေကြဘဲ အဓိမုတ္တိမရဏခေါ် သေခြင်းမျိုးဖြင့် နတ်ဗြဟ္မာအသက်ချွေပြီးလျှင် လူပြည်လောက၌သာ တစ်ဖန်ဖြစ်၍ပါရမီတို့ကို ဖြည့်ကျင့်တော်မူကြသည်။

## သမုဒ္ဒရာနှင့်တူသောပါရမီများ

ပကတိသမုဒ္ဒရာမှာယူဇနာပေါင်း(၁၄၀၀၀)နက်၏ဟု ပမာဏရှိပါသေးသည်။ အထက်၊ အောက်၊ အစွန်၊ အနားသတ်မှတ်၍ရပါသေးသည်။

ဘုရားလောင်းတို့ကျင့်ခဲ့ရသော ဒါနစသောပါရမီဟူသောသမုဒ္ဒရာကား အပိုင်းအခြားမရှိပါ။

အလောင်းတော်ကြီးများ၏ ဒါနပါရမီနှင့်စပ်၍ -

- ပြင်ပဥစ္စာတို့လှူသည်ကား ဤမျှတည်းဟူ၍ မပိုင်းခြားနိုင်ပါ
- အသားလှူရာ၌နကား ဤမျှတည်း
- အသွေးကိုလှူရာ၌နကား ဤမျှတည်း

-မျက်လုံးတော်ကို လျှုရာဌာနကား ဤမျှတည်း၊

-ဦးခေါင်းတော်ကို လျှုရာဌာနကား ဤမျှတည်း ဟူ၍ မပိုင်းခြားနိုင်၊

ထို့အတူ သီလပါရမီစသည်နှင့် စပ်၍လည်း မပိုင်းခြားနိုင်သောကြောင့် အလောင်းတော်များ၏ ပါရမီတော်တို့ကို မဟာသမုဒ္ဒရာနှင့် နှိုင်းခိုင်းထားလေသည်။

## ကြီးစွာသောဆင်းရဲကိုဆင်းရဲဟုမထင်

တစ်စုံတစ်ယောက်သောသူသည် နွေရာသီအချိန် နေမွန်းတည့်အချိန်၌ ရေကန်အတွင်းသို့သက်ဆင်း၍ ရေချိုးနေစဉ် ကောင်ကင်မှနေအရှိန်ပူနေသည်ကို ပူသည်ဟူ၍မထင်သကဲ့သို့ အလောင်းတော်ကြီးများသည် မဟာကရုဏာဖြင့် အေးမြသောစိတ်နှလုံးရှိကြ၍ သတ္တဝါတို့၏စီးပွားကိုသာရှာမှီးတော်မူကြပါလျက် ပါရမီတည်းဟူသော သမုဒ္ဒရာ၌သက်ဆင်းကာ အလွန်ကြီးများသောဒုက္ခများကို ဆင်းရဲဟူ၍မထင်မှတ်ဘဲကြိုးစား၍ကျင့်ကြံအားထုတ်ကြသည်။

## ကာလရှည်ကြာစွာပါရမီတော်တို့ကို ဖြည့်ကျင့်ရခြင်း

ကမ္ဘာတစ်စုတစ်စု၌ ပုဂ္ဂိုလ်တစ်ယောက်တစ်ယောက်၏ အရိုးတို့ကိုစုပုံ၍ထားလျှင် တောင်မျှလောက်ကြီးမားရာ၏ဟု သံယုတ်ပါဠိတော်၌ မြတ်စွာဘုရားဟောကြားတော်မူအပ်သည့် အတိုင်းအလောင်းတော်ကြီးများမှ ဘုရားဆုပန်ဗျာဒိတ်ခံသည်မှ ပါရမီပြည့်စုံအောင်အထွတ်အထိပ်သို့ ရောက်သည့်နောက်ဆုံး (ဝေဿန္တရာ ဘဝကဲ့သို့သော) ဘဝတိုင်အောင်အနည်းဆုံးလေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလအတွင်း ပါရမီဖြည့်ခဲ့ရသော ဘဝတို့ကိုရေတွက်လျှင် မဟာသမုဒ္ဒရာရေပေါက်ထက်ပင် များလှသေး၏။ ထိုမျှများလှသော ဘဝတို့အနက် ပါရမီကိုမဖြည့်ဘဲ အချည်းအနှီးလွန်သွားသော ဘဝတစ်ခုဟူ၍မရှိခဲ့။

# အခန်း (၃)

## ကမ္ဘာအလိုက်ဘုရားပွင့်တော်မူခြင်း

တစ်ဆူသာရ
နှစ်မဏ္ဍာ
ဝရသုံးဆူသာ
ဘဒ္ဒငါးဆူပါ

ဟူသော စာဆိုလင်္ကာနှင့်အညီ ကမ္ဘာနှင့်ဘုရားများပွင့်ရာတွင် -

- သာရကမ္ဘာ၌ ဘုရား(၁)ဆူသာပွင့်သည်။ ထိုသာရကမ္ဘာသည် (၄) ကမ္ဘာရှိခဲ့၍ ဘုရား(၄)ဆူပွင့်ခဲ့ပါသည်။ ပွင့်သောဘုရားများမှာ -
  (၁) ပဒုမုတ္တရဘုရား
  (၂) သိဒ္ဓတ္ထဘုရား
  (၃) ဝိပဿီဘုရား
  (၄) ကောဏ္ဍညဘုရား
- မဏ္ဍာကမ္ဘာ၌ဘုရား(၂)ဆူသာပွင့်သည်။ မဏ္ဍာကမ္ဘာသည်(၃)ကမ္ဘာရှိခဲ့၍ဘုရား(၆)ဆူပွင့်ခဲ့သည်။ ပွင့်ခဲ့သောဘုရားများမှာ -

(၁) သုမေဓာဘုရား
(၂) သုဇာတဘုရား
(၃) တိဿဘုရား
(၄) ဖုဿဘုရား
(၅) သိခိဘုရား
(၆) ဝေဿဘူဘုရား

- ဝရကမ္ဘာ၌ဘုရား(၃)ဆူပွင့်ခဲ့သည်။ ဝရကမ္ဘာ၌(၂)ကမ္ဘာရှိ၍ ဘုရား(၆) ဆူပွင့်ခဲ့သည်။

ပွင့်ခဲ့သောဘုရားများမှာ -
(၁) ပိယဒဿီဘုရား
(၂) အတ္ထဒဿီဘုရား
(၃) ဓမ္မဒဿီဘုရား
(၄) အနောမဒဿီဘုရား
(၅) ပဒုမဘုရား
(၆) နာရဒဘုရား

- သာရမဏ္ဍကမ္ဘာ၌ဘုရား(၄)ဆူပွင့်ခဲ့သည်။ သာရမဏ္ဍကမ္ဘာ(၂)ကမ္ဘာ ရှိခဲ့၍ ဘုရား(၈)ဆူပွင့်ခဲ့သည်။

ပွင့်ခဲ့သောဘုရားများမှာ -
(၁) တဏှင်္ကရာဘုရား
(၂) မေဓင်္ကရာဘုရား
(၃) သရဏင်္ကရာဘုရား
(၄) ဒီပင်္ကရာဘုရား
(၅) မင်္ဂလာဘုရား
(၆) သုမနဘုရား
(၇) ရေဝတဘုရား

(ဈ) သောဘိတဘုရား

ဘဒ္ဒကမ္ဘာ၌ ဘုရား(၅)ဆူပွင့်သည်။ ဘဒ္ဒကမ္ဘာသည်(၁)ကမ္ဘာသာရှိသည်။ ပွင့်ခဲ့သောဘုရားများမှာ -

(၁) ကကုသန်ဘုရား

(၂) ကောဏဂုံဘုရား

(၃) ကဿပဘုရား

(၄) ဂေါတမဘုရား

(၅) အရိမေတ္တေယျဘုရား (ပွင့်လတ္တံ့ဘုရား)

ဂေါတမဘုရားလောင်းသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလဝယ်(၂၄)ဘဝသာဘုရားသာသနာတော်နှင့်ကြုံတွေ့ခဲ့ရသည်။ ကျန်သောဘဝများတွင် ဘုရား သာသနာနှင့်မကြုံခဲ့ရချေ။

ထို့ကြောင့်သာသနာတော်နှင့် ကြုံကြိုက်မှုသည် ခဲယဉ်းလှပါသည်။

**ဂေါတမဘုရားလောင်း၏ပါရမီများ**

**"စိန္တိတံ သတ္တသင်္ချေယျ၊ နဝသင်္ချေယဝါစကံ**
**ကာယဝါစံ စတုချာတံ၊ ဗုဒ္ဓတ္တံသမုပါဂမိ"**

ဟူသော ဇာတက္ကတိကျမ်း သောတတ္တတိကျမ်းများလာ ပါဠိတော်နှင့်အညီ ဂေါတမဘုရားလောင်းသည် -

- ခုနစ်သင်္ချေကာလပတ်လုံးဘုရားအဖြစ်ကိုစိတ်ဖြင့်သာ ကြံစည်တောင့်တခဲ့ပြီး
- ကိုးသင်္ချေကာလပတ်လုံးနှုတ်ဖြင့်ဆုတောင်းခဲ့သည်
- လေးသင်္ချေကာလပတ်လုံး ကိုယ်နှုတ်နှစ်ပါးဖြင့်ဆုတောင်းခဲ့သည်။

ဂေါတမဘုရားလောင်းသည် စိတ်ဖြင့်သာကြံစည်တောင့်တခဲ့သောနန္ဒအသင်္ချေ၌ အတိဒေဝအမည်ဖြင့် မင်းဖြစ်၍ထိုအသင်္ချေထက်၌ ပထမဦးဆုံးပွင့်

သော ပြဟ္မာဒေဝအမည်ရှိသော ဘုရားရှင်အားအလှူပေး၍ ဘုရားဆုကို စိတ်ဖြင့် ကြံ၍ စတင်တောင့်တတော်မူခဲ့ပါသည်။

ခုနှစ်အသင်္ချေတွင် ပွင့်သောဘုရားရှင်ပေါင်း (၁၂၅၀၀၀)ရှိခဲ့ပါသည်။ ထိုဘုရားရှင်များထံတွင် စိတ်ဖြင့်တောင့်တ၍ဘုရားဆုကိုပန်ခဲ့ပါသည်။

ခုနှစ်အသင်္ချေတွင်ပွင့်သောဘုရားများနှင့် အသင်္ချေများမှာ -

| | | | |
|---|---|---|---|
| (က) | နန္ဒအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၅၀၀၀ |
| (ခ) | သုနန္ဒအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၉၀၀၀ |
| (ဂ) | ပထဝီအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၁၀၀၁၀ |
| (ဃ) | မဏ္ဍအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၁၁၀၀၀ |
| (င) | စာရဏီအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၂၀၀၀၀ |
| (စ) | သာဂရအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၃၀၀၀၀ |
| (ဆ) | ပုဏ္ဍရိကအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၄၀၀၀၀ |
| | | စုစုပေါင်း | ၁၂၅၀၀၀ |

ဂေါတမဘုရားလောင်းသည် နှုတ်ဖြင့်ဆုတောင်းခဲ့သော(၉)သင်္ချေတွင် ဧည ဝတီပြည်၌ သာဂရအမည်ဖြင့် စကြာဝတေးမင်းဖြစ်ခဲ့သည်။

ကိုးသင်္ချေအစဖြစ်သော သဗ္ဗဘဒ္ဒအသင်္ချေထက်၌ ပထမဦးဆုံးပေါ်ရာဏ ဂေါတမဘုရားပွင့်တော်မူခဲ့ပါသည်။

ဂေါတမဘုရားလောင်းသော ဂရစကြာဝတေးမင်းသည် ထိုဘုရားကိုနံ့သာ ကျောင်းနှင့်တကွပစ္စည်းလေးပါးတို့ကို လှူပြီးလျှင် ဘုရားဆုကိုနှုတ်မြွက်၍ စတင်ဆုတောင်းခဲ့ပါသည်။

ထိုအသင်္ချေတွင် ပွင့်သောဘုရားများမှာ (၃၈၇၀၀၀)ရှိခဲ့ပါသည်။

ထိုအသင်္ချေများနှင့် ပွင့်သော ဘုရားပေါင်းမှာ -

| | | |
|---|---|---|
| (က)သဗ္ဗဘဒ္ဒအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၅၀၀၀၀ |
| (ခ) သဗ္ဗဖုလ္လအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၆၀၀၀၀ |
| (ဂ) သဗ္ဗရတနအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၇၀၀၀၀ |
| (ဃ)ဥသဘက္ခန္ဓသင်္ချေ | ပွင့်သောဘုရားပေါင်း | ၈၀၀၀၀ |
| (င) ခန္ဓုတ္တမအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၉၀၀၀၀ |
| (စ) မာဏိတအသင်္ချေ | ပွင့်သေဘုရားပေါင်း | ၂၀၀၀၀ |
| (ဆ)ဘဒ္ဒအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၁၀၀၀၀ |
| (ဇ) ပဒုမအသင်္ချေ | ပွင့်သောဘုရားပေါင်း | ၅၀၀၀ |
| | စုစုပေါင်း | ၃၈၇၀၀၀ |

ဂေါတမဘုရားလောင်းသည် ထိုဘုရားရှင်များ၏ထံတော်တွင် **"နောင်အခါ ဘုရားဖြစ်လိမ့်မည်"** ဟူသောဟောကြားခြင်းဗျာဒိတ်တော်ကိုမရခဲ့ချေ။ (ဗျာဒိတ်ဆိုသည်မှာ အထူးပိုင်းခြား၍ဟောတော်မူခြင်းဟု အဓိပ္ပါယ်ရပါသည်)

ဂေါတမဘုရားလောင်းသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘုရားဆုကို ကိုယ်-နှုတ်နှစ်ပါးဖြင့် ဆုတောင်းပါရမီဖြည့်ခဲ့ပါသည်။

ထိုလေးသင်္ချေကမ္ဘာတစ်သိန်းကာလတွင် စရိယ(၃)ပါးဖြစ်သော-

(၁) ဘုရားဖြစ်ရန်ကြိုးစားအားထုတ်ခြင်း (ဗုဒ္ဓတ္ထစရိယ)

(၂) အမျိုးသားတို့တွက်ကြိုးစားအားထုတ်ခြင်း (ဉာတတ္ထာစရိယ)

(၃) လောကသားတို့အတွက် ကြိုးစားအားထုတ်ခြင်း(လောကတ္ထစရိယ) တို့ကိုကြိုးစားကျင့်ခဲ့သည်။

စွန့်ခြင်းကြီးငါးပါးကိုလည်း စွန့်လွှတ်ကျင့်ခဲ့ပါသည်။

ယင်းစွန့်ခြင်းကြီးငါးမျိုးမှာ -

(၁) စည်းစိမ်ဥစ္စာကိုစွန့်လွှတ်ခြင်း (ဓနပရိစ္စာဂ)

(၂) သားသမီးတို့ကိုစွန့်လွှတ်ခြင်း (ပုတ္တပရိစ္စာဂ)

(၃) မယားကိုစွန့်လွှတ်ခြင်း (ဘရိယပရိစ္စာဂ)
(၄) ကိုယ်အင်္ဂါကိုစွန့်လွှတ်ခြင်း (အင်္ဂပရိစ္စာဂ)
(၅) အသက်ကိုစွန့်လွှတ်ခြင်း (ဇီဝိတပရိစ္စာဂ)

ထိုအလားတူ ဒါနစသော ပါရမီ(၁၀)၊ အပြား(၃၀)တို့ကိုလည်း ပါရမီဖြည့်ကျင့်ရပါသည်။

လေးသင်္ချေဆိုသည်မှာ -

သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံယူခဲ့သော ကမ္ဘာ၏နောက်ဆုံးပွင့်ခဲ့သည့်ဘုရားမှာ ဒီပင်္ကရာဘုရားဖြစ်ပါသည်။

ထိုဘုရားနှင့်နှိပ်ကျိပ်ရှစ်ဆူဘုရားများတွင် အစဉ်လိုက်ဖော်ပြခဲ့သော ကောဏ္ဍညဘုရားတို့၏ အကြားဝယ်ဘုရားရှင်လုံးဝမပွင့်သောကမ္ဘာဖြစ်ပါသည်။

ယင်းကမ္ဘာတို့တွင် ဂဏန်းသင်္ချာဖြင့် ရေးသားမပြနိုင်လောက်အောင် များပြားခြင်းကို (သေလအသင်္ချေ)ဟူ၍ တစ်သင်္ချေရေတွက်ရပါသည်။

ကောဏ္ဍညဘုရားနှင့်မင်္ဂလာဘုရားတို့အကြား ဘုရားလုံးဝမပွင့်သော မရေမတွက်နိုင်သော ကမ္ဘာများကို (ဘာသအသင်္ချေ)ဟူ၍ တစ်သင်္ချေရေတွက်သည်။

သောဘိတဘုရားနှင့် အနောမဒဿီဘုရားတို့အကြား ဘုရားလုံးဝမပွင့်သော မရေမတွက်နိုင်သော ကမ္ဘာကို (ဇယတအသင်္ချေ)ဟူ၍ တစ်သင်္ချေရေတွက်သည်။

နာရဒဘုရားနှင့် ပဒုမဘုရားတို့အကြား ဘုရားမပွင့်သော မရေမတွက်နိုင်သောကမ္ဘာကို (ရှုစိရအသင်္ချေ)ဟူ၍ တစ်သင်္ချေရေတွက်ပါသည်။

ကမ္ဘာတစ်သိန်းဆိုသည်မှာ -

- ပဒုမုတ္တရဘုရားပွင့်တော်မူပြီးနောက် ဘုရားမပွင့်ဆိတ်သုန်းသောကမ္ဘာ ၇၀၀၀၀
- သုဇာတဘုရားနှင့် ပိယဒဿီဘုရားအကြား ဘုရားမပွင့်ဆိတ်သုန်းသောကမ္ဘာ ၂၈၂၀၀

- မဓမ္မဒဿီနှင့် သိဒ္ဓတ္ထဘုရားအကြားဘုရား မပွင့်ဆိတ်သုန်းခဲ့သောကမ္ဘာ ၁၇၈၅
- သိဒ္ဓတ္ထနှင့် တိဿဘုရားအကြား ဘုရားမပွင့် ဆိတ်သုန်းခဲ့သောကမ္ဘာ ၁
- ပိယဒဿီနှင့် သိခီဘုရားအကြားဘုရားမပွင့် ဆိတ်သုန်းခဲ့သောကမ္ဘာ ၅၉
- ဝေဿဘူနှင့် ကကုသန်ဘုရားအကြားဘုရား မပွင့်ဆိတ်သုန်းခဲ့သောကမ္ဘာ ၂၉
- ပဒုမုတ္တရဘုရားနောက်ဘုရားမပွင့်ခဲ့သောကမ္ဘာ ၆

----------

စုစုပေါင်းကမ္ဘာတစ်သိန်းဖြစ်သည်။ ၁၀၀၀၀၀

ဂေါတမဘုရားလောင်းသည် ထိုလေးသင်္ချေကမ္ဘာတစ်သိန်း ကာလဝယ် စရိယ(၃)ပါး၊ စာဂတရား(၅)ပါး၊ ပါရမီ(၁၀)ပါးတို့ကျင့်သုံးဆောက်တည်ခဲ့ရာ(၂၄)ဆူသော ဘုရားတို့ထံတွင် နောင်အခါဘုရားဖြစ်လိမ့်မည်ဟူသော နိယတ ဗျာဒိတ်မိန့်ကြားခြင်းခံရပါသည်။

•

## ဂေါတမဘုရားလောင်း၏ နိယတဗျာဒိတ်ခံဘဝများအချုပ်

ဂေါတမဘုရားလောင်းသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကာလဝယ်ပွင့်ခဲ့သော ဘုရား(၂၇)ဆူတွင် -

သာရမဏ္ဍကမ္ဘာ၌ - တဏှင်္ကာရဘုရား
- မေဓင်္ကရာဘုရား
- သရဏင်္ကရာဘုရား
- ဒီပင်္ကရာဘုရား

ဟူ၍ ဘုရားလေးဆူပွင့်ရာ၌ ထိုကမ္ဘာ၌နောက်ဆုံးပွင့်ခဲ့သော ဒီပင်္ကရာဘုရား ထံ နိယတဗျာဒိတ်ကို စတင်ခံယူရရှိပါသည်။

ထိုဘဝတို့တွင် လူ့ဘဝ၊ တိရစ္ဆာန်ဘဝ၊ သိကြားမင်းဘဝ၊ ဘီလူးဘဝ၊ စသည့်ဖြင့် ထိုပွင့်တော်မူခဲ့သော ဘုရားရှင်အသီးသီးထံတွင် နိယတဗျာဒိတ်ကို ဆက်လက်ခံယူရရှိခဲ့ပါသည်။

ဂေါတမဘုရားရှင် နိယတဗျာဒိတ်ခံယူရရှိသော ဘဝတို့ကိုအကျဉ်းချုပ် လေ့လာကြည့်ပါက အောက်ပါအတိုင်းတွေ့ရပါမည် -

(က) ရသေ့အဖြစ်၌ (၅)ဘဝ

၁။ ဒီပင်္ကရာဘုရားရှင်လက်ထက် သုမေဓါရှင်ရသေ့
၂။ နာရဒဘုရားရှင်းလက်ထက် ဇဋိလရှင်ရသေ့
၃။ အတ္ထဒဿီဘုရားရှင်လက်ထက် သုသိမရှင်ရသေ့
၄။ သိဒ္ဓတ္ထဘုရားရှင်လက်ထက် မင်္ဂလာရှင်ရသေ့
၅။ တိဿဘုရားရှင်လက်ထက် သုဇာတရှင်ရသေ့

(ခ) ရဟန်းအဖြစ် (၉)ဘဝ

(၁) ကောဏ္ဍညဘုရား ဝိဇိတာဝိစကြာမင်းမှ ရဟန်းပြု
(၂) မင်္ဂလဘုရား သုရုစိပုဏ္ဏားဘဝမှ ရဟန်းပြု
(၃) သုမေဓါဘုရား ဥတ္တရပုဏ္ဏားမှ ရဟန်းပြု
(၄) သုဇာတဘုရား စကြာမင်းမှ ရဟန်းပြု
(၅) ဖုဿဘုရား ဝိဇိတာဝီမင်းမှ ရဟန်းပြု
(၆) ဝေဿဘူဘုရား သုဒဿနမင်းမှ ရဟန်းပြု
(၇) ကကုသန်ဘုရား ခေမမင်းမှ ရဟန်းပြု
(၈) ကောဏာဂုံဘုရား ပဗ္ဗတမင်းမှ ရဟန်းပြု
(၉) ကဿပဘုရား ဇောတိကပုဏ္ဏားမှ ရဟန်းပြု

(ဂ) လူအဖြစ် (၅)ဘဝ

(၁) ရေဝတဘုရား အတိဒေဝပုဏ္ဏား

(၂) သောဘိတဘုရား အဇိတပုဏ္ဏား

(၃) ပဒုမုတ္တရဘုရား ဇဋိလသူဌေး

(၄) ဝိယဒဿိဘုရား ကဿပပုဏ္ဏားလုလင်

(၅) သိခီဘုရား အရိန္ဒမမင်း

(ဃ) နဂါးအဖြစ် (၂)ဘဝ

(၁) သုမနဘုရား အတုလနဂါးမင်း

(၂) ဝိပဿီဘုရား အတုလနဂါးမင်း

အဖြစ်တော်တစ်မျိုးစီ (၃)ဘဝ

(၁) ဓမ္မဒဿိဘုရား သိကြားမင်း

(၂) အနောမဒဿိဘုရားဘီလူးစစ်ဘုရင်

(၃) ပဒုမဘုရား ခြင်္သေ့မင်း

(ရသေ့ပဥ္စ၊ နဝဘိက္ခု၊ လူအဖြစ်ငါး၊ နှစ်နဂါးတည့်၊ သကြား၊ ယက္ခ၊ သီဟရာဇာ တစ်စီသာ၊ သချာဇောဝိသ)

## ဘုရားရှင်တို့၏ ထူးထွေသောအတိုင်းအရှည်ပမာဏ

## (ဝေမတ္တတရား ၈ ပါး)

ဒီပင်္ကရာအစရှိသော မြတ်စွာဘုရားတို့သည် တစ်ဆူနှင့်တစ်ဆူဂုဏ်ကျေးဇူးအားဖြင့် တူမျှကြသော်လည်း တစ်ဆူနှင့်တစ်ဆူ မတူထူးထွေကွဲပြားသော အတိုင်းအရှည်ပမာဏရှစ်ပါးရှိပါသည် -

၁။ အသက်ထမ်းမတူမှု (အာယုဝေမတ္တ)

၂။ အရပ်တော်အနိမ့်အမြင့်မတူမှု (ပမဏဝေမတ္တ)

၃။ အမျိုးအနွယ်မတူမှု (ကုလဝေမတ္တ)

၄။ ဒုက္ကရစရိယကျင့်ရပုံမတူမှု (ပဓာနဝေမတ္တ)

၅။ ရောင်ခြည်တော်ထွက်ပုံမတူမှု (ရသ္မိဝေမတ္တ)

၆။ တောထွက်သောအခါစီးနင်းသောယာဉ်မတူမှု (ယာနဝေမတ္တ)

၇။ ပွင့်ရာဗောဓိပင် မတူမှု (ဗောဓိဝေမတ္တ)

၈။ ပလ္လင်ပမာဏမတူမှု (ပလ္လင်္ကဝေမတ္တ)

ဤဘုရားရှင်တို့၏ ထူးခြားကွဲလွဲရှစ်ပါးတည်းဟူသော ဝေမတ္တတရားရှစ်ပါးနှင့်စပ်၍ ဓမ္မရာသီပျို့၌ -

"အသင်္ချေယျ၊ ကပ်ဝီသဋ္ဌ၊ ဓမ္မပါရမီ၊ ပေါင်းညီ၍၊ ပွင့်ဆီဆိုင်လစ်၊ ဘုရားဖြစ်က၊ အလှစ်ပြည့်စုံ၊ ကျေးဇူးပုံသား၊ သုံးဘုံသနင်း၊ တရားမင်းတို့၊ ပြားခြင်းဟူသည်၊ အင်ရှစ်မည်တွင်၊ ရင်တည်စဖော်၊ အမျိုးတော်ကား၊ မြတ်ကျော်အစစ်၊ ခေရာဇ်နှင့်၊ နွယ်မြစ်သန်လှ၊ ဗြဟ္မဏဟု၊ ထွင်တမျိုးရိုး၊ ပုဏ္ဏားမျိုး၌၊ ကျော်ဟိုးလူ့ရွာ၊ မြတ်ရာရာလျှင်၊ ရံခါဖြစ်မြဲ၊ ထူးကြကွဲ၏ (ကုလဝေမတ္တ)"

"မစဲမည်၊ အလျှံတပြောင်၊ ကိုယ်တော်ရောင်ကား၊ အတောင်အတာ၊ ယူဇနာထိ၊ မျှသာထွန်းသည်၊ တူရည်မရှိ၊ ထူးကြဘိ၏၊ (ရသ္မိဝေမတ္တ)"

"တိုပြီသက်တော်၊ နေခြင်းသော်လည်း၊ မှတ်ရော်ထင်ထင်၊ သည်မျှလျှင်ဟု၊ မြပင်မဲ့ဘူး၊ ယွင်းကြွထူး၏ (အာယုဝေမတ္တ)"

"မဖြူမသွယ်၊ မငယ်မကွ၊ မလျှမဆူ၊ ကိုယ်တော်မူလည်း၊ မတူကြွပြား၊ နိမ့်မြင့်ပြား၏ (ပမာဏဝေမတ္တ)"

"ထသွားစွန့်ခွာ၊ တောထွက်ခါ၌၊ ယာဉ်သာမြင်းဆင်၊ ရထားကျင်နှင့်၊ ထမ်းစင်သံလျှင်း၊ စံခြင်းအသီး၊ ယာဉ်ထူးစီး၏ (ယာနဝေမတ္တ)"

"သနစ်ဆန်းကြွယ်၊ လျှပ်စစ်နွယ်သို့၊ အံ့ဖွယ်ဖြိုးမောက်၊ မြေကပေါက်သား၊ အစောက်မိုးမျှော်၊ ပလ္လင်ကျော်လည်း၊ ရပ်တော်လျောက်ပတ်၊ ညီညွတ်စွာဘိ၊ နိမ့်မြင့်ရှိ၏ (ပလ္လင်ဝေမတ္တ)"

"ဗောဓိမည်ပင်၊ ပွင့်ကြောင်းထင်သား၊ သစ်ပင်များမင်း၊ ထူးသောခြင်းနှင့်၊ မယွင်းညီတုံ၊ ရှစ်ပါးစုံ၏ (ဗောဓိဝေမတ္တ)"

❀❀❀ ❀❀❀

# အခန်း (၄)

## ဂေါတမဘုရားလောင်း၏ဗျာဒိတ်တော်ခံဘဝများ

### ၁။ ဒီပင်္ကရာဘုရားရှင်ထံ ဗျာဒိတ်ခံရခြင်း

ဤကမ္ဘာမှ ပြန်ရေတွက်သည်ရှိသော် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်တွင် အမရဝတီနေပြည်တော်၌ သုမေဓါအမည်ရှိသော ပုဏ္ဏားသည် အမိဘက် အဖဘက်ပုဏ္ဏားမျိုးမှဆင်းသက်လာသော ဥစ္စာရွှေငွေတို့ပြင် ကုဋေ(၈၀) ကြွယ်ဝသည်။ ဗေဒင်ဆရာ၌လည်း တစ်ဘက်ကမ်းတတ်မြောက်ကျွမ်းကျင်လိမ္မာလေသည်။

သုမေဓာပညာရှိ ငယ်စဉ်ကပင် အမိအဘတို့သည်ကားကွယ်လွန်ကြသည်။ ထိုအခါ ဘဏ္ဍာစိုးကြီးက ပစ္စည်းစာရင်းကိုယူခဲ့ပြီးလျှင် ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲတို့ဖြင့် ပြည့်နေသော ရတနာတိုက်ခန်းကို ဖွင့်ပြ၍ -

"သတို့သားဤမျှလောက်သောပစ္စည်းကား သင်၏အမိဘက်မှဆင်းသက်လာသော ပစ္စည်းတည်း၊ ဤမျှလောက်သောပစ္စည်းကား သင်၏အဘိုးအဘေးတို့မှ ဆင်းသက်လာသော ပစ္စည်းတည်း၊ ဤမျှလောက်သော ပစ္စည်းကား သင်၏ အဘပစ္စည်းတည်း"

ဟုဆွေခုနှစ်ဆက် မျိုးခုနှစ်ဆက်တိုင်အောင် ဥစ္စာစုကိုပြောကြားသည်။

“ထိုဥစ္စာစုများကို သင်အလိုရှိတိုင်း ဖန်တီးစီမံပါလော့”
ဟုဘဏ္ဍာစိုးကြီးက အပ်နှင်းလေသည်။

သုမေဓါပညာရှိသည် “ကောင်းပြီ”ဟုလက်ခံကာ -

“ငါ၏အဘ၊ အဘိုး၊ ဆွေမျိုးခုနစ်ဆက်တို့သည် ဤမျှများပြားသော ဥစ္စာတို့ကို စုဆောင်းပြီးလျှင် ကွယ်လွန်ကြသောအခါ တစ်ကျပ်တစ်ပြားကိုမျှ မယူနိုင်ဘဲသွားကြကုန်၏ ငါသည်ကား ကွယ်လွန်သွားရာသို့ တစ်ကျပ်တစ်ပြားမျှ မကျန်ရအောင်ယူဆောင်နိုင်ခြင်း အကြောင်းကိုပြုလုပ်သင့်၏”
ဟုဆင်ခြင်စဉ်းစားပြီးလျှင် ကုသိုလ်ကောင်းမှုတို့ကို ပြုလျက်အိမ်ကိုအုပ်ချုပ်၍ နေလေသည်။

တစ်နေ့သောအချိန်တွင် သုမေဓါပညာရှိသည် ပြဿာဒ်အထက်ထပ်သို့ တက် ၍ ဆိတ်ငြိမ်ရာအရပ်၌ တင်ပလ္လင်ဖွဲ့ခွေနေထိုင်ပြီးလျှင် -

“ဘဝသစ်၌ဖြစ်ခြင်း (ပဋိသန္ဓေနေရခြင်း)သည် ဆင်းရဲလှ၏ခန္ဓာကိုယ်ပျက်စီးရခြင်းသည်လည်း ဆင်းရဲလှ၏၊ အိုခြင်းတရားသည်လွှမ်းမိုးနှိပ်စက်အပ်သည်ဖြစ်၍ တွေတွေဝေဝေသေရခြင်းသည်လည်း ဆင်းရဲလှ၏ ပဋိသန္ဓေနေရခြင်းသဘော၊ အိုရခြင်းသဘော၊ နာရခြင်းသဘောရှိသော ငါသည်မအိုရာ၊ မသေရာ၊ ဘေးကုန်ခမ်းရာ အေးငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားကိုရှာမှီးပေအံ့”

ကျင်ငယ်ကျင်ကြီး၊ ပြည်၊ သွေး၊ သည်းခြေ၊ သလိပ်၊ တံတွေး၊ ချွဲ၊ နှပ်အစရှိသော အထူးထူးသော အပုပ်မျိုးတို့ဖြင့် ပြည့်နေသော ဤကိုယ်ကောင်ပုပ်ကိုငါသည် မငဲ့မကွက် အလိုမရှိဘဲ စွန့်လွှတ်၍ သွားနိုင်ပါမူကောင်းလေစွ။

ထိုအေးငြိမ်းရာနိဗ္ဗာန်သို့သွားရောက်ကြောင်း၊ ခရီးကောင်းသည်ရှိသည်ဧကန် ဖြစ်ပေလိမ့်မည်၊ ထိုလမ်းသည်မရှိဘဲနေခြင်းငှာမတတ်စကောင်း ဘဝအနှောင်အဖွဲ့ မှလွတ်မြောက်ရန် ထိုနိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းကို ငါကား ရှာမှီးပေတော့အံ့၊

ဥပမာအားဖြင့် ဆင်းရဲခြင်းတရားထင်ရှားမှီးလတ်သော်ကိုယ်စိတ်ချမ်းသာခြင်းတရားသည် လောက၌ထင်ရှားရှိသကဲ့သို့ ဤအတူဝဋ်ဆင်းရဲ၏ဖြစ်ခြင်းဘဝတရားထင်ရှားရှိလတ်သော် ထိုဝဋ်ဆင်းရဲမဖြစ်ခြင်း နိဗ္ဗာန်တရားကိုလည်းရှိအပ်ရမည်သာဖြစ်သည်။

ဥပမာတစ်နည်းအားဖြင့် အပူရှိလျှင် ထိုအပူမှတစ်ပါးသောအအေးလည်းရှိရာကဲ့သို့ ဤအတူရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ ဤမီးသုံးပါးထင်ရှားရှိလျှင် ထိုမီးသုံးပါးကို ငြိမ်းစေတတ်သော နိဗ္ဗာန်တရားကိုလည်း ရှိအပ်ရမည်သာဖြစ် သည်။

ဥပမာတစ်နည်းအားဖြင့်မကောင်းမှုအကုသိုလ်တရားထင်ရှားရှိလျှင် ကောင်းမှုကုသိုလ်သည် ထင်ရှားရှိသကဲ့သို့ ဤအတူပင် ပဋိသန္ဓေနေရခြင်း၊ ဇာတိတရားထင်ရှားရှိလျှင် ထိုဇာတိကုန်စေတတ်သော ပဋိသန္ဓေနေခြင်းကင်းရာ နိဗ္ဗာန်တရားကိုလည်း ရှိအပ်ရာသည်သာ ဖြစ်ပေသည်”

ဟုအကြံတော်ဖြစ်လေသည်။

တစ်ဖန်လေးနက်သော အကြံဖြစ်လေသည်မှာ -

“ဥပမာ - မစင်တွင်းတွင်ကျ၍ မစင်လိမ်းကပ်နေသော ယောက်ျားသည် ကြာမျိုးငါးပါးတို့ဖြင့် တန်ဆာဆင်အပ်၍ ကြည်လင်သောရေရှိသည့် တစ်ဘက်ဆည်ကန်ကြီးကို မျက်ဝါးထင်ထင်အဝေးမှ မြင်နေရပါလျက် ထိုတစ်ဘက်ဆည်ကန်သို့သွားရန် လမ်းမှန်ကိုမရှာမှီးလျှင် ထိုသို့မရှာမှီးခြင်းသည် တစ်ဘက်ဆည်ကန်အပြစ်မဟုတ်၊ မစင်လိမ်းကျံသောယောက်ျား၏ အပြစ်ဖြစ်သကဲ့သို့ ဤအတူသာလျှင် ကိလေသာအညစ်အကြေးတို့ကို ဆေးလျှော်ရာအမြိုက်နိဗ္ဗာန်တည်းဟူသော တစ်ဘက်ဆည်ကန်ကြီး ကေနစင်စစ်ထင်ရှားရှိပါလျက် ထိုနိဗ္ဗာန်တည်းဟူသော တစ်ဘက်ဆည်ကန်ကိုမရှာမီးလျှင် မရှာမှီးသူ၏ အပြစ်သာဖြစ်သည်။

ဥပမာတစ်နည်းအားဖြင့် ရန်သူတို့ဝိုင်းဝန်းခြင်းကို ခံရသောသူသည် တိမ်းရှောင်ထွက်သွားဖို့ရန် လမ်းရှိပါလျက် ထွက်သွားခြင်းမပြုခဲ့ပါလျှင် လမ်းအပြစ် မဟုတ်၊ ယောက်ျားအပြစ်ဖြစ်သကဲ့သို့ ကိလေသာရန်သူတို့ဝိုင်းဝန်းခြင်းခံရသော သူသည် ထိုကိလေသာရန်သူတို့မှ လွတ်မြောက်ဘေးကင်းရာနိဗ္ဗာန်ရွှေမြို့သို့ သွားရာလမ်း

ကြောင်းမဂ္ဂင်ရှစ်ပါးလမ်းကြောင်းကြီးရှိပါလျက် ထိုလမ်းကြောင်း ကိုမသွားလျှင် မသွားသူ၏အပြစ်သာဖြစ်ပါသည်။

ဥပမာတစ်နည်းအားဖြင့် အနာရောဂါရှိသော ယောက်ျားသည် ကုစားနိုင် သော ဆေးဆရာကောင်းရှိပါလျက် ထိုအနာရောဂါကိုမကုသလျှင် မကုသသူ၏ အပြစ်ဖြစ်သကဲ့သို့ ကိလေသာတည်းဟူသော အနာတို့ဖြင့်ဆင်းရဲစွာနှိပ်စက်ခံ နေရသောသူသည် ထိုကိလေသာတို့မှ ငြိမ်းရာငြိမ်းကြောင်း မဂ္ဂင်လမ်းကြောင်း၌ လိမ္မာသူဟု ထင်ရှားရှိသော ဆရာကိုမရှာမှီးလျှင် မရှာသူ၏အပြစ်သာဖြစ်ပါသည်။

ဤသို့အကြံများလေးနက်စွာဖြစ်ပြီး နောက်တစ်ဆင့်တက်၍ ဤခန္ဓာကိုယ် စွန့်ပစ်ရန်အကြံတော်ဖြစ်သည်မှာ -

"လှပချင်သော ယောက်ျားတစ်ယောက်သည် လည်ပင်း၌ဆွဲအပ်သော အ ကောင်ပုပ်ကိုစက်ဆုပ်ပြီးလျှင် ဖြေချွတ်၍အလိုရှိတိုင်း ကိုယ်စိုးတရချမ်းသာစွာ သွားသကဲ့သို့ ဤအတူငါသည်လည်း အထူးထူးသော ပိုးမျိုးအပုပ်မျိုးတို့စုဝေး ရာ ဤအကောင်ပုပ်ကြီးကို စွန့်ပစ်၍မငဲ့ကွက်အလိုမရှိဘဲ နိဗ္ဗာန်ဟူသောမြို့ကြီး သို့ချမ်းသာစွာ ပေးအံ့၊

ဥပမာ တစ်နည်းအားဖြင့် ကျင်ကြီးစွန့်ရာအရပ်၌ ယောက်ျားမိန်းမတို့သည် ကျင်ကြီးကိုစွန့်ကြပြီးလျှင် ပြန်စောင်းမျှမကြည့်လိုကြတော့ဘဲ စွန့်ဖဲ၍သွားကြ သကဲ့သို့ ငါသည်လည်း အထူးထူးသောပိုးမျိုးအပုပ်မျိုးတို့ဖြင့် ပြည့်နေသော ဤကိုယ်ကောင်ကို ကျင်ကြီးစွန့်ပြီးသူ အိမ်သာကိုစွန့်သကဲ့သို့စွန့်၍ နိဗ္ဗာန်ပြည် သို့ အရောက်သွားပေအံ့၊

ဥပမာတစ်နည်းအားဖြင့် အိုမင်းဆွေးမြေ့ပျက်စီးနေ၍ ရေတသွင်သွင်ယိုစီး ဝင်နေသောလှေကို လှေရှင်တို့သည် မငဲ့မကွက် အလိုမရှိစွန့်လွှတ်၍သွားသကဲ့ သို့ ငါသည်လည်းဒွါရ (၉)ပေါက်မှ အမြဲတစေမစင်ကြယ်သော အရာတို့တထွေ ထွေ ယိုထွက်နေသော ဤကိုယ်ကောင်ကို လှေအိုကိုလှေရှင်စွန့်သကဲ့သို့ စွန့်၍ နိဗ္ဗာန်ပြည်သို့ သွားအံ့၊

ဥပမာတစ်နည်းအားဖြင့် ဘဏ္ဍာပစ္စည်းကို ယူဆောင်၍ခိုးသူတို့နှင့်အတူ တကွလမ်းသွားမိသော ယောကျ်ားသည် ဘဏ္ဍာကိုလုယက်ဖျက်ဆီးမည့်ဘေးကို မြင်၍ခိုးသူတို့ကို စွန့်ကာဘေးလွတ်ရာသို့သွားသကဲ့သို့ ဤအတူပင်ဤခန္ဓာကိုယ်သည် ခိုးသူကြီးနှင့်တူလှပေသည်။

(မသင့်တင့်သော စဉ်းစားစိတ်ဝင်ရောက်လာ၍ လောဘ၊ ဒေါသတို့မြှောက်ပေးသောအခါ ဤခန္ဓာကိုယ်ကြီးကပင် သူ့အသက်သတ်ခြင်းဟူသော ခိုးသူကြီး သူ့ဥစ္စာခိုးခြင်းဟူသော ခိုးသူကြီး စသည်ဖြင့်အလုံးစုံသော ကုသိုလ်ဥစ္စာရတနာ တို့ကို လုယက်တိုက်ခိုက်ဖျက်ဆီးတတ်သောကြောင့် ဤခန္ဓာကိုယ်ကြီးသည် ခိုးသူကြီးနှင့်တူလှသည်ဟု ဆိုပါသည်။)

ငါသည်လည်း ကုသိုလ်ဥစ္စာရတနာတို့ကို လုယက်ဖျက်ဆီးအံ့သော အရေးကို တွေးတိုင်း ကြောက်လှသောကြောင့် ခိုးသူကြီးနှင့် တူသော ဤခန္ဓာကိုယ်ကို စွန့်လွှတ်၍ ကိုယ်၏ချမ်းသာရေးကေန်ပေးနိုင်သော နိဗ္ဗာန်လမ်းကြောင်းကို ရှာမှီးရန်သွားပေအံ့”

သုမေဓါပညာရှိသည် ဤသို့လျှင် ဥပမာအမျိုးမျိုးတို့ဖြင့် လေးနက်စွာစဉ်းစားပြီးတောထွက်ရန်ကြံစည်စိတ်ကူးမိလေသည်။

“ဤမျှများလှစွာသော ဥစ္စာနှစ်တို့ကို စုဆောင်းကြပြီးလျှင်ငါ၏အဘ၊ အဘိုး၊ ခုနစ်ဆယ်သော ဆွေမျိုးတို့သည် တမလွန်လောကသို့သွားကြသောအခါ တစ်ပြားတစ်ချပ်မျှ ယူဆောင်၍မသွားကြနိုင်ကြကုန်၊ ငါသည်ကား ဤဥစ္စာများကို နိဗ္ဗာန်သို့ယူဆောင်၍သွားနိုင်ကြောင်း နည်းကောင်းတစ်ခုပြုသင့်လှသည်”

ဟုတစ်ဖန်အကြံတော်ဖြစ်ပြီးလျှင် ဘုရင်မင်းမြတ်ထံသို့သွားရောက်ခစား၍ -

“အရှင်မင်းကြီး ကျွန်ုပ်သည်ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ စသည်တို့နှိပ်စက်ပုံကို ဆင်ခြင်ဉာဏ်ထဲစိတ်စွဲကြောက်ရွံ့လှပါသဖြင့် အိမ်ရာတည်ထောင်လူဘောင်မှထွက်ခွာ၍ရဟန်းပြုပါတော့အံ့၊ ကျွန်ုပ်မှာ ကုဋေပေါင်းများစွာဥစ္စာစုရှိပါသည်။ ထိုဥစ္စာတို့ကို အရှင်မင်းကြီး သိမ်းပိုက်ပါလော”

ဟုမင်းကြီးကိုလျှောက်ထားအပ်နှံလေသည်။

"သင်၏ဥစ္စာကို ငါအလိုမရှိ သင်သာလျှင် အလိုရှိတိုင်းပြုလုပ်ပါတော့"

"ကောင်းပါပြီ . . . အရှင်မင်းကြီး"

ထို့နောက် သုမေဓါပညာရှိသည် အမရဝတီနေပြည်တော်တစ်ခွင်လုံး၌ -

"ပစ္စည်းဥစ္စာအလိုရှိသော သူများလာရောက်ယူငင်ကြပါလော့"

ဟုအလှူစည်ကြီး ရိုက်ခတ်တီးကြေငြာကာ အယုတ်၊ အလတ်၊ အမြတ်မရွေး အလှူကြီးပေးလှူတော်မူလေသည်။

အလှူကြီးပေးလှူပြီးနောက် သုမေဓါပညာရှိသည် ရသေ့ပြုလုပ်ရန်ဟိမဝန္တာသို့ ရှေးရှုထွက်ခဲ့လေသည်။

အလောင်းတော်သုမေဓါတောထွက်မည်ကိုသိသော သိကြားမင်းသည် ဝိသကြုံနတ်သားကိုခေါ်၍ ကျောင်းသခ်မ်းကို ဖန်ဆင်းပြုလုပ်စေသည်။

ဝိသကြုံနတ်သားသည် သိကြားမင်း၏စကားကိုဝန်ခံ၍ ဟိမဝန္တာ၌ နှလုံးမွေ့လျော်ဘွယ်ရာကောင်းသော ကျောင်းသခ်မ်၌နေ၍ တရားအားထုတ်ရာ ခုနှစ်ရက်အတွင်းမှာပင် အဘိညာဉ်ငါးပါးအားအစွမ်းကို ရရှိတော်မူလေသည်။

ထိုအချိန်ဝယ် လောကဌ်လူတို့၏သက်တမ်း(၂၀၀၀၀)၌ ဒီပင်္ကရာဘုရားသည် လောက၌ပွင့်တော်မူလေသည်။

အလောင်းတော်သုမေဓါရှင်ရသေ့သည် လောက၌ဘုရားပွင့်သည်ကို မသိနိုင်ဘဲ ဈာန်သမာပါတ်ချမ်းသာဖြင့် သာမွေ့လျော်ပျော်စံနေစဉ် ဒီပင်္ကရာဘုရားရှင်သည် ရဟန္တာမထေရ်ပေါင်း လေးသိန်းခြံရံလျက်အစဉ်သဖြင့် ဒေသစာရီကြွချီတော်မူရာ ရမ္မာဝတီပြည်သို့ရောက်၍ သုဒဿနကျောင်း၌ သီတင်းသုံးနေတော်မူလေသည်။

ရမ္မဝတီပြည်သူပြည်သားတို့သည် ဘုရားရှင်သီတင်းသုံးရာကျောင်းသို့ သွား ကြ၍ ပန်းဆီမီးထောပတ်တို့ကို လှူဒါန်းကြသည်၊ တရားနာကြသည်။ ထို့ နောက် နေ့ဆွမ်းကိုဖိတ်ကြားပြီး ကျောင်းမှပြန်လာခဲ့ကြသည်။

နောက်တစ်နေ့နံနက်တွင် ကြီးစွာသောအလှူကြီးကို စီရင်ပြီးလျှင် မဏ္ဍာပ် ကန့်လန့်များစီမံခြင်း၊ ဘုရားရှင်ကြွလာမည့်လမ်းခရီးကို ပြင်ဆင်ခြင်းစသည်တို့ကို စုပေါင်းဆောင်ရွက်လုပ်ကိုင်နေကြသည်။

ထိုအချိန်တွင် သုမေဓါရှင်ရသေ့သည် ကောင်းကင်ခရီးဖြင့်ကြွလာစဉ် ရမ္မ ဝတီမြို့ပေါ်သို့ ရောက်လာသည်။ အောက်တွင်ရမ္မဝတီမြို့သူမြို့သားတို့ စုစုရုံး ရုံး ပျော်ပျော်ရွှင်ရွှင်နှင့် လမ်းများပြုပြင်နေသည်ကို တွေ့မြင်ရသဖြင့် ကောင်းကင် မှသက်ဆင်းကာ လမ်းပြင်ရသည့်အကြောင်းအချင်းအရာကိုမေးလေသည်။

ရမ္မဝတီမြို့သူမြို့သားတို့ကလည်း ဒီပင်္ကရာဘုရားပွင့်တော်မူကြောင်းနှင့် ဘုရားရှင်ကြွလာမည့်လမ်းခရီးကို ပြင်ဆင်နေကြောင်း လျှောက်ထားပြောပြကြ သည်။

ဘုရားဟူသော အသံကိုကြားလိုက်ရသော အလောင်းတော်သုမေဓါသည် နှစ်သက်ခြင်း ပီတိအဟုန်ဖြစ်ပြီးလျှင် နှုတ်မှလည်းဘုရားဘုရားဟု ရွတ်ဆိုမြည် တမ်းမိလေသည်။

သုမေဓာရသေ့သည် ထိုနေရာ၌ပင်ရပ်လျက် -

"ငါသည် ကောင်းမှုမျိုးစိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ် သော ဤဒီပင်္ကရာဘုရားရှင်ထံ၌မြတ်သော ကောင်းမှုမျိုးကိုစိုက်ပျိုးပေအံ့၊ ရပ်ပြစ် ရှစ်ပါးမှ လွတ်ကင်းသောဘုရားပွင့်တော်မူရာအခါကောင်းသည် အခွင့်ကောင်း ကားရခဲဘိလှသည်၊ ယခုငါသည် ဘုရားပွင့်ရာအခါကောင်းအခွင့်ကောင်းကြီးကို ရခဲ့လေပြီ၊ ဤအခါကောင်းအခွင့်ကောင်းကြီးကို ငါသည်ကျော်လွန်၍မသွား သင့်" ဟု လေးလေးနက်နက်စဉ်းစားကြံစည်မိလေသည်။

"အို-လူအပေါင်းတို့ သင်တို့သည် အကယ်၍ဒီပင်္ကရာဘုရားရှင်ကြွတော် မူရန်အတွက် လမ်းခရီးကို သုတ်သင်ရှင်းလင်းကြသည်ဖြစ်အံ့၊ ငါ့အားလည်း သုတ်သင်ရှင်းလင်းရန်တစ်နေရာကို ပေးကြပါ၊ ငါသည်လည်း ဘုရားရှင်ကြွ ရာလမ်းခရီးကို သုတ်သင်ပေးပါအံ့"

ဟုပြောဆိုကာနေရာတောင်းတော်မူလေသည်။

ရမ္မဝတီမြို့သူမြို့သားတို့က ဤရသေ့သည် ဘုန်းတန်ခိုးအာနုဘောကြီးသော သူဖြစ်သည်၊ သူ၏တန်ခိုးတော်ဖြင့် ပြုပြင်နိုင်သည်ဟုယုံကြည်အားကိုးမှုပြုကြပြီး ပြုပြင်ရန်ခက်ခဲသော ရွှံ့ဗွက်ကြီးဖြစ်နေသောနေရာကိုပေးကြလေသည်။

သုမေဓါရသေ့သည် ဘုရားဂုဏ်လျှင်အာရုံရှိသော ပီတိတရားကိုဖြစ်ပွားစေ၍

"ငါသည်ဤနေရာအရပ်ကို အကောင်းဆုံးအမြတ်ဆုံးဖြစ်သွားအောင်တန်ခိုးအစွမ်းဖြင့် ပြင်ဆင်သုတ်သင်ရန်စွမ်းနိုင်ပါ၏၊ ထိုသို့တန်ခိုးဖြင့်ပြင်လိုက်ပါက တစ်ခဏချင်းပြီးစီးသွား၍ ထက်ဝန်းကျင်က ငါ့ကိုနှစ်သက်နိုင်ကြမည်မဟုတ်၊ ယနေ့ငါသည် ကိုယ့်လုပ်အားဖြင့်သာ ဤဝေယျာဝစ္စကုသိုလ်အမှုကို ပြုပေအံ့" ဟုဆုံးဖြတ်တော်မူပြီးလျှင် အဝေးမှမြေမှုန့်တို့ကို သယ်ယူ၍ လမ်းကိုဖို့လေသည်။

အလောင်းတော်သုမေဓါလမ်းဖို့၍ မပြီးသေးခင်ပင် ဘုရားရှင်သည် ကြွတော်မူလေသည်။

ဘုရားရှင်သည် ရဟန္တာလေးသိန်းတို့နှင့် အတူကြွလာတော်မူသောအခါ နတ်လူအပေါင်းတို့က များစွားသောစည်တို့ကို တီးခတ်ကုန်၍ ခရီးဦးကြိုဆိုကြသည်။

သုမေဓါရှင်ရသေ့သည် ဘုရားရှင်၏သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာ၊ ရှစ်ဆယ်သောလက္ခဏာငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ဘုရားရှင်နှင့် ဘုရားရှင်၏ရောင်ခြည်တော်ခြောက်သွယ်တို့ကို မမှိတ်မသုန်ကြည့်ရှုပူဇော်တော်မူလျက် -

"ယနေ့ငါသည် ဘုရားရှင်ထံတော်၌ အသက်ကိုစွန့်မှုပြုလုပ်ရန်သင့်၏၊ ဘုရားရှင်သည် ညွှတ်ပျောင်း၌ဆင်းရဲစွာ နင်းကြွတော်မမူပါစေလင့် ပတ္တမြားပျဉ်တံတားကို နင်းကြွသွားတော်မူသကဲ့သို့ ရဟန္တာလေးသိန်းတို့နှင့်တကွ ငါ၏ကျောပြင်ကိုနင်း၍ကြွတော်မူပါစေသတည်း၊ ထိုသို့နင်းကြွတော်မူခြင်းသည် ငါ့အတွက်တာရှည်စွာ ကာလပတ်လုံးအစီးအပွားချမ်းသာတရားတို့ကို ရဖို့ရန်ကေန် ဖြစ်လိမ့်မည်"

ဟုကြံစည်ဆုံးဖြတ်တော်မူပြီးလျှင် ဆံစည်းဆံထုံးကိုဖြေ၊ သစ်နက်ရေညှိမည်းသော အဆင်းရှိသော ညွန်ပျောင်း၌ဖြန့်ခင်း၍ ထိုညွန်ပျောင်းထက်၌ အလျားမှောက်ခံဝပ်ဆင်း၍နေတော်မူလေသည်။

သုမေဓါသည် ဤသို့တံတားခင်းအလျားမှောက်နေရင်းဘုရားဖြစ်ရန် စိတ်ရည်သန်ဖြစ်တော်မူသည်မှာ -

"ငါသည် အလိုရှိပါမူ ယနေ့ပင်ကိလေသာတို့ကို လောင်မြိုက်ပယ်ရှား အာသဝေါဘုရားလေးပါးကုန်ခမ်းသော ရဟန္တာစင်စစ်ဧကန်ဖြစ်နိုင်ပါ၏။ ဒီပင်္ကရာဘုရားရှင်၏ သာသနာတော်၌ မထင်မရှားသာဝကရဟန်းတစ်ပါးအသွင်ဖြင့် အရဟတ္တဖိုလ်၌ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းဖြင့် ငါကဲ့သို့ဥက္ကဋ္ဌပုဂ္ဂိုလ်အား အဘယ်အကျိုးရှိပါအံ့နည်း၊ သဗ္ဗညုတဉာဏ်ရသော ဘုရားဖြစ်အောင်ကြိုးစားအားထုတ်ပေအံ့"

"ပညာအစွမ်း၊ သဒ္ဓါအစွမ်း၊ ဝီရိယအစွမ်းရှိသည်ကို သိမြင်သောယောက်ျားကောင်းတစ်ယောက်ဖြစ်ပါလျက် သံသရာဝဋ်အတွင်းမှ တစ်ကိုယ်ကောင်းကြံကာ တစ်ယောက်တည်းကူးမြောက်သဖြင့် ငါ့အားအဘယ်အကျိုးရှိပါအံ့နည်း၊ သဗ္ဗညုတဉာဏ်ကိုရအောင် အားထုတ်ပြီးလျှင် နတ်နှင့်တကွသော သတ္တဝါအပေါင်းတို့ကို သံသရာဝဋ်ဆင်းရဲမှ ငါကားဆယ်တင်ပေအံ့"

"သံသရာတည်းဟူသော ရေအယဉ်ကိုဖြတ်၍ ဘဝသုံးပါးတို့ကို ဖျက်ဆီးပြီးလျှင် မဂ္ဂင်ရှစ်ပါးတရားဖောင်သို့ ကိုယ်တိုင်လက်ဦးတက်စီးပြီးလျှင် နတ်နှင့်တကွသောသတ္တဝါအပေါင်းတို့ကို ငါကားထုတ်ဆယ်ပေအံ့"

ဟူ၍ဘုရားဖြစ်ရန် စိတ်အကြံဖြစ်တော်မူလေသည်။

ထိုအချိန်ဝယ် သုမိတ္တာအမည်ရှိသော ပုဏ္ဏားပျိုမကလေးသည် ဘုရားပူဇော်ရန် ကြာ(၈)စည်းကိုကိုင်လျက် ဘုရားရှင်ထံမှာစည်းဝေးရောက်လာသော လူထုကြားသို့ ရောက်လာသည်။

ပရိတ်သတ်အလယ်တွင် သုမေဓါရှင်ရသေ့ကိုမြင်လျှင်မြင်ခြင်းပင် ရသေ့အပေါ်၌ မေတ္တာပေမဓါတ်သက်ဝင်လာပြီးလျှင် ရသေ့အနီးသို့ချဉ်းကပ်ကာ -

"အရှင်ရသေ့မြတ်စွာဘုရားအား အလိုရှိသလို လှူဒါန်းရန်ကြာငါးခိုင်ကို အရှင့်အားပေးအပ်ပါ၏၊ ကျန်သောကြာသုံးခိုင်ကိုမူကား ကျွန်ုပ်လှူဒါန်းရန်ဖြစ်ပါသည်"

ဟုပြောဆိုပေးအပ်ပါသည်။

"အရှင်ရသေ့. . . အရှင်သည် ဘုရားဖြစ်ဖို့ရန် ပါရမီတို့ကို ဖြည့်ကျင့်နေသမျှ ကာလအတောအတွင်း ကျွန်ုပ်သည် အရှင်နှင့်တကွညီမျှသောသူတို့ဖြစ်ကြရပါစေကုန်သတည်း"

ဟုဆက်လက်ဆုပန်ခဲ့လေသည်။

အလောင်းတော်သုမေဓါသည် သုမိတ္တာပုဏ္ဏေးပျိုမ လှူသောကြာငါးလက်ကို ယူကာ ဘုရားရှင်အား ပူဇော်ပြီးလျှင် သမ္မာသမ္ဗောဓိဉာဏ်ကို ဆုပန်လေသည်။

ထိုအခြင်းအရာကို မြင်တော်မူသော ဒီပင်္ကရာဘုရားရှင်သည် ပရိတ်သတ်အလယ်၌ပင် -

"သုမေဓါခေါ်မှတ် ရသေ့မြတ်- ဤသုမိတ္တာအမျိုးသမီးသည် သင်၏ ဘုရားဖြစ်ရန်အကျိုးငှာ စိတ်တူကိုယ်တူအညီအမျှပြုလုပ်သူ၊ ကိုယ်နှုတ်နှလုံး သုံးပါးသောအမှုဖြင့် သင်ချစ်ခင်နှစ်သက်အပ်သူဖြစ်ပေလိမ့်မည်၊ အလွန်ရှုချင်စဖွယ် တင့်တယ်လှပသော သူ၊ ချစ်နှစ်လိုဖွယ်ရှိသောသူ၊ စိတ်နှလုံးကိုပွားစေတတ်သူ၊ ချစ်ခင်ဖွယ်စကားပြောကြားတတ်သူ ဖြစ်ပေလိမ့်မည်၊ နောက်ဆုံးဘဝ၌အသင်၏ နိယျာနိက သာသနာဝယ် လောကုတ္တရာတရားအမွေအရပာတ္တဖိုလ်တိုင်အောင် ခံယူရရှိ၍ တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသော သာဝိကာမဖြစ်ပေလိမ့်မည်" အစရှိသဖြင့် ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့သည်။

(ထေရီအပဒါန်ပါဠိတော်)

ထို့နောက်ဘုရားသည် သုမေဓါရှင်ရသေ့တံတားခင်းရာရှေ့အရပ်၌ ရပ်တော်မူလျက်-

"ဤသုမေဓါရှင်ရသေ့သည် ဘုရားဖြစ်ရန် စိတ်ရည်သန်၍ ရွှံ့ညွန်ပျောင်း၍ တံတားခင်းကာလဲလျောင်းနေလေပြီ။ ဤရှင်ရသေ့၏ တောင့်တချက်ကား

ပြည့်စုံပါမည်လော၊ မပြည့်စုံပါမည်လော”

ဟုအနာဂတံသဉာဏ်တော်ဖြင့် စူးစမ်းဆင်ခြင်တော်မူသည်။

“ဤကမ္ဘာမှ နောက်လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းလွန်မြောက်သောအခါ ဂေါတမအမည်ရှိသော ဘုရားဖြစ်ပေလိမ့်မည်”

ဟုပိုင်းခြားကုန်စင်သိမြင်တော်မူ၍ ရပ်လျက်ပင်ပရိသတ်အလယ်၌ -

“ရဟန်းတို့ ဆံကျစ်ကိုထုံးထားသည်ဖြစ်၍ ထက်မြက်သောအကျင့်နှင့် ပြည့်စုံသော ဤရသေ့ကိုရှုကြည့်ကြကုန်လော၊ ဤသုမေဓါရှင်ရသေ့သည် ဤကမ္ဘာမှ နောက်မရမတွက်နိုင်လောင်အောင် များပြားလှသော လေးသင်္ချေ နှင့် ကမ္ဘာတစ်သိန်းထက်၌ လူသုံးပါးဝယ် ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်”

ဟု(၉)ဂါထာဖြင့် ဂေါတမဘုရားဖြစ်မည့် ဖြစ်စဉ်သမိုင်းဗျာဒိတ်ကိုမိန့်ကြားတော်မူလေသည်။

ဘုရားရှင်၏ ဗျာဒိတ်စကားကို ကြားရသောသုမေဓါရှင်ရသေ့သည် အလွန်ဝမ်းမြောက်ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍ -

“ငါသည်ဧကန်တရား၌ အစိုးတရလေ့လာနိုင်သူအဖြစ်သို့ ရောက်ပေ၏။ အဘိဉာဏ်ငါးပါးတို့၌လည်း အထွတ်အထိပ်သို့ရောက်သူဖြစ်၏ စကြာဝဠာတိုက်တစ်သောင်းအတွင်း၌ငါနှင့် တူသောရသေ့များမရှိကြတန်ဆိုးအာနုဘော်တရားတို့၌ ငါသည်မည်သူနှင့်မျှ မတူချေတကား” ဟုစဉ်းစားဆင်ခြင်တော်မူပြီးလျှင် အလွန်စိတ်ချမ်းသာမှုကို ရရှိခံစားရသည်။

ထို့နောက် ပါရမီဆယ်ပါးတို့ကို တိုး၍ကျင့်ကြံပွားများရန်မြဲမြံစွာ ကတိဝတ်ဆောက်တည်လေသည်။

## ၂။ ကောဏ္ဍညဘုရားထံ ဗျာဒိတ်ခံရခြင်း ဝိဇိတာဝီစကြာမင်း

ဒီပင်္ကရာမြတ်စွာဘုရားပွင့်တော်မူသော ကပ်ကမ္ဘာကုန်ဆုံးပြီးနောက် မရေမတွက်နိုင်သော ကမ္ဘာအသင်္ချေလွန်မြောက်ပြီးသော် ကမ္ဘာတစ်ခုတွင် ကောဏ္ဍည ဘုရားပွင့်တော်မူသည်။

(ဤအသင်္ချေမျိုးကို မည်ရွေ့မည်မျှဟု ဂဏန်းချ၍မရေမတွက်နိုင်အောင် များပြားလှသော်လည်း ဒီပင်္ကရာဘုရားနှင့် ကောဏ္ဍညဘုရားနှစ်ဆူတို့၏ အကြားကိုတစ်ခုသောအကြား ဗုဒ္ဓန္တရအသင်္ချေဟုခေါ်ပါသည်။)

ထိုကောဏ္ဍညဘုရားပွင့်တော်မူသောအချိန်ဝယ် ဂေါတမဘုရားလောင်းသည် စန္ဒာဝတီပြည်၌ ဝိဇိတာဝီအမည်ရှိသော စကြာဝတေးမင်းဖြစ်၍ မင်းပြုနေသည်။

ထိုမင်းသည် များမြတ်သောပရိတ်သတ်အခြံအရံရှိသည့် မြေပြင်အားလုံးနှင့် သမုဒ္ဒရာလေးစင်းအဆုံးရှိ နယ်မြေအားလုံးကို အပြစ်ဒဏ်ပေးခြင်းလက်နက်ဖြင့် ဖိနှိပ်ခြင်းအလျဉ်းမရှိဘဲ တရားနှင့်ညီစွာစောင့်ရှောက်အုပ်စိုးတော်မူသည်။

တစ်နေ့သောအချိန်တွင် ကောဏ္ဍညဘုရားရှင်သည် ရဟန္တာပေါင်းကုဋေ တစ်သန်းခြံရံလျက် ရမ္မဝတီနေပြည်တော်မှ နေ၍ဇနပုဒ်များသို့ ဒေသစာရီကြွ ချီတော်မူခဲ့ရာ အစဉ်သဖြင့် စန္ဒာဝတီပြည်သို့ရောက်တော်မူလာသည်။

အလောင်းတော်ဝိဇိတာဝီစကြာမင်းသည် ဘုရားရှင်ကိုကောင်းစွာကြိုဆို၍ နေရာထိုင်ခင်းစီစဉ်ပေးသည်။ နောက်နေ့နံနက်အတွက် ဆွမ်းကိုဖိတ်ကြားလျှောက် ထားခဲ့သည်။

အလောင်းတော်မင်းသည် ဘုရားရှင်ဆွမ်းကိစ္စနှင့် ဆွမ်းသာနုမောဒနာတရား နာကြားပြီးသောအခါ -

အရှင်ဘုရားတို့သည် လူအပေါင်းတို့အား ချီးမြှောက်သောအားဖြင့် ဤစန္ဒာ ဝတီပြည်၌ ဝါတွင်းသုံးလပတ်လုံးသီတင်းသုံးတော်မူပါဘုရား"

ဟုတောင်းပန်လျှောက်ထားသည်။

ဘုရားရှင်က ခွင့်ပြုသဖြင့် ဝိဇိတာဝီစကြာမင်းသည် ဘုရားရှင်အမှူးပြုသော သံဃာတော်များကို ဝါတွင်းသုံးလပတ်လုံးအတုမရှိသောအလှူကြီးကိုပေးလှူတော်မူလေသည်။

ထိုအခါကောဏ္ဍညဘုရားရှင်သည် ဝိဇိတာဝီစကြာမင်းကို -

“သင်သည် ဤကမ္ဘာမှ နောက်မရေမတွက်နိုင်အောင်ကွာဝေးသောသုံးသင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်၌ ဘုရားစင်စစ်ဖြစ်ရလတ္တံ့.”

ဟုဗျာဒိတ်စကားဖြင့် မိန့်ကြားပေးတော်မူလေသည်။

ဘုရားရှင်သည် ဗျာဒိတ်စကားကို မိန့်ကြားပြီးနောက်တရားတော်ကို ဆက်လက်ဟောတော်မူရာ အလောင်းတော်ဝိဇိတာဝီစကြာမင်းသည် တရားတော်ကို ထပ်မံကြားနာရသဖြင့် သဒ္ဓါတရားတိုးတက်သည်ဖြစ်၍ ဘုရားဖြစ်မှု အကျိုးကြီးပြီးစီးပြည့်စုံစေတော်မူလိုသည့်အတွက် ကြီးစွာသောထီးနန်းစည်းစိမ်ကို ကောဏ္ဍညဘုရားအား လှူဒါန်း၍ ဘုရားရှင်ထံ၌ ရဟန်းပြုတော်မူသည်။

ထို့နောက်ပိဋကတ်သုံးပုံကို သင်ယူတော်မူပြီးလျှင် တရားကိုကြိုးစားအားထုတ်ကာသမာပါတ်ရှစ်ပါး၊ အဘိဉာဉ်ငါးပါးတို့ကို ရတော်မူသည်။ အသက်ထက်ဆုံးနေတော်မူပြီးလျှင် အသက်အဆုံး၌ ဗြဟ္မာပြည်သို့ ရောက်တော်မူလေသည်။

## ၃။ မင်္ဂလာဘုရား၌ဗျာဒိတ်ခံရခြင်း

ကောဏ္ဍညဘုရားပွင့်တော်မူပြီးနောက် မရေမတွက်နိုင်သော ကမ္ဘာအသင်္ချေကြာပြီးသော် ကမ္ဘာတစ်ခု၌ဥက္ကရနေပြည်တော်၌ မင်္ဂလာဘုရားပွင့်တော်မူသည်။

ထိုဘုရားရှင်လက်ထက်တော်၌ ဂေါတမဘုရားအလောင်းသည် သုရုစိပုဏ္ဏားရွာ၌ သုရုစိအမည်ရှိ ပုဏ္ဏားပညာရှိဖြစ်လေသည်။

သုရုစိပုဏ္ဏားပညာရှိသည် -

- ဝေဒဆိုသော ဗေဒင်ကျမ်း
- နိဃဏ္ဍုဆိုသော အဘိဓါန်ကျမ်း

- အက္ခရာပဘေဒဆိုသော သဒ္ဒါကျမ်း
- ကေတိဟာသဆိုသော ရှေးဟောင်းရာဇဝင်ကျမ်း

တို့ကို တစ်ဘက်ကမ်းမြောက်တတ်မြောက်သည်။

ထို့ပြင်ပဒကခေါ် ဂါထာတို့ကို ရေးသားရွတ်ဖတ်မှု၌ ကောင်းစွာတတ်ကျွမ်းလိမ္မာသည်။

ဝေယျာကရဏခေါ် စုဏ္ဏိယစကားပြေကိုလည်း ရေးသားရွတ်ဖတ်ကောင်းစွာတတ်ကျွမ်းလိမ္မာသည်။

ကုသိုလ်မပွားလောကကြီးကိုသာရှည်လျားစေသော လောကယတကျမ်းယောက်ျားမြတ်တို့လက္ခဏာမှစ၍ လက္ခဏာအမျိုးမျိုးတို့ဖော်ပြရာ မဟာပုရိသကျမ်းတို့ကို တတ်မြောက်ကျွမ်းကျင်တော်မူသည်။ တစ်နေ့သောအချိန်တွင် သုရုစိပုဏ္ဏားသည် ဘုရားရှင်ထံသို့ ရောက်သွားပြီးတရားနာမိသည်။

ဘုရားရှင်၏ တရားကိုကြားနာရသောအခါ အလွန်ကြည်ညိုမြတ်နိုးလှသည်ဖြစ်၍ ဘုရားရှင်ထံ၌ သရဏဂုံဆောက်တည်လေသည်။

ထို့နောက်ဘုရားရှင်ကို -

"နက်ဖြန် တပည့်တော်၏ဆွမ်းကို အလှူခံတော်မူပါဘုရား"

ဟုလျှောက်ထားလေသသည်။

"ပုဏ္ဏားအဘယ်မျှလောက်သော ရဟန်းတို့ကို အလိုရှိပါသနည်း"

"မြတ်စွာဘုရားအရှင်ဘုရား၏ အခြံအရံရဟန်းမည်မျှရှိပါသလဲ ဘုရား"

ထိုအချိန်သည်ကား သာဝကများပထမအကြိမ်အစည်းအဝေးချိန်ဖြစ်သဖြင့်

"သာဝကပေါင်း ကုဋေတစ်သိန်းရှိသည်"

ဟုဘုရားရှင်ကအဖြေပေးလေသည်။

"မြတ်စွာဘုရား ထိုသို့ဆိုပါကရဟန်းသံဃာအားလုံးကိုပင် ပင့်ဖိတ်ကြားပါသည်ဘုရား"

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေ၍ သည်းခံတော်မူသည် သုရုစိသည် ဆွမ်းပင့်ဖိတ်လာပြီး အိမ်ပြန်ရောက်သောအခါ

"ငါသည် ဤမျှလောက်သောရဟန်းတို့အား ယာဂုဆွမ်၊ သင်္ကန်းအဝတ်အထည်တို့ကို လှူနိုင်စွမ်းရှိပါသည်။ နေရာထိုင်ခင်းကို အဘယ်သို့ပြုလုပ်ရပါမည်နည်း"

ဟုစဉ်းစားဆင်ခြင်မိလေသည်။

ထိုဆင်ခြင်သော ခဏဝယ် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖြာသည် ပူနွေးသည်ကိုပြလေသည်။

"ငါ့ကိုဤနေရာမှ အဘယ်သူသည် ရွေ့လျောစေလိုသနည်း"

သိကြားမင်းသည် အကြံဖြစ်ပြီး နတ်မျက်စိဖြင့်လောကကိုကြည့်သည်ရှိသော် အလောင်းတော်သုရုစိပုဏ္ဏားကိုမြင်လေသည်။

"ဤဘုရားလောင်းသည် ဘုရားအမှူးရှိသော သံဃာတော်များကိုပင့်ဖိတ်ထားပြီးနေရာအတွက် စဉ်းစားဆင်ခြင်နေခြင်းဖြစ်သည်။ ငါသည်လည်း ထိုအရပ်သို့သွား၍ ကုသိုလ်ဝေစုကို ရယူခြင်းငှာသင့်သည်"

သိကြားမင်းသည် ဤသို့ကြံစည်မိပြီးလျှင် လက်သမားအသွင်ဖန်ဆင်းကာ ပဲခွပ်၊ ပုဆိန်ကိုင်စွဲလျှက် အလောင်းတော်ရှေ့၌ ထင်ရှားစွာပေါ်လာသည်။

"အဖိုးအခဖြင့် ပြုလုပ်ဘွယ်ကိစ္စရှိပါသလားခင်ဗျာ"

"အမောင် အဘယ်မျှကိုပြုလုပ်နိုင်ပါသလဲ"

"ကျွန်ုပ်မတတ်မသိသော အတတ်ပညာဟူ၍ မရှိပါ၊ မဏ္ဍပ်၊ ပြာသာဒ်၊ အိမ်စသည်တို့ကို ဆောက်လုပ်လိုကလည်း ဆောက်လုပ်နိုင်စွမ်းရှိပါသည်"

"ဒါဆို ငါ့မှာပြုလုပ်ဖွယ်ကိစ္စရှိပါသည်"

"အဘယ်အမှုကို ပြုရပါမည်နည်း"

"ငါသည် နက်ဖြန်အတွက် ကုဋေတစ်သိန်းသောရဟန်းတို့ကို ဆွမ်းစားဖိတ်ထားပါသည်။ ထိုရဟန်းတို့နေထိုင်ဖို့ရာ မဏ္ဍပ်ကိုဆောက်လုပ်လိုပါသည်"

"ကျွန်ုပ်ကို ထိုက်တန်သောအခပေးက ဆောက်လုပ်နိုင်ပါသည်"

"အမောင်-ပေးပါမည်၊ ဆောက်လုပ်ပါ"

သိကြားမင်းသည် မြေတစ်နေရာကိုကြည့်လိုက်ရာ ထိုမြေအရပ်သည် (၁၂) ယူဇနာကျယ်သော ညီညွတ်သောမြေပြင်ဖြစ်လာသည်။

"ဤမျှလောက်သော အရပ်ဝယ် ရတနာခုနစ်ပါးဖြင့်ပြီးသော ရှုချင်စဖွယ် ဖြစ်၍ တန်ဆာဆင်အပ်သော မဏ္ဍပ်ကြီးသည် မြေကြီးမှပေါ်ထွက်လာပါစေ သတည်း"

ဟုကြံစည်၍ ကြည့်လေသော် တခဏအတွင်းမှာပင် မြေပြင်မှာ ဖောက်ခွဲကာ ရတနာမဏ္ဍပ်ကြီးပေါ်လာလေသည်။

မဏ္ဍပ်၏ရွှေတိုင်၌ ငွေကြာသွတ်အိုး၊ ငွေတိုင်တို့၌ ရွှေကြာသွတ်အိုး ပတ္တမြား တိုင်၌ သန္တာကျောက်ကြာသွတ်အိုး၊ ရတနာခုနစ်ပါးဖြင့်ပြီးသောတိုင်တို့၌ ရတနာ ခုနစ်ပါးဖြင့် ပြီးသောကြာသွတ်အိုးတို့ဖြစ်ပေါ်စေသည်။

မဏ္ဍပ်အတွင်းတိုင်တို့၏ အကြားကြားမှာ ရွှေချူးအမားတပ်ဆင်ထားသော ကွန်ယက်(ဇာ)တို့သည် တွဲရရွဲဆွဲစေသတည်း"

ဟုကြံစည်၍ကြည့်လေသည်။

ထိုခဏမှာပင် ရွှေချူး၊ ရွှေဆည်းလည်း အများတပ်ထားသောကွန်ယက် (ဇာ)တို့သည် တွဲရရွဲဆွဲကုန်သည်။ ထိုဇာတို့သည် တိုက်ခတ်လာသော လေဖြင့် တူရိယာငါးပါးတီးခပ်သကဲ့သို့ အသံသာယာစွာထွက်ပေါ်လေသည်။

"အကြားအကြား၌ နတ်ဖြစ်နံ့သာဆိုင်းပန်း ဆိုင်းရွက်လှဆိုင်းတို့သည် တွဲ ရရွဲဆွဲစေကုန်သတည်း"

ဟုကြံစည်ပြန်လျှင် ထိုခဏ၌ပင် ကြံစည်သည့်အတိုင်းဖြစ်ပေါ်လာကြသည်။

"ကုဋေတစ်သိန်းသော ရဟန်းတို့အတွက် နေရာတို့သည်လည်းကောင်း၊ ရဟန်းတို့အား အပ်စပ်၍ အဖိုးထိုက်တန်သည့်အခင်းနှင့်သပိတ်ခြေတို့သည် လည်းကောင်း၊ မြေပြင်ဖောက်ခွဲ၍ ထွက်ပေါ်လာစေသတည်း"

ဟုကြံစည်ပြန်ရာ တစ်ခဏချင်းပင်ပေါ်လာလေသည်။

"အထောင့်ထောင့်တို့၌ တစ်လုံးတစ်လုံးစီသော ရေအိုး၊ စရည်းအိုးတို့ ပေါ်က် စေကုန်သတည်း"

ဟုကြံစည်ပြန်ရာ တခဏချင်းပင် ရေအိုးစသည်တို့သည်ဖြစ်ပေါ်လာလေသည်။

သိကြားမင်းလက်သမားသည် ထိုမျှလောက်သောအရာဝတ္ထုများကို ဖန်ဆင်းပြီးလျှင် သုရုစီပုဏ္ဏားထံသို့သွားကာ -

"အရှင်ပုဏ္ဏား - လာကြည့်ပါ။ မဏ္ဍပ်ကိုကြည့်ပြီးလျှင် ကျွန်ုပ်အားထိုက်တန်သော အဖိုးအခကိုပေးပါလော့"

သုရုစီပုဏ္ဏားသည် သိကြားမင်းလက်သမားနှင့်အတူ မဏ္ဍပ်ကိုသွားရောက်ကြည့်သည်။ မဏ္ဍပ်ကိုမြင်လိုက်ရသောအခါ အလွန်အံ့ဩပြီး တစ်ကိုယ်လုံးတွင် ကြည်နူးနှစ်သက်ခြင်း ပီတိငါးမျိုးတစ်ပြိုက်နက်တည်းခံစားလိုက်ရသည်။

"ဤမဏ္ဍပ်သည်ကား လူသားဖြစ်သူပြုလုပ်အပ်သည်မဟုတ်၊ ငါ၏ကြီးစွာသောအလှူပြုလိုသည့် ကုသိုလ်ဆန္ဒ၊ ငါ၏ကျေးဇူးဂုဏ်ကို ဧကန်မချွတ်လျှင် သိကြားမင်းနေရာသည် ပူပြင်းသည်ဖြစ်ရမည်၊ ထိုသို့ပူခြင်းကြောင့် နတ်တို့၏မင်းသိကြားမင်းသည် ဤမဏ္ဍပ်ကိုဖန်ဆင်းအပ်သည်ဖြစ်မည်"

သုရုစီပုဏ္ဏားသည် မဏ္ဍပ်ကိုကြည့်ပြီး ဤသို့စဉ်းစားမိကာ -

"ငါသည်ဤသို့သဘောရှိသောမဏ္ဍပ်၌ တစ်ရက်မျှအလှူပေးခြင်းငှာမသင့်၊ ခုနစ်ရက်ပတ်လုံး အလှူပေးအံ့"

ဟုကြံစည်ဆုံးဖြတ်တော်မူလေသည်။

သုရုစီပုဏ္ဏားသည် ဤသို့ဆုံးဖြတ်ပြီးလျှင် အထူးစီမံချက်ပြုတ်အပ်သော နွားနို့ဆွမ်းတို့ကို ခုနစ်ရက်တိုင်တိုင်ပေးလှူတော်မူလေသည်။

အလှူပြီးဆုံးသောနေ့တွင် အလုံးစုံသောရဟန်းတို့၏ သပိတ်ကိုဝင်ကြယ်စွာ ဆေးကြောစေပြီးလျှင် ဆေးအလို့ငှာထောပတ်၊ ဆီဦး၊ ဆီပျား၊ တင်လဲတို့ဖြင့် သပိတ်ကိုပြည့်အောင်ထည့်၍ သင်္ကန်းသုံးထည်နှင့်တကွ လှူဒါန်းလေသည်။

ထိုအခါ ဘုရားရှင်သည် ဆွမ်းအနုမောဒနာပြုရင်း -

"ဤသူသည် ဤသို့သဘောရှိသောအလှူကိုပေးလှူသည်၊ နောင်အခါ အဘယ်သို့ဖြစ်နိုင်သနည်း"

ဟုအနာဂတံသဉာဏ်တော်ဖြင့် ရှုမြင်သုံးသပ်ကြည့်သည်။

နှစ်သချေ်နှင့် ကမ္ဘာတစ်သိန်းထက်၌တစ်ခုသော ဘဒ္ဒကမ္ဘာတွင် ဂေါတမမည်သော ဘုရားစင်စစ်ဖြစ်လတ္တံ့ကိုမြင်တော်မူသည်။

သို့အတွက် ဘုရားရှင်သည် သုရုစိပုဏ္ဏားကိုခေါ်ကာ -

"သင်သည်ဤမျှလောက်သော ကပ်ကမ္ဘာကာလတို့လွန်သည်ရှိသော် ဂေါတမအမည်ရှိသော ဘုရားစင်စစ်ကေန်ဖြစ်လတ္တံ့"

ဟုဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

ထိုအခါ ဘုရားလောင်းသည် ဗျာဒိတ်စကားကိုကြားရသောအခါ နှစ်လိုရွှင်လန်းဝမ်းမြောက်သော စိတ်နှလုံးရှိတော်မူ၍ -

"ငါတမူကား ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မည်တဲ့၊ အိမ်ရာတည်ထောင်လူဘောင်၌ နေခြင်းဖြင့်ငါ့အားအဘယ်အကျိုးရှိအံ့နည်း၊ ယခုပင်ရဟန်းပြုအံ့"

ဟုကြံစည်တော်မူပြီးလျှင် ဗြဟ္မဏစည်းစိမ်ကို တံတွေးပေါက်ကဲ့သို့မှတ်ထင်ကာ မငဲ့မကွက်ရက်ရက်ကြီးစွန့်တော်မူ၍ မင်္ဂလာဘုရားရှင်ထံ၌ ရဟန်းပြုတော်မူသည်။

ရဟန်းပြုပြီး ပိဋကတ်သုံးပုံသင်ယူကာ အဘိညာဉ်ငါးပါး၊ သမာပါတ်ရှစ် ပါးကို ရအောင်အားထုတ်တော်မူလေသည်။

ဈာန်ကိုအသက်ထက်ဆုံးတည်စေပြီး အသက်ထက်ဆုံး၌ ဗြဟ္မာပြည်သို့ ရောက်တော်မူလေသည်။

## ၄။ သုမနဘုရားရှင်ထံဗျာဒိတ်ခံရခြင်း

မင်္ဂလာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီးနောက် အသက်တမ်း(၉၀၀၀၀)ကိုးသောင်းရှိသော လူတို့၏ သက်တမ်းသည် တဖြည်းဖြည်းဆုတ်ယုတ်ခဲ့ရာ (၁၀)နှစ်တန်းသို့ရောက်ခဲ့သည်။

ထိုမှတစ်ဖန်တိုးတက်ပြန်ကာ အသင်္ချေတမ်းသို့ရောက်ပြီးလျှင် နောက်ထပ်အသက်တမ်းဆုတ်ယုတ်ပြန်၍ အနှစ်(၉၀၀၀၀)သို့ရောက်သောအခါ သုမနဘုရားရှင်သည် မေခလာနေပြည်တော်၌ ပွင့်တော်မူလာခဲ့ပါသည်။

ထိုအချိန်တွင် ဂေါတမဘုရားလောင်းသည် နဂါးမျိုး၌တန်ခိုးအာနုဘော်ကြီးသော အတုလနဂါးမင်းဖြစ်လေသည်။

အတုလနဂါးမင်းသည် လောက၌ဘုရားပွင့်တော်မူပြီဟု ကြားသဖြင့် ဆွေမျိုးအမပေါင်းခြံရံလျက် မိမိနေရာနဂါးဗိမာန်မှထွက်ခဲ့ပြီးလျှင် ကုဋေတစ်သိန်းအရံရှိသော သုမနဘုရားရှင်အား နတ်၌ဖြစ်သော တူရိယာငါးမျိုးဖြင့် တီးမှုတ်ပူဇော်သည်။ ဆွမ်းအဖျော်အလှူကြီးကို ပေးလှူတော်မူပြီး ရဟန်းတစ်ပါးလျှင် တစ်စုံစီသော သင်္ကန်းလျာကို ပေးလှူတော်မူလေသည်။

သုမနဘုရားရှင်သည်"ဤနဂါးမင်းသည် နောင်အခါတွင် ဂေါတမမြတ်စွာဘုရားဖြစ်လိမ့်မည်"
ဟုဗျာဒိတ်စကားမိန့်ကြားတော်မူသည်။

အတုလနဂါးမင်းသည် မိမိဘုရားဖြစ်မည်ဟု ဗျာဒိတ်စကားကိုကြားရလျှင် အတိုင်းထက်အလွန်မိမိစိတ်ကိုကြည်လင်စေ၍ ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ဆည်းတည်ကျင့်တော်မူလေသည်။

## ၅။ ရေဝတဘုရားထံ ဗျာဒိတ်ခံရခြင်း

သုမနဘုရား ပရိနိဗ္ဗာန်စံပြီးနောက် သက်တမ်း(၉၀၀၀၀)မှ ဆုတ်ယုတ်ခဲ့ပြီး (၁၀)နှစ်တမ်းသို့ရောက်ခဲ့သည်။

ထိုမှတစ်ဖန်သက်တမ်းတို့ကား အသင်္ချေတမ်းသို့ ရောက်ပြီး သက်တမ်းပြန်ဆုတ်လာခဲ့ရာ လူတို့သက်တမ်း(၆၀၀၀၀)တွင်ရေဝတဘုရားရှင်သည် သုဓညဝတီ ပြည်၌ ပွင့်တော်မူလေသည်။

ထိုအချိန်တွင် ဂေါတမဘုရားလောင်းသည် ရမ္မဝတီမြို့၌ဆရာအဆက်ဆက်သင်ပြသောပုဏ္ဏားတို့၏ ပညာတရား၌ အထွတ်အထိပ်ရောက် တတ်မြောက်သော အတိဒေဝအမည်ရှိသော ပုဏ္ဏားဖြစ်လေသည်။

ထိုပုဏ္ဏားသည် ရေဝတဘုရားရှင်တို့ ဖူးတွေ့ရပြီးလျှင် ဘုရားရှင်၏တရားကိုကြားနာရ၍ သရဏဂုံသုံးပါး၌တည်လျက် ဘုရားရှင်၏ သီလ၊ သမာဓိ၊ ပညာ

ဂုဏ်တို့ကို ဂါထာတစ်ထောင်ဖြင့် ချီးကျူးလျှောက်ဆို၍ အဖိုး(၁၀၀၀)ထိုက်သော အပေါ်ရုံအဝတ်ကို ဘုရားရှင်အားလှူဒါန်းတော်မူလေသည်။

ထိုအခါဘုရားရှင်က အတိဒေဝပုဏ္ဏားကို -

"ဤကမ္ဘာမှ နောက်နှစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်းထက်သို့ရောက်သောအခါ ဂေါတမမည်သော ဘုရားစစ်စစ် ကေန်ဖြစ်လိမ့်မည်"

ဟု ဗျာဒိတ်စကားကိုကြားရသော ဘုရားလောင်းသည် အတိုင်းထက်အလွန် ကျေနပ်ဝမ်းမြောက်တော်မူ၍ -

"ငါအလိုရှိအပ်သော ဘုရားအဖြစ်ကို ငါလက်ရောက်အောင် ဆောင်ယူအံ့" ဟုကြံစည်၍ ရဲရဲတောက်ပါရမီဆယ်ပါးတို့ကို ဖြည့်ရန် အဓိဋ္ဌာန်ဆောက်တည် တော်မူလေသည်။

## ၆။ သောဘိတဘုရားထံ ဗျာဒိတ်ခံရခြင်း

ရေဝတဘုရား ပရိနိဗ္ဗာန်စံပြီးနောက်သက်တမ်း(၆၀၀၀၀)မှ တဖြည်းဖြည်း ဆုတ်လာခဲ့ရာ (၁၀)နှစ်သက်တမ်းသို့ရောက်ခဲ့သည်။

ထိုမှတစ်ဖန်သက်တမ်းပြန်တက်ခဲ့ရာ အသင်္ချေယျတမ်းသို့ရောက်ပြီးလျှင် နောက်ထပ်ဆုတ်ယုတ်ပြန်၍ အသက်(၉)သောင်းတမ်းသို့ရောက်သောအခါ သောဘိတဘုရားရှင်သည် သုဓမ္မာနေပြည်တော်၌ ပွင့်တော်မူခဲ့လေသည်။

ထိုအချိန်တွင် ဂေါတမဘုရားလောင်းသည် ရမ္မဝတီပြည်၌ သုဇာတအမည် ရှိသော ပုဏ္ဏားမျိုး၌ဖြစ်လေသည်။

သုဇာတပုဏ္ဏားသည် သောဘိတဘုရားရှင်၏ တရားတော်ကိုကြားနာရ၍ သရဏဂုံတည်ပြီးသော် ဘုရားအမှူးရှိသော ရဟန်းသံဃအများအား ဝါတွင်း သုံးလပတ်လုံးကြီးစွာသော အလှူကိုပေးလှူတော်မူလေသည်။

ထိုအခါသောဘိတဘုရားသည် -

"နောင်အခါ၌ ဂေါတမမည်သော ဘုရားဖြစ်လတ့်"

ဟုဗျာဒိတ်စကား မိန့်ကြားတော်မူရာ ဘုရားလောင်းသည် အတိုင်းထက်အလွန် ဝမ်းမြောက်သောစိတ်ဖြစ်၍ ဘုရားအဖြစ်သို့ရောက်ရန်အတွက် တိုးတက်၍ ဝီရိယကိုပြုတော်မူလေသည်။

## ၇။ အနောမဒဿီဘုရားရှင်ထံ ဗျာဒိတ်ခံရခြင်း

သောဘိတဘုရားပွင့်တော်မူရာ ထပ်ကမ္ဘာကုန်ဆုံးပြီးနောက် မည်ရွေ့မည်မျှ ဟုရေတွက်မရသော ဘုရားမပွင့်သည့် သုညကမ္ဘာများအသင်္ချေပေါ် ခဲ့ပြီးနောက် ကမ္ဘာတစ်ခုတွင် လူတို့သက်တမ်း(၁)သိန်း၌ အနောမဒဿီဘုရားသည် စန္ဒဝတီ နေပြည်တော်၌ ပွင့်တော်မူလာခဲ့ပါသည်။

ထိုအချိန်တွင် ဂေါတမဘုရားလောင်းသည် ကုဋေပေါင်းများစွာသောဘီလူး တို့ကို အုပ်စိုးရသော ဘီလူးစစ်သေနာပတိကြီးဖြစ်လေသည်။

ဘီလူးစင်စစ်သေနာပတိကြီးသည် လောက၌ဘုရားပွင့်သည်ဟုကြားသော အခါ ဘုရားရှင်ထံသို့သွားရောက်၍ အလွန်တင့်တယ်ရှုချင်စဖွယ်သော မဏ္ဍပ်ကို ဖန်ဆင်းကာ ထိုမဏ္ဍပ်အတွင်း၌ဘုရားအမှူးရှိသော သံဃာတော်များကို ခုနစ် ရက်ပတ်လုံး ဆွမ်း၊ အဖျော်အစရှိသောကြီးစွာသော အလှူကိုပေးလှူတော်မူလေ သည်။

ဘုရားရှင်သည် ဘီလူးစစ်သေနာပတိကို ဆွမ်းအနုမောဒနာတရားဟောပြီး သောအခါ -

"ဤကမ္ဘာမှ နောက်တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းလွန်မြောက်သောအခါ၌ ဘီလူးစစ်သူကြီးသည် ဂေါတမဘုရားဖြစ်လိမ့်မည်"

ဟုဗျာဒိတ်စကားမိန့်ကြားလေသည်။

ဘုရားရှင်ထံမှ ဗျာဒိတ်စကားကို ကြားရသောနဂါးစစ်သူကြီးသည် အလွန် ဝမ်းမြောက်သောစိတ်ရှိကာ ပါရမီတို့ကို အထူးကြိုးစား၍ဖြည့်ကျင့်တော်မူ လေသည်။

## ၇။ ပဒုမဘုရားရှင်ထံ ဗျာဒိတ်ခံရခြင်း

အနောမဒဿီဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် လူတို့၏အသက်တမ်း (၁)သိန်းမှ ဆုတ်ယုတ်ခဲ့ရာ (၁၀)နှစ်တမ်းသို့ရောက်ခဲ့သည်။

ထိုမှသက်တမ်းဆက်လက်၍ တက်လာခဲ့ရာ အသင်္ချေယျကမ်းသို့ရောက်ခဲ့သည်။ ထိုမှတစ်ဖန်ဆုတ်ယုတ်လာခဲ့ရာ လူတို့သက်တမ်း(၁)သိန်းသို့ ရောက်ခဲ့သည်။

ထိုသက်တမ်းတွင် ပဒုမဘုရားရှင်သည် ဓမ္မကနေပြည်၌ပွင့်တော်မူခဲ့သည်။

ထိုအချိန်တွင် ဂေါတမဘုရားလောင်းသည် တောအုပ်၌ခြင်္သေ့မင်းဖြစ်နေလေသည်။

ပဒုမဘုရားရှင်သည် တောအုပ်၌နိရောဓသမာပါတ်ဝင်စားနေစဉ်ခြင်္သေ့မင်းသည် ဘုရားရှင်ကိုဖူးမြော်ရပြီးလျှင် အလွန်ကြည်ညိုသောစိတ်ရှိပြီးလျှင် ဘုရားရှင်ကို လက်ျာရစ်လှည့်လည်ကာ ရှိခိုးပြီးလျှင် အလွန်ရွှင်ဝမ်းမြောက်လှ၍ သုံးကြိမ်တိုင်တိုင် ကျူးရင့်တောက်လေသည်။

ခုနစ်ရက်ပတ်လုံးဘုရားရှင်လျှင် အာရုံရှိသောပီတိကို မစွန့်လွှတ်ဘဲအစာရှာရန်မှုကိုပင် ထွက်ခွာမသွားဘဲ အသက်ကိုစွန့်ကာ ဘုရားရှင်ကိုရှိသေစွာ ဆည်းကပ်ရပ်တည်နေလေသည်။

ဘုရားရှင်သည် ခုနစ်ရက်လွန်သဖြင့် နိရောဓသမပါတ်မှထတော်မူ၍ ခြင်္သေ့မင်းကိုမြင်တော်မူလျှင် -

"ရဟန်းသံဃာတော်၌လည်း ဤခြင်္သေ့မင်းအား စိတ်၏ကြည်ညိုခြင်းဖြစ်စေသတည်း"

ဟုကြံစည်တော်မူကာ "ရဟန်းသံဃာများ ဤအရပ်သို့လာရောက်စေသတည်း" ဟုအဓိဋ္ဌာန်ပြုတော်မူသည်။

ထိုခဏမှာပင် ရဟန်းသံဃာတော်ကုဋေများစွာတို့ ရောက်လာကြသည်။ အလောင်းတော်ခြင်္သေ့မင်းသည် သံဃာ၌ကြည်ညိုသောစိတ်ကို ဖြစ်စေသည်။

ထိုအခါ ဘုရားရှင်သည် ခြင်္သေ့၏စိတ်ကိုသိရှိတော်မူ၍

"ဤခြင်္သေ့မင်းသည် နောင်အခါ၌ ဂေါတမအမည်ရှိသော ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်"

ဟုဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

ခြင်္သေ့မင်းသည် ဘုရားရှင်၏စကားကို ကြားရလျှင်အလွန်ဝမ်းမြောက်လှ၍ ပါရမီဆယ်ပါးတို့ကို တိုးတက်ဆည်းပူးကျင့်တော်မူသည်။

## ၉။ နာရဒဘုရားရှင်ထံ၌ ဗျာဒိတ်ခံရခြင်း

ပဒုမဘုရားပရိနိဗ္ဗာန်စံပြီးနောက် လူတို့သက်တမ်း(၁)သိန်းမှတဖြည်းဖြည်း ဆုတ်လာခဲ့ရာ(၁၀)နှစ်သက်တမ်းသို့ရောက်ခဲ့သည်။

ထိုမှတစ်ဖန်သက်တမ်းတိုးလာခဲ့ရာ အသင်္ချေယျတန်းသို့ရောက်ခဲ့ပြီး ထိုမှ ဆုတ်ယုတ်လာရာ သက်တမ်း(၉)သောင်းသို့ ရောက်ခဲ့သည်။

ထိုသက်တမ်းတွင် ဓညဝတီမြို့တော်၌ နာရဒဘုရားရှင်ပွင့်တော်မူလာခဲ့လေ သည်။

ထိုအခါ ဂေါတမဘုရားအလောင်းတော်သည် ရသေ့ဖြစ်၍ဟိမဝန္တာတောင်ယံ ၌ သက်နှင်းကျောင်းကို တည်ဆောက်ကာတရားအားထုတ်နေသည်။ အဘိညာဏ် ငါးပါး သမာပါတ်ရှစ်ပါးတို့ကို နှိမ်နင်းတော်မူသည်။

ထိုအခါ နာရဒဘုရားရှင်းသည် ရသေ့အပေါ်၌သနားကရုဏာထားသဖြင့် ရဟန္တာကုဋေ(၈၀)အနာဂါမ်ဥပါသကာ ဒါယကာ(၁)သောင်းခြံရံလျက် အလောင်းတော်၏ ဂူသင်္ခမ်းကျောင်းသို့ ကြွတော်မူလေသည်။

အလောင်းတော်ရသေ့သည် ဘုရားရှင်ကိုဖူးမျှော်ရ၍ဝမ်းမြောက်သော စိတ်နှလုံးရှိတော်မူကာ အခြံအရံပရိသတ်နှင့်တကွ ဘုရားရှင်သီတင်းသုံးရန် သက်နှင်းကျောင်းကို ဖန်ဆင်းကာပြီးဘုရားရှင်ကို သီတင်းသုံးစေသည်။

တစ်ညဥ့်ပတ်လုံးဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်အစုကို ချီးကျူးလျှောက်ထားသည်။

ဘုရားရှင်၏တရားကို နာကြား၍နောက်တစ်နေ့နံနက်၌ မြောက်ကျွန်းသို့ အဘိဉာဏ်ဖြင့် သွားရောက်ကာ ဆွမ်းစသောအာဟာရကို ဆောင်ယူခဲ့ပြီးလျှင် အခြံအရံသံဃပရိတ်သတ်၊ ဥပါသကာပရိတ်သတ်နှင့်တကွ ဘုရားရှင်ကို ဆွမ်းအလှူကြီးပေးလှူတော်မူလေသည်။

ဤနည်းဖြင့် ခုနှစ်ရက်ပတ်လုံးဆွမ်းအလှူကြီးပေးလှူပြီးနောက် ဟိမဝန္တာမှ အဖိုးများစွာထိုက်သော စန္ဒကူးနံ့သာနီကို ဆောင်ယူကာဘုရားရှင်အား လှူဒါန်းပူဇော်လေသည်။

ထိုအခါဘုရားအလောင်းတော်ရှင်ရသေ့ကို နာရဒဘုရားရှင်သည် တရားစကားဟောကြားပြီးလျှင်-

"ဤရသေ့သည် နောင်အခါ၌ဂေါတမအမည်ရှိသော ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်"

ဟုဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

ဘုရားရှင်၏ဗျာဒိတ်စကားကို ကြားရလျှင်အလောင်းတော်ရှင်ရသေ့သည် အလွန်ပင်စိတ်ရွှင်လန်းပြီး ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန်မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

## ၁၀။ ပဒုမုတ္တရဘုရားရှင်ထံဗျာဒိတ်ခံရခြင်း

အနောမဒဿီ၊ ပဒုမ၊ နာရဒဟူသော ဘုရားသုံးဆူပွင့်ရာဝရကမ္ဘာကြီးကုန်ဆုံးပြီးနောက် မည်ရွေ့မည်မျှဂဏန်းချ၍ ရေတွက်မရအောင်များပြားလှသော ဘုရားမပွင့်သော သုညကမ္ဘာတစ်သင်္ချေကိုလွန်ခဲ့သည်။

ထိုမှနောက်၌ကမ္ဘာမှပြန်ထွက်ရေတွက်သော် ကမ္ဘာတစ်သိန်းထက်တစ်ခုသောကမ္ဘာတွင် ဟံသာဝတီနေပြည်၌ ပဒုမုတ္တရဘုရားပွင့်တော်မူသည်။

ဤကပ်ကမ္ဘာသည် ပဒုမုတ္တရဘုရားတစ်ဆူသာ ပွင့်တော်မူရာဖြစ်သည်။

ဤဘုရားပွင့်ရာကပ်ကမ္ဘာ၌ ကုသိုလ်တရားအားရှိများပြားသောလူတို့သာလျှင် ဖြစ်ကြသည်။

ထိုအချိန်တွင်ဂေါတမဘုရားလောင်းသည် ကုဋေများစွာကြွယ်ဝသော ဇဋိလ အမည်ရှိသော တိုင်းကျပ်မင်းကြီးဖြစ်နေလေသည်။

ဇဋိလသည် ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်များနှင့်တကွသင်္ကန်းလျာအဝတ်အထည်အလှူကြီးကို ပေးလှူတော်မူလေသည်။

ဘုရားရှင်သည်ဆွမ်းအနုမောဒနာတရား၊ ဟောကြားပြီးနောက် ဇဋိလကို-

"နောင်အခါကမ္ဘာတစ်သိန်းထက်၌ ဂေါတမအမည်ရှိသော ဘုရားစင်စစ် ကေန်ဖြစ်လတ္တံ့."

ဟုဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

ဘုရားရှင်၏ဗျာဒိတ်စကားကို ကြားရသော်အလောင်းတော်သည်အလွန်ပင် စိတ်ရွှင်လန်း၍ ပါရမီတို့ကိုဖြည့်ကျင့်ရန် မြဲမြံစွာဆောက်တည်လေသည်။

## ၁၁။ သုမေဓါဘုရားရှင်ထံဗျာဒိတ်ခံရခြင်း

ပဒုမုတ္တာမြတ်စွာဘုရားပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးသွားပြီးနောက် ဘုရားမပွင့်သော သုညကမ္ဘာပေါင်း(၇)သောင်းလွန်မြောက်ပြီးဤကမ္ဘာမှ ပြန်ရေတွက်လျှင် ကမ္ဘာပေါင်း(၃)သောင်းထပ်မဏ္ဍကမ္ဘာ၌ သုမေဓါဘုရား၊ သုဇာတဘုရားဟူ၍ ဘုရား(၂)ဆူပွင့်တော်မူရာတွင် သုမေဓါဘုရားသည်ဦးစွာ သုဒဿနနေပြည်တော်၌ပွင့်တော်မူလေသည်။

ထိုအချိန်ဝယ်ဂေါတမဘုရားလောင်းသည် အလုံးစုံသောလူတို့ထက် ထိုထိုဂုဏ်တို့ဖြင့် လွန်ကဲသော ဥတ္တရအမည်ရှိသော လုလင်ဖြစ်လေသည်။

မိမိအိမ်တွင် စုဆောင်းထားရှိသော ကုဋေ(၈၀)မျှသော ပစ္စည်းဥစ္စာတို့ကို ဘုရားအမှူးရှိသော သံဃာတော်များအား လှူဒါန်းလေသည်။

ဘုရားရှင်၏ အနုမောဒနာတရားကို ကြားနာပြီးနောက် သရဏဂုံသုံးပါး၌ တည်လေသည်။

ဒါနအနုမောဒနာတရားဟောပြီးသောအခါ ဘုရားရှင်က

"ဤဥတ္တရလုလင်သည် နောင်အခါ၌ဂေါတမအမည်ရှိသော ဘုရားစင်စစ် ကေန်ဖြစ်လိမ့်မည်"

ဟုဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

သုမေဓါဘုရားရှင်၏ဗျာဒိတ်စကားကိုကြားရလျှင် ဥတ္တရလုလင်သည် အလွန်ဝမ်းမြောက်ကြည်လင်သောစိတ်ရှိသည်ဖြစ်၍ ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်၍ မြဲမြံစွာဆောက်တည်တော်မူသည်။

ထို့နောက်ဥတ္တရလုလင်သည် ဘုရားရှင်သာသနာတော်၌ ရဟန်းပြု၍ပိဋကတ်သုံးပုံတတ်မြောက်အောင် သင်ယူတော်မူသည်။

လျောင်းခြင်းကိုလုံးဝမပြုဘဲ ထိုင်ခြင်း၊ ရပ်ခြင်း၊ စင်္ကြံသွားခြင်းတည်းဟူ သော ဣရိယာပုထ်သုံးပါး၌ မမေ့မလျော့ရဟန်းတရားကို ကြိုးစားအားထုတ်ရာ အဘိညာဉ်ငါးပါးသမာပတ်ရှစ်ပါးတို့ကို ရရှိတော်မူသည်။

အသက်၏အဆုံးတွင် ဗြဟ္မာပြည်သို့ ကပ်ရောက်ရလေသည်။

## ၁၂။ သုဇာတဘုရားရှင်ထံဗျာဒိတ်ခံရခြင်း

သုမေဓါဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် လူတို့၏သက်တမ်းသည် (၉)သောင်းမှ တဖြည်းဖြည်းဆုတ်ခဲ့ရာ (၁၀)နှစ်တန်းသို့ရောက်ခဲ့သည်။

ထိုမှတဖန်တိုးတက်ပြန်ရာ အသင်္ချေယျတမ်းသို့ရောက်ပြီးတစ်ဖန်ဆုတ်ယုတ် ခဲ့ရာ အသက်(၉)သောင်းတမ်းသို့ရောက်ပြန်သည်။

ထို(၉)သောင်းတမ်းကာလအချိန်ဝယ် သုဇာတမြတ်စွာဘုရားသည် သုမင်္ဂလာနေပြည်တော်၌ ဘုရားအဖြစ်ပွင့်တော်မူလေသည်။

ထိုအခါဝယ် ဂေါတမဘုရားလောင်းသည် စကြာဝတေးမင်းဖြစ်သည်။

"လောကဌ်မြတ်စွာဘုရားပွင့်ပြီ"

ဟူသောသတင်းကို ကြားရလျှင် ဘုရားရှင်ထံဆည်းကပ်၍တရားတော်ကို ကြားနာသည်။ ဘုရားအမျိုးရှိသော သံဃာတော်များကို ရတနာခုနှစ်ပါးနှင့်တကွ ထီးနန်းစည်းစိမ်ကိုလှူတော်မူသည်။

ဇမ္ဗူဒိပ်ကျွန်းအားလုံး၏ နေကြကုန်သောလူအပေါင်းတို့သည် အရာမ်စောင့် (ကပ္ပိယ)ပြုလုပ်ကြပြီးလျှင် တိုင်းပြည်မှထွက်သမျှ အခွန်အထုပ်ကိုယူဆောင်ကာ ဘုရားအမျိုးရှိသော သံဃာတော်များအား အမြပင်သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကိုဆက်ကပ်လှူဒါန်းကြလေသည်။ ·

ထိုအခါသုဇာတဘုရားရှင်သည် စကြာဝတေးမင်းကို -

'နောင်အခါ၌ ဂေါတမအမည်ရှိသော ဘုရားစင်စစ်ဖြည်လတ္တံ့'

ဟုဗျာဒိတ်စကားကြားတော်မူသည်။

သုဇာတဘုရားရှင်ထံမှ ဗျာဒိတ်စကားကိုကြားရသောအလောင်းတော်သည် အလွန်ပင် စိတ်ရွှင်လန်းဝမ်းမြောက်ပြီး ပါရမီတို့ကိုတိုး၍ ဖြည့်ကျင့်ရန်မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

ထို့နောက်ဘုရားရှင်သာသနာတော်၌ ရဟန်းပြုကာ ပိဋကတ်သုံးပုံကိုသင်ယူပြီးနောက်လျောင်းခြင်းလုံးဝမပြုဘဲ ထိုင်၊ ရပ်၊ စင်္ကြံသွားခြင်းဟူသော ဣရိယာပုတ်ဖြင့် မမေ့မလျော့သောသတိဖြင့် ဗြဟ္မဝိဟာရဘာဝနာကိုအားထုတ်တော်မူရာ အဘိညာဉ်ငါးပါးသမာပါတ်ရှစ်ပါးအထွတ်အထိပ်သို့ရောက်လေသည်။

အသက်၏အဆုံးဝယ်ဗြဟ္မာပြည်သို့ရောက်ရလေသည်။

## ၁၃။ ပိယဒဿီဘုရားရှင်ထံဗျာဒိတ်ခံရခြင်း

သုဇာတဘုရားရှင်ပွင့်သော ကပ်ကမ္ဘာကုန်ဆုံးသွားပြီးနောက် ဤကမ္ဘာမှ နောက်ပြန်ရေတွက်လျှင် ကမ္ဘာပေါင်း(၁၇၀၀)ထက် ကမ္ဘာတစ်ခု၌ ဘုရားသုံးဆူပွင့်တော်မူသည်။

ထိုဝရကမ္ဘာ၌ပွင့်သော ဘုရား(၃)ဆူတွင် ပိယဒဿီဘုရားသည် ဝရကမ္ဘာတွင်ဦးစွာပွင့်သော ဘုရားဖြစ်ပါသည်။

ပိယဒဿီဘုရားသည် သုဓညဝတီနေပြည်တော်၌ ဘုရားအဖြစ်ပွင့်တော်မူလေသည်။

ထိုအချိန်ဝယ်ဂေါတမဘုရားလောင်းသည် ဗေဒင်သုံးပုံကို တစ်ဘက်ကမ်းခတ်တတ်မြောက်သော ကဿပအမည်ရှိ ပုဏ္ဏားလုလင်ဖြစ်၍နေလေသည်။

ကဿပပုဏ္ဏားလုလင်သည် ပိယဒဿီဘုရားရှင်၏ တရားဒေသနာကို ကြားနာရ၍ သဒ္ဓါတရားလွန်စွာဖြစ်ပွားပြီးလျှင် ကုဋေတစ်သိန်းသော ဥစ္စာတို့ကို စွန့်လွှတ်ကာ အလွန်ကောင်းမြတ်သော သံဃာ့အာရာမ်ကြီးတည်ဆောက်လျက် ဘုရားအမှူးရှိသော သံဃာများကိုလှူဒါန်းလေသည်။

ထိုသို့လှူဒါန်းပြီးနောက်အမှတ်တမဲ့ပေါ့လျော့စွာ နေရမည်ကိုကြောက်လန့်သဖြင့် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလတို့ကို မြဲမြံစွာဆောက်တည်ကျင့်သုံးလေသည်။

ထိုအခါပိယဒဿီဘုရားရှင်သည် သံဃာအလယ်၌ကဿပလုလင်ကို -

"ဤကဿပလုလင်သည်ကား ဤကမ္ဘာမှ နောက်နောင်ကမ္ဘာ(၁၈၀၀) ထက်၌ဂေါတမမည်သော ဘုရားရှင်စစ်ဧကန်ဖြစ်လိမ့်မည်"

ဟုဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

ထိုဗျာဒိတ်စကားကို ကြားရလျှင်အလောင်းတော်သည် အလွန်ရွှင်လန်းတက်ကြွသောစိတ်ရှိသည်ဖြစ်၍ ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာဆောက်တည်လေသည်။

## ၁၄။ အတ္ထဒဿီဘုရားထံမှ ဗျာဒိတ်ခံရခြင်း

ပိယဒဿီဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် လူတို့၏သက်တမ်းသည်တဖြည်းဖြည်းဆုတ်ယုတ်ခဲ့ရာ (၁၀)နှစ်တမ်းသို့ ရောက်ခဲ့သည်။

ထိုမှတဆင့် ပြန်တက်ခဲ့ရာ အသင်္ချေတမ်းတို့ရောက်ပြီးမှ တစ်ဖန်ဆုတ်ယုတ်ခဲ့ပြန်ရာ လူတို့၏သက်တမ်းတစ်သိန်းတမ်း၌ အတ္ထဒဿီဘုရားရှင်သည် သောဘဏနေပြည်တော်၌ ပွင့်တော်မူလေသည်။

ထိုအချိန်တွင် ဂေါတမဘုရားလောင်းသည် ဓမ္မကမြို့၌တစ်လောကလုံးကသူတော်ကောင်းကြီးဟု သမုတ်ခံရသော သုသိမအမည်ရှိ ပုဏ္ဏားသူကြွယ်ဖြစ်၍ နေလေသည်။

သုသိမပုဏ္ဏားသူကြွယ်သည် မိမိ၏စည်းစိမ်ဥစ္စာအစုစုကိုဆင်ညိုးနွမ်းသူ၊ ကိုးကွယ်ရာမဲ့သူ၊ အထီးကျန်သူ၊ ခရီးသွားသူတို့အား စွန့်ကြဲပေးကမ်းလှူဒါန်းပစ်လိုက်သည်။

ထို့နောက် ဟိမဝန္တာသို့သွား၍ ရသေ့ပြုကာ တရားအားထုတ်သည်။ သမာပါတ်ရှစ်ပါး အဘိညာဉ်ငါးပါးရ ရသေ့ဖြစ်ပြီး တန်ခိုးအာနုဘော်ကြီးသောရသေ့ဖြစ်လာသည်။

လူအပေါင်းတို့အား ကုသိုလ်တရားတို့၏ အပြစ်မရှိသည်ကိုလည်းကောင်း၊ အကုသိုလ်တရားတို့၏ အပြစ်ရှိသည်အဖြစ်ကိုလည်းကောင်း ဆုံးမ၍ဘုရားပွင့်တော်မူသည့်အခါ စောင့်မျှော်နေလေသည်။

ထိုအချိန်ဝယ် အတ္ထဒဿီဘုရားရှင်သည် ပွင့်တော်မူ၍ သုဒဿနမြို့တော်ကြီးဝယ် ပရိတ်သတ်ရှစ်ပါးအလယ်၌ တရားမိုးကို ရွာသွန်းဖြိုးပေးတော်မူလေသည်။

ထိုအခါ သုသိမရသေ့သည် ဘုရားရှင်၏တရားကိုကြားနာရပြီးနောက် နတ်ပြည်သို့သွားရောက်ကာ နတ်၌ဖြစ်သော ထင်ရှားပန်းပဒုမ္မာကြာပန်း၊ ပင်လယ်ကသစ်ပန်း စသည်တို့ကို တာဝတိံသာနတ်ပြည်မှ ဆောင်ယူခဲ့သည်။

မိမိ၏တန်ခိုးအာနုဘော်ကိုပြလိုသဖြင့် ကိုယ်ထင်ရှားပြပြီးလျှင် လေးကျွန်း အနှံ့ရှာသွန်းသောမိုးကြီးပမာ အရပ်လေးမျက်နှာတို့၌ ပန်းမိုးကြီးရွာသွန်းစေလျက် ပန်းမဏ္ဍပ်ကြီးကို ဖြစ်စေသည်။

ပြီးလျှင် ဘုရားရှင်သီတင်းသုံးရာနေရာ၌ မန္ဒာရဝနတ်ပန်းထီးဖြင့် ဘုရားရှင် ကိုထီးဖြင့်မိုးကာ ပူဇော်လေသည်။

ဘုရားရှင်သည် သုသိမရသေ့ကို -

"ဤသုသိမရသေ့သည် နောင်သောအခါ ကမ္ဘာ(၁၈၀၀)ထက်၌ ဂေါတမ အမည်ရှိသော ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်"

ဟုဗျာဒိတ်စကားမိန့်ကြားတော်မူသည်။

အလောင်းတော်သည် ဘုရားရှင်၏ဗျာဒိတ်စကားကို ကြားရလျှင်အလွန်ဝမ်း မြောက်ရွှင်လန်းသည်ဖြစ်၍ ပေါ့လျော့သတိမေ့လျော့နေရမည်ကို ထိန်လန့်ကာ ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာတည်ဆောက်လေသည်။

## ၁၅။ ဓမ္မဒဿီဘုရားရှင်ထံ ဗျာဒိတ်ခံရခြင်း

အတ္ထဒဿီဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် လူတို့၏သက်တမ်း(၁)သိန်းမှ တဖြည်းဖြည်းဆုတ်ယုတ်လာခဲ့ရာ (၁၀)နှစ်တမ်းသို့ ရောက်ခဲ့သည်။

ထို(၁၀)နှစ်တမ်းမှ တဆင့်တိုးတက်လာပြန်ရာ အသင်္ချေယျတမ်းသို့ရောက် ပြန်သည်။ ထိုမှတဆင့်ဆုတ်ယုတ်ပြန်ရာ လူတို့သက်တမ်း(၁)သိန်းတန်းသို့ ရောက်သောအခါ သရဏနေပြည်တော်၌ဓမ္မဒဿီဘုရားပွင့်တော်မူခဲ့လေသည်။

ထိုအချိန်ကာလတွင် ဂေါတမဘုရားလောင်းသည် နတ်တို့ကိုအစိုးရသော သိကြားမင်းဖြစ်နေလေသည်။

တစ်နေ့တွင်သိကြားမင်းသည် တာဝတိံသာ၊ စတုမဟာရာဇ်နတ်အပေါင်းခြံရံ လျက် ဘုရားရှင်ကိုလာရောက်ဖူးမြော်ပြီးလျှင် နတ်၌ဖြစ်သော တူရိယာတို့ဖြင့် တီးမှုတ်ပူဇော်သည်။

ထိုအခါ ဘုရားရှင်သည်အလောင်းတော်သိကြားမင်းကို -

"ဤသိကြားမင်းသည် နောင်သောအခါ ဂေါတမအမည်ရှိသော ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်"

ဟုဗျာဒိတ်စကားဖြင့် မိန့်ကြားတော်မူလေသည်။

ဘုရားရှင်၏ဗျာဒိတ်စကားကိုကြားရလျှင် အလောင်းတော်သိကြားမင်းသည် အလွန်ဝမ်းမြောက်ရွှင်လန်း၍ ပါရမီတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာဆောက်တည်လေသည်။

## ၁၆။ သိဒ္ဓတ္ထဘုရားရှင်ထံဗျာဒိတ်ခံရခြင်း

ဓမ္မဒဿီဘုရားပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးပြီးနောက် (၉၄)ခုမြောက် ကမ္ဘာဝ၏ လူတို့သက်တမ်းသည် အသင်္ချေယျတမ်းမှ ထုတ်ခဲ့ရာတစ်သိန်းတမ်းသို့ရောက်ခဲ့သည်။

ထိုသက်တမ်းကာလဝယ် သိဒ္ဓတ္ထဘုရားရှင်းသည် ဝေဘာရနေပြည်၌ ပွင့်တော်မူလာခဲ့သည်။

ထိုအချိန်ဝယ် ဂေါတမဘုရားလောင်းသည် သုရသေနမြို့၌ ဗေဒင်သုံးပုံ၌ တစ်ဘက်ကမ်းခတ်တတ်မြောက်သော မင်္ဂလအမည်ရှိသောပုဏ္ဏားဖြစ်လာသည်။

မင်္ဂလာပုဏ္ဏားသည် မိမိပိုင်ကုဋေပေါင်းများစွာအရေအတွက်ရှိသော ဥစ္စာများကို သူဆင်းရဲနှင့်ကိုးကွယ်ရာမဲ့သူတို့ကို စွန့်ကြဲပေးကမ်းလှူဒါန်းပြီးလျှင် တောထွက်ကာ ရသေ့ပြုလုပ်၍တရားအားထုတ်၍နေလေသည်။ နောက်တွင် ဈာန် အဘိညာဉ်နှင့် ပြည့်စုံပြီး တန်ခိုးထက်သောရသေ့တစ်ပါးဖြစ်လာသည်။

"လောက၌ သိဒ္ဓတ္ထဘုရားရှင်ပွင့်တော်မူပြီ"

ဟူသောသတင်းကိုကြားရလျှင် ဘုရားရှင်ထံသို့ချဉ်းကပ်သော ဘုရားရှင် တရားတော်ကိုနာကြားလေသည်။

တရားတော်နာပြီးသော် ဘုရားရှင်၌အလွန်ကြည်ညိုလှသဖြင့် မိမိတန်ခိုးတော်ဖြင့် ဇမ္ဗူ့သပြေပင်မှ အသီးကိုတန်ခိုးဖြင့်ယူဆောင်ကာ ဘုရားရှင်ကိုဆက်ကပ်လေသည်။

သိဒ္ဓတ္ထဘုရားသည် မင်္ဂလရသေ့ဆက်ကပ်သော ဇမ္ဗူသပြေသီးကို သုံးဆောင်ဘုန်းပေးပြီးနောက် -

"ဤမင်္ဂလရသေ့သည် ဤကမ္ဘာမှနောက်ကိုးဆယ့်လေးကမ္ဘာမြောက်၌ ဂေါတမအမည်ရှိသော ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်"
ဟုဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

ဘုရားလောင်းသည် ဘုရားရှင်ထံမှ ဗျာဒိတ်စကားကိုကြားရလျှင် အလွန်ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍ ပါရမီတို့ကို တိုး၍ဖြည့်ကျင့်ရန်မြဲမြံစွာဆောက်တည်လေသည်။

## ၁၇။ တိဿဘုရားရှင်ဗျာဒိတ်ခံရခြင်း

သိဒ္ဓတ္ထဘုရားရှင်ပွင့်တော်မူရာကပ်ကမ္ဘာကုန်ဆုံးပြီးသည့် နောက်တခြားမဲ့ဖြစ်သော ကမ္ဘာမှာဘုရားတစ်ဆူမျှ မပွင့်သောသုညကမ္ဘာဖြစ်လေသည်။

ထိုသုညကမ္ဘာမှလွန်မြောက်၍ ဤကမ္ဘာမှ ပြန်ရေတွက်လျှင် (၉၂)ကမ္ဘာ ထက်၌ တိဿဘုရားရှင်နှင့် ဖုဿဘုရားနှစ်ဆူပွင့်တော်မူသည်။

(၉၂)ခုမြောက်ကမ္ဘာဝယ် လူတို့သက်တမ်းအသင်္ချေယျတမ်းမှ ဆုတ်ယုတ်ခဲ့၍ အနှစ်တစ်သိန်းသို့ရောက်သောအခါ တိဿမြတ်စွာဘုရားသည် ခေမကနေပြည်တော်၌ ပွင့်တော်မူခဲ့သည်။

ထိုအချိန်ဝယ် ဂေါတမဘုရားလောင်းသည် ယသဝတီမြို့၌ သုဇာတအမည်ရှိသော မင်းဖြစ်၍နေလေသည်။

သုဇာတမင်းသည် မိမိပိုင်သော ပြည့်စုံကြွယ်ဝသော မြို့ကြီးကိုလည်းကောင်း၊ ကုဋေပေါင်းများစွာသော ဥစ္စာပစ္စည်းများကိုလည်းကောင်း၊ အစဉ်နှစ်သက်စွာ

ချဉ်းကပ်လိုသော စိတ်နှလုံးရှိကြသော အခြွေအရံများကိုလည်းကောင်း၊ မြက်ပင် ကျူပင်မာမငဲ့ကွက်ရက်ရောစွာစနစ်လွှတ်ပြီးလျှင် တောထွက်၍ ရသေ့ပြုကာ တရားအားထုတ်နေလေသည်။

ထိုရသေ့သည် တိဿဘုရားရှင်မပွင့်ခင်ပင် လွန်တန်ခိုးကြီးမားထင်ရှားသော ရသေ့ဖြစ်နေပြီးဖြစ်သည်။

လောကတွင် တိဿဘုရားပွင့်တော်မူသည်ဟု သတင်းကြားသောအခါ ပိတိ ငါးမျိုးကိုယ်၌ တွေ့ထိပျံ့နှံ့စေလျက် တိဿဘုရားထံသို့ ချဉ်းကပ်မိလေသည်။

"ငါသည်ယခုပင် မန္ဒာဝရပန်း၊ ပင်လယ်ကသစ်ပန်းစသော နတ်ပန်းတို့ဖြင့် ဘုရားရှင်အားပူဇော်အံ့"

ဟုကြံစည်လျက်တန်ခိုးဖြင့် နတ်ပြည်သို့ကြွပြီးလျှင် စိတ္တလတာဥယျာဉ်သို့ ဝင်ကာတစ်ဂါဝုတ်အကျယ်ရှိသော ရတနာပန်းခြင်းတောင်းကြီးအတွင်းဝယ် ပဒုမာကြာပန်း၊ ပင်လယ်ကသစ်ပန်း၊ မန္ဒာဝရနတ်ပန်း၊ တို့ကိုအပြည့်ထည့်ကာ ကောင်းကင်အပြင်မှလာရောက်ပြီးဘုရားရှင်ကိုပူဇော်လေသည်။

ထိုတွင်မက အနိုးကားပတ္တမြား၊ အထွက်ကန္တေ အရွက်က ပတ္တမြားနီဖြင့် ပြီး၍ ကောင်းသောရနံ့ရှိသော ဝတ်ဆံတို့ဖြင့် ပြုလုပ်အပ်သောထီးနှင့်တူသော ပဒုမာထီးတစ်လက်ဖြင့်လည်း ဘုရားရှင်၏ဦးခေါင်းမိုးလျက် ပရိသတ်လေးပါး အလယ်၌ ရပ်တည်ပူဇော်လေသည်။

ထိုအခါ တိဿဘုရားရှင်က သုဇာတရသေ့ကို -

"ဤရသေ့သည် ဤကမ္ဘာမှ နောင်(၉၂)ကမ္ဘာမြောက်၌ ဂေါတမအမည်ရှိသော ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်"

ဟုဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

ဘုရားရှင်၏ ဗျာဒိတ်စကားကို ကြားရလျှင် သုဇာတရသေ့သည် အလွန်ဝမ်းမြောက်ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍ ပါရမီဆယ်ပါးတို့ကို ဆိုးတတ်ဖြည့်ကျင့်ရန်မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

## ၁၈။ ဖုဿဘုရားရှင်ထံဗျာဒိတ်ခံရခြင်း

တိဿဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီးနောက် လူတို့၏သက်တမ်းသည် အနှစ်တစ်သိန်းမှ ဆုတ်ယုတ်လာခဲ့ရာ (၁၀)နှစ်တမ်းသို့ရောက်ခဲ့သည်။ ထိုမှတစ်ဖန် သက်တမ်းတိုးလာခဲ့ပြန်ရာ အသင်္ချေယျတမ်း(၉)သောင်းသို့ ရောက်သောအခါ ဖုဿဘုရားရှင်သည် ကာသိနေပြည်တော်၌ ပွင့်တော်မူခဲ့သည်။

ထိုအချိန်ဝယ် ဂေါတမဘုရားလောင်းသည် အရိန္ဒမပြည်၌ ဝိဇိတာဝိအမည်ရှိသော မင်းဖြစ်၍နေလေသည်။

ဝိဇိတာဝိမင်းကြီးသည် ဖုဿဘုရားရှင်၏တရားတော်ကို နာရသဖြင့် ဘုရားရှင်ထံ၌ အလွန်ကြည်ညိုလှသောကြောင့် ကြီးစွာသောအလှူကြီးကို ပေးလှူပြီးလျှင်တိုင်းပြည်ကိုစွန့်ကာ ဘုရားရှင်ထံ၌ရဟန်းပြုလေသည်။

ပိဋကတ်သုံးပုံကောင်းစွာ သင်ကြားလျက်ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်ကြီးဖြစ်လျက် လူအပေါင်းအားတရားစကားကိုဟောကြားတော်မူသည်။ သီလပါရမီကိုလည်း ကောင်းစွာဖြည့်ကျင့်တော်မူသည်။

တစ်ချိန်တွင် ဖုဿဘုရားရှင်က ဝိဇိတာဝိရဟန်းကို -

"ဤကမ္ဘာမှ (၉၂)ကမ္ဘာမြောက်၌ ဤဝိဇိတာဝိရဟန်းသည် ဂေါတမအမည်ရှိသော ဘုရားရှင်စင်စစ်ဧကန်ဖြစ်လိမ့်မည်"

ဟုဗျာဒိတ်စကားမိန့်ကြားတော်မူသည်။

ဖုဿဘုရားရှင်ထံမှ ဗျာဒိတ်စကားကို ကြားရသောဝိဇိတာဝိသည် အလွန်ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍ ပါရမီတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြဲစွာဆောက်တည်လေသည်။

ထို့မှနောက်တွင် ဖုဿဘုရားရှင်ထံ၌ ရဟန်းပြု၍ပိဋကတ်သုံးပုံကိုသင်ကြားကာ ဘုရားရှင်သာသနာကိုတင့်တယ်စေသည်။

ထိုမှနောက်လျှောင်းခြင်းကိုလုံးဝမပြုဘဲထိုင်ခြင်း၊ ရပ်ခြင်း၊ စင်္ကြံသွားခြင်းတည်းဟူသော ဣရိယာပုဒ်သုံးပါးဖြင့် မမေ့မလျော့ဗြဟ္မဝိဟာရဘာဝနာကို

ပွားများအားထုတ်တော်မူရာ သမါပတ်ရှစ်ပါးသာမက အဘိညာဉ်ငါးပါးအထွတ်အထိပ်သို့ ရောက်လေသည်။ အသက်ထက်ဆုံး၌ ဗြဟ္မာပြည်သို့လားရောက်ရလေသည်။

## ၁၉။ ဝိပဿီဘုရားရှင်ထံဗျာဒိတ်ခံရခြင်း

ဖုဿဘုရားရှင် ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးပြီးသည့်နောက် ဤကမ္ဘာမှပြန်ရေတွက်ရှိသော (၉၁)ကမ္ဘာသို့ရောက်သောအခါ လူတို့၏အသက်တမ်းသည်လည်း အသင်္ချေယျမှဆုတ်ခဲ့၍ အနှစ်(၈)သောင်းတမ်းသို့ရောက်ခဲ့သည်။

ထိုသက်တမ်းတွင် ဗန္ဓုပတိပြည်၌ ဝိပဿီဘုရားရှင်သည် ပွင့်တော်မူလာခဲ့ပါသည်။

ထိုအချိန်တွင် ဂေါတမဘုရားလောင်းသည် တန်ခိုးအာနုဘော်ကြီးမားသော အတုလနဂါးမင်းဖြစ်၍နေလေသည်။

နဂါးမင်းသည် ဝိပဿီဘုရားထံသို့ ကုဋေပေါင်းများစွာသော နဂါးအပေါင်းခြံရံလျက် နတ်၌ဖြစ်သော တူရိယာငါးပါးမျိုးဖြင့်တီးမှုတ်၍ ဘုရားရှင်ထံဆည်းကပ်ကာ အခြံအရံသံဃာတော်များနှင့်တကွ ဘုရားရှင်ကိုဖူးမျှော်ရန် ရောက်လာခဲ့သည်။

ထို့နောက် ရတနာခုနှစ်ပါးဖြင့် ပြီးသောမဏ္ဍာပ်ကြီးကိုတည်ဆောက်ကာ ထိုမဏ္ဍာပ်အတွင်း ဤဘုရားအမှူးရှိသော သံဃာတော်များကိုသီတင်းသုံးစေ၍ ခုနှစ်ရက်ပတ်လုံး ကြီးစွာသောအလှူကိုပေးလှူလေသည်။

ဝိပဿီဘုရားသည် သံဃာတော်များအလယ်၌ သီတင်းသုံး၍ ဒါနအနုမောဒနာတရားကို ဟောကြားပြီးဆုံးသောအခါတွင် အတုလနဂါးမင်းကို-

"ဤကမ္ဘာမှ နောက်(၉၁)ကမ္ဘာမြောက်၌ ဤအတုလနဂါးမင်းသည် ဂေါတမအမည်ရှိသော ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်"

ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

ဘုရားရှင်၏ ဗျာဒိတ်စကားကိုကြားရလျှင် အလောင်းတော်အတုလ နဂါးမင်းသည် အလွန်ကြည်လင်သောစိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်လေသည်။

## ၂၀။ သိခိဘုရားရှင်ထံ ဗျာဒိတ်ခံရခြင်း

ဝိပဿီဘုရားရှင် ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးပြီးသည့်နောက် ကမ္ဘာပေါင်း(၅၉)ကမ္ဘာတို့၌ လောကတွင် ဘုရားမပွင့်ဘဲ သုညကမ္ဘာသာဖြစ်နေသည်။

ထိုသုညကမ္ဘာ(၅၉)ကမ္ဘာလွန်သော ဘုရား(၂)ဆူပွင့်ရာ မဏ္ဍကမ္ဘာ ဖြစ်ပေါ်လာသည်၊ ထိုမဏ္ဍကမ္ဘာတွင် ဤကမ္ဘာမှပြန်ရေတွက်သော်(၃၁)ကမ္ဘာထက်၌ သိခိဘုရားရှင်သည် လူတို့၏သက်တမ်းအနှစ်(၇)သောင်း၌ အရုဏာဝတီမြို့၌ ပွင့်တော်မူလေသည်။

ထိုအချိန်တွင် ဂေါတမဘုရားလောင်းသည် ပရိဘုတ္တအမည်ရှိသောမြို့၌ အရိန္ဒမ အမည်ရှိသော မင်းကြီးဖြစ်၍နေလေသည်။

မြတ်စွာဘုရားရှင်သည် အခြွေအရံပရိသတ်နှင့်တကွ ပရိဘုတ္တမြို့သို့ ကြွလာတော်မူသည်ရှိသော် မင်းကြီးသည်ဘုရားရှင်ကို ခရီးဦးကြိုဆို၍ ဦးညွှတ်ဝပ်တွားရိုသေစွာရှိခိုးပြီးလျှင် ဘုရားရှင်ကိုဖိတ်ကြားကာ နန်းတော်၌ ခုနစ်ရက်ပတ်လုံး ကြီးစွာသောအလှူကို ပေးလှူတော်မူလေသည်။

နောက်ဆုံးဆွမ်းအလှူနေ့တွင် အဝတ်အထည်ထားသောဘဏ္ဍာကို ဖွင့်လှစ်ပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား အဖိုးများစွာ ထိုက်သော အဝတ်ပေါင်းများစွာကိုပေးလှူလေသည်။

ထိုမှျမက မိမိ၏စီးတော်ယာဉ်ဖြစ်သော ခွန်အားအဆင်းလက္ခဏာအဟုန်တို့နှင့်ပြည့်စုံသော ရွှေကွန်ရက် ရွှေပန်းတို့ဖြင့် တန်ဆာဆင်အပ်သော မင်္ဂလာဆင်တော်ကို ပေးလှူတော်မူပြီးလျှင် အဆင်တန်ဆာနှင့်တကွ ထိုဆင်တော်ကို

တန်ဖိုးဖြတ်၍ ထိုတန်ဖိုးနှင့်ညီမျှသောရဟန်းတို့အား အပ်စပ်သော ကပ္ပိယ ပစ္စည်းဝတ္ထုတို့ကို ဘုရားအမှူးရှိသောသံဃာတော်များအား လှူဒါန်းလေသည်။

ထိုအခါ သိခိဘုရားရှင်သည် အလောင်းတော်အရိန္ဒမမင်းကို-

"ဤကမ္ဘာမှ နောက်(၃၁)ကမ္ဘာမြောက်၌ ဤအရိန္ဒမမင်းသည် ဂေါတမ မည်သော ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်"

ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

သိခိဘုရားရှင်၏ဗျာဒိတ်စကားကိုကြားရလျှင် အလောင်းတော်သည် အလွန်ကြည်ညိုသောစိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာတည်ဆောက်လေသည်။

## ၂၁။ ဝေဿဘူဘုရားရှင်ထံဗျာဒိတ်ခံရခြင်း

သိခိဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီးနောက် လူတို့၏သက်တမ်းသည် တဖြည်းဖြည်းဆုတ်ယုတ်ခဲ့ရာ (၁၀)နှစ်တမ်းသို့ရောက်ခဲ့သည်။

ထိုမှတစ်ဖန်ပြန်တက်ခဲ့ရာ အသင်္ချေယျတမ်းသို့ရောက်ခဲ့သည်၊ ထိုမှ ဆုတ်ယုတ်လာခဲ့ရာ လူတို့သက်တမ်း(၆)သောင်းတမ်း၌ ဝေဿဘူဘုရားသည် အနောမနေပြည်တော်၌ ပွင့်တော်မူလာခဲ့သည်။

ထိုအချိန်ကာလဝယ် ဂေါတမဘုရားလောင်းသည် သရဘဝတီအမည်ရှိ သောမြို့၌ ကြည့်ချင်စဖွယ်တင့်တယ်သော ရုပ်အဆင်းရှိသော သုဒဿန အမည်ရှိမင်းဖြစ်၍နေလေသည်။

မြတ်စွာဘုရားရှင်သည် သရဘဝတီမြို့သို့ကြွရောက်တော်မူသောအခါ ဘုရားရှင်၏တရားကိုနာကြားရ၍ အလွန်ကြည်ညိုသောစိတ်နှလုံးရှိတော်မူ၍ နဖူးထက်၌ လက်အုပ်ချီကာ အကြိမ်ရှိခိုးဦးချလေသည်။

ထို့နောက် ဘုရားအမှူးရှိသောသံဃာတော်များအား သက်နှင့်တကွ ကြီးစွာသောအလှူဒါနကိုပေးလှူ၍ ထိုသရဘဝတီမြို့၌ပင် ဘုရားရှင်သီတင်း

သုံးတော်မူရန် ဂန္ဓကုဋိတိုက်ကိုခြံရံကာ သံဃာတော်များသီတင်းသုံးရန် ကျောင်းပေါင်းတစ်ထောင်ကို ဆောက်လုပ်လှူဒါန်းလေသည်။

အလောင်းတော်သုဒဿနမင်းသည် ဘုရားရှင်၏တရားကိုနာကြားပြီး နောက် အလွန်ပင်တရားတော်၌ လေးလေးနက်နက်ကြည်ညိုလှသဖြင့် ရဟန်း ပြုရန်စိတ်ထက်သန်ကာ မိမိ၏နန်းစည်းစိမ်ဥစ္စာတို့ကို သာသနာတော်၌ သဒ္ဓါ ရဲရဲစွန့်ကြဲလှူဒါန်းပြီး နောက်ရဟန်းပြုတော်မူလေသည်။

ရဟန်းပြုပြီးနောက် ဓုတင်(၁၃)ပါးလုံးကိုဆောင်ကာ ပါရမီကောင်းမှုတို့ကို ပြုလုပ်ကာ သာသနာတော်၌ ကြိုးစားအားထုတ်လေသည်။

အလောင်းတော်မြတ်၏ကြည်ညိုသဒ္ဓါစိတ်လွန်ကဲ၍ ပီတိငါးဖြာကပ် ရောက်လျက် ဘုရားရှင်ကိုနေ့စဉ်ရှိခိုးသည်၊ ရှိခိုးတိုင်းလည်း မိမိ၏သန္တာန်၌ သဗ္ဗညုတဉာဏ်တော်ကိုရရန်အတွက် အလွန်နှစ်သက်သောစိတ်ဖြစ်လေ သည်။

ဘုရားလောင်း၏မဆုတ်မနစ်သော ဝိရိယရှိသည်ကိုမြင်တော်မူသော ဝေဿဘူဘုရားရှင်သည်-

"ဤကမ္ဘာမှ နောက်(၃)ကမ္ဘာမြောက်ဖြစ်သော ဘဒ္ဒကမ္ဘာ၌ ဤသုဒဿန ရဟန်းသည် ဂေါတမအမည်ရှိသော ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်"
ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

ဘုရားထံမှ ဗျာဒိတ်စကားကိုကြားရလျှင် သုဒဿနရဟန်းသည် ပါရမီတို့ကို တိုးတက်ဖြည့်ဆည်းရန် စိတ်ဆန္ဒမြဲမြံစွာ ဆောက်တည်လေသည်။

## ၂၂။ ကကုသန္ဓဘုရားရှင်ထံဗျာဒိတ်ခံရခြင်း

ဝေဿဘူဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဝေဿဘူဘုရားပွင့်ရာ ကပ်ကမ္ဘာကုန်ဆုံးလွန်မြောက်ပြီးသော် ဘုရားမပွင့်သော သုညကမ္ဘာပေါင်း (၂၉)ကမ္ဘာဖြစ်ခဲ့သည်။

ထိုသုညကမ္ဘာများပြီးနောက် ဘဒ္ဒကမ္ဘာသို့ရောက်ခဲ့သည်။

ဘဒ္ဒကမ္ဘာ၌ ဘုရားငါးဆူပွင့်မည်ဖြစ်သည်။

ထိုဘဒ္ဒကမ္ဘာတွင် လူတို့၏သက်တမ်းသည် အသင်္ချေယျတမ်းရှိခဲ့ရာ ထိုမှ တဖြည်းဖြည်းဆုတ်ယုတ်ခဲ့၍ အနှစ်လေးသောင်းတမ်းသို့ရောက်သောအခါ ကကုသန္ဓဘုရားရှင်သည် ခေမဝတီပြည်၌ ဘုရားအဖြစ်ပွင့်တော်မူလေသည်။

ထိုအချိန်ကာလဝယ် ဂေါတမဘုရားလောင်းသည် ခေမမင်းဖြစ်၍ ဘုရားရှင်အမှူးရှိသော သံဃာတော်များကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးတို့ကို သဒ္ဓါပြဋ္ဌာန်း၍ ဆက်ကပ်လှူဒါန်းတော်မူလေသည်။

ဘုရားရှင်ဟောကြားသောတရားတော်၌ အလွန်ကြည်ညိုလှသည်ဖြစ်၍ ဘုရားရှင်ထံ၌ ရဟန်းပြုတော်မူလေသည်။

ကကုသန္ဓဘုရားရှင်သည် အလောင်းတော်ခေမမင်းကို-

"ဤဘဒ္ဒကမ္ဘာပင်လျှင် ဤခေမမည်သော ရဟန်းသည် ဂေါတမ အမည်ရှိသော ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်"

ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

ဘုရားထံမှ ဗျာဒိတ်စကားကိုကြားရလျှင် အလောင်းတော် ခေမရဟန်းသည် အလွန်ကြည်လင်ရွှင်လန်းသောစိတ်ရှိလျက် ပါရမီတို့ကို တိုးတက်ဖြည့်ဆည်းရန် စိတ်ဆန္ဒမြဲမြံစွာ ဆောက်တည်လေသည်။

## ၂၃။ ကောဏာဂမနဘုရားရှင်ထံဗျာဒိတ်ခံရခြင်း

ကကုသန်ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်၌ ဘဒ္ဒကမ္ဘာမှာပင် လူတို့သက်တမ်းအနှစ်(၄)သောင်းမှ တဖြည်းဖြည်းဆုတ်ယုတ်လာခဲ့ရာ (၁၀)နှစ်သက်တမ်းသို့ရောက်ခဲ့သည်။

ထိုမှတစ်ဖန်ပြန်တက်ခဲ့ရာ အသင်္ချေယျတမ်းသို့ရောက်ခဲ့ပြီး ထိုမှတစ်ဖန်ဆုတ်ယုတ်ခဲ့ပြန်ရာ လူတို့၏သက်တမ်းအနှစ်(၃)သောင်း၌ ကောဏာဂုံဘုရားရှင်သည် သောဘဝတီမြို့၌ ပွင့်တော်မူလာခဲ့ပါသည်။

ထိုအချိန်ဝယ် ဂေါတမဘုရားလောင်းသည် မိတ္ထီလာမြို့၌ မဟာမိတ်ကြီးငယ်တို့နှင့်ပြည့်စုံကာ ဗိုလ်ပါအင်အားကြီးမားလှသော ပဗ္ဗတအမည်ရှိသောမင်းဖြစ်၍နေလေသည်။

ကောဏာဂုံဘုရားရှင်သည် မိတ္ထီလာမြို့သို့ကြွရောက်တော်မူရာ ပဗ္ဗတမင်းသည် ခြွေရံသင်းပင်းများစွာဖြင့် ဘုရားကိုကြိုဆိုကာ ရှိခိုးသည်၊ ဘုရားရှင်ကိုပင့်ဖိတ်ပြီးလျှင် အလှူကြီးပေးလှူသည်။

ဘုရားရှင်ကို မိမိမြို့မှာပင် ဝါကပ်ရန်လျှောက်ထားပြီး ဝါတွင်းသုံးလကာလပတ်လုံး ဘုရားအမှူးရှိသောသံဃာတော်များကို ပြုစုလုပ်ကျွေးကာ ပဗ္ဗတတိုင်းဖြစ်အဝတ်အထည်၊ စိန့်တိုင်းဖြစ်အဝတ်အထည်တို့ကို ပိုးထည်၊ ကမ္ဗလာထည်၊ ခြေနင်းစသည့်လှူဖွယ်ဝတ္ထုတို့ကို ဘုရားအမှူးရှိသောသံဃာတော်များအား ပေးလှူတော်မူလေသည်။

ကောဏာဂုံဘုရားရှင်သည် ပဗ္ဗတမင်းကို-

"ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ပဗ္ဗတမင်းသည် ဂေါတမအမည်ရှိသော ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်"

ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

ဘုရားထံမှ ဗျာဒိတ်စကားကိုကြားရလျှင် အလောင်းတော် ပဗ္ဗတမင်းသည် အလွန်ကြည်လင်ရွှင်လန်းသောစိတ်ရှိလျက် ပါရမီတို့ကို တိုးတက် ဖြည့်ဆည်းရန် စိတ်ဆန္ဒမြဲမြံစွာ ဆောက်တည်လေသည်။

ပဗ္ဗတမင်းသည် ထို့နောက် သဗ္ဗညုတဉာဏ်တော်အတွက် ကြီးစွာသော အလှူတော်ကိုပေးလှူပြီးလျှင် ကြီးကျယ်ခမ်းနားသော မင်းစည်းစိမ်ကိုပယ်စွန့်ကာ ကောဏဂုံဘုရားရှင်ထံ၌ ရဟန်းပြုတော်မူလေသည်။

## ၂၄။ ကဿပဘုရားရှင်ထံပျာဒိတ်ခံယူခြင်း

ကောဏဂုံရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက်၌ ဘဒ္ဒကမ္ဘာမှာပင် လူတို့ သက်တမ်းအနှစ်(၃)သောင်းမှ တဖြည်းဖြည်းဆုတ်ယုတ်လာခဲ့ရာ (၁၀)နှစ် သက်တမ်းသို့ရောက်ခဲ့သည်။

ထိုမှတစ်ဖန်ပြန်တက်ခဲ့ရာ အသင်္ချေယျတမ်းသို့ရောက်ခဲ့ပြီး ထိုမှတစ်ဖန် ဆုတ်ယုတ်ခဲ့ပြန်ရာ လူတို့၏သက်တမ်းအနှစ်(၂)သောင်း၌ ကဿပဘုရားရှင် သည် ဗာရာဏသီပြည်၌ ပွင့်တော်မူလာခဲ့ပါသည်။

ထိုအချိန်ဝယ် ဂေါတမဘုရားလောင်းသည် ဇောတိပါလလုလင်ဟူ၍ ကျော်စောထင်ရှားပြီး ဗေဒင်သုံးပုံကို တစ်ဘက်ကမ်းခတ်တတ်မြောက်လိမ္မာ သူအဖြစ် ထင်ရှားကျော်ကြားနေသူဖြစ်၍နေလေသည်။

ဇောတိပါလလုလင်တွင် အလွန်တရာချစ်ခင်မြတ်နိုးအပ်သော ဃဋိကာရ အမည်ရှိသော အိုးထိန်းသည်တစ်ယောက်ရှိလေသည်။

ဃဋိကာရအိုးထိန်းသည်သည် ကဿပဘုရားရှင်၏ အလုပ်အကျွေး ဒါယကာတစ်ဦးဖြစ်သည်၊ အနာဂါမ်ဥပါသကာလည်းဖြစ်သည်။

တစ်နေ့တွင် ဤဃဋိကာရအိုးထိန်းသည်သည် ဇောတိပါလလုလင်ကို ဘုရားရှင်ထံသို့ အတင်းလက်ဆွဲခေါ်သွားပြီး တရားနာစေသည်။

ဇောတိပါလလုလင်သည် ဘုရားရှင်၏တရားကို ကြားနာပြီးသော် ဘုရား ရှင်ထံ၌ရဟန်းပြုပြီး သီလ၊ သမာဓိ၊ ပညာတို့ကို လွန်စွာ ကြိုးစားအားထုတ် ဆောင်ရွက်တော်မူသည်။

ဘုရားရှင်ဟောကြားခဲ့သော ပိဋကတ်သုံးပုံကို ကောင်းစွာသင်ကြားတတ်မြောက်ပြီး ဘုရားရှင်သာသနာကို တင့်တယ်စေခဲ့ပါသည်။

ကဿပဘုရားရှင်သည် ဇောတိပါလရဟန်းကို-

"ဤဘဒ္ဒကမ္ဘာပင်လျှင် ဤဇောတိပါလမည်သော ရဟန်းသည် ဂေါတမအမည်ရှိသော ဘုရားစင်စစ်ဧကန်ဖြစ်လိမ့်မည်"

ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူလေသည်။

ကဿပဘုရားရှင်၏ ဗျာဒိတ်စကားကိုကြားရလျှင် ဇောတိပါလရဟန်းတော်မြတ်သည် အလွန်ကြည်လင်ရွှင်လန်းသောစိတ်ရှိလျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ဆည်းရန် စိတ်ဆန္ဒမြဲမြံစွာ ဆောက်တည်လေသည်။

ဤသို့လျှင် ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ရယူလိုခြင်းဟူသော စိတ်ဆန္ဒတစ်ခုတည်းကြောင့် ဘဝများစွာသံသရာဝယ်ကျင်လည်ကာ ရှောင်ကြဉ်ရမည့်အကုသိုလ်ဟူသမျှကို ဝေးစွာရှောင်ကြဉ်၍ ပါရမီဆယ်ပါးတို့ကို အထွဋ်အထိပ်ရောက်အောင် လူသာမန်တို့ပြုနိုင်ခဲသော ကုသိုလ်တရားများကို မတွန့်မဆုတ် စွန့်စွန့်စားစား ကြိုးစားအားထုတ်ခဲ့ရာ လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းကြာသည်အထိ ကြိုးစားအားထုတ်ခဲ့ရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ**

**တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ.အေ)**


သာသနာရေးဝန်ကြီးဌာန
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန